



http://www.cherrythitsar.org

စာအုပ်အမှတ် [ ၁ ]

Quality Publishing House
အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၆၄၁၃၊ ၇၂၁၀၆၇၊ ၂၈၂၆၀၇။

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

ရော်ဘင်ဆင်
ကာရူးဆိုး

---

# ဒဂုန်ရွှေမျှား

---

*Robinson Crusoe*
*by*
*Daniel Defoe*

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၃၀၀ / ၁၉၉၉ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၄ / ၁၉၉၉ (၅)

❖

**စီစဉ်သူ**

ကိုမြင့်သွန်း

❖

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - (၁၉၉၉၊ ဇွန်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - ဇော်မောင်
ကာလာခွဲ - ***Prestige***
ကွန်ပျူတာစာစီ - ***Quality***
အတွင်းဖလင် - *Quality*

❖

**ပုံနှိပ်သူ**

**ဒေါ်စိန်စိန်** (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)၊
**အမှတ်** (၁၁၆)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

**ဦးမြသန်း** (၀၁၅၁၁) အသိုင်းအဝိုင်းစာပေ၊
(၁၅) အောင်ဇေယျလမ်း နှင်းဆီ ၁ ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်။

❖

တန်ဖိုး - ၆၀၀ ကျပ်

http://www.cherrythitsar.org

# အခန်း (၁)

ကျွန်ုပ်အား ခရစ်သက္ကရာဇ် ၁၆၃၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ 'ယောက်' မြို့၌ မွေးဖွားခဲ့၏။ ကျွန်ုပ်၏ဖခင်မှာ ထိုနယ်သားမဟုတ်ဘဲ နိုင်ငံခြားသား ဗရီမင်မြို့သားဖြစ်၍ 'ဟားလ်' မြို့တွင် ရှေးဦးစွာ နေထိုင်ခဲ့၏။ သူသည် ကုန်သွယ်ခြင်းဖြင့် မြေယာများ ရရှိခဲ့ပြီးနောက် ကုန်သည်အလုပ်ကို စွန့်ပယ်ကာ ယောက်မြို့သို့ ရောက်လာပြီးလျှင် ကျွန်ုပ်၏ မိခင်နှင့် အိမ်ထောင်ကျခဲ့လေသည်။

ကျွန်ုပ်၏ မိခင်ဘက်မှ ဆွေမျိုးများမှာ ထိုနိုင်ငံတွင် မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်ပေါက်ဖွားလာသည့် 'ရော်ဗင်ဆင်' အနွယ်များဖြစ်၍ ကျွန်ုပ်အား 'ရော်ဗင်ဆင် ကရူဇနော' (Robinson Kreutznaer)ဟု ခေါ်တွင်စေလျက် အင်္ဂလိပ် စကားလုံးများ ရောထွေးသွားပြီးနောက် ကျွန်ုပ်တို့မှာ 'ကရူးဆိုး' ဟု တွင်ပြီးလျှင် ကျွန်ုပ်တို့ကလည်း ကရူးဆိုးဟု ရေးသားကြ၏။ မိတ်ဆွေသင်္ဂဟများကလည်း ကျွန်ုပ်အား ဤသို့ပင် ခေါ်ဝေါ်ကြ၏။

ကျွန်ုပ်၏ အစ်ကိုကြီးနှစ်ယောက်ရှိရာ တစ်ယောက်မှာ ဖလင် ဒါအင်္ဂလိပ်စစ်တပ်မှ လက်ဖတင်နင်ကာနယ် စစ်ဗိုလ်ဖြစ်ပြီးလျှင် ဒန် ကပ်မြို့အနီး စပိန်တို့နှင့်တိုက်သော တိုက်ပွဲတွင် ကျဆုံးခဲ့လေသည်။ အခြားအစ်ကိုတစ်ယောက်၏ အကြောင်းကိုမူ ကျွန်ုပ်မသိပေ။

မိသားစုတွင် ကျွန်ုပ်သည် တတိယမြောက်သားဖြစ်၍ ကုန်သည်အလုပ်ကိုလည်း ဝါသနာမထုံသဖြင့် ကျွန်ုပ်စိတ်များမှာ ရောက်တတ်ရာရာ လေလွင့်လျက်ရှိသည်။ ကျွန်ုပ် ဖခင်ကြီးမှာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံပြီးလျှင် ဣန္ဒြေသိက္ခာရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်၍ အသက်အရွယ်မှာလည်း ကြီးရင့်ပေပြီ။ သူသည် ကျွန်ုပ်အား ရွာထဲရှိ အခလွတ်ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း တတ်နိုင်သမျှ ပညာသင်ကြားပေးပြီးလျှင် ဥပဒေပညာများကို လိုက်စားစေလိုသည်။ သို့သော် ကျွန်ုပ်၏ ဆန္ဒမှာ ပင်လယ်ခရီးသွားခြင်းမှတစ်ပါး အခြားမည်သည့်အရာနှင့်မျှ တင်းတိမ်ရောင့်ရဲခြင်းမရှိချေ။ ဤသို့လျှင် ကျွန်ုပ်ဖခင်၏ အမိန့်ကိုလည်းကောင်း မိခင်၏ အလိုဆန္ဒကိုလည်းကောင်း မိတ်ဆွေသင်္ဂဟများ တားမြစ်ခြင်းကိုလည်းကောင်း လွန်ဆန်ကာ ကျွန်ုပ်အပေါ်သို့ ကျရောက်မည့်အကုသိုလ်ကံသည် ကျွန်ုပ်၏စိတ်ဓာတ် ကို အပြင်းအထန် သွေးဆောင်တိုက်တွန်းနေသကဲ့သို့ရှိလေတော့သည်။

ဖခင်ကြီးမှာ ကျွန်ုပ်၏ အကြံကို ကြိုတင်သိရှိသည့်အတိုင်း ကျွန်ုပ်အား အပြင်းအထန် ဆုံးမသွန်သင်ရှာသည်။

တစ်နေ့တွင် သူ၏ အိမ်ခန်းထဲသို့ ကျွန်ုပ်ကို ခေါ်ပြီးလျှင် ထိုအကြောင်းနှင့်ပတ်သက်၍ နေအိမ်နှင့်တကွ မိမိတိုင်းနိုင်ငံမှ စွန့်ခွာသွားခြင်း၏ အကျိုးအပြစ်များ ကို ပြောပြ၏။ အလုပ်အကိုင်ကို ကြိုးစားလုပ်က မိမိနိုင်ငံတွင် အိုး မကွာ အိမ်မကွာ စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် ကောင်းစွာကြီးပွား ချမ်းသာနိုင်ကြောင်း ကျွန်ုပ်အားပြောဆိုဆုံးမရှာ၏။

ထို့နောက် တစ်နှစ်နီးပါးမျှအကြာ၌ မိဘများသည် ကျွန်ုပ်၏ အလိုကို ဆန့်ကျင်ကာ အလုပ်အကိုင်တစ်ခုတွင် ကျွန်ုပ်အား နေရာချထားမည် တကဲကဲရှိနေသည်ကို ကျွန်ုပ်ကလည်း ငြင်းပယ်လျက်ရှိနေသည့်အကြားမှပင် ကျွန်ုပ်၏စိတ်မှာ ဖောက်ပြန်၍ လာတော့၏။ တစ်နေ့သ၌ ကျွန်ုပ်သည် ဟား(လ်) မြို့သို့ ကံအားလျော်စွာ ရောက်ရှိခဲ့ရာ ကျွန်ုပ်၏ အပေါင်းအဖော်ထဲမှ သူငယ်ချင်းတစ်ယောက်သည် သူ့ဖခင်သင်္ဘောနှင့် လန်ဒန်မြို့သို့ သွားမည်ဖြစ်ကြောင်း သိရှိရ၏။ ထိုအခါ ကျွန်ုပ်မှာ အိမ်မှထွက်ပြေးရန် အကြံမရှိသေးချေ။ သို့သော် အကယ်၍ကျွန်ုပ်လိုက်ပါလိုက သင်္ဘောခဟူ၍လည်း တစ်ပြားတစ်ချပ်မျှပေးရမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်အား သွေးဆောင်ပြောဆိုလေရာ၊ ကျွန်ုပ်မှာ မိခင်ဖခင်တို့အား တိုင်ပင်ရန်ဝေးစွ၊ လိုက်ပါမည့်အကြောင်း ကိုပင် အသိမပေးခဲ့ဘဲ ၁၆၅၁ ခု စက်တင်ဘာလ (၁)ရက်နေ့တွင်လန်ဒန်မြို့သို့ ထိုသင်္ဘောနှင့်ထွက်ခွာသွားခဲ့လေသည်။



http://www.cherrythitsar.org

ငယ်ငယ်ရွယ်ရွယ်နှင့် စွန့်စားလိုသူတစ်ယောက်သည် မည် သူမျှ ကျွန်ုပ်ကဲ့သို့ စောစောလျင်လျင် ပြုလုပ်လိမ့်မည် မဟုတ်၊ မည် သူ၏ ကံကြမ္မာမျှလည်း ကျွန်ုပ်လောက် အချိန်ကြာရှည်လိမ့်မည်မဟုတ် ဟု ကျွန်ုပ်ယုံကြည်၏။ သင်္ဘောသည် 'ဟန်းဗား' မြို့မှ ထွက်ခွာ၍ မကြာမီ လေသည် အတော်ပြင်းပြင်းကလေး တိုက်ခတ်လာသဖြင့် ပင် လယ်ပြင်သည် လှိုင်းထမ်းပိုးများဖြင့် ထကြွလျက်ရှိ၏။ ကျွန်ုပ်မှာ မည် သည့်အခါကမျှ ပင်လယ်ခရီး သွားလာခဲ့ဖူးသူ မဟုတ်သဖြင့် တစ် ကိုယ်လုံး နုံးနေပြီးလျှင် စိတ်ထဲကလည်း ထိတ်လန့်တုန်လှုပ်မိ၏။ မိဘများ၏ ဆုံးမသွန်သင်ချက်များ အကြံဉာဏ်ကောင်းများ ဖခင်ကြီး ၏ မျက်ရည်များ မိခင်၏ တောင်းပန်တိုးလျှိုးမှုများသည် ကျွန်ုပ်၏ စိတ်တွင် ယခုချက်ချင်း တွေ့မြင်နေရသကဲ့သို့ အသစ်တစ်ဖန်ဖြစ်ပေါ် လာကာ ကျွန်ုပ်ပြုလုပ်မိသည်ကို နောင်တရမိ၏။ ထို့နောက် ပင်လယ် ပြင်သည် လှိုင်းထမ်းပိုးများ မရှိတော့ဘဲ တဖြည်းဖြည်း ငြိမ်သက်၍ သွားသောအခါ ကျွန်ုပ်မှာ အတော်အတန် ကျင့်သားရသွားပြီဖြစ်၏။ မည်သို့ပင်ဖြစ်စေ ထိုနေ့တစ်နေ့လုံး ကျွန်ုပ်သည် စိတ်လုံးလုံး မကြည် မသာရှိပြီးလျှင် သင်္ဘော 'တောက်' လျက်ရှိ၏။ ညချမ်းအချိန်သို့ရောက် ၍ လေသည် ငြိမ်သက်၍လာပြီးလျှင် ရာသီဥတုကလည်း ကြည်လင် ၍လာလေရာ ညနေချမ်းကလေးမှာ လွန်စွာပင် သာယာလှပပေသည်။ နေသည် ကြည်လင်စွာ ဝင်သွားပြီးလျှင် နောက်တစ်နေ့ နံနက်၌လည်း ကြည်လင်စွာ ထွက်ပြူ၍လာ၏။ လေတိုက်ခြင်း

ဟူ၍ အလျဉ်းမရှိ သလောက် ရှိပြီးလျှင် ပင်လယ်ပြင်သည်လည်း ကောင်းစွာငြိမ်သက် လျက် နေရောင်သည် ပင်လယ်ပြင်ပေါ်သို့ ကျရောက်လျက်ရှိလေရာ ရှုမျှော်ခင်းကလေးတစ်ခုပင် ဖြစ်လေသည်။ ထိုအချိန်၌ ကျွန်ုပ်အား တိုက်တွန်းခေါ်ဆောင်ခဲ့သော သူငယ်ချင်းရောက်လာ၍ လေမုန်တိုင်း ကျစဉ်က ကျွန်ုပ် သူရဲဘောကြောင်သည့်အဖြစ်ကို ပြန်ပြောင်းပြောဆို ကာ ကျွန်ုပ်အား လှောင်ပြောင်သေး၏။ ထို့နောက် အရက်တစ်ခွက်စီ ကျွန်ုပ်တို့ သောက်ကြပြီးလျှင် တကယ့် သင်္ဘောသားကြီးများကဲ့သို့ ရှိနေလျက် ဒုက္ခတွေ့စဉ်က နောင်တရမိသော စိတ်များ တဖြည်းဖြည်း ပြေပျောက်၍သွားကာ ပျော်ရွှင်စွာ ရှိနေလေတော့၏။

**စာဖတ်သူများအတွက် Quality Publishing House မှ ဂုဏ်ယူစွာ ဖော်ထုတ်တင်ဆက်ပါတော့မည်**

ကမ္ဘာမြေကြီး၏ အလယ်ဗဟိုကို သင်ရောက်ဖူးပါသလား။

ကမ္ဘာမြေကြီးရဲ့အလယ်ဗဟိုကို သင်သွားချင်ပါသလား။

လကမ္ဘာပေါ်လူတွေ ခြေချစူးစမ်းကြသလို ကမ္ဘာမြေကြီးအလယ်ဗဟိုအချက်အခြာမှာဘာတွေတွေ့ရမလဲ . . .

Jules Verne &JhA Journey to the Center of the Earth ကို ဆရာကြီးဒဂုန်ရွှေမျှားက ဘာသာပြန်ဆိုထားသော ...

## “ကမ္ဘာမြေအောက်ခရီး”

၁၈၆၄ ခုနှစ် ကမ္ဘာမြေကြီးအလယ်ဗဟိုကို စွန့်စားသွားရောက်ခဲ့သည့် လူ့ခွစာဘူမိဗေဒပါမောက္ခတစ်ဦးနှင့်မလွဲမကင်းသာလိုက်ပါခဲ့ရသည့် သူ၏တူတို့၏ ခရီးသွားမှတ်တမ်း ခေတ်ရေ့ပြေးသိပ္ပံဝတ္ထု ကြီးအား . . .

Quality Publishing House မှ
တတိယအကြိမ်ပုံနှိပ်ခြင်းအဖြစ်
ပြန်လည်ဖော်ထုတ်တင်ဆက်ထားပါသည်။



http://www.cherrythitsar.org

## အခန်း (၂)

ပင်လယ်တွင်းသို့ သင်္ဘောလွှင့်၍ ၆ ရက်မြောက်သောနေ့တွင် ကျွန်ုပ်တို့သည် ယားမောက်လမ်းကြားသို့ရောက်ခဲ့ကြ၏။ လေတိုက်ခတ်ခြင်းမရှိ၊ ရာသီဥတုကလည်းငြိမ်သက်သဖြင့် ကျွန်ုပ်တို့မှာ သင်္ဘောကိုကျောက်ချ၍နေရာ ၇ရက် ၈–ရက်မျှကြာ၍သွားတော့၏။ ထိုအချိန်အတွင်းနယူးကာဆယ်မြို့မှ သင်္ဘောပေါင်းများစွာတို့သည်ထိုဆိပ်ကမ်းသို့ပင်လာရောက်ဆိုက်ကပ်ကြပြီးနောက်လေအလာကို စောင့်ဆိုင်းလျက်ရှိကြကုန်၏။ ကျွန်ုပ်တို့ ကျောက်ချနေသော နေရာမှာ သင်္ဘောဆိပ်တစ်ခုကဲ့သို့ အကာအကွယ်ကောင်းခြင်း၊ မြေခိုင်မာခြင်း စသည်တို့ကြောင့် ကျွန်ုပ်တို့လူများမှာ ဘေးအန္တရာယ်ဟူ၍ တစ်စုံတစ်ရာ မစိုးရိမ်ရတော့ဘဲ သင်္ဘောသားတို့ ထုံးစံအတိုင်း အနားယူခြင်း အိပ်စက်ခြင်း ရယ်စရာ မောစရာ ပြောဆိုခြင်း စသည်တို့ဖြင့်အချိန်ကိုကုန်လွန်စေလျက်ရှိ၏။၈–

ရက်မြောက်သောနံနက်တွင် လေသည် အတော်ပြင်းထန်လာ၍ ကျွန်ုပ်တို့အားလုံးသည် အလယ်ရွက်တိုင်ကြီးကို ခုတ်ဖြတ်ချရန် အားလုံးလုပ်ကိုင်ကြရ၏။

ထိုအချိန်၌ မုန်တိုင်းကျလာပြန်၏။ ယခုအခါ၌မူ ပင်လယ်တွင် ကျင့်သားရပြီးသော သင်္ဘောသားများ မျက်နှာ၌ပင် အံ့ဩခြင်း၊ ကြောက်ရွံ့ခြင်း စသည့် လက္ခဏာများ ပေါ်လာသည်ကို ကျွန်ုပ်မြင်ရ၏။ သင်္ဘောကပ္ပတိန်ကိုယ်တိုင်ပင် သင်္ဘောကို ကယ်တင်ရန် တတ်နိုင်သမျှ ကြိုးစားလျက်ရှိသည့် အထဲမှပင် သူ၏အခန်းကို ထွက်လိုက်ဝင်လိုက်လုပ်ရင်း "အင်း တို့တစ်တွေတော့ ပြီးပါပြီကွယ်။ တို့တစ်တွေအားလုံး သေကုန်ကြတော့မှာပဲ" ဟု တီးတိုးမြည်တွန်လျက်ရှိသည်ကို ကျွန်ုပ်ကြားရ၏။

ကျွန်ုပ်အား ပေးထားသော အခန်းငယ်မှထွက်၍ ကျွန်ုပ်သည် ပင်လယ်ပြင်ကို ကြည့်ရှု၏။ မြင်ရသောရှုခင်းသည်ကား လွန်စွာပင် ကြောက်မက်ဖွယ်ကောင်းပြီးလျှင် လေသည် စိတ်နှလုံး မသက်သာဖွယ် ဖြစ်တော့၏။ လှိုင်းလုံးများသည် တောင်ကြီးတမျှ မြင့်မားလျက် ကျွန်ုပ် တို့သင်္ဘောကို ၃ မိနစ်လျှင် တစ်ကြိမ် ၄ မိနစ်လျှင် တစ်ကြိမ်မျှ ရိုက် ခတ်လျက်ရှိ၏။ ကျွန်ုပ်ကြည့်လိုက်သမျှ မြင်ကွင်း၌ ကြောက်မက်ဖွယ် ကောင်းခြင်းနှင့် ဘေးဒုက္ခမှတစ်ပါး မည်သည့်အရာကိုမျှ မတွေ့ရချေ။ ကျွန်ုပ်တို့ သင်္ဘောအနီး၌ သင်္ဘော ၂ စင်းကို မြင်ရရာ ၎င်းတို့မှာ ဝန် များအတော်လေး တင်ထားသောကြောင့် ရွက်တိုင်များ



http://www.cherrythitsar.org

ကို ဖြတ်ချကြ ရ၏။ ကျွန်ုပ်တို့ရှေ့ တစ်မိုင်ကွာလောက်၌ သင်္ဘောတစ်စင်း နစ်သွား ကြောင်းမြင်သည်နှင့် ကျွန်ုပ်တို့အထဲမှ လူများက အော်လိုက်ကြ၏။ အခြားသင်္ဘောနှစ်စင်းမှာ ကျောက်ဆူးများ ပြုတ်ထွက်သွားပြီးလျှင် သွားနေကျခရီးလမ်းကြောင်းမှ ပင်လယ်ပြင်ဘက်သို့ ရောက်သွားကာ ရွက်တိုင်ဟူ၍ တစ်စုံတစ်ရာမပါဘဲ ဘေးဥပါဒ်နှင့် ရင်ဆိုင်လျက်ရှိ တော့၏။ ပေါ့ပါးသော သင်္ဘောများက အတော်အတန် သက်သာရာ ရပြီးလျှင် သင်္ဘော ၂ စင်း ၃ စင်းသည် ရွက်ကြိုးများပြုတ်ကာ လေ တိုက်ရာဘက်သို့ ပါသွားသည်ကို တွေ့မြင်လိုက်ရ၏။

ညနေချမ်းအချိန်သို့ ရောက်ရှိလာ၍ မာလိန်နှင့် ပဲ့နင်းက ကျွန်ုပ်တို့ သင်္ဘောကပ္ပတိန်အား ရှေ့ဆုံး ရွက်တိုင်ကို ဖြတ်ပစ်ရန် တောင်းပန်လျက်ရှိရာ ကပ္ပတိန်ကမူ ယင်းကဲ့သို့ မပြုလုပ်လိုချေ။ သို့ သော် ပဲ့နင်းသည် ဤသို့မျှမလုပ်လျှင် သင်္ဘောသည် မုချပျက်တော့ မည့်အကြောင်း အတင်းတောင်းဆိုလျက် ရှိသဖြင့် နောက်ဆုံးတွင် ကပ္ပတိန်က သဘောတူညီလိုက်ရတော့၏။ ရှေ့ရွက်တိုင်ကြိုးကို ဖြတ် ပြီးနောက် ဗဟိုရွက်တိုင်ကြီးမှာလည်း အလွန်လျော့ရဲသွားပြီးလျှင် သင်္ဘောတစ်စင်းလုံးကို အဆမတန် တုန်လှုပ်လျက်ရှိနေစေသဖြင့် သူ တို့သည် ထိုဗဟိုရွက်တိုင်ကြီးကိုလည်း ဖြတ်ချလိုက်ရတော့၏။ ဤ သို့ဖြင့် သင်္ဘောတစ်စင်းလုံးမှာ ရွက်တိုင်မရှိ ငုံးတိတိရှိနေရာ ဤအဖြစ် မှာ မဆိုးဝါးလှသေးချေ။ ထို့ထက် ဆိုးဝါးသော အဖြစ်ကို ကျွန်ုပ်တို့ တွေ့ရပေဦးမည်။

လေမုန်တိုင်းသည် တဖြည်းဖြည်း ပြင်းထန်၍လာသဖြင့် သင်္ဘောသားကြီးများကိုယ်တိုင် ထို့ထက်ဆိုးဝါးသော အဖြစ်မျိုးကို မတွေ့ဖူးကြောင်းနှင့် ထုတ်ဖော်ဝန်ခံကြ၏။ ကျွန်ုပ်တို့ သင်္ဘောကား သင်္ဘောကောင်းတစ်ခုဖြစ်သည် မှန်ပါ၏။ သို့သော် တင်ထားသော ဝန်မှာ လေးလံသဖြင့် သင်္ဘောသားများသည် သင်္ဘောနစ်တော့မည်ဟု မကြာခဏ ဟစ်အော်ကြ၏။ သင်္ဘောနစ်သည် ဆိုခြင်းအကြောင်းကို ကျွန်ုပ်မသိသည်မှာ ကျွန်ုပ်အတွက် စိတ်သက်သာမှုတစ်ခုပင်ဖြစ်၍ မေး မြန်းကြည့်သောအခါမှသာ ကျွန်ုပ်သိရတော့သည်။ လေမုန်တိုင်းသည် မည်မျှအထိ ပြင်းထန်သနည်းဟူမူ သင်္ဘောမပျက်စေရန် ဘုရားကိုသာ တမ်းတနေသူများထက် အသိအလိမ္မာဉာဏ်အမြော်အမြင်နှင့်ပြည့်စုံ သော သင်္ဘောကပ္ပတိန် သင်္ဘောပဲ့နင်းနှင့် အချို့သူများမျက်နှာပေါ်တွင် ယခင်က ကျွန်ုပ် မမြင်ဖူးသော အမူအရာများကိုပင် တွေ့မြင်ရတော့၏။

ညဥ့်သန်းခေါင်ယံသို့ ရောက်သောအခါ ဤမျှလောက် ဘေး အန္တရာယ်များကြားထဲမှပင် သင်္ဘောသားတစ်ယောက်အား အောက်သို့ ဆင်း၍ကြည့်ရှုစေရာ ကျွန်ုပ်တို့သင်္ဘောမှာ တစ်နေရာတွင် ရေယိုလျက် ရှိကြောင်း ဟစ်အော်လိုက်၏။ အခြားတစ်ယောက်ကမူ ကျွန်ုပ်တို့ သင်္ဘောဧရာမှာ ၄ ပေမျှပင် ရေနစ်မြုပ်လျက်ရှိပြီဖြစ်ကြောင်း ဟစ် အော်လိုက်လေသည်။ ထိုအခါ သင်္ဘောသားအားလုံးပင် ရေစုပ်ဘုံပိုင် ရှိရာသို့ သွားကြရ၏။ ထိုစကားကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက်



http://www.cherrythitsar.org

ကျွန်ုပ်၏နလုံးသားမှာ ရုတ်တရက် ရပ်သွားသည်ဟုထင်လိုက်ရပြီးလျှင် ကျွန်ုပ်ထိုင်နေသောအိပ်ရာပေါ်သို့ ကျွန်ုပ်အားတွဲယူထူမကာ ငယ်ရွယ်သူတစ်ယောက်ဖြစ်သည့်အတိုင်း ကျွန်ုပ်မှာကိုမူ သူတို့နှင့်အတူ ကူညီလုပ်နိုင်ကြောင်း ပြောသည့်အတိုင်း ကျွန်ုပ် သည် ချက်ချင်းထ၍ လိုက်သွားပြီးနောက် ရေများကို စုပ်ထုတ်သည့် ရေစုပ်ဘုံပိုင်တွင် စိတ်ရောကိုယ်ပါ ကူညီလျက်ရှိလေ၏။

ဤကဲ့သို့ရှိစဉ် သင်္ဘောမှာ ဘေးအန္တရာယ်နှင့် တွေ့ကြုံနေ ကြောင်း အထိမ်းအမှတ်အဖြစ်ဖြင့် ကျွန်ုပ်တို့ကပွတိန်က အမြောက်တစ် ချက်ပစ်ဖောက်ရန် အမိန့်ပေးလေသည်။ ကျွန်ုပ်မှာ မည်သည့်အတွက် ကြောင့် ဤသို့ပြုလုပ်သည်ကို ပထမ မသိသဖြင့် သင်္ဘောကြီးတစ်ခု လုံး ပေါက်ကွဲ၍ သွားလေပြီလောဟု အအံ့သြကြီး အံ့သြမိတော့၏။ သို့နှင့် ကျွန်ုပ်သည် မတ်တတ်မှ လဲကျကာ တစ်ခါတည်း သတိလစ် သွားလေသည်။ ထိုအချိန်သည်ကား သင်္ဘောပေါ်ရှိ လူအားလုံးတို့သည် မိမိကိုယ်ကို မိမိ ဂရုစိုက်ကာ ကိုယ့်အသက်ကို ကိုယ်လု၍နေသောအချိန် ဖြစ်ရကား ကျွန်ုပ်ကို မည်သူမျှ ဂရုမစိုက်၊ ကျွန်ုပ် မည်ကဲ့သို့ ဖြစ်သွားသည်ကိုလည်း မည်သူမျှ မသိကြချေ။ သင်္ဘောသားတစ်ယောက်သည် ရေစုပ်ဘုံပိုင်ရှိရာသို့ လာရောက်ပြီးလျှင် ကျွန်ုပ်အား သေပြီထင်မှတ် ၍ ကန့်လန့်ဖြတ်လဲကျလျက်ရှိသော ကျွန်ုပ်၏ကိုယ်ကို ခြေဖြင့်ကန် ကြောက်ဖယ်ရှားလိုက်၏။



http://www.cherrythitsar.org

ကျွန်ုပ်တို့သည် ဆက်လက်ကြိုးပမ်းလျက်ရှိကြ၏။ သို့သော် ရေမှာ သင်္ဘောရောတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာပြီဖြစ်သဖြင့် သင်္ဘောမှာ တဖြည်းဖြည်း နစ်မြုပ်ရန်သာ ရှိတော့၏။ လေမုန်တိုင်းမှာ အတော်အတန် ငြိမ်သက်သွားပြီဖြစ်သော်လည်း သင်္ဘောကို ဆိပ်ကမ်းတစ်ခုခုသို့ ကျွန်ုပ်တို့ရောက်အောင် မသယ်ဆောင်နိုင်သမျှ သင်္ဘောမှာ ရေပေါ်တွင် ပေါ်၍နေရန် ခဲယဉ်းလှတော့၏။ သင်္ဘောကပ္ပတိန်ကလည်း အမြောက်များကိုသာ ဆက်လက်ပစ်ဖောက်လျက်ရှိသောကြောင့် ကျွန်ုပ်တို့ရှေ့မှ သင်္ဘောကလေးတစ်စင်းသည် ကျွန်ုပ်တို့အား အကူအညီပေးရန် လှေတစ်စင်းကိုပင် ချ၍ပေးသည်အထိ စွန့်စားလေသည်။ သို့သော် လှေကလေးမှာ ကျွန်ုပ်တို့အနီးသို့ ချဉ်းကပ်လာနိုင်ရန်ပင် အတော်ကြိုးစားရ၏။ ကျွန်ုပ်တို့က လှေကလေးပေါ် ဆင်းရန်သော်လည်းကောင်း၊ လှေကလေးက ကျွန်ုပ်တို့အနီးသို့ ကပ်ရန်သော်လည်းကောင်း မတတ်နိုင်အောင် ရှိတော့၏။ နောက်ဆုံး၌ ထိုလူများသည် သူတို့၏ လှေငယ်ကို စိတ်အားထက်သန်စွာ လှော်ခတ်လျက် ကျွန်ုပ်တို့အား ကယ်ဆယ်ရန် သူတို့၏ အသက်ကိုပင် စွန့်ကာ ကျွန်ုပ်တို့ ကတော့တပ်ထားသော ကြိုးတစ်ချောင်းကို ပဲ့ပိုင်းမှနေ၍ သူတို့ထံပစ်ပေးသည်တွင် ကြိုးကို ဖမ်းမိရန် အခက်အခဲနှင့် အတန်တန်တွေ့ပြီး နောက်ဆုံးတွင် ထိုကြိုးအကူအညီဖြင့် လှေကလေးသည် ကျွန်ုပ်တို့ သင်္ဘောပဲ့အောက်သို့ ရောက်လာကာ ကျွန်ုပ်တို့လည်း လှေထဲသို့ ဆင်းသက်နိုင်ကြလေသည်။



http://www.cherrythitsar.org

ကျွန်ုပ်တို့ သင်္ဘောကြီးမှ ထွက်ခွာ၍ ၁၅ မိနစ်မျှ မကြာမီ သင်္ဘောကြီး နစ်မြုပ်သွားသည်ကို နောက်ဆုံး ကျွန်ုပ်တို့ မြင်လိုက်ရ၏။ ကျွန်ုပ်တို့ကို ကယ်ဆယ်သူများကလည်းကောင်း၊ ကျွန်ုပ်တို့ကလည်းကောင်း သူတို့သင်္ဘောရှိရာသို့ လှေကလေးကို ရောက်စေရန် ရည်ရွယ်ချက်မရှိလှချေ။ သို့နှင့် ကျွန်ုပ်တို့အားလုံးသည် ကမ်းခြေသို့ရောက်လျှင် ပြီးစေတော့ဟု သဘောထားကာ၊ ကမ်းခြေရှိရာသို့သာ တတ်နိုင်သမျှ လှော်ခတ်လျက်ရှိကြ၏။ ကျွန်ုပ်တို့ ကပ္ပတိန်ကမူ အကယ်၍ လှေကလေး ပျက်ခဲ့ပါမူ သူတို့ကပ္ပတိန်အား လျော်ကြေးပေးပါမည်ဟုပင် ကတိပြုလိုက်သေး၏။ သို့နှင့် ကျွန်ုပ်တို့သည် လှေကို လှော်ခတ်လျက်လည်းကောင်း မြောက်ဘက်ကို တဖြည်းဖြည်း ရွေ့လျားလျက်ရှိလေသည်။

ယခင်က ဆိုအပ်ခဲ့ပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့သင်္ဘော ကြီးမှာ မျက်စေ့အောက်၌ပင် နစ်မြုပ်သွားပြီဖြစ်၍ ထိုအခါမှ ပင်လယ် တွင် သင်္ဘောပျက်သည်ဆိုသော စကားကို ပထမဦးစွာကျွန်ုပ်နားလည်မိတော့၏။သင်္ဘောကြီးနစ်မြုပ်လျက်ရှိကြောင်း သင်္ဘောသား များက ပြောပြသောအခါ ကျွန်ုပ်၏ မျက်စေ့များမှာမမြင်ရသကဲ့သို့ ရှိတော့၏။ ကြောက်လန့်သဖြင့်တစ်ကြောင်းစိတ်နှလုံးတုန်လှုပ်ခြောက်ခြားလှသဖြင့်လည်းကောင်း ရှေ့တွင် မည်ကဲ့သို့ ဖြစ်ပျက်ဦးမည်ကို မသိသဖြင့်တစ်ကြောင်းကျွန်ုပ်၏နှလုံးသွေးမှာရပ်၍သွားလုမတတ် ရှိတော့သည်။



http://www.cherrythitsar.org

နောက်ဆုံး၌ ကျွန်ုပ်တို့သည် 'ဝင်ဘာတန်' မီးပြတိုက်ကို ကျော်လွန်ပြီးနောက် တစ်စုံတစ်ရာ အခက်အခဲမတွေ့ရဘဲ ကမ်းခြေသို့ ရောက်ရှိသွားကြပြီးလျှင် ယာမောက်မြို့သို့ ခြေကျင်လျှောက်ကြရလေသည်။ မြို့သို့ ရောက်သောအခါ ကျွန်ုပ်တို့အား ကံဆိုးသောလူတစ်စုဟူ၍ ယူဆကာ မြို့တော်ဝန်က ကြင်နာသနားခြင်းကြီးစွာဖြင့် ကောင်းစွာ နေရာထိုင်ခင်းများပေး၏။ ကုန်သည်အချို့နှင့် သင်္ဘောပိုင်ရှင်များကလည်း ငွေကြေးများဖြင့် ကျွန်ုပ်တို့အား ထောက်ပံ့ကြရာ သူတို့ပေးသော အထောက်အပံ့ငွေဖြင့် ကျွန်ုပ်တို့သည် လန်ဒန်သို့ ဆက်လက်သွားလိုသော် သွားနိုင်၏။ ဟားလ်မြို့သို့ ပြန်လိုလျှင်လည်း ပြန်နိုင်၏။ ကျွန်ုပ်တို့သဘောအတိုင်းပင် ဖြစ်လေသည်။ သို့သော် ကျွန်ုပ်၏ကံကြမ္မာသည် ကျွန်ုပ်အား နောက်သို့ မဆုတ်စေဘဲ ရှေ့သို့သာ တွန်းပို့လျက်ရှိလေသည်။

အကယ်၍ ထိုအချိန်က ကျွန်ုပ်သည် ဟားလ်မြို့သို့ ပြန်ပြီး လျှင် အိမ်သို့ ပြန်သွားမည်ဆိုက စိတ်ချမ်းသာပျော်ရွှင်မှု ရကောင်းရ ပေမည်။ ဤသို့ဆိုလျှင် ကျွန်ုပ်ဖခင်ကြီးလည်း စိတ်ချမ်းသာရာရ၍ ကျွန်ုပ်စီးနင်းလိုက်ပါသွားသောသင်္ဘောသည် ယာမောက်လမ်းခရီး၌ ပျက်သော်လည်း ကျွန်ုပ်သည် ရေနစ်၍မသေဘဲ အသက်ချမ်းသာရာ ရသည်ကို သိ၍ အတိုင်းမသိ ဝမ်းမြောက်ပေတော့မည်။ သို့သော် ကျွန်ုပ်၏ ကံကြမ္မာကား နောက်သို့မဆုတ် ရှေ့သို့သာ တွန်းပို့လျက် ရှိသည့်ပြင် လက်ထဲတွင်လည်း ငွေလက်ကိုင်အနည်းငယ် ရှိရကား အိမ်သို့မပြန်



http://www.cherrythitsar.org

ဘဲ လန်ဒန်မြို့သို့ ကုန်းလမ်းခရီးဖြင့် ဆက်လက်သွားတော့ ၏။ မိဘများထံပြန်ရန် စိတ်ကူးကို ဘေးသို့ဖယ်ကာ ကျွန်ုပ်သည် နောက်တစ်ကြိမ် ပင်လယ်ခရီး ထွက်ရမည့်အရေးကိုသာ မျှော်တွေး ရော်ရမ်းလျက်ရှိလေတော့သတည်း။

လန်ဒန်မြို့သို့ ရောက်သောအခါ ကျွန်ုပ်မှာ အအုပ်အထိန်း မရှိသော လူငယ်တို့ ဖြစ်ရိုးဓမ္မတာအတိုင်း ပေါ့ပေါ့ဆဆဖြစ်ကာ အပေါင်းအသင်းစုံ၍လာတော့၏။ ဂီနီကမ်းရိုးတန်း (Guinca) သို့ ရောက်ခဲ့ဖူး၍ ထိုနေရာတွင် စီးပွားဖြစ်ထွန်းလျက်ရှိသော ကပ္ပတိန် တစ်ဦးနှင့် ကျွန်ုပ်သည် ပထမ မိတ်ဆွေဖြစ်ခဲ့၏။ ကျွန်ုပ်က ကမ္ဘာကို လှည့်၍ကြည့်လိုသော စိတ်ရှိကြောင်း စကားစပ်မိ၍ပြောရာတွင် သူ သည် ကျွန်ုပ်အား အတော် သဘောကျနှစ်ခြိုက်လျက် ကျွန်ုပ်သာ အကယ်၍ သူနှင့်အတူ ထိုနေရာသို့ လိုက်ပါမည်ဆိုက စရိတ်စက မကုန်ကျဘဲ ရောက်သွားနိုင်ကြောင်း ပြောပြ၏။ သူနှင့် အတူလိုက် ရာတွင် ကျွန်ုပ်က သူ၏ စားပွဲထိုးအဖြစ်လည်းကောင်း၊ အဖော်အဖြစ် လည်းကောင်း လိုက်ပါရမည်ဖြစ်ပြီးလျှင် ကုန်စည်ရောင်းဝယ်ဖောက် ကားမှုနှင့်ပတ်သက်၍ ကုန်ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်လိုက ယူ ဆောင်နိုင်၍ အကျိုးဖြစ်ထွန်းရန်ရှိကြောင်းနှင့်လည်း အားပေးစကား ပြောကြားလေသည်။

ကျွန်ုပ်သည် သူပေးသော အကူအညီကို ကျေးဇူးတင် ဝမ်းမြောက်စွာဖြင့် လက်ခံလိုက်၏။ ယခုကဲ့သို့ ရင်းနှီးစွာမိတ် ဆွေဖြစ်ရသော ကပ္ပတိန်ကြီးမှာ ဖြောင့်မတ်တည်ကြည်၍ ပွင့်



http://www.cherrythitsar.org

ပွင့်လင်းလင်း ဆက်ဆံတတ်သူတစ်ယောက်လည်း ဖြစ်ပေသည်။ သို့နှင့် ကျွန်ုပ်သည် သူနှင့်အတူ ပင်လယ်ခရီးထွက်ခဲ့ရာတွင် ကုန်သည်သဘောဖြင့် စွန့်စားကာ ပစ္စည်းအနည်းငယ်ကို ယူဆောင်လာ၏။ ယင်းပစ္စည်းများမှာ ကပ္ပတိန်ကြီး အကြံဉာဏ်ပေးသည့်အတိုင်း ကလေးကစားစရာများနှင့် အခြားအသေးအဖွဲ့များ ပေါင် ၄၀ ဖိုးခန့် ဝယ်ယူလာခဲ့ခြင်းဖြစ်လေသည်။

ကျွန်ုပ်၏ စွန့်စားရှာဖွေ ခရီးထွက်မှုများတွင် ဤတစ်ကြိမ်သည်သာ အထမြောက်အောင်မြင်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ကျွန်ုပ်လည်း သူ့အား ကျေးဇူးတင်၍ မဆုံးနိုင်အောင်ရှိတော့သည်။ ကျွန်ုပ်မိတ်ဆွေ ကပ္ပတိန်ကြီးသည် သင်္ဘော၏ ခရီးစဉ်စာရင်းကို မည် ကဲ့သို့ ထားသိုရမည်၊ သင်္ဘော၏ လမ်းကြောင်းကို မည်ကဲ့သို့ ထား သိုရမည်၊ သင်္ဘော၏လမ်းကြောင်းကို မည်ကဲ့သို့ စောင့်ထိန်းကြည့်ရှု ရမည် စသည်ဖြင့် သင်္ဘောသားတစ်ယောက် သိသင့်သိထိုက် တတ် သင့်တတ်ထိုက်သော လိုအပ်သည့် အချက်အလက်များကို ကျွန်ုပ်အား သင်ကြားပေးသဖြင့်လည်း ဤကဲ့သို့ အောင်မြင်မှုကို ရရှိခြင်းဖြစ်သည်။ သူက ကျွန်ုပ်ကို စေတနာဖြင့် သင်ကြားပြသပေးရာ ကျွန်ုပ်ကလည်း သူ သင်ကြားပေးသမျှကို ဝမ်းမြောက်စွာ နာယူမှတ်သားလျက် ဤ အကြိမ် ပင်လယ်ခရီးသွားခြင်းသည် ကျွန်ုပ်အား သင်္ဘောသားတစ်ယောက်လည်းဖြစ်အောင် ကုန်သည်ဘဝသို့လည်း ရောက်အောင် ပို့ ဆောင်ပေးခြင်းပင်ဖြစ်လေသည်။ လန်ဒန်မြို့



http://www.cherrythitsar.org

သို့ ပြန်ရောက်သောအခါ ကျွန်ုပ်တွင် ၅ ပေါင် ၉ အောင်စ အလေးချိန်ရှိသော ရွှေမှုန့်များ ရရှိလာသဖြင့် ဤအကြိမ် ခရီးထွက်ခြင်းသည် ကျွန်ုပ်အား ပေါင် ၃၀၀ ကြွယ်ဝ၍လာစေ၏။ ယင်းကဲ့သို့ ရရှိခြင်းသည်ပင် ကျွန်ုပ်၏ နံနဲ့ပျက်စီးနေသော ဘဝမှ ကျွန်ုပ်အား ကယ်တင်လိုက်ခြင်းဖြစ်လေသည်။

ကျွန်ုပ်ကား ဂီနီနယ် ကုန်သည်တစ်ယောက်ဘဝသို့ ရောက်ရှိနေပေပြီ။ ကံဆိုးပုံမှာ ကျွန်ုပ်၏ မိတ်ဆွေ ကပ္ပတိန်ကြီးသည် သင်္ဘော ဆိုက်ပြီးနောက် မကြာမီ သေဆုံးသွားရှာလေရာ ကျွန်ုပ်လည်း ထိုခရီး ကို စိတ်မပျက်ဘဲ တစ်ယောက်တည်း ဆက်လက်၍ သွားရန် သန္နိဋ္ဌာန် ချလိုက်သည်။ သင်္ဘောတွင် ယခင်က မာလိန်မှူးအဖြစ်ဖြင့် လိုက်ပါ လာခဲ့သူသည် ယခုအခါ သူ၏နေရာကိုယူကာ သင်္ဘောကို အုပ်ချုပ် လျက်ရှိလေသည်။ ယခုတစ်ကြိမ် ကျွန်ုပ်ထွက်မည့်ခရီးကား ကျွန်ုပ်၏ ဘဝတွင် အဆိုးဝါးဆုံးသော ပင်လယ်ခရီးထွက်ခြင်းပင် ဖြစ်လေတော့ သည်။

ကျွန်ုပ်စုဆောင်းရရှိခဲ့သော ရွှေဒင်္ဂါးပေါင် ၃၀၀ အနက်မှ ပေါင် ၁၀၀ သာ ကျွန်ုပ်နှင့် အတူယူခဲ့၍ ကျန်ပေါင် ၂၀၀ ကို ကျွန်ုပ် အပေါ်တွင် အလွန်ကောင်းရှာသော ကွယ်လွန်သူ ကပ္ပတိန်သူ ကပ္ပတိန် ကြီး၏ဇနီး မုဆိုးမထံ အပ်နှံထားခဲ့၏။

ကျွန်ုပ်တို့၏ သင်္ဘောသည် အာဖရိကတိုက် ကမ်းခြေ နှင့် မနီးမဝေး ကနေရီကျွန်းများ (Canary Is.) ဆီသို့ ခုတ်မောင်း လျက်ရှိစဉ်နှင်းထူထပ်သည့်တစ်နေ့သောနံနက်ခင်း၌ တူရကီ



http://www.cherrythitsar.org

ရှက်သင်္ဘော တစ်စင်းသည် ကျွန်ုပ်တို့အား လိုက်လံလျက်ရှိသဖြင့် များစွာ ကြောက် ရွံ့အံ့သြမိတော့၏။ သင်္ဘောမှာ 'မူအာ' လူမျိုး ပင်လယ်ဓားပြများ စီး နင်းလိုက်ပါသော သင်္ဘောဖြစ်လေသည်။ ကျွန်ုပ်တို့သင်္ဘောကလည်းရွက်ကုန်ဖွင့်ကာ ကျယ်ပြန့်သောရွက်များ၏ လေအဟုန်ကိုယူ၍ အစွမ်း ကုန်ခုတ်မောင်းလျက်ရှိလေသည်။

ညနေ ၃ နာရီလောက်တွင် ပင်လယ်ဓားပြများ စီးနင်းသော သင်္ဘောသည် ကျွန်ုပ်တို့ကို မီလာ၍ သူတို့သည် ပဲ့ပိုင်းမှနေ၍ တိုက်ခိုက်မည့်အစား ကျွန်ုပ်တို့သင်္ဘောကို ၄ ပုံ ၁ ပုံမှနေ၍ တိုက်ခိုက်တော့၏။ ကျွန်ုပ်တို့သင်္ဘော၌ သူတို့တိုက်ခိုက်သည့်ဘက်၌ အမြောက် ၈ လက်ရှိသဖြင့် သူတို့သင်္ဘောကို ကျွန်ုပ်တို့ အလျားလိုက်ပစ်ခတ်တိုက်နိုင်လေသည်။

သူတို့သင်္ဘောတွင် လူ ၂၀၀ ခန့်ပါရှိသဖြင့် သေနတ်အလက် ၂၀၀ ခန့်တို့နှင့် ပစ်ခတ်ကြ၏။ သို့သော် ကျွန်ုပ်တို့ လူများမှာ နေရာကောင်းတွင် အကာအကွယ်ယူပြီးလျှင် ပူးကပ်စွာရှိနေကြသဖြင့် ကျွန်ုပ်တို့အထဲမှ တစ်ယောက်တလေမျှ ထိမှန်ခြင်းမရှိသေးချေ။

နောက်တစ်ကြိမ်၌ သူတို့သည် ကျွန်ုပ်တို့အား တိုက်ခိုက်ကြ ပြန်ရာ ကျွန်ုပ်တို့ကလည်း အပြင်းအထန်ပြန်၍ ခုခံရတော့၏။ ကျွန်ုပ် တို့သင်္ဘောကို ၄ ပိုင်း ၁ ပိုင်းမှဝင်၍ လူခြောက်ဆယ်ခန့်တို့သည် ကျွန်ုပ်တို့၏ သင်္ဘောကုန်းပတ်ပေါ်သို့ တက်ရောက်ကြကာ ရွက်တိုင် ကြိုးနှင့် ကျောက်ဆူးကြိုးများကို ခုတ်ဖြတ်



http://www.cherrythitsar.org

ပြီးနောက် ဓားများပုဆိန် များဖြင့် ထိုးခုတ်တိုက်ခိုက်လေသည်။ ထိုအခါ ကျွန်ုပ်တို့ကလည်း သေနတ်များ တုတ်များ ဓားများဖြင့် တတ်နိုင်သမျှ ခုခံကြရရာ နှစ် ကြိမ်တိုင်တိုင် ကျွန်ုပ်တို့က ခုခံနိုင်သေး၏။ သို့သော် အကျဉ်းချုပ်အား ဖြင့် ပြောရမည်ဆိုလျှင် ကျွန်ုပ်တို့၏ သင်္ဘောမှာ ခုတ်မောင်းရန်ပင် မတတ်နိုင်တော့ပြီဖြစ်၍ နောက်ဆုံး၌ ကျွန်ုပ်တို့ဘက်မှ လူသုံးယောက် သေပြီးလျှင် ၈ ယောက်မျှ ဒဏ်ရာရပြီးနောက် နောက်ဆုံးတွင် အညံ့ခံ လိုက်ရတော့၏။ သို့နှင့် ကျွန်ုပ်တို့အား သုံ့ပန်းအဖြစ်ဖြင့် ဆယ်လီမြို့ သို့ ယူဆောင်သွားလေသည်။ 'ဆယ်လီ' မြို့ကား၊ မူအာလူမျိုးတို့၏ မြို့တော်ပင်ဖြစ်လေသည်။

ကျွန်ုပ်တို့အပေါ်တွင် မူအာလူမျိုးများ၏ ဆက်ဆံပြုမူပုံမှာ ပထမ ကျွန်ုပ်ထင်သလောက် မဆိုးဝါးချေ။ ထို့ပြင် နိုင်ငံရှိ ဘုရင့်ရုံး တော်သို့လည်း အခြားသူများကဲ့သို့ ကျွန်ုပ်အား ခေါ် မသွားဘဲ ပင်လယ် ဓားပြကပ္ပတိန်သည် သူရထိုက်သော ဆု အဖြစ်ဖြင့် ကျွန်ုပ်အား ကျွန် တစ်ယောက်အနေနှင့် သိမ်းဆည်း ထား၏။ ဤကဲ့သို့ သိမ်းဆည်းထား ခြင်းမှာလည်း ကျွန်ုပ်မှာ ငယ်ရွယ်နုပျို၍ သူ့အတွက် အသုံးဝင်မည်ထင် သောကြောင့် ဖြစ်ဟန်တူ၏။ ဤသို့ဖြင့် ကျွန်ုပ်မှာ ပတ်ဝန်းကျင်အခြေ အနေ အရ သာမန်ကုန်သည်တစ်ယောက်အနေမှ ကျွန်တစ်ယောက် အဖြစ်သို့ ရောက်ရှိသွားရတော့၏။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ် မှာကား ဝမ်းမြောက်ရပေတော့မည်။ သို့သော် ယင်းကဲ့သို့ ဖြစ် ရခြင်းသည် လာ လတ္တံ့သော ကျွန်ုပ်၏ ကံကြမ္မာကို ဆားမြည်း



http://www.cherrythitsar.org

၍ ကြည့်ခြင်းမျှလောက် သာဖြစ်၍ ထိုအကြောင်းကို ကျွန်ုပ်၏ ဘဝဇာတ်လမ်းတွင် ရှေ့လာ မည့်ကဏ္ဍများ၌ ဖော်ပြပေအံ့။

ကျွန်ုပ်အား ကြည့်ရှုစောင့်ရှောက်သူ သို့မဟုတ် ကျွန်ုပ်၏ သခင်သည် ကျွန်ုပ်အား သူ့အိမ်သို့ ခေါ်သွားရာ ပင်လယ်သို့ သူ နောက် ထပ်ခရီးထွက်တိုင်း ကျွန်ုပ်အား ခေါ်ဆောင်သွားလိမ့်မည်ဟု မျှော်လင့် ၏။ ဤသို့ဆိုလျှင် စပိန် သို့မဟုတ် ပေါ်တူဂီ စစ်သင်္ဘောတစ်စင်းစင်း သည် သူကံနိမ့်သော နေ့တစ်နေ့တွင် သူ့အား ဖမ်းဆီးသွားမည်ဆိုက ကျွန်ုပ်ပါ အဆစ်ပါပြီးလျှင် လွတ်လပ်တော့မည်ဟု စိတ်ကူးမိ၏။ သို့ သော် ကျွန်ုပ်၏ စိတ်ကူးယဉ်မှုမှာ မကြာမီ ပျောက်ကွယ်သွားတော့ သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏သခင် ကပ္ပတိန်ကြီးသည် ပင်လယ်သို့ ခရီးထွက်သောအခါ ကျွန်ုပ်ကို ခေါ်၍မသွားဘဲ သူ၏ ဥယျာဉ်ကလေးကို စောင့်ရှောက်ရန်နှင့် အခြားကျွန်များ လုပ်လေ့လုပ် ထရှိသော အိမ်ဝတ္တရားများကို လုပ်ကိုင်ဆောင်ရွက်ရန် ကျွန်ုပ်ကို ထား ပစ်ခဲ့သောကြောင့်ဖြစ်လေသည်။ ရေကြောင်းခရီးမှ သူပြန်လာသော အခါ၌လည်း သင်္ဘောပေါ်ရှိ သူ၏အခန်းတွင် သူ၏ ဗာဟီရကိစ္စများ ကို ဆောင်ရွက်ရန် ကျွန်ုပ်အား အမိန့်ပေးပြန်၏။

ထိုအခါ၌ ကျွန်ုပ်မှာ အခြားထွေရာလေးပါးကို စိတ်မကူးမိ ဘဲ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကိုသာ စိတ်ကူးလျက် မည် သည့်နည်းလမ်းဖြင့် လွတ်မြောက်ရမည်ကိုသာ ကြံဆနေမိတော့၏။ သို့သော် လွတ်မြောက်ရန်အတွက် မည်သည့်နည်းလမ်းအစအနကိုမျှ ရှာဖွေ၍ မတွေ့ချေ။



http://www.cherrythitsar.org

ဤကဲ့သို့ စိတ်ညစ်ဖွယ်ကောင်းလှသော ဘဝဆိုးတွင် ကျွန်ဘဝမှ လွတ်ကျွတ်ခြင်းကို အပထား၍ ၂ နှစ်မျှပင် အချိန်ကြာမြင့်ခဲ့လေပြီ။ ထိုအချိန်၌ ကျွန်ုပ်၏ သခင်သည် ယခင်ကကဲ့သို့ သင်္ဘောဖြင့် ခရီးထွက်ခြင်း နည်းပါးလာပြီးလျှင် အိမ်၌သာ အနေများတော့သည်။ သို့ရှိစဉ် သူသည် သင်္ဘောမှ လှေကိုယူ၍ ငါးဖမ်းထွက်လေ့ရှိသည်။ ဤကဲ့သို့ ထွက်သောအခါ ကျွန်ုပ်မှာ ငါးဖမ်းရာ၌ အသုံးဝင်သည့်အတိုင်း သူနှင့်အတူ ကျွန်ုပ်အား ခေါ်သွားလေ့ရှိ၏။ တစ်ကြိမ်တွင် ကျွန်ုပ်တို့သည် တစ်နေ့သော သာယာသည့် နံနက်ခင်း၌ ငါးဖမ်းထွက်ခဲ့ကြရာ၊ ပင်လယ်ကမ်းခြေမှ ခရီးတစ်မိုင်ခွဲမျှ မရောက်မီပင် ဆီးနှင်းများ ထူထပ်စွာ ကျလာပြီးနောက် ကမ်းကိုပင် မမြင်ရဘဲ ရှိနေတော့သည်။ ဤသို့ဖြင့် မည်သည့်အရပ်ကို လှေကို လှော်ခတ်ရမည်မသိဘဲရှိရာ ကျွန်ုပ်၏လှေမှာ ကမ်းခြေသို့ ပြန်ရောက်ရမည့်အစား ပင်လယ်ဘက်သို့သာ သွားလျက်ရှိလေသည်။ ကမ်းခြေမှ ခရီးခြောက်မိုင်ခန့်ပင် ဝေး၍သွားပြီးနောက် နောက်ဆုံးတွင် ဘေးအန္တရာယ်များအကြားမှပင် ကံကောင်းထောက်မသဖြင့် ကမ်းသို့ ချောမောစွာ ပြန်ရောက်ရှိခဲ့လေသည်။

ကျွန်ုပ်အား ကြည့်ရှုထားသူ ကျေးဇူးရှင် ကပ္ပတိန်ကြီးသည် ယခုကဲ့သို့ တစ်ကြိမ်ဖြစ်ပျက်ခဲ့သည်ကို အကြောင်းပြု၍ ထိုအချိန်မှ စ၍ နောင်အနာဂတ်အဖို့ အတော်ပင်ဂရုစိုက်တော့၏။ သူဖမ်းဆီးရမိ ထားသော ကျွန်ုပ်တို့ အင်္ဂလိပ်သင်္ဘောတွင် အလျားရှည်သော လှေ တစ်စင်းအသင့်ရှိနေသဖြင့် သူသည်



http://www.cherrythitsar.org

ကျွန်ုပ်ကဲ့သို့ပင် အင်္ဂလိပ်လူမျိုး တစ်ယောက်ဖြစ်သော ကျွန်တစ်ယောက်ကိုခေါ်ပြီး ထိုလှေ၌ သင်္ဘော ခန်းကလေးကဲ့သို့ အခန်းကလေးတစ်ခု လှေ၏ အလယ်၌ ပြုလုပ်စေ ပြီးလျှင် အခန်း၏ နောက်၌လည်း ပဲ့ကိုင်ရန် နေရာတစ်ခု ပြုလုပ်စေ သည်။

သို့နှင့် သူသည် ထိုလှေပေါ်၌ မူအာလူမျိုး ၃ – ၄ ယောက်ကို တင်ပြီးလျှင် ခရီးထွက်ရန် ကြံစည်သည့်အတိုင်း မထွက်မီညကပင် လှေပေါ်တွင် ယခင်ကထက်ပို၍ အစားအစာများကို တင်စေ၏။ သူ့ သင်္ဘောပေါ်ရှိသော ယမ်းတောင့်သေတ္တာ ၃ လုံးကိုလည်း အသင့်ယူ ထားရန် ကျွန်ုပ်အား အမိန့်ပေး၏။ သို့ပြုလုပ်ခြင်းမှာ ငါးဖမ်းရုံးမျှမက ငှက်ပစ်ရန်ပင် ကြံစည်ထားသောကြောင့်ဖြစ်လေသည်။

နောက်ဆုံး၌ ကပ္ပတိန်ကြီးသည် လှေပေါ်သို့ တစ်ယောက် တည်းရောက်လာ၍ သူ၏ ဧည့်သည်များ အကြောင်း မညီညွတ်သဖြင့် မလိုက်ဖြစ်တော့ကြောင်း၊ သို့ဖြစ်၍ မူအာ ၂ ယောက်ကို ခေါ်ပြီးလျှင် ခါတိုင်းကဲ့သို့ ငါးဖမ်းထွက်ရန်အကြောင်း ကျွန်ုပ်အား ညွှန်ကြားအမိန့် ပေးတော့၏။

ဤအချိန်၌ ကျွန်ုပ်သည် ထိုလှေငယ်ကို ဦးစီးခေါင်း ကိုင်ပြုလုပ်သွားရမည်ဖြစ်သောကြောင့် ထွက်ပြေးလွတ်မြောက် ရန်အကြံအစည်သည် ကျွန်ုပ်၏ဦးခေါင်းထဲသို့ ချက်ချင်းဝင် လာလေသည်။ သို့နှင့် ကပ္ပတိန်ကြီး၏ ပေါင်မုန့်များကို ကျွန်ုပ် တို့တစ်စုံတစ်ရာစားခွင့်မရှိသောကြောင့် ကျွန်ုပ်တို့စားသောက် ရန်အတွက် စားရေရိက္ခာယူ လာရန် မူအာတစ်ယောက်အား



http://www.cherrythitsar.org

ကျွန်ုပ်ကပြောပြရာ သူသည် ကျွန်ုပ် ပြောသည်ကို သဘောပေါက်လျက် ဘီစကွတ်မုန့်ကြမ်းတောင်းတစ်လုံး နှင့် သောက်ရေကရား ၃ လုံးကို ယူလာခဲ့၏။ ကမ်းပေါ်သို့ ၎င်းမှုအာ တကက်နေစဉ် ကပ္ပတိန်ကြီး၏ ပုလင်းအချို့ကိုလည်း ကျွန်ုပ်က ယူလာ ခဲ့ပြီးလျှင် ယခင်ကအတိုင်း ထားလိုက်၏။ ထို့ပြင် အလေးချိန် ဟန္ဒြက်ဝိတ်တစ်ဝက်ခန့်ရှိသော ပျား ဖယောင်း အတုံးကြီးတစ်တုံးကို လည်းကောင်း အပ်ချည်နှင့် ဘန် ချည်ကြိုးတစ်ခွေ၊ ပုဆိန်တစ်လက်၊ လွှတစ်စင်း၊ တူတစ်ချောင်း စ သော အသုံးကျမည့် ပစ္စည်းများကို လည်းကောင်း ကျွန်ုပ်က ယူဆောင် ခဲ့၏။

၎င်းမှုအာနှင့်အတူ 'အစ်ရှမေး' ခေါ် အခြားမှုအာလူမျိုးတစ် ယောက်ကိုလည်း ကျွန်ုပ် လှည့်ဖျား၍ ခေါ်ခဲ့၏။ ထိုသူအား တိုင်းရင်း သားများက နာမည်ရင်းကိုမခေါ်ဘဲ "မိုလီ . . ." ဟု ခေါ်သဖြင့် ကျွန်ုပ်ကလည်း မိုလီဟု ခေါ်လေသည်။

(ကျွန်ုပ်)"မိုလီ . . . ငါတို့သခင်ရဲ့ သေနတ်တွေဟာ လှေပေါ်ရောက် နေပြီကွယ့်၊ ဒီတော့ ယမ်းတောင့်နဲ့ စရိတ်ကျည် ဆံကလေး နည်းနည်း ပါးပါး မင်းမရှာနိုင်ဘူးလား . . . ဟိုကျ တော့ 'အက်လာကာမီ' ငှက် (ထိုငှက်မျိုးမှာ ကျွန်ုပ်တို့၏ ကာလူးငှက်မျိုးနှင့်တူသည်) တွေ ငါတို့ ဘာသာ ပစ်ကြရအောင်"

သင်္ဘောပေါ်၌ ခဲယမ်းမီးကျောက်များထားသော နေ ရာကို မိုလီသိသဖြင့် ကျွန်ုပ်က ပြောလိုက်ခြင်းဖြစ်သည်။



http://www.cherrythitsar.org

သို့နှင့် သူသည် တစ်ပေါင်ခန့်မျှလေးသော ယမ်းမှုန့် များနှင့် အခြားကျည်ဆံစရိတ် ငါးပေါင်ခြောက်ပေါင်ခန့်ကို သားရေအိတ်ကြီး တစ်လုံးတွင် ထည့်၍ ယူလာ၏။ ထိုအချိန်၌ ပင် ကပ္ပတိန်ကြီး၏ သင်္ဘောအခန်း၌လည်း ယမ်းမှုန့်အချို့ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရ သဖြင့် ယူလာခဲ့၏။ ဤသို့ဖြင့် လက် နက်ကိရိယာ စားရေရိက္ခာ ပြည့် စုံလုံလောက်သော် ကျွန်ုပ်တို့ သည် ငါးဖမ်းရန် ဆိပ်ကမ်းမှ ထွက်ခဲ့ကြ လေသည်။ ရေဝန်ရုံး မှာ သင်္ဘောဆိပ်အဝင်ဝတွင် ရှိသဖြင့် အရာရှိများ သည် သိကျွမ်း ပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့အား တစ်စုံတစ်ရာ စစ် ဆေးမေး မြန်းခြင်း မပြုပေ။ ခရီးတစ်မိုင်ခန့်မျှ မရောက်မီပင် ကျွန်ုပ်တို့ သည် ရွက်ကုန်ဖွင့်ကာ ငါးများကို ဖမ်းဆီးလျက်ရှိနေတော့၏။



http://www.cherrythitsar.org

# အခန်း (၃)

အချိန်အတော်ကြာမျှ ငါးများကို ဖမ်းလျက်ရှိသော်လည်း ငါးမရချေ။ အဘယ်ကြောင့်ဆိုသော် ငါးမျှားတံတွင် ငါးပါ၍လာတိုင်း မူအာများမမြင်အောင် ကျွန်ုပ်က လွှတ်ပစ်သောကြောင့်ပေတည်း။ သို့နှင့် ကျွန်ုပ်က "ဒီလိုနဲ့ မဖြစ်သေးဘူးဟေ့၊ တို့သခင်ကို ဒီလိုလုပ်လို့မရဘူး၊ ဒီတော့ ခပ်ဝေးဝေးကလေး ထွက်ဦးမှ"ဟု ပြောလိုက်၏။

သူသည် ကျွန်ုပ်၏အကြံကိုမသိရှာသဖြင့်သဘောတူညီပြီးလှေ့င်လှေဦး၌ထိုင်ကာ ရွက်ကုန်ဖွင့်လျက်ရှိလေရာ ကျွန်ုပ်က ပဲ့ကိုင် ၍ လိုက်၏။ သို့နှင့် လှေကလေးသည် ပင်လယ်ပြင်ဘက်သို့ ၃ မိုင် ခန့် ပို၍ ရောက်လာပြန်၏။ ထိုအချိန်၌ ကျွန်ုပ်သည် မူအာသူငယ် ကလေးအား တက်မကို ကိုင်စေပြီးသော် ကျွန်ုပ်က ငါးဖမ်းမည့်ဟန်ဖြင့် "မိုလီ" ခေါ် မူအာကြီးရှိသောနေရာသို့ တည့်တည့်ကြီး လျှောက် သွားလေသည်။ ထို့



http://www.cherrythitsar.org

နောက် သူ့နောက်တွင်ရှိသော ဝတ္ထုပြစ္စည်းတစ်ခုခု ကို လှမ်း၍ ယူလိုက်သည့်ဟန် ပြုလုပ်ပြီးသော် သူ့အား အမှတ်မဲ့ ခြေထောက်မှ သိမ်းကြုံးပွေ့ချီကာ ပင်လယ်ထဲသို့ တစ်ခါတည်း ပစ်ချ လိုက်လေသည်။ သူသည် ရေပြင်တွင် ဖော့ကဲ့သို့ ပေါ်လျက် ကျွန်ုပ်ရှိရာသို့ ကူးလာပြီးနောက် သူ့အား ဆယ်တင်ရန် တောင်းပန်ရှာ၏။ ဤကမ္ဘာ တစ်ဝန်းအတွင်း မည်သည့်နေရာသို့ပင် ကျွန်ုပ်သွားစေကာမူ ကျွန်ုပ် နှင့်အတူ လိုက်ပါတော့မည့်အကြောင်း ပြောရှာသေး၏။

ကျွန်ုပ်သည် အခန်းကလေးထဲသို့ ရောက်သွားကာ ငှက်ပစ် သေနတ်တစ်လက်ကို လျင်မြန်စွာ ဆွဲယူခဲ့ပြီးနောက် သူ၏ဦးခေါင်းကို ချိန်လျက် သူ့အား ထိုအချိန်ထိ မည်သို့မျှ မပြုလုပ်ရသေးကြောင်း၊ သူသည် ငြိမ်သက်စွာ နေခဲ့ပါမူ နောက်ထပ်လည်း တစ်စုံတစ်ရာ ပြု လုပ်တော့မည်မဟုတ်ကြောင်း ပြောပြီးနောက် ကျွန်ုပ်က . . . "ဟေ့ မိုလီ မင်းဟာ ကောင်းကောင်းရေကူးကျင်လည်တယ် ကွယ့်၊ ကမ်းကိုရောက်အောင် မင်းကောင်းကောင်းကူးနိုင်တယ်၊ ပြီး တော့ ပင်လယ်ကလည်း လှိုင်းမရှိဘူး ငြိမ်နေတာပဲ၊ ဒီတော့ မင်းသာ ကမ်းကို ငြိမ်ငြိမ်သက်သက်နဲ့ အေးအေးဆေးဆေးရောက်အောင် ကူး သွားမယ်ဆိုရင် ငါဟာ မင်းကို ဘယ်လိုမှ ရန်မမူဘူး၊ နို့ပေမယ့် တကယ်လို့ မင်းဟာ လှေနားကပ်လာရင်တော့ မင်းခေါင်းကို တစ်ခါ တည်း ပစ်ခွဲလိုက်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဒီကျွန်ဘဝက တစ် ခါတည်းလွတ်မြောက်အောင် ပြေးတော့မယ်လို့ ငါ့စိတ်ကို သန္နိဋ္ဌာန်ချထားပြီကွ"



http://www.cherrythitsar.org

သို့နှင့် သူသည် ကမ်းခြေရှိရာဘက်သို့ ကူးသွားရာလေရာ ကျွန်ုပ်ထင်သည့်အတိုင်း ကောင်းမွန်ချောမောစွာ ရောက်ရှိလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်မိ၏။

ကျွန်ုပ်သည် သူ့ကို ခေါ်၍ သွားလိုပါ၏။ သို့သော် ကျွန်ုပ် မယုံကြည်ချေ။

သူရေကူးသွားသောအခါ ကျွန်ုပ်က ဇူရီခေါ် သူငယ်ကလေးအား "ဇူရီ မင်းဟာ ငါ့ကို သစ္စာရှိခဲ့ရင် မင်းကို လူကြီးတစ်ယောက်ဖြစ်အောင် ငါလုပ်ပေးမယ်။ နို့ပေမယ့် သစ္စာမရှိရင်တော့ မင်းကို ငါပင်လယ်ထဲပစ်ချရလိမ့်မယ် . . ."

သူငယ်ကလေးသည် ကျွန်ုပ်၏မျက်နှာကို ခပ်ပြုံးပြုံးကြည့်ခါ တစ်စုံတစ်ရာ အပြစ်မရှိသောဟန်ဖြင့် ရှိနေလေရာ၊ ကျွန်ုပ်သည် သူ့အား မယုံကြည်ဘဲ မနေနိုင်တော့ချေ။ ကျွန်ုပ် မည်သည့်နေရာသို့ သွားသည်ဖြစ်စေ သူသည် ကျွန်ုပ်နောက်မှ တစ်ခါတည်း လိုက်ပါတော့မည်ဟု ကျိန်ဆိုရှာသည်။

မှောင်၍လာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် သွားရာ လမ်းကြောင်းကို ပြောင်း၍ အရှေ့တောင်ဘက်သို့ ကွေ့ခါ အရှေ့ဘက် သို့ ပို၍ ခပ်တည့်တည့် ရွက်ကို လွှင့်လျက် ရှိလေ၏။ ဤသို့ဖြင့် ငါး ရက်တိုင်တိုင် ကျွန်ုပ်၏လှေငယ်ကို ရွက်လွှင့်လျက်ရှိရာ လေသည် တောင်ဘက်သို့ ပြောင်းလဲတိုက်ခိုက်လာပြန်၏။ သို့နှင့် ကျွန်ုပ်သည် ကမ်းခြေတစ်ခုသို့ ဆိုက်ကပ်နိုင်ခဲ့ပြီးလျှင် မြစ်ဝတစ်ခုတွင် လှေကို ကျောက်ချ၍ထား၏။ သို့သော် ထိုနေရာမှာ မည်သည့်အရပ် မည်သည့် နေရာဟူ၍



http://www.cherrythitsar.org

ကျွန်ုပ်မသိချေ။ မည်သူ့ကိုမျှလည်း ကျွန်ုပ်မတွေ့လို ကျွန်ုပ် ၏ အဓိကအချက်မှာ သောက်ရေရရန်သာ ဖြစ်လေသည်။

ကျွန်ုပ်သည် လှေကလေးကို ကျောက်ချပြီးနောက် စခန်းချရာ အိပ်ရန်အချိန်သို့ ရောက်သော်လည်း ကောင်းစွာ အိပ်မပျော်နိုင်ဘဲရှိစဉ် ကုန်းပေါ်မှ အမည်မဖော်တတ်သည့် အလွန်ကြီးမားသော သတ္တဝါကြီးများသည် ပင်လယ်ကမ်းခြေသို့ ဆင်း၍လာကာ ရွံ့ညွန်စပ်များ၌ သူတို့၏ ကိုယ်ကြီးများကို လူးလိမ့်လျက်ရှိကြကုန်၏။ သူတို့ ဟစ်အော်မြည်တွန်လိုက်သော ကြောက်မက်ဖွယ်အသံကြီးများကိုလည်း ကြားရ၏။ "ဇူရီ" သည် အလွန်ကြောက်ရွံ့လျက်ရှိရာ ကျွန်ုပ်လည်း သူ့ကဲ့သို့ပင် ကြောက်ရွံ့မိတော့သည်။ သို့ရှိစဉ် သူတို့အထဲမှ ကြီးမားသော အကောင်ကြီးတစ်ကောင်သည် ကျွန်ုပ်တို့လှေရှိရာသို့ ကူးခတ်၍လာလေရာ ထိုအခါ၌မူ ပြောဖွယ်ရာမရှိတော့ချေ။ ကျွန်ုပ်သည် အခန်းတံခါးရှိရာသို့ သွားပြီးလျှင် သေနတ်ကို ဆွဲယူခဲ့ပြီးနောက် ၎င်းအား ပစ်ခတ်လေရာ ထိုအခါမှ သတ္တဝါကြီးသည် နောက်သို့ ပြန်၍လှည့်ပြီးလျှင် ကမ်းစပ်သို့ ပြန်၍ ကူးသွားလေတော့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ညဉ့်အချိန် ကုန်းပေါ်သို့ မတက်ဝံ့တော့ချေ။ နေ့အချိန်တွင် တက်ရောက်ရန်မှာလည်း အခြားပြဿနာ တစ်ခု ရှိသေး၏။ ယင်းပြဿနာမှာ အကယ်၍ တက်ရောက်ခဲ့ပါမူ ခြင်္သေ့များနှင့် ကျားများ၏ လက်တွင်းသို့ သော်လည်းကောင်း၊ လူရိုင်း များ၏ လက်တွင်းသို့သော်လည်း ကောင်း မုချကျရောက်ရပေတော့မည်။



http://www.cherrythitsar.org

သို့သော် မည်သို့ပင်ဖြစ်စေ သောက်ရေကိုရရန် တစ်နေရာ မဟုတ် တစ်နေရာတွင် ကုန်းပေါ်တက်၍ ရှာဖွေရပေဦးမည်။ ကျွန်ုပ် တို့တွင် ရေတစ်ပိုင့်မျှပင် မရှိတော့သဖြင့် ကျွန်ုပ်သည် 'ဇူရီ' အား ဘီ စကွတ်မုန့်ကြမ်းတစ်ချပ်နှင့် ကျွန်ုပ်ဖော်ပြခဲ့သည့် ပုလင်းများထဲမှ အရက်အနည်းငယ်ကို ပေးပြီးနောက်လှေကို ကမ်းခြေသို့ ကပ်နိုင် သလောက် ချဉ်းကပ်ခဲ့ပြီးလျှင်ရွှံ့များထဲမှ ရုန်းကာ ကုန်းပေါ်သို့ တက် ခဲ့ကြ၏။ ကျွန်ုပ်တို့၌ကားသောက်ရေထည့်ရန် ရေကရားနှစ်လုံးနှင့် လက်နက်များမှတစ်ပါး အခြားတစ်စုံတစ်ရာ မပါရှိချေ။ တစ်နည်းအား ဖြင့်လည်းလူရိုင်းများသည် လှေတုံကင်းများဖြင့် အမှတ်မထင် ရောက် လာမည်စိုးသောကြောင့် ကျွန်ုပ်တို့၏ လှေကလေးကိုလည်း မျက်စေ့အောက်မှ အပျောက်မခံဝံ့အောင် ရှိတော့၏။ 'ဇူရီ' မှာမူ ကမ်းခြေမှ တစ်မိုင်ခန့်လောက်အထိ သာယာစိုပြည်သောနေရာများကို မြင်ရသဖြင့် ကျွန်ုပ်၏ရှေ့မှ တစ်ခါတည်း တက်သွားလေသည်။ သို့သော် မကြာမီ သူသည် ကျွန်ုပ်ထံသို့ အပြေးအလွှားပြန်၍ ပြေးလာရာ လူရိုင်းများကို သော်လည်းကောင်း၊ သားရဲတိရစ္ဆာန်များကိုသော်လည်းကောင်း တွေ့ ၍သာ ပြန်၍ပြေးလာသည်ထင်သဖြင့် ကျွန်ုပ်လည်း သူ့အား အကူ အညီပေးရန် ချက်ချင်းသွားရောက်လေ၏။ သို့သော် သူ့အနီးသို့ရောက်သောအခါ သူ၏ကျောပေါ်တွင် တစ်စုံတစ်ရာ ထမ်း၍လာသည်ကိုမြင်ရသဖြင့် ကျွန်ုပ်ထင်သည့်အတိုင်း မဟုတ်ကြောင်း သိရတော့၏။ သူပစ်ခတ်၍ ကျောပေါ်၌ သယ်ဆောင်လာသောအရာမှာ



http://www.cherrythitsar.org

ယုန်တစ် ကောင်နှင့်တူ၏။ သို့သော် ၎င်းမှာ အရောင်အသွေး ကွဲပြားပြီးလျှင် ရှည်လျားသော ခြေတံများ ရှိ၏။ မည်သို့ပင် ဖြစ်စေ ၎င်းမှ အသား ကောင်းကောင်းရတော့မည်ဖြစ်၍ ကျွန်ုပ် တို့မှာဝမ်းမြောက်ရတော့သည်။ ထို့ထက် ဝမ်းမြောက်ဖွယ် ကောင်းသည့် 'ဇူရီ' ပြောလိုက်သည့် အရာမှာ သူသည် သောက် ရေကောင်းကောင်းကို တွေ့ခဲ့ရကြောင်း လူ ရိုင်းများကိုလည်း မတွေ့မမြင်ရကြောင်း ကျွန်ုပ်ထံ သတင်းကောင်း တစ်ရပ် ယူ ဆောင်လာခြင်းပင်ဖြစ်လေသည်။

သို့နှင့် ကျွန်ုပ်သည် ကရားများကို ရေထည့်ပြီးလျှင် ထိုညဦး အဖို့ ယုန်သားကို စားသောက်၍ ခရီးကိုဆက်လက် ထွက်ခွာခဲ့ကြရာ လူနေအိမ်ခြေ လူသားသူသားဟူ၍ ထိုနေရာ များတွင် မတွေ့ရချေ။ ထိုနေရာမှ ထွက်ခဲ့ပြီးနောက် အခါပေါင်း များစွာ ကျွန်ုပ်တို့သည် သောက်ရေအတွက် ကမ်းသို့ မကြာခဏ ဆိုက်ကပ်ရ၏။ တစ်နေ့သော နံနက်စောစောအချိန်တွင် ကျွန်ုပ် တို့သည် ကမ်းခြေအငူစွန်းတစ်ခု၌ လှေကို ကျောက်ချကာ ရပ် နားလျက်ရှိစဉ် ဒီရေတက်၍လာသဖြင့် ကမ်း ခြေ၏ အတွင်း ဘက်သို့ ဝင်မည်ပြု၏။ သို့သော် 'ဇူရီ' ၏ မျက်လုံး များမှာ ကျွန်ုပ်ထက် ပို၍လျင်သဖြင့် ကျွန်ုပ်၏ နားနားသို့ကပ်ခါ "သခင် ဟို တောင်ပူစာကလေးအောက်မှာ အင်မတန်ကြောက်စရာ ကောင်းစရာကောင်းတဲ့ အကောင်ကြီးတစ်ကောင် အိပ် ပျော်နေ တယ်၊ ကျွန်တော်တို့ ရွှေ့ဆက်သွားကြပါစို့"ဟု ကျွန်ုပ်အား ပြောကြားရှာ၏။



http://www.cherrythitsar.org

သူ ညွှန်ပြရာအရပ်သို့ ကြည့်လိုက်ရာ အပေါ်မှ မိုးလျက်ရှိသော တောင်ပူစာကလေးတစ်ခု၏ အရိပ်အောက်တွင် အိပ်၍နေသည့် ခြသေ့ကြီးတစ်ကောင်ကို ကျွန်ုပ်မြင်လိုက်ရလေသည်။ ကျွန်ုပ်တို့သည် ၎င်း၏ ဦးခေါင်းရှိရာသို့ ကောင်းစွာချိန်သော်လည်း ခြေတစ်ဖက်သည် နှာခေါင်းကို ကွယ်လျက်ရှိသဖြင့် ကောင်းစွာ ချိန်သားမရချေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ပစ်လိုက်သော ကျည်ဆံသည် ၎င်း၏ ဒူးဆစ်ကို ထိမှန်သွားလေသည်။ ပထမ၌ ခြသေ့ကြီးသည် ကြောက်မက်ဖွယ် ကောင်းစွာ ဟိန်းလျက် နေရာမှ ထလိုက်၏။ သို့သော် ၎င်း၏ခြေများမှာ ကျိုးနေပြီဖြစ်၍ နေရာ၌ပင် ပြန်၍ လဲကျသွားလေသည်။ တစ်ဖန်သူသည် ခြေသုံးချောင်းဖြင့် ရပ်တည်၍ထကာ အလွန်ကြောက်မက်ဖွယ်ကောင်းသောအသံကြီးဖြင့် ဟိန်းဟောက်လိုက်ပြန်၏။ ထိုအခါ ကျွန်ုပ်သည် ဒုတိယအကြိမ်ပစ်လိုက်ပြန်ရာ ၎င်းမှာ ထိုအချိန်၌ လှုပ်ရှားလျက်ရှိသော်လည်း ကျွန်ုပ်၏ကျည်ဆံသည် ဦးခေါင်းကို ကောင်းကောင်းကြီးထိမှန်သွားပြီဖြစ်ရကား နေရာ၌ လဲကျကာ အသက်ငင်လျက်ရှိတော့၏။ ထိုအခါမှ 'ဇူရီ' သည် များစွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် ကုန်းပေါ်သို့တက်ရန် ကျွန်ုပ်အား ခွင့်ပန်လေသည်။

ကျွန်ုပ်က ခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ဇူရီသည်သေနတ်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ရေထဲသို့ ခုန်ချပြီးနောက် ကမ်းခြေသို့ရောက်အောင်အခြားလက်တစ်ဖက်ဖြင့် ကူးခတ်သွားလေ၏။ တိရစ္ဆာန်ကြီးနားရောက်သောအခါ



http://www.cherrythitsar.org

သူသည် သေနတ်ပြောင်းကို ခြင်္သေ့ ကြီး၏ နားရွက်တွင် တေ့၍ ခလုတ်ဖြုတ်ချလိုက်၏။ ထိုအခါမှ ခြင်္သေ့ ကြီးလည်း တစ်ခါတည်း ငြိမ်၍ သွားလေသည်။

ယင်းကဲ့သို့ ပစ်ခတ်ရခြင်းမှာ အမဲလိုက်ခြင်းမျှသာဖြစ်၍ ကျွန်ုပ်တို့အတွက် အစားအစာရခြင်းမဟုတ်ချေ။ မစားမသောက်ရသော သတ္တဝါတစ်ကောင်အတွက် ယမ်းတောင့်သုံးတောင့် ဖြုန်းလိုက်ရခြင်းကိုပင် ကျွန်ုပ်မှာ နမြောဝမ်းနည်းမိတော့၏။ မည်သို့ပင်ဖြစ်စေ 'ဖူရီ' ကား အရှုံးမခံလိုချေ။ သို့နှင့် သူသည် လှေပေါ်သို့တက်လာပြီးနောက် ပုဆိန်ကို တောင်းလေသည်။

(ကျွန်ုပ်) "ဘာလိုဖို့လဲ ဖူရီ"

(ဖူရီ) "ကျွန်ုပ်သည် သူ့ခေါင်းကိုဖြတ်မည် သခင်"

သို့သော် ဖူရီကား ခြင်္သေ့ကြီး၏ ဦးခေါင်းကို မဖြတ်နိုင်ချေ။ သတ္တဝါကြီးကား အဆမတန် ကြီးမားလှပေသည်။ နောက်ဆုံး၌ ဖူရီသည် ခြင်္သေ့၏ ခြေထောက်တစ်ဖက်ကို ဖြတ်၍ ကျွန်ုပ်ထံ ယူခဲ့တော့၏။

မည်သို့ပင်ဖြစ်စေ ခြင်္သေ့၏အရေမှာ တစ်နည်းနည်းဖြင့် ကျွန်ုပ်တို့အတွက် အသုံးကျကောင်း ကျလိမ့်မည်ဟု ထင်မိ၏။ သို့နှင့် ဖူရီနှင့် ကျွန်ုပ်တို့သည် စတင် အလုပ်လုပ်ကြတော့သည်။ အရေကို ဆုတ်ယူရန် ကျွန်ုပ်မှာ ကောင်းကောင်းနားမလည်ဘဲရှိရာ ဖူရီမှာမူ များ စွာကျွမ်းကျင်လေသည်။ သို့ဖြင့် ကျွန်ုပ်တို့မှာ တစ်နေ့လုံး အချိန်ကုန် ခဲ့၏။ နောက်ဆုံး၌ ပြီးစီး၍

ကျွန်ုပ်တို့သည် ခြသေ့်ရေကြီးကို နေပူ လှန်းထားရာ နောင်အခါတွင် ကျွန်ုပ်အိပ်စက်ရန်အတွက် အသုံးချရ လေသည်။

ဤတစ်ကြိမ်ရပ်နားပြီးနောက် ကျွန်ုပ်သည် တောင်စူးစူးသို့ ၁၀ ရက်၊ ၁၂ ရက်ခန့် ဆက်လက်လွှင့်ခဲ့ကြရာ အစားအသောက်များ ကို ခြိုးခြံစားသောက်ရတော့၏။ ကမ်းပေါ်သို့လည်းသောက်ရေအလိုရှိသောအခါမှတစ်ပါး သွားရောက်ခြင်း မပြုချေ။ ကျွန်ုပ်တို့သွားလျက် ရှိသော ကမ်းခြေကုန်းမြေပြင်တွင် အချို့နေရာများ၌ တစ်ခါတစ်ရံ လူများကိုတွေ့မြင်ရ၏။ ၎င်းတို့မှာ အသားမည်းနက်သူများဖြစ်ပြီးလျှင် သူတို့၏လက်တွင် လက်နက်ဟူ၍ တစ်စုံတစ်ရာ မတွေ့မြင်ရချေ။ လူတစ်ယောက်၏ လက်၌မူ တုတ်ကဲ့သို့ ရှည်လျားသော အရာတစ်ခုကို တွေ့မြင်ရလေရာ ဇူရီပြောပြသောအခါမှ ၎င်းမှာ လှံတံဖြစ်ကြောင်း အတော်ဝေးသောအရပ်သို့ပင် ချိန်ဆထိုးပစ်နိုင်ကြောင်း ကျွန်ုပ် သိရ တော့၏။ သို့နှင့် ကျွန်ုပ်သည် လူရိုင်းများနှင့် ခြေဟန်လက်ဟန်ပြကာ စကားပြောဆို၏။ လှေကိုမူ ခပ်ဝေးဝေးမှ လွှင့်ရလေသည်။ တစ်ကြိမ် တွင် ကျွန်ုပ်က အစားအစာစားသောက်လိုကြောင်း လက်ဟန်ခြေဟန် ဖြင့် ပြလေရာ လှေကို ကမ်းခြေသို့ဆိုက်ကပ်ရန် သူတို့ကလည်း ပြန် ၍ ခြေဟန်လက်ဟန်ပြ၏။ သို့နှင့် ကျွန်ုပ်သည် ရွက်ကိုချပြီးနောက် လှေကို ကမ်းခြေသို့ ဆိုက်ပေးလိုက်ရာ သူတို့အထဲမှ လူရိုင်းနှစ်ယောက် ကုန်းပေါ်သို့ တက်ပြေးသွားသည်ကို မြင်လိုက်ရ၏။ မကြာမီ သူတို့ နှစ်ယောက် ပြန်လာပြီးလျှင် အသားခြောက်နှစ်



http://www.cherrythitsar.org

တုံးနှင့် မုယောစပါး အနည်းငယ် ယူလာလေသည်။ သို့သော် သူတို့ယူလာသော ပစ္စည်း များကို မည်ကဲ့သို့ ကျွန်ုပ်တို့က ယူရမည်ကို တွေး၍မရသကဲ့သို့ ရှိ နေလေသည်။ ကုန်းပေါ်သို့လည်း ကျွန်ုပ်မတက်လိုချေ။ နောက်ဆုံး၌ သူတို့ကပင် နှစ်ဖက်စလုံးအတွက် ပြဿနာကို ပြေလည်အောင် ဖြေ ရှင်းတော့၏။ သူတို့ယူဆောင်လာသော အစားအစာများကို ကမ်းစပ် အနီး၌ ချထားခဲ့ပြီးလျှင် အတော်ဝေး၍ စိတ်ချရလောက်သော အရပ် သို့ ပြန်၍ဆုတ်ပေးပြီးနောက် ကျွန်ုပ်တို့ ယူပြီးသောအခါမှသူတို့သည်ကျွန်ုပ်တို့အနီးသို့ ပြန်၍ချဉ်းကပ်လာကြလေသည်။

ကျွန်ုပ်က သောက်ရေမရှိကြောင်း သူတို့သိစေရန် ရေကရား များကို မှောက်၍ပြပြီးလျှင် ရေအလိုရှိကြောင်း ခြေဟန်လက်ဟန်ပြ ပြန်၏။ ထိုအခါမှ သူတို့အထဲမှ မိန်းမနှစ်ယောက်ကို ပြောလိုက်ရာ ၎င်းတို့သည် နေတွင်ဖုတ်၍ ကျက်ဟန်တူသော မြေအိုးကြီးတစ်လုံးကို ယူလာခဲ့ပြန်လေသည်။ ထိုအိုးကြီးကို ယခင်ကကဲ့သို့ပင် ချထားပြန်၏။ ထိုအခါမှ ကျွန်ုပ်လည်း ဇူရီကို ကုန်းပေါ်သို့တက်၍ ရေကရားသုံးလုံး ကို အထည့်ခိုင်းရလေသည်။

ထိုအခါ ကျွန်ုပ်တို့မှာ သစ်ဥသစ်ဖုများ မုယောဆန် များ သောက်ရေများဖြင့် လုံလောက်စွာ ရှိနေလေပြီ။ ဤသို့ဖြင့် ကျွန်ုပ်တို့ သည် ကပ္ပလီလူမည်းမိတ်ဆွေများနှင့် ခွဲခွာခဲ့ပြီးလျှင် ၁၁ ရက်တိုင် တိုင် ကမ်းခြေသို့ မကပ်ဘဲ လှေကလေးကို ဆက် လက်လွှင့်လေရာ၊ နောက်ဆုံးတွင် ကျွန်ုပ်တို့ရှေ့ ၁၀ မိုင် ၁၅



http://www.cherrythitsar.org

မိုင်ခန့်အကွာ၌ ပင်လယ် ထဲသို့ ရှည်လျားစွာ ထိုးထွက်လျက်ရှိနေသော နေရာတစ်ခုကို မြင်ရ လေသည်။

ထို့နောက် ကျွန်ုပ်ထင်သည့်အတိုင်းလည်း မှန်သည်ဟု ယူဆမိတော့၏။ ထိုနေရာသည်ကား 'ဒီဗာဒီကျွန်းစု' (Cape de Verde Islands) ဖြစ်ဟန် တူလေသည်။

ပြဿနာမှာ ရှုပ်ထွေးပြီးလျှင် ရတ်တရက် တွေးတောကြံဆ၍ မရသည်နှင့် ကျွန်ုပ်သည် အခန်းတွင်းသို့ ဝင်ပြီးလျှင် ခေတ္တမျှ လဲလျောင်းလျက်ရှိရာ အပြင်ဘက်မှ "သခင် သခင် သင်္ဘောကြီးတစ်စင်း ရွက်ကုန်ဖွင့်ပြီးခုတ်လာတယ်"ဟု ဇူရီ၏အသံကို ကြားလိုက်ရလေတော့သတည်း။

ကျွန်ုပ်သည် သင်္ဘောခန်းကလေးအတွင်းမှ ခုန်ထွက်လာခဲ့ရာ သင်္ဘောကို မြင်ရုံသာမက၊ ထိုသင်္ဘောမှာ ပေါ်တူဂီသင်္ဘောတစ်စင်း ဖြစ်ကြောင်း သိရှိရလေသည်။ သို့နှင့် ကျွန်ုပ်သည် ထိုသင်္ဘောမှ လူများနှင့် စကားပြောရန် လှေကို ပင်လယ်ဘက်သို့ ရွက်ကုန်ဖွင့်လေတော့၏။

သို့ပင် ရွက်ကုန်ဖွင့်ငြားသော်လည်း လျင်မြန်စွာခုတ်နှင်လျက်ရှိသော သင်္ဘောကို ကျွန်ုပ် မီကောင်းမှ မီပေမည်။ ကျွန်ုပ်တို့ လှေမရောက်မီ သင်္ဘောသည် လမ်းလွဲ၍ သွားကောင်းသွားပေမည်။ သို့ဖြင့် ကျွန်ုပ်ပြသော အထိမ်းအမှတ်ကိုလည်း သင်္ဘောက မြင်ကောင်း မှမြင်ပေမည်။ ဤကဲ့သို့ လှေကို ရွက်ကုန်ဖွင့်လျက်ရှိရာမှ ထိုအကြောင်း များကို စဉ်းစားမိသောအခါ ကျွန်ုပ်သည် စိတ်ပျက်စပြုလာတော့၏။ သို့သော် နောက်ဆုံး

၌ကံအားလျော်စွာ သူတို့၏ မှန်ပြောင်းများဖြင့် ကြည့်သောကြောင့် ကျွန်ုပ်အား မြင်သွားဟန်တူလေသည်။ကျွန်ုပ်အား သင်္ဘောပျက်တစ်ခုမှ ကျန်ရစ်သည့် လှေငယ်တစ်စီးဖြစ်ကြောင်းဖြင့် သူတို့ယူဆဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ရွက်များ လျှော့ချကာ ကျွန်ုပ်တို့ရှိရာသို့ ချဉ်းကပ်လာသည်ကို မြင်ရသောကြောင့် ပေတည်း။

ထိုအခါ ကျွန်ုပ်သည် များစွာအားတက်လျက် လှေကုန်းပတ်ပေါ်တွင် ကျွန်ုပ်သခင်ပြုလုပ်လေ့ရှိသည့်အတိုင်း အဝတ်တစ်ခုကို အလံလွှင့်ထူပြီးလျှင် ဘေးအန္တရာယ်ရောက်နေသည့် အထိမ်းအမှတ်အဖြစ်ဖြင့် သေနတ်ကိုလည်း ပစ်ဖောက်လေသည်။ နောင် ကျွန်ုပ်သိရှိရသည်မှာ သူတို့သည် ခရီးအလွန်ဝေး၍ ရှိနေသဖြင့် သေနတ်သံကိုပင် မကြားသော်လည်း မီးခိုးကို မြင်ရကြောင်းဖြင့် ပြောကြားလေသည်။ ယင်းသို့ အထိမ်းအမှတ်များပြပြီးနောက် ၃ နာရီမျှ ကြာသောအခါ၊ ကျွန်ုပ်သည် သူတို့၏ သင်္ဘောပေါ်သို့ ရောက်ရှိသွားလေတော့၏။

သူတို့က စပိန်ဘာသာ ပေါ်တူဂီဘာသာ ပြင်သစ်ဘာသာ စကားများဖြင့် ကျွန်ုပ်အား မေးမြန်းရာ ကျွန်ုပ်မှာ မည်သည့်ဘာသာ စကားကိုမျှ နားမလည်ချေ။ သို့သော် သင်္ဘောပေါ်၌ပါသည့် စကော့ လူမျိုး သင်္ဘောသားတစ်ယောက်နှင့် တွေ့သဖြင့် အင်္ဂလိပ်ဘာသာဖြင့် မေးသောအခါမှ ကျွန်ုပ်မှာ အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်ကြောင်း ဆယ်လီမြို့ရှိ မူအာလူမျိုးများ

လက်တွင်း ကျွန်အဖြစ်နေခဲ့ရာမှ လွတ် မြောက်လာကြောင်း ပြောပြလေသည်။ ထို့နောက် သူတို့သည် ကျွန်ပ် အား သင်္ဘောပေါ်သို့တက်ရန် ခေါ်ပြီးလျှင် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ ပစ္စည်းများကိုပါ သင်္ဘောပေါ်တင်ကြလေသည်။

သို့နှင့် ကျွန်ုပ်မှာ တစ်စုံတစ်ရာ မျှော်လင့်ချက်မရှိသော အခြေ အနေမှ ယခုကဲ့သို့ ကယ်ဆယ်ခြင်းခံရသဖြင့် အတိုင်းမသိ ဝမ်းမြောက် မိတော့၏။ ထို့နောက် ကျွန်ုပ်လည်း သင်္ဘော၏ ကပ္ပတိန်အား ကျွန်ုပ် ကို ကယ်ဆယ်ရသည့်ကျေးဇူးကို ပြန်၍ ဆပ်သည့်အနေဖြင့် ကျွန်ုပ်၏ ပစ္စည်းများကို ပေးလေသည်။ သို့သော် သူသည် ယင်းပစ္စည်းများကို တစ်စုံတစ်ရာမယူ ဘဲ 'ဘရာဇီး' မြို့သို့ ရောက်သောအခါ ကျွန်ုပ်သို့ ပြန်၍ပေးမည့် အကြောင်း ပြောလေသည်။ သင်္ဘောသားများကိုလည်း ကျွန်ုပ်၏ ပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်မျှ ကိုင်တွယ်ခြင်း နှောင့်ယှက် ခြင်းမပြုရန် သူက သတိပေးထား၏။ ထို့နောက် ပစ္စည်းများကို သူကိုယ်တိုင် စာရင်း ပြုလုပ်၍ သိမ်းဆည်းထားရာ မည်မျှလောက် သေချာသနည်းဆိုမူ ကျွန်ုပ်၏ မြေအိုး (၃) အိုးပင် စာရင်းထဲ၌ ဖော်ပြပါ ရှိလေသည်။

ဘရာဇီးမြို့သို့ သွားရသော ကျွန်ုပ်တို့ခရီးမှာ လွန်စွာပင် သာ ယာဖြောင့်ဖြူး၍ 'တိုဒိုဆင်တို' သို့မဟုတ် ပင်လယ်အော်သို့ ရက်ပေါင်း ၂၂ ရက်ခန့်အကြာတွင် ကောင်းမွန်ချောမောစွာ ရောက်ရှိကြလေသည်။ ကျွန်ုပ်ကား အလွန်စက်ဆုပ်ဖွယ်ကောင်းသော ကျွန်အဖြစ်မှ လွတ်မြောက်ပေပြီ၊ သို့သော် ရှေ့



http://www.cherrythitsar.org

အဖို့ ကျွန်ုပ်၏ဘဝကို မည်ကဲ့သို့ စခန်း သွားရမည် မသိရသေး ချေ။

ကပ္ပတိန်ကြီးသည် ကျွန်ုပ်အပေါ်တွင် အလွန်ကောင်း ရှာ၍ ကျွန်ုပ်သယ်ဆောင်လာခဲ့သော ကုန်ပစ္စည်းများအတွက် ရွှေဒင်္ဂါးအငယ် ၂၂၀ ခန့်ရောင်းချ၍ ရရှိခဲ့၏။ သို့နှင့် ဤရွှေ ထုပ်ငယ်ကို ခါးထဲ၌ ပိုက် ပြီးလျှင် ဘရာဇီးမြို့ သဘော်သဆိပ်ကမ်း သို့ တက်ရောက်နိုင်ခဲ့လေသည်။

သူနှင့်အတူ ကျွန်ုပ် တာရှည်မနေခဲ့ချေ။ ကပ္ပတိန်ကြီး သည် သူကဲ့သို့ စိတ်သဘောထားကောင်း၍ ဖြောင့်မတ်သော ခြံပိုင်ရှင်ကြီး တစ်ဦးနှင့် ကျွန်ုပ်အား မိတ်ဆက်ပေး၏။ ခြံပိုင် ရှင်ကြီးမှာ ကျယ်ဝန်း သော ခြံမြေတစ်ခုနှင့် သကြားချက်သော သကြားဖိုတစ်ခုရှိလေသည်။ သို့နှင့် ကျွန်ုပ်သည် သူနှင့်အတူ နေထိုင်ပြီးလျှင်ကြံပင်များစိုက်ပျိုးခြင်းနှင့် သကြားချက်လုပ် သည့်အတတ်ကို သင်ကြားနိုင်ခွင့်ရခဲ့လေ သည်။ ထို့နောက် ကျွန်ုပ်၏ငွေနှင့်ကာမိအောင် မြေရိုင်းတစ်ကွက် ဝယ်ပြီးလျှင် ကျွန်ုပ်နေထိုင်ရန်နှင့် ကြံပင်များစိုက်ပျိုးရန် အစီအစဉ် ပြုလုပ် လေ၏။ ကြံမျိုးများကိုမူ အင်္ဂလန်ပြည်မှ မှာယူမည်ဟု ကျွန်ုပ် စိတ်ကူးထည့်ထား၏။

ကျွန်ုပ်မြေနှင့် ကပ်လျက်ရှိသော မြေမှာ 'လစ္စဗွန်း' မြို့ မှပေါ်တူဂီအမျိုးသားကြီးတစ်ယောက်၏ မြေယာဖြစ်၏။ သူ သည် အင်္ဂလိပ်လူမျိုး မိဘများမှ ပေါက်ဖွားပြီးလျှင် သူ၏ အမည်မှာ 'မစ္စတာဝဲလ်' ဖြစ်လေသည်။ သူ၏အခြေအနေမှာ

ကျွန်ုပ်ကဲ့သို့ပင်ရှိနေ၍ သူ့အား ကျွန်ုပ်က အိမ်နီးပါချင်းဟု ခေါ်ရခြင်းမှာ သူပိုင်သောခြံမြေသည် ကျွန်ုပ် ဝယ်ယူထားသောမြေနှင့် ခြံစည်းရိုးခြင်း ကပ်နေသောကြောင့် ဖြစ်လေ သည်။

ကျွန်ုပ်၏ မိတ်ဆွေ ကပ္ပတိန်ကြီး နောက်တစ်ကြိမ် ပင်လယ်သို့ မထွက်မီပင် ကျွန်ုပ်မှာ မိမိဝယ်ခြမ်းထားသော မြေပေါ်တွင် အတော်အတန် နေသားကျလျက် ရှိနေလေပြီ။ သူ၏သင်္ဘောမှာလည်း ကုန်တင်ကုန်ချပြုလုပ်နေသောကြောင့် ဆိပ်ကမ်းတွင် သုံးလခန့်မျှ ကြာရှိခဲ့ခြင်းဖြစ်၏။

လန်ဒန်မြို့တွင် ကျွန်ုပ်အပ်ထားခဲ့သော ငွေအနည်းငယ်ကို သူ့အား ယူခဲ့ရန် မှာထားလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ သူက အောက်ပါအတိုင်း ကျွန်ုပ်အား အကြံဉာဏ်ပေးလေသည်။

သူက ကျွန်ုပ်အား "ဒီမှာမိတ်ဆွေ အင်္ဂလိပ်ကြီးရဲ့။ လန်ဒန်က ခင်ဗျားငွေကို သိမ်းထားတဲ့လူဆီကို ခင်ဗျားလက်မှတ်နဲ့ စာရေးပြီးပေးလိုက်ရင် ဒီ ငွေကို ကျုပ်ကထုတ်ပြီး ကျုပ်တို့နေရာနဲ့ သင့်လျော်တဲ့ ကုန်ပစ္စည်း တွေကို ကျုပ်အပြန်သင်္ဘောနဲ့ တင်လာနိုင်တယ်။ အနည်းဆုံး ခင်ဗျား မှာ ပေါင် ၂၀၀ ရှိတဲ့အနက်၊ ပေါင် ၁၀၀ ကို ကုန်ပစ္စည်းအဖြစ်နဲ့ အရင်းလုပ်ပြီး စွန့်စွန့်စားစား ယူခဲ့ဖို့ ကောင်းတယ်။ အဲဒီကုန်ပစ္စည်းတွေ ချောချောမောမော ရောက်လာတဲ့အခါကျတော့ နောက်ထပ်ပေါင် ၁၀၀ အတွက် ခင်ဗျားမှာတာပေါ့။ တကယ်လို့ ပထမ ပစ္စည်းတွေ ဆုံး ပါးသွားတောင်မှ အနည်းဆုံး ငွေတစ်ဝက်တော့ ခင်ဗျားမှာ ကျန်ပါသေးတယ်"ဟု အကြံပေးလေသည်။



http://www.cherrythitsar.org

ဤအကြံမှာ အလွန်ကောင်းမြတ်သည့် အကြံဖြစ်သည့်ပြင် ကပ္ပတိန်ကြီးမှာလည်း ခင်မင်ရင်းနှီးစွာ ပြောခြင်းဖြစ်သဖြင့် ဤနည်း သည်ပင် အကောင်းဆုံးနည်းဖြစ်သည်ဟု ကျွန်ုပ်ယူဆမိတော့၏။ သို့ နှင့် ကျွန်ုပ်သည် လန်ဒန်မြို့တွင် ငွေများအပ်ထားခဲ့သည့် မိန်းမကြီး ထံ စာများရေးသားပြီးလျှင် ပေါ်တူဂီလူမျိုး ကပ္ပတိန်ကြီးကိုလည်း သူ အလိုရှိသည့်အတိုင်း ကုန်များ ဝယ်ခြမ်းပေးရန် ထည့်သွင်းရေးသား လိုက်လေသည်။

ကုန်များရောက်ရှိလာသောအခါ ကျွန်ုပ်မှာ ငွေကြေး အတော် ပင် ချမ်းသာလာပြီးလျှင် အတော်ပင် ဝမ်းမြောက်မိတော့၏။ ထို့ပြင် သူ့အတွက် ရရှိခဲ့သော ၆ နှစ်စာချုပ်ဖြင့် ငှားယူရရှိသည့် အစေခံတစ် ယောက်ကိုလည်း ကျွန်ုပ်မိတ်ဆွေက သူ့အား ဝယ်ယူ၍ ကျွန်ုပ်အတွက် ပေးလိုက်ရာ သူသည် ငွေကို မယူဘဲ ကျွန်ုပ်ခြံထွက်ဆေးတံသောက် ဆေးအနည်းငယ်ကိုသာ လက်ခံလေသည်။

ဤမျှသာမကသေးချေ။ ကျွန်ုပ်၏ ကုန်ပစ္စည်းဖြစ် သော အဝတ်အထည်များ၊ စားသောက်ဖွယ်ကုန်ပစ္စည်းများ စသည်တို့မှာ အင်္ဂလိပ်လုပ်ဖြစ်သဖြင့် ဤနိုင်ငံ၌ အလွန်အသုံး ဝင် အဖိုးထိုက်သည့် အတိုင်း ယင်းတို့ကိုရောင်းချရာ၌ ကျွန်ုပ် မှာ အတော်ပင် ကျေးဇူးရှိလေ သည်။ သို့နှင့် ကျွန်ုပ်မှာ ပထမ ရောက်ရှိသော ကုန်မှာပင် ငွေအရင်း ၏ ၄ ဆခန့် အမြတ်ရရှိရ ကား ကျွန်ုပ်၏ အိမ်နီးပါချင်းထက်ပင် ကျွန်ုပ် မှာ ခရီးရောက် လျက်ရှိလေပြီ။ ထို့နောက် ကျွန်ုပ်၏ ခြံမြေအလုပ်အကိုင် ကိုတိုး



http://www.cherrythitsar.org

တက်ချဲ့ထွင်ရန် ကျွန်ုပ်သည် ကပ္ပလီလူမျိုးကျွန်တစ်ယောက်နှင့် ဥရောပတိုက်သား အစေခံတစ်ယောက်ကိုပင် ငှားရမ်းရတော့၏။

သို့သော် ဖွံ့ဖြိုးချမ်းသာခြင်းတို့မည်သည် နောင်လာမည့် ဆင်းရဲခြင်းများအတွက် ရှေ့ဆောင်လမ်းပြများ ဖြစ်လေသလောမပြောတတ်ပေ။ ကျွန်ုပ်အတွက်မှာမူ ဤသို့ပင် ဖြစ်တော့သည်။ နောက်နှစ် ၌ ကျွန်ုပ်၏ခြံမှ သီးနှံများမှာ အလွန်ပင် ဖွံ့ဖြိုးသန်စွမ်းလေသည်။

ကျွန်ုပ်၏ ဆေးခင်းမှ ဆေးအလိပ်ထုပ်ကြီး ၅၀ ခန့် ရရှိ၍ ၎င်းတို့မှာ ကျွန်ုပ်၏ အိမ်နီးပါးချင်းများ လိုအပ်သဖြင့် ရောင်းချသော ဆေးများထက်ပင် များသေး၏။ ဤဆေးအထုပ်ကြီး ၅၀ မှာ တစ်လိပ် လျှင် အလေးချိန် ဟန္ဒြက်ဝိတ် တစ်ရာကျော်ခန့်ရှိ၍ ယင်းတို့ကို ကောင်း စွာပြုပြင်ပြီးလျှင် လစ္စဗုန်းမြို့မှ သင်္ဘောအပြန်ကို စောင့်ဆိုင်းလျက်ရှိ လေသည်။

ကျွန်ုပ်မှာ အလုပ်အကိုင် ဖွံ့ဖြိုးလာသည်နှင့်အမျှ ပစ္စည်းဥစ္စာ ကလည်း တိုးတက်လာသဖြင့် ကျွန်ုပ်၏ ဦးခေါင်းထဲတွင် ကျွန်ုပ် လက် လှမ်းမမီနိုင်လောက်သော စီမံကိန်းများကိုပင် ထုတ်လျက်ရှိနေလေပြီ။ ဤသည်တို့ကား အလုပ်အကိုင်ကြီး လုပ်ကိုင်နေသူတို့၏ ပျက်စီးရာ ပျက်စီးကြောင်း နည်းလမ်းများတွင် တစ်ခုအပါအဝင်ဖြစ်တော့၏။

ထို့နောက် ကျွန်ုပ်ဘဝတွင် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်အစိတ်အပိုင်းတစ်ခုကို စ၍ ပြောကြားရပေတော့မည်။

ကျွန်ုပ်မှာ ဘရာဇီးမြို့တွင် ၄ နှစ်ကျော်မျှ ကြာခဲ့ပြီဖြစ်၍ လုပ်ငန်းဆောင်တာများ နေသားတကျ ရှိနေပြီးလျှင် ပစ္စည်းဥစ္စာနှင့်လည်း အတော်အတန် ပြည့် စုံလျက် ရှိနေခဲ့လေပြီ။ ထိုအခါ ကျွန်ုပ်နှင့် ဘဝတူ ခြံသမားများနှင့် တကွ 'စိန့်ဆလာဗာဒို' မြို့မှ ကုန်သည်များ ပြောဆိုသော ဘာသာ စကားများကိုပါ လေ့လာတတ်ကျွမ်းရုံမျှမက သူတို့၏ အပြုအမူ အနေ အထိုင်များကိုပါ ကောင်းစွာ သိရှိလာတော့၏။ ကျွန်ုပ်က သူတို့အား 'ဂီနီ' ကျွန်းကမ်းခြေတစ်လျှောက် ကျွန်ုပ် နှစ်ကြိမ်မျှ သွားရောက်ခဲ့ သည့် ခရီးစဉ်ကိုလည်းကောင်း ထိုနေရာတွင်ရှိနေသော ကပ္ပလီလူမျိုး များ၏ အနေအထိုင် အပြုအမူများကိုလည်းကောင်း၊ ယင်း ကမ်းရိုး တန်းရှိ နေရာများတွင် ပုတီးစေ့များ၊ ကလေးကစားစရာများ၊ ဓား၊ ကတ်ကြေးနှင့် ပုဆိန်ကလေးများ မှန်အစအနများ ပေးရုံမျှဖြင့် ရွှေမှုန့် များ၊ ဆင်စွယ်များနှင့် အခြားအဖိုးတန်ပစ္စည်းများကို လဲလှယ်ရရှိနိုင်ကြောင်း၊ ထိုကပ္ပလီလူမျိုးကို ဘရာဇီးသို့ အမြောက်အမြား ယူဆောင်ခိုင်းစေလိုက ရရှိနိုင်ကြောင်းဖြင့် ပြောကြားလေသည်။

ထိုအခါက ကျွန်ုပ်သည် အထက်ပါစကားများကို ကုန်သည်များနှင့် ခြံသမားများရှေ့တွင် ပြောကြားခြင်းဖြစ်သဖြင့် နောက်တစ် နေ့နံနက်၌ သူတို့အထဲမှ ကျွန်ုပ်ထံသို့ လူ ၃ ယောက် ရောက်ရှိလာ ပြီးလျှင် ယမန်ညက ကျွန်ုပ်ပြောပြသည်များကို များစွာ စိတ်ဝင်စား သဖြင့် ကျွန်ုပ်နှင့် အရေးကြီးသော အကြောင်းတစ်ခုကို လျှို့ဝှက်စွာ တိုင်ပင်လိုကြောင်း ပြောကြား

လေသည်။

ထို့နောက် ကျွန်ုပ်အား နှုတ်လုံရန် စကားပလ္လင်ခံပြီးလျှင် ဂီနီကျွန်းသို့ သွားရောက်ရန် သူတို့သည် ရွက်သင်္ဘောတစ်စင်းကို ဝယ်ယူတပ်ဆင်မည်ဖြစ်ကြောင်း သူတို့မှာ ကျွန်ုပ်ကဲ့သို့ ခြံပိုင်ရှင်များ ဖြစ်ကြသည့်အတိုင်း အခြားပစ္စည်းကိုပင် မရစေကာမူ ခိုင်းစေရန် အစေခံများအဖြစ် ကပ္ပလီလူမျိုးများကိုရရန် ရည်ရွယ်ကြောင်းဖြင့် ပြောကြားလေသည်။

ဤသို့ဖြင့် ကျွန်ုပ်မှာ နေသားတကျရှိနေပြီဖြစ်ရကား နောက်သို့မဆုတ်နိုင်ဘဲ ရှေ့သို့တိုးရန်သာ ရှိတော့၏။ အင်္ဂလန်တွင် ကျွန်ုပ်အပ်ထားခဲ့သော ပေါင်တစ်ရာကို နောက်ထပ် အနည်းငယ်ဖြည့်စွက်၍ ဝယ်ယူတင်ပို့ရောင်းချက ပေါင်သုံးထောင် လေးထောင်ခန့်ပင် ရရှိမည်ဖြစ်ရကား အကယ်၍ ခရီးထွက်လျှင် ယခုအခါက်မှာ ကျွန်ုပ်အနေနှင့် အမြတ်ကြေးငွေ အများဆုံးရရှိနိုင်မည့် အခါက်ပင် ဖြစ်ပေတော့မည်ဟု စဉ်းစားမိ၏။

သို့သော် ကျွန်ုပ်မှာ မိမိ၏ ပျက်စီးရာ ပျက်စီးကြောင်းကို မိမိပင် ဖန်တီးသူတစ်ယောက်အနေနှင့် မွေးဖွားလာခဲ့သူဖြစ်လေရော့ သလား မသိ။ ကျွန်ုပ်၏ ဖခင်ကြီး သွန်သင်ဆုံးမသည်ကိုပင် ပထမ ၌ မနာယူခဲ့ဘဲ စိတ်လေစိတ်လွင့်များ ဝင်၍ လာသကဲ့သို့ပင် ထိုသူများ ၏ သွေးဆောင်ခေါ်ငင်မှုကို ကျွန်ုပ် မငြင်းနိုင်အောင် ရှိတော့၏။ သို့ နှင့် ကျွန်ုပ်က အကယ်၍ ကျွန်ုပ် မရှိခိုက် ကျွန်ုပ်၏ ခြံမြေများကို ကောင်း စွာ ကြည့်ရှုထိန်းသိမ်းရန်နှင့် အကယ်၍ ကျွန်ုပ်မအောင်မြင်ခဲ့သော် ကျွန်ုပ်ညွှန်ကြား



http://www.cherrythitsar.org

ချက်အတိုင်း ပြုလုပ်မည်ဟု ကတိပေး တာဝန်ယူမည် ဆိုက သူတို့နှင့်အတူ စိတ်ရောကိုယ်ပါ လိုက်ပါတော့မည်ဟု ကတိပြု လိုက်လေသည်။

အထက်ပါအချက်များကို သူတို့၏ တာဝန်ယူကြပြီးနောက် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိစေရန် စာချုပ်စာတမ်း များပင် ရေးသားချုပ်ဆိုကြ၏။ ကျွန်ုပ်ကလည်း အကယ်၍ ကျွန်ုပ် သေဆုံးခဲ့သော် ကျွန်ုပ်၏ ခြံမြေနှင့်တကွ ကျွန်ုပ်ပိုင်ပစ္စည်းများကို ကျွန်ုပ်၏အသက်ကို ကယ်ဆယ်ခဲ့သူ သင်္ဘောကပ္ပတိန်ကြီးက ထက် ဝက်ယူ၍ ကျန်တစ်ဝက်ကို အင်္ဂလန်သို့ ပို့ပေးရန် သေတမ်းစာတစ်ခု ကိုပင် ရေးဆွဲလေသည်။ အချုပ်အားဖြင့်ဆိုသော် ကျွန်ုပ်ခြံမြေနှင့်တကွ ကျွန်ုပ်ပိုင်ပစ္စည်းများကို တတ်နိုင်သမျှ ကာကွယ်ထားခဲ့ခြင်းပင် ဖြစ် လေသည်။

သို့သော် ကျွန်ုပ်သည် အကျိုးအကြောင်း ဆင်ခြင်တုံ တရားထက် စိတ်ကူးယဉ်မှုများကို ပို၍ လိုက်လျောမိသကဲ့သို့ အလျင်စလို ပြုလုပ်မိခြင်းသာ ဖြစ်လေသည်။ ဤသို့ဖြင့် ကျွန်ုပ်၏ ပါတနာများ နှင့်အတူ ကျွန်ုပ်လိုအပ်သော ကုန်ပစ္စည်း များကို တင်ဆောင်ခြင်း ပြင် ဆင်ခြင်းများကို ပြုလုပ်ပြီးသော် လွန်ခဲ့သော ၈ နှစ်ခန့်က ကျွန်ုပ်၏ ဖခင်ကြီးနှင့် မိခင်တို့အား စွန့်ပစ်လာခဲ့သော ထိုကံဆိုးသည့်နေ့၌ပင် ထိုပင်လယ်ခရီးကို ထွက်ခဲ့ရလေသည်။

ကျွန်ုပ်တို့၏ သင်္ဘောမှာ ဝန်တင်ပြီး တန်တစ်ရာ့နှစ်ဆယ် လေး၍ အမြောက် ၆ လက် ပါရှိ၏။ သင်္ဘောကပ္ပတိန်၊ ၎င်း၏ အခိုင်း အစေနှင့် ကျွန်ုပ်အပြင် သင်္ဘောသား ၁၄ ယောက် ပါရှိလေသည်။ သင်္ဘောပေါ်တွင် ပါရှိသော ကုန်ပစ္စည်းများမှာ ကပ္ပလီလူမျိုးများ ကြိုက်နှစ်သက်တတ်သည့် ပုတီးစေ့များ၊ မှန်ကွဲများ၊ ခရုနှင့် ဂုံးခွံများ၊ ကြည့်ရန်မှန်ကလေးများ၊ ဓားများ၊ ကတ်ကြေး၊ ပုဆိန် စသော လက် သမားသုံး အတိုအထွာပစ္စည်းကလေးများမှစ၍ အမျိုးစုံပါရှိ၏။ သို့ နှင့် ကျွန်ုပ်တို့သည် သင်္ဘောရွက်လွှင့်ခဲ့ရာ၊ နောက်ဆုံးနေရာ အမှတ် အသားအားဖြင့် မြောက်ဘက် လတ္တီတွဒ် ၇ ဒီဂရီ ၂၂ မိနစ်သို့ ရောက် ရှိချိန်တွင် ပြင်းထန်သော မုန်တိုင်းတစ်ခုသည် အမှတ်မထင် ဝင်ရောက် တိုက်ခိုက်လာလေတော့သည်။

၎င်းသည် အရှေ့တောင်အရပ်မှ အနောက်မြောက်သို့ ပြင်း ထန်သောအဟုန်ဖြင့် တစ်သမတ်တည်း တိုက်ခိုက်၍လာရာ ကျွန်ုပ် တို့၏ သင်္ဘောမှာ တက်မကိုသာ ငြိမ်နိုင်သမျှ ငြိမ်အောင်ကိုင်လျက် မုန်တိုင်းတိုက်ခိုက်ရာအရပ်သို့ လွင့်ပါရတော့၏။ ၁၂ ရက်လုံးလုံး လေမုန်တိုင်းသယ်ဆောင်ရာသို့ သင်္ဘောသည် လွင့်ပါလျက်ရှိရာ တစ် နေ့နေ့တွင် လှိုင်းလုံးများသည် ကျွန်ုပ်တို့၏သင်္ဘောကို မုချ ဝါးမြို၍ သွားပြီးလျှင် ကျွန်ုပ်တို့အားလုံး အသက်ဆုံးရှုံးရပေတော့မည်ဟု တွေး မိ၏။

သို့နှင့် ၁၂ ရက်မြောက်သောနေ့တွင် ရာသီဥတုသည် အတော် အတန် ငြိမ်သက်လာသဖြင့် သင်္ဘောကပ္ပတိန်သည်



http://www.cherrythitsar.org

သင်္ဘောရောက် သောနေရာကို တတ်နိုင်သမျှ မှန်ကန်စွာ ခန့်မှန်းကြည့်ရှုလျက်ရှိလေ ရာ၊ ကျွန်ုပ်တို့၏သင်္ဘောသည် မြောက်လတ္တီတွဒ် (၁၁) ဒီဂရီတွင် ရောက်ရှိနေကြောင်း တွေ့ရသော်လည်း 'စိန့်အော်ဂတ်စတီနို' အငူ၏ အနောက်ဘက် လောင်ဂျီတွဒ်အားဖြင့် ၂၂ ဒီဂရီ ကွာခြားနေသည်ကို တွေ့ရ၏။ သို့နှင့် သူသည် ဘရာဇီးမြို့ ကမ်းခြေသို့ တိုက်ရိုက်ပြန်၍ သွားရန် စိတ်ကို ပိုင်းဖြတ်လေသည်။

ကျွန်ုပ်မှာမူ ၎င်းနှင့် ဆန့်ကျင်ဘက် ယူဆမိ၏။ သို့နှင့် အမေရိကတိုက် ပင်လယ်ကမ်းခြေမြေပုံကို သူနှင့်အတူ ကြည့်ရှုလျက်ရှိရာ 'ကာရီဗီ' ကျွန်းစု အဝန်းအဝိုင်းသို့ မရောက်မချင်း ကျွန်ုပ်တို့သည် လူနေသောနေရာကို မတွေ့နိုင်ကြောင်း သိရှိရလေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် 'ဗာဗာဒို' ကျွန်းစုမှ ဝေးနိုင်သမျှဝေးအောင် သင်္ဘောကို ရွက်လွှင့်ရန် ကြိုးစားပြီးလျှင် မက္ကဆီကို ပင်လယ်ကွေ့ကို ရှောင်ရှား၍ သွားမည်ဆိုက ၁၅ ရက်အတွင်းတွင် ကမ်းခြေသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းကြလေသည်။

ယင်းသို့ ဒုက္ခရောက်လျက်ရှိစဉ် လေမှာ အတော်ပြင်းစွာ တိုက်ခိုက်လျက်ရှိနေသေး၏။ သို့နှင့် တစ်နေ့သောနံနက်ခင်းတွင် သင်္ဘောသားတစ်ယောက်က "ကုန်းတွေ့ပြီ" ဟု အော်လိုက်သော အသံ ကို ကြားရသဖြင့် ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီး၏ မည်သည့်အရပ် ဒေသသို့ ရောက်လာသည်ကို သိရှိရန် သင်္ဘောအခန်းကလေးများထဲ မှ ကမန်းကတန်း ထွက်လာကြ

လေ၏။ ကျွန်ုပ်တို့၏သင်္ဘောကား သဲ ပြင်တစ်ခုပေါ်တွင် သောင်တင်လျက်ရှိနေချေပြီ။ သင်္ဘောမှာ တစ်ခါ တည်းရပ်သွား၍ လေ၏အဟုန်ဖြင့် နံဘေးပတ်လည်မှ ပြင်းထန်စွာ ရိုက်ခတ်လိုက်သော လှိုင်းလုံးများသည် ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်တို့ ၏ သင်္ဘောကိုပါ တစ်ခါတည်း ဝါးမြိုသွားတော့မည်ကဲ့သို့ ရှိလေ၏။

ယင်းကဲ့သို့ ဒုက္ခမျိုးကို ကိုယ်တိုင်မတွေ့ဖူးသူ မှန်သမျှ ၎င်း၏ အဖြစ်အပျက်ကို ရေးသားနိုင်ရန် ခဲယဉ်းလှတော့၏။ ကျွန်ုပ်တို့မှာ မည်သည့်နေရာဌာနသို့ ရောက်ရှိနေသည်ကိုမသိ။ ကျွန်ုပ်တို့ရောက်ရှိနေသော နေရာမှာလည်း ကျွန်းတစ်ကျွန်းပင် ဖြစ်လေသလော၊ လူနေအိမ်ခြေရှိသော နေရာ သို့မဟုတ် လူနေအိမ်ခြေမရှိသော ကန္တာရတစ်ခုပင် ဖြစ်လေသလော မသိနိုင်ချေ။

သင်္ဘောမှာ ဤကဲ့သို့ သောင်တင်လျက် လေကလည်း များ စွာ မငြိမ်မသက်သေးဘဲ ရှိနေရာ ကျွန်ုပ်တို့အခြေအနေမှာ များစွာ မသက်သာလှသေးဘဲ ကြောက်မက်ဖွယ်ကောင်းသေး ၏။ မုန်တိုင်းမကျ မီက ကျွန်ုပ်တို့ သင်္ဘောပဲ့ပိုင်းတွင် လှေတစ် စင်းရှိရာ ၎င်းလှေမှာ မုန် တိုင်းအရှိန်ဖြင့် တက်မကို ရိုက်ခတ် ကာ သင်္ဘောမှ ကျွတ်ထွက်သွားခဲ့ ၏။ သို့သော် ကျွန်ုပ်တို့ သင်္ဘော ကုန်းပတ်ပေါ်တွင် အခြားလှေကလေး တစ်စင်းရှိသေး သဖြင့် ၎င်းကိုပင် ချ၍ စီးရပေတော့မည်။ သို့သော် များစွာစိတ် မချရချေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏သင်္ဘောမှ မာလိန်မှူး



http://www.cherrythitsar.org

သည် အခြားသဘော်သားများအကူအညီဖြင့် ထိုလှေကလေးကိုပင် သဘော်၏နံဘေးသို့ တဖြည်းဖြည်း လျှောချလေသည်။

ထို့နောက် ကျွန်ုပ်တို့၏ အခြေအနေမှာ ဆိုးဝါးလာလေတော့၏။ အဘယ်ကြောင့်ဆိုသော် အရှိန်မသေသေးသော မုန်တိုင်း၏အရှိန်ဖြင့် ပင်လယ်ပြင်မှာ လှိုင်းလုံးကြီးများဖြင့် ထိုမှဤမှ တိုက်ခတ်လျက်ရှိနေရာ ကျွန်ုပ်တို့လှေကလေးသည် မည်သည့်နည်းနှင့် ယင်းအခက်အခဲများကို ကျော်လွှားနိုင်ပါအံ့နည်း။ ကျွန်ုပ်တို့အားလုံးပင် အတိုင်းမသိ နက်နဲလှစွာသော ပင်လယ်အတွင်း၌ နစ်မြုပ်ကြရတော့မည်ကား ရှောင်လွှဲ၍ရတော့မည် မဟုတ်ပေ။ ကျွန်ုပ်တို့တွင် ရွက်လည်းမရှိသဖြင့် လှော်တက်များကိုသာ အားပြုကြရတော့၏။ ဤသို့ဖြင့် ကျွန်ုပ်တို့မှာ သေလမ်းသို့ သွားနေကြသော လူများကဲ့သို့ စိတ်ဓာတ်များကျဆင်းလျက်ရှိကြ၏။ အဘယ်ကြောင့်ဆိုသော် လှေကလေးသည် ကမ်းခြေနှင့် နီးကပ်၍လာသည် ထားဘိဦး။ တစ်စုံတစ်ခုနှင့် ရိုက်ခတ်မိကအစိတ်စိတ်အမြွှာမြွှာကွဲ၍ သွားတော့မည်ကို သိသောကြောင့်ပေတည်း။

ကမ်းခြေမှာ ကျောက်ပင်ဖြစ်လေသလော။ ပျော့ပျောင်းသော သဲပြင်ပင် ဖြစ်လေသလော။ မတ်စောက်လေသလော။ ညီလာလေ သလော။ ကျွန်ုပ်တို့ မသိရချေ။ မျှော်လင့်ချက်အရိပ်အရောင်ကလေး တစ်ခုမှာ အကယ်၍ ကျွန်ုပ်တို့လှေသည် ပင်လယ်ကွေ့ကလေးတစ်ခု အတွင်းသို့ ဝင်သွားသည်ဖြစ်စေ မြစ်ဝတစ်ခုအတွင်းသို့ ဝင်သွားသည် ဖြစ်စေ လေကွယ်ရာအရပ်



http://www.cherrythitsar.org

သို့ ရောက်မည်ဖြစ်၍ ပင်လယ်ရေပြင်သည် လည်း ငြိမ်သက်၍ သွားပေတော့မည်။

ခရီးသုံးမိုင်ခွဲခန့်မျှ ရောက်လတ်သော် တောင်လုံးကလေးခန့် ကြီးမားသော လှိုင်းလုံးတစ်လုံးသည် လှေကလေး၏ ပဲ့ပိုင်းကို နောက်မှနေ၍ ကန့်လန့်ဖြတ် ရိုက်ခတ်လိုက်ရာ၊ ကျွန်ုပ်တို့မှာ ဘုရားသခင်ကိုမျှ တမ်းတရန် အချိန်မရမီ လှေကလေးကသည် ကျွမ်းထိုးမှောက်ခုံဖြစ်၍သွားပြီးနောက် ကျွန်ုပ်တို့အားလုံးလည်း လှိုင်းလုံးအောက်၌ တကွဲတပြားစီဖြစ်၍သွားလေတော့၏။

ရေအောက်သို့ မြုပ်သွားသောအခါ ကျွန်ုပ်၏စိတ်များမှာ မည်မျှလောက် ရှုပ်ထွေးသွားသည်ကို စာအားဖြင့် ဖော်မပြနိုင်လောက်အောင်ပင် ရှိတော့၏။ ရေကူးပင် တတ်သော်လည်း ကျွန်ုပ်မှာ လှိုင်းလုံးများမှ လွတ်မြောက်၍ အသက်ရှူရန် အချိန်ပင် မရသကဲ့သို့ ရှိနေ၏။ ဤသို့ဖြင့် မကြံတတ်အောင်ဖြစ်နေစဉ် ကံအားလျော်စွာ လှိုင်းလုံးတစ်လုံးသည် နောက်ဘက်မှနေ၍ တွန်းလိုက်ဘိသကဲ့သို့ ကျွန်ုပ်အား ကမ်းဘက်ဆီသို့ ယူဆောင်သွားလေရာ ကမ်းပေါ်တွင်တင်လျက် ရှိနေတော့၏။ သို့သော် ကျွန်ုပ်၏ ကိုယ်ထဲတွင် ရေများဝင်လျက်ရှိနေသဖြင့် ကျွန်ုပ်မှာ သတိမေ့လျက်ရှိလေသည်။ သို့သော် ကျွန်ုပ်မှာ သတိကောင်းသူတစ်ယောက်ဖြစ်သည်နှင့်အညီ ချက်ချင်းလိုပင် သတိရလာပြီးနောက် ကမ်းစပ်၌ တင်နေသည်ကိုပင် ဝမ်းမြောက်လှပြီဖြစ်ရကားနောက်ထပ် လှိုင်းလုံးများမလာမီပင် ကမ်းခြေအတွင်းဘက်သို့ ဒူးထောက်၍ သွားနိုင်လေတော့၏။

သို့သော် ကျွန်ုပ်သည် လှိုင်းလုံးများ၏ ဘေးရန်မှ လုံးဝ လွတ်ကင်းသေးသည်မဟုတ်ပေ။ ယင်းတို့သည် ရန်သူကို လိုက်၍ ဖမ်းဆီးသကဲ့သို့ ကျွန်ုပ်နောက်မှ လိုက်လျက်ပင် ရှိနေကြသေးသည်။

နောက်တစ်ဖန် လှိုင်းလုံးတစ်လုံးသည် ကျွန်ုပ်နောက်မှလိုက် လံတိုက်ခတ်ပြီးနောက် ကျွန်ုပ်အား ပင်လယ်ဘက်သို့ ဆွဲယူသွားပြန် ရာ ပေ ၂၀ – ၃၀ ခန့် ရေနက်ထဲသို့ ကျွန်ုပ်ရောက်သွားပြန်သည်။ ထိုအခါ ကျွန်ုပ်သည် သတိကြီးစွာထား၍ ကမ်းဘက်သို့ မျက်နှာမူပြီး လျှင် တအားကုန် ကူးခတ်လေတော့၏။ ရေပြင်ပေါ်တွင် ကျွန်ုပ်သည် ကိုယ်ကိုဖော့လျက် လက်များကို မြှောက်ခါ ကူးခတ်လေရာ ၂ စက္ကန့် မျှ အသက်ရှူလိုက်ရခြင်းသည်ပင်လျှင် ကျွန်ုပ်၏အင်အားနှင့် သူရ သတ္တိကို တိုးစေဘိသကဲ့သို့ ဒုတိယလှိုင်းလုံး ပြန်၍မလာမီ ကူးခတ် လေရာ မကြာမီ မြေကြီးကို ခြေထောက်မိသဖြင့် အတော်ပင် ဝမ်း မြောက်မိတော့၏။ သို့သော် ကိစ္စကား ဤမျှနှင့် မပြီးသေးချေ။ နောက်ထပ် ၂ ကြိမ်တိုင်တိုင် လှိုင်းလုံးများသည် ကျွန်ုပ်အား ပင်လယ်တွင်း သို့ ယူဆောင်သွားလိုက်၊ ကမ်းခြေသို့ ပြန်၍ ယူဆောင်လာလိုက် ရှိနေသေး၏။ သို့ဖြစ်ရခြင်းမှာလည်း ထိုနေရာရှိကမ်း ခြေမှာ အလွန် ညီညာပြန့်ပြူးလျက်ရှိသောကြောင့် ဖြစ်လေသည်။ နောက်ဆုံး၌ လှိုင်း လုံးကြီးတစ်လုံးသည် ပင်လယ်ဘက်မှကုန်းဘက်သို့ကျွန်ုပ်အားပြန်၍အပို့တွင် ကျောက်တုံးတစ်တုံးနှင့်ကိုင်၍ ရိုက်လိုက်ဘိသကဲ့သို့ ကျွန်ုပ် မှာ သတိမေ့၍သွား

လေတော့၏။ သို့သော် အချိန်မကြာလှချေ။ ကျွန်ုပ် ပြန်၍ သတိရလာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် လှိုင်းလုံးများ ပြန်၍ ပုတ်ယူမသွားနိုင်အောင် ကျောက်တုံးကို တတ်နိုင်သမျှ တွယ်ကပ်ထားသောအခါမှ အသက်ရှူနိုင်လေတော့၏။ ထိုအခါ၌ကား လှိုင်းလုံးများသည် ယခင်ကလောက်လည်း မကြီးမား၊ ယခင်ကလောက်လည်း ပြင်းထန်ခြင်းမရှိသဖြင့် ကျွန်ုပ်သည် အားယူကာ ကမ်းဘက်သို့ တဖြည်းဖြည်း လာနိုင်ခဲ့လေသည်။ နောက်ဆုံးလှိုင်းလုံးတစ်လုံးသည် ကျွန်ုပ်၏ ကိုယ်ပေါ်မှ ကျော်၍သွားသော်လည်း ကျွန်ုပ်အား ပင်လယ်ဘက်သို့ ပြန်၍ ပုတ်ခတ်ယူဆောင်ခြင်း မရှိတော့ချေ။ ကျွန်ုပ်ကား ခိုင်မြဲသော ကမ်းမကြီးပေါ်သို့ ရောက်ရှိလာချေပြီ။ ကျွန်ုပ်၏အသက်သည်လည်း ချမ်းသာရာ ရပေပြီ။

ယင်းကဲ့သို့ အသက်ချမ်းသာရာ ရသည့်အတွက် ကျွန်ုပ်သည် ဘုရားသခင်အား အတိုင်းမသိ ကျေးဇူးတင်မိ၏။ အသက်တစ်ချောင်း၏ ချမ်းသာလွတ်မြောက်မှုသည် မည်မျှအဖိုးတန်ကြောင်း၊ ယခုကဲ့သို့ သေရွာမှ ပြန်လာသောအခါမှ ကောင်းစွာ သိရှိနားလည်တော့၏။

သို့နှင့် လက်နှစ်ဖက်ကို ကောင်းကင်သို့ မြှောက်ခါ အားရ ဝမ်းသာ ကမ်းပေါ်သို့ တက်လာမိ၏။ ကျွန်ုပ်၏ အပေါင်းအဖော်များ မှာ ပင်လယ်တွင်းတွင် သေကြေပျက်စီးကြရရှာပြီး လျှင်ကျွန်ုပ်မှာမှာ ကံကောင်းထောက်မသဖြင့် ဤကဲ့သို့ လွတ်မြောက်လာရခြင်းအတွက် ထိုအခါက ကျွန်ုပ်၏ အမူအယာများ



http://www.cherrythitsar.org

မှာ အရှုးတစ်ယောက်ပမာ မည်ကဲ့ သို့ ရှိနေလိမ့်မည်ကို တွေးတောခန့်မှန်း၍ ကြည့်မိ၏။ နောက်သို့ပြန် ၍ ကြည့်လိုက်ရာ ကျွန်ုပ်၏ အပေါင်းအဖော်ထဲမှ မည်သူ့ကိုမျှ မမြင်၊ သူတို့၏ ကျန်ရစ်ခဲ့သော ဖော့ဦးထုပ် ၃ လုံး၊ ကက်ဦးထုပ်တစ်လုံးနှင့် ရှူးဖိနပ်တစ်ရံသာလျှင် ရေပေါ်၌ ပေါလောပေါ်နေသည်ကို တွေ့ရတော့၏။

ကျွန်ုပ်၏ ကိုယ်ပေါ်၌ကား မောင်းချဓားတစ်ချောင်း ဆေးဘူးကလေးတစ်ခုနှင့် ဆေးတံတစ်ချောင်းမှတစ်ပါး တစ်စုံတစ်ရာ မပါရှိချေ။ ယင်းပစ္စည်းများသာလျှင် ကျွန်ုပ်၏ စားရေရိက္ခာ ကျွန်ုပ်၏ မှီခိုအားထားရာဖြစ်တော့သဖြင့် ရှေ့တွင် မည်ကဲ့သို့ အသက်ရှင်၍ နေရဦးမည်ကို တွေးတောကြံဆရင်း ကျွန်ုပ်သည် သူရူးတစ်ယောက်ကဲ့သို့ ထိုမှဤမှ ပြေးလွှားနေမိ၏။ ညချမ်းအချိန် ကျရောက်လာပြီဖြစ်ရာ ကမ်းမမြင် လမ်းမမြင် မည်သည့်အရပ်တွင် သောင်တင်နေသည်ကို မသိရသော ကျွန်ုပ်သည် ညအချိန်တွင် အစာရှာထွက်လေ့ရှိသော ထိုအရပ်ဒေသရှိ သားရဲတိရစ္ဆာန်တို့၏ ဘေးမှ မည်ကဲ့သို့ လွတ်မြောက်နိုင်ပါအံ့နည်းဟုလည်း တွေးတောမိ၏။ စိတ်အပျက်ကြီးလည်း ပျက်မိ၏။

ကျွန်ုပ်နှင့် မနီးမဝေး၌ ဆူးများပြည့်လျက်ရှိသော သစ်ပင်တစ်ပင်မှ ထူထပ်သော ခြုံကြီးတစ်ခုသာလျှင် ကျွန်ုပ်၏ မှီခိုအားထားရာဖြစ်ပေတော့၏ ထိုနေရာ၌ပင်နောက်တစ်နေ့ မည်သို့သေရ မည်ကို စိတ်ကူးရင်း တစ်ညဥ့်လုံး ထိုင်၍နေရပေ

တော့မည်။ ပတ်ဝန်းကျင်၌ ကား သက်ရှိလက္ခဏာဟူ၍ တစ်စုံတစ်ရာမျှ မတွေ့မမြင်ရသောကြောင့် ကျွန်ုပ်သည် ကုန်းအတွင်းဘက်သို့ သောက်ရေများ တွေ့လိုတွေ့ငြား ရှာဖွေရန် တစ်ဖာလုံခန့်မျှ လျှောက်၍လာမိ၏။ ကျွန်ုပ်မျှော်လင့်သည့် အတိုင်း သောက်သုံးရေကိုလည်း ကံအားလျော်စွာ တွေ့ရပေရာ ကျွန်ုပ် သည် သောက်ရေကိုလည်း အားပါးတရ သောက်ပြီးနောက် အစာငတ် မွတ်ခြင်းမှ အနည်းငယ်ပြေစေရန် ဆေးဘူးမှ ဆေးအနည်းငယ်ကို ထုတ်၍ ငုံထားလိုက်၏။ ထို့နောက် ကျွန်ုပ်သည် သစ်ပင်ရှိရာသို့ သွား ရောက်ကာ အိပ်လျှင် လိမ့်၍မကျနိုင်သောနေရာ တစ်ခုကို ရွေးချယ် ရ၏။ အရေးရှိက ခုခံကာကွယ်နိုင်ရန် သစ်ကိုင်းတစ်ခုကိုလည်း လက် ကိုင်တုတ်သဖွယ် အသင့်ပြုလုပ်ထား၏။ ထိုအခါ၌ ကျွန်ုပ်မှာ ခြေကုန် လက်ပမ်းကျကာ လွန်စွာ မောပန်းနေပြီဖြစ်ရကား ကျွန်ုပ်ကဲ့သို့ အခြေ အနေ၌ရှိနေသော အခြားသူများ ပြုလုပ်နိုင်ခဲ့သည့်အတိုင်း ကျွန်ုပ်သည် ထိုနေရာ၌ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍သွားလေသည်။

ကျွန်ုပ်နိုးလာသောအခါ၌ကား မိုးစင်စင်လင်း၍ နေချေ ပြီ။ ရာသီဥတုမှာ ကြည်လင်သာယာလျက် လေမုန်တိုင်းသည် ငြိမ်သက်၍ သွားပြီဖြစ်ရကား လှိုင်းလုံးများသည်လည်း ယခင် ကကဲ့သို့ ပြင်းထန် ခြင်းမရှိတော့ချေ။ သို့သော် ကျွန်ုပ်အံ့အား သင့်မိသောအရာမှာ သင်္ဘော ကြီးသည် ယမန်နေ့ညဉ့်က ဒီရေ ဖြင့်မျောပါလာကာကျွန်ုပ်ပထမရောက်ရှိသည့် ကျောက်ဆောင်



http://www.cherrythitsar.org

အနီးသို့ပင် ကပ်လျက်ရှိနေသည်ကို တွေ့ရခြင်းဖြစ်လေသည်။ ထိုနေရာမှာ ကျွန်ုပ်ရောက်ရှိနေသော ကမ်း ခြေနှင့် တစ်မိုင်ခန့်မျှဝေး၍ သင်္ဘောတည်ရှိနေပုံမှာလည်း ခပ်မတ်မတ် ရှိနေရာ အကယ်၍ တတ်နိုင်လျှင် ကျွန်ုပ်အလိုရှိသော ပစ္စည်းများရှိက ရယူရန် ထိုသင်္ဘောရှိရာသို့ သွားရောက်လိုသောဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်၍လာခဲ့၏။

သစ်ပင်ပေါ်ရှိ ကျွန်ုပ်အိပ်နေသောနေရာမှ ဆင်းခဲ့ပြီးနောက် ပတ်ဝန်းကျင်သို့ ကြည့်ရှုရာ ယခင်ကထက်ပို၍ အံ့ဩမိ၏။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်၏ လက်ယာဘက် ၂ မိုင်ခန့်ဝေးသော ကမ်း စပ်တစ်ခုတွင် ကျွန်ုပ်တို့၏ လှေကလေးသည် ဒီရေဖြင့် မျောပါလာ ကာ ထိုနေရာ၌ တင်၍နေသည်ကို မြင်ရသောကြောင့်ပေတည်း။ သို့ နှင့် ကျွန်ုပ်သည် ထိုနေရာသို့ရောက်အောင် တဖြည်းဖြည်း လျှောက် လာခဲ့၏။ သို့သော် ရောက်ခါနီးတွင် ကျွန်ုပ်နှင့် လှေကလေးစပ်ကြား ၌ ပုလင်းတစ်လုံး၏ လည်ပင်းပုံသဏ္ဌာန်ကဲ့သို့ မိုင်ဝက်ခန့်ရှိသည့် ရေပြင်ကလေးတစ်ခု ခြား၍နေသည်ကို တွေ့ရလေသည်။ ထိုအခါ ကျွန်ုပ်လည်း အတော်ပင်စိတ်ပျက်ပြီးလျှင် ပြန်၍လာခဲ့ရပေရာ သင်္ဘော သို့ သွားရောက်လိုသော စိတ်မှုကား ယခင်ကထက်ပင် ပြင်းထန်၍ လာလေသည်။

အတန်ငယ် နေစောင်း၍ သွားသောအခါ ဒီရေသည် ကျဆင်း သွားသဖြင့် ကျွန်ုပ် အဝေးဆုံးရောက်နိုင်သော ကမ်း ခြေနှင့် သင်္ဘော မှာ တစ်မိုင်၏ လေးပုံတစ်ပုံမျှသာ ဝေးတော့

သည်ကို တွေ့ရ၏။ ထို အခါမှ ကျွန်ုပ်လည်း ယမန်နေ့က အဖြစ်အပျက်များကို ပြန်၍ဝမ်းနည်း မိ၏။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ကျွန်ုပ်တို့သာ သင်္ဘောပေါ် က မဆင်းဘဲ နေခဲ့ပါက ကျွန်ုပ်တို့အားလုံးပင် အသက်ချမ်းသာရာ ရပြီးလျှင် ကျွန်ုပ်သည်လည်း ယခုကဲ့သို့ အစားမဲ့အဖော်မဲ့ ခိုကိုးရာမဲ့ အခြေအနေသို့ ရောက်မည်မဟုတ်ချေ။ ထိုအကြောင်းများကို စဉ်းစား လိုက်သောအခါ ကျွန်ုပ်သည် မျက်ရည်များပင် ကျမိပါ၏။ သို့သော် အားတက်ရန် အချက်ကလေးတစ်ခုကား ကျန်၍နေသေးသဖြင့် ၎င်း နှင့်ပင် စိတ်ကို ဖျော်ဖြေရပေတော့မည်။ ယင်းသည်ကား သင်္ဘောရှိရာ သို့ မရောက်မနေသွားရန် စိတ်ကို သန္နိဋ္ဌာန်ချလိုက်ခြင်းပင်ဖြစ်လေ သည်။ ထိုအခါ၌ကား နေသည် အတော်ပင် ပူလျက်ရှိနေပြီဖြစ်သဖြင့် ကျွန်ုပ်လည်း အဝတ်အစားများကို သဲများထူထပ်သည့် ကမ်းစပ်၌ ချွတ် ၍လှန်းကာ ပင်လယ်သည်လည်း အထူးငြိမ်သက်လျက် ရှိသည်နှင့် သင်္ဘောပေါ်သို့ ရောက်အောင် လက်ပစ်ကူး၍သွားလေ၏။

ကံကောင်းထောက်မပုံမှာ သင်္ဘောဦးတွင် ကြိုးတစ်ချောင်း တွဲရရွဲကျနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ထိုကြိုးကို အားပြု ကာ သင်္ဘောပေါ်သို့ တက်ရလေသည်။

ကျွန်ုပ်တို့သင်္ဘောကြီးသည် သင်္ဘောဧရာအတွင်းတွင် ရေ အတော်များများဝင်လျက် နစ်မြုပ်နေသည်ကို တွေ့ရ၏။ သို့ သော် တစ် ဖက်တွင် သဲပေါများသော သောင်စပ်မြေမာရှိနေ ၍ ပဲ့ပိုင်းမှာ သောင် ပေါ်၌ တင်၍နေပြီးလျှင် ခေါင်းပိုင်းမှာ ရေ



http://www.cherrythitsar.org

ပြင်နှင့် တစ်ညီတည်းရှိနေ လေသည်။ ဤသို့ဖြင့် အလယ်ပိုင်းတွင် တစ်စုံတစ်ရာ ပျက်စီးခြင်း မရှိချေ။ ကျွန်ုပ် ပထမဦးစွာ ပြုလုပ်ရမည့်အလုပ်မှာ မည်သည့်ပစ္စည်း သည် ပျက်စီး၍ မည်သည့်ပစ္စည်းကား အကောင်းပကတိရှိသည်ကို ရှာဖွေရန်ပင် ဖြစ်လေသည်။

ပထမဦးစွာ တွေ့ရသည်ကား သင်္ဘောပေါ်တွင် ပါရှိသော စားရေရိက္ခာများမှာ ပင်လယ်ရေပင်မထိဘဲ ခြောက်သွေ့ကောင်းမွန်စွာ ရှိနေသည်ကို တွေ့ရခြင်းပင် ဖြစ်လေသည်။ သို့နှင့် ကျွန်ုပ်သည် ပေါင်မုန့်များထားသည့်အခန်းသို့ သွားရောက်ပြီးလျှင် ပါးစပ်ကလည်း အဝစားရင်း ဘီစကွတ်မုန့်များကို ကျွန်ုပ်၏ အိတ်များထဲသို့ အပြည့်ထည့်သွင်းလေ၏။

ဤသို့ စားသောက်နေခြင်းဖြင့်လည်း အချိန်အကုန်မခံနိုင်သေးချေ။ အခန်းကြီးအတွင်း၌ အရက်စည်များမှာလည်း အကောင်းအတိုင်း ရှိနေသည်ကို တွေ့ရသဖြင့် ယင်းတို့လည်း ကျွန်ုပ်အတွက် အလွန်အသုံးဝင်၍ အဖိုးထိုက်တန်သော ရိက္ခာဖြစ်လေသည်။ ထိုအချိန်တွင် အခြားပစ္စည်းဟူ၍ တစ်စုံတစ်ရာမလိုတော့ဘဲ ထိုစားရေရိက္ခာနှင့် လိုအပ်သောပစ္စည်းများကို သယ်ဆောင်ရန် လှေတစ်စင်းသာရရန် လိုတော့၏။

မရနိုင်သောအရာကို ထိုင်၍ တောင့်တနေခြင်းသည် အချည်းနှီး အချိန်ကုန်ခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ် စဉ်းစားမိ၏။

ကျွန်ုပ်တို့သင်္ဘောတွင် ရွက်လက်အလွတ်များစွာရှိ၍ သစ်သားတုံးကြီး သုံးလေးတုံးကိုလည်း တွေ့ရ၏။ ထို့ပြင်

ရွက်တိုင်ထိပ် ဖျား တစ်ချောင်းနှစ်ချောင်းလည်းရှိသဖြင့် ကျွန်ုပ်သည် ယင်းတို့ကို သင်္ဘောဘေးသို့ပစ်ချကာ တုံးတစ်တုံးနှင့်တစ်တုံးကို ကြိုးဖြင့် အရင်း အဖျားချည်နှောင်ရန် ကြိုးစားလေ၏။ ချည်ပြီးသောအခါ ကျွန်ုပ်သည် သင်္ဘောနံဘေးသို့ ဆင်းသက်၍ သင်္ဘောပေါ်မှ တွေ့ရသော ပျဉ်ချပ် ကြီးလေးငါးချပ်ကို ထိုစည်းနှောင်၍ထားသော ထိုတုံး ၄ တုံးပေါ်သို့ ကန့်လန့်ဖြတ်တင်လေရာ၊ ဝန်အတော်အတန်ခံနိုင်သည့် ဖောင်တစ်ခု ကဲ့သို့ရှိနေတော့၏။ သို့သော် တုံးများမှာ သေးငယ်ပေါ့ပါးလှသဖြင့် ဝန်လေးကို ခံနိုင်မည်မဟုတ်ချေ။ ထို့နောက် ကျွန်ုပ်သည် ဖောင်ကြီး တစ်ခုဖွဲ့ရန် အလုပ်ကို စတင်၍ လုပ်တော့၏။ သင်္ဘောဦးရွက်တိုင် တစ်ခုကို လွှဖြင့် သုံးပိုင်းဖြတ်ပြီးသောအခါ မူလဖွဲ့စည်းပြီး ဖောင်ငယ် ကို အားပြု၍ မွမ်းမံတိုးချဲ့ကာ ဖောင်ကြီးတစ်ခုဖြစ်အောင် ပြုလုပ်လေ သည်။ ယင်းကဲ့သို့ ပြုလုပ်ရာ၌ ကျွန်ုပ်မှာ လွန်စွာမောပန်းပြီးလျှင် အင်အားကုန်ခမ်းလုမတတ်ပင် ရှိနေတော့၏။ သို့သော် ကျွန်ုပ်လိုချင် သော ပစ္စည်းများကို သယ်ယူရန် ဆန္ဒက နောက်မှ အပူတပြင်းတိုက် တွန်းနေသဖြင့် ကျွန်ုပ်သည် ယခင်အခါများက မလုပ်ဖူးသော အလုပ် ကိုပင် မောရပန်းရမှန်းမသိ၊ စိတ်ရောကိုယ်ပါ လုပ်ကိုင်၍ နောက်ဆုံး၌ ပြီးစီးခြင်းသို့ ရောက်ခဲ့လေသည်။

ထူးဆန်းအံ့သြဖွယ်ရာရရှိခဲ့သည့်နှင်းဆီမယ်ရှီဗာဘုရင်မ၏
လက်စွပ်ကိုအကြောင်းပြုပြီး၊
ပျောက်ဆုံးနေသော သားကို ပြန်ရှာလိုသော လူစွန့်စား
တစ်ဦး၊
တိမ်ကောသွားသော ရှေးဟောင်းပစ္စည်းများကို ရှာဖွေလိုသော
ပရော်ဖက်ဆာတစ်ဦး၊
ရဲဝံ့စွန့်စားခြင်းကို နှစ်သက်သည့် ကပ္ပိတန်အင်ဂျင်နီယာ
တစ်ဦးတို့၏ လူသာမန်တို့မပြုရဲသော စွန့်စားမှုဝတ္ထုကြီး –

## "ရှီဗာဘုရင်မလက်စွပ်"

Sir Rider Haggard ၏ Queen Sheba's Ring
ကို ဆရာကြီးဒဂုန်ရွှေမျှားက လှပသေသပ်စွာ ပြန်ဆိုထားပါ
သည်။ ရှားပါးကောင်းမွန်သော စာအုပ်ကောင်းများကို ဖတ်ရှု
လိုသည့် စာဖတ်ပရိသတ်များအတွက် . . .

**Quality Publishing House မှ ပဥ္စမအကြိမ်အဖြစ်
မကြာမီစီစဉ်ထုတ်ဝေပါမည်။**



http://www.cherrythitsar.org

# အခန်း (၄)

ထိုအခါ၌ကား ကျွန်ုပ်၏ ဖောင်ကြီးမှာ အတော်အတန်ဝန်လေးကို ခံနိုင်ပြီဖြစ်၍ နောက်တစ်ဆင့်အလုပ်မှာ ဖောင်ပေါ်သို့ မည်သည့်ပစ္စည်းကို တင်ဆောင်ရမည်၊ မည်သည့်ပစ္စည်းသည် ပင်လယ်ရေကို ခံနိုင်မည် စသည်တို့ကို ရွေးချယ်ရန်ဖြစ်၏။ သို့သော် စဉ်းစားရန်အချိန်များစွာ မရှိချေ။ သို့နှင့် ကျွန်ုပ်သည် သင်္ဘောပေါ်တွင် တွေ့သမျှပျဉ်ချပ်များနှင့် ပျဉ်ပြားကြီးများကို သယ်ယူနိုင်သလောက် သယ်ယူတင်ဆောင်၍ သေတ္တာကြီးသုံးလုံးကိုလည်း အတွင်းမှ ပစ္စည်းများကို ထုတ်၍ ထားခဲ့ပြီးလျှင် ဖောင်ပေါ်သို့ တဖြည်းဖြည်း လျှောချလေသည်။

ပထမသေတ္တာအတွင်း၌ ပေါင်မုန့်များ၊ ဆန်၊ ဒပ်ချ်ပြည်ဖြစ် ဒိန်ခဲကြီးသုံးချပ်၊ သင်္ဘောပေါ်၌ ကျွန်ုပ်တို့ရှိနေစဉ်များစွာအားထား စားသောက်ရသည့် ဆိတ်သားခြောက် အတုံးကြီးငါးတုံး၊ ဥရောပတိုက် ထွက် ဂျုံစပါးအနည်းငယ်တို့ကို ထည့်၏။ ယင်းဂျုံစပါးများမှာ ကြက် ငှက်များကို ကျွေးရန် ယူဆောင်

လာခဲ့ခြင်းဖြစ်လေသည်။ ထို့ပြင် ဂျုံ နှင့် မုယောစပါးအနည်းငယ်ကို တွေ့ရသော်လည်း ယင်းတို့မှာ ကြွက် များစားသဖြင့် အတွင်းမှ အဆံများ မရှိတော့ချေ။ အရက်များမှာ သဘော်ပေါ်ရှိ အရက်ခန်းတွင် ငါးဂါလံ၊ ခြောက်ဂါလံခန့် တွေ့ရသေး ၏။ သို့သော် ယင်းတို့မှာ လက်ငင်း အသုံးမဝင်သေးသဖြင့်တစ် ကြောင်း၊ သေတ္တာများထဲတွင် နေရာမဆန့်သဖြင့်တစ်ကြောင်း၊ အခိုက် အတန့်အားဖြင့် မယူဘဲထားခဲ့၏။

ဤအပန်းတကြီး လုပ်ကိုင်လျက်ရှိစဉ် ပင်လယ် သည် ငြိမ် သက်လျက်ရှိသော်လည်း ဒီရေမှာ တဖြည်းဖြည်း တက်လာသည်နှင့် သောင်စပ်၌ လှမ်းထားခဲ့သော ကျွန်ုပ်၏ ရှပ် အင်္ကျီ၊ ကုတ်အင်္ကျီနှင့် အတွင်းခံတို့မှာ မျောပါ၍သွားကြောင်း တွေ့ရပြီးလျှင် ကျွန်ုပ်၏ ခါး သိုင်းကြိုးသာ ကျန်ရစ်တော့၏။ ဤသို့လျှင် ကျွန်ုပ်မှာ အဝတ်အစား များ လိုလာသဖြင့် သဘော်သို့ သွားရောက်ရှာဖွေပြန်ရာ အဝတ်အစား များကို တွေ့ရပေ ၏။ သို့သော် လိုသည်ထက်ပို၍ မယူခဲ့ချေ။ အဘယ် ကြောင့် ဆိုသော် ကျွန်ုပ်၏ မျက်စိသည် ထို့ထက်ပို၍ အသုံးဝင်သော အရာများပေါ်သို့ ကျရောက်လျက်ရှိသောကြောင့်ပေတည်း။ ယင်းတို့ သည်ကား ကမ်းပေါ်တွင် အလုပ်လုပ်နိုင်ရန် ကိရိယာ တန်ဆာပလာ များ ဖြစ်လေသည်။ လက်သမားပစ္စည်းထည့် သော သေတ္တာတစ်လုံး တွင် ထိုကိရိယာများကို အခန့်သင့်တွေ့ ရှိရသဖြင့် ကျွန်ုပ်ဆောင်ယူခဲ့ ၏။ ယင်းပစ္စည်းများသည်ကား ထိုအခါက ကျွန်ုပ်အဖို့ ရွှေအပြည့်တင် ၍ထားသော သဘော်



http://www.cherrythitsar.org

တစ်စင်း၏ တန်ဖိုးထက်ပင် အဖိုးထိုက်တန်လှ တော့၏။ သို့နှင့် ကျွန်ုပ်သည် အချိန်မကုန်စေဘဲ ဖောင်ပေါ်သို့ ထို ပစ္စည်းများကို ချယူလေသည်။

ထို့နောက် ကျွန်ုပ်အလိုရှိသော ပစ္စည်းများမှာ သေနတ်နှင့် ယမ်းတောင့်များဖြစ်၏။ သင်္ဘောခန်းမကြီးထဲတွင် အလွန်ကောင်းမွန် သော ငှက်ပစ်သေနတ် ၂ လက်နှင့် ပစ္စတိုသေနတ် ၂လက်ကို တွေ့ ရှိရ၍ ယမ်းမှုန့်ထည့်သော ဘူးတစ်ဘူး၊ ယမ်းတောင့်အိတ်တစ်လုံးနှင့် အတူ ယူခဲ့၏။ ထို့ပြင် အနည်းငယ် သံချေးတက်၍နေသော ဓားရှည် ၂ လက်ကိုလည်း ရရှိခဲ့လေသည်။ သင်္ဘောပေါ်တွင် ယမ်းမှုန့်ထည့် သော စည်ကြီးသုံးလုံး ရှိကြောင်း ကျွန်ုပ်သိ၏။ သို့သော် ကျွန်ုပ်တို့ သင်္ဘောမှ အမြောက်ပစ်သမားများသည် ယင်းတို့အား မည်သည့်နေရာ ၌ သိမ်းဆည်းထားခဲ့သည်ကို မသိရချေ။ နောက်ဆုံး မနားမနေရှာဖွေသောအခါမှ တွေ့ရှိရတော့၏။ သို့ရာတွင် စည်သုံးလုံးအနက် တစ်လုံး မှာ ရေဝင်၍ ပျက်စီးနေပြီးလျှင် ၂ လုံးသာ အကောင်းအတိုင်း တွေ့ရှိ ရသဖြင့် လက်နက်များနှင့်အတူ ဖောင်ပေါ်သို့ ချ၍ ယူဆောင်လာခဲ့လေ သည်။ ဤသို့ဖြင့် ဖောင်ပေါ်သို့ ကုန်များအပြည့်တင်ပြီးသော် ကမ်းသို့ ကူးခတ်ရန်သာ ရှိတော့၏။ အခက်အခဲတစ်ခုနှင့် တွေ့ရသည်ကား ကျွန်ုပ်တွင် ရွက်လည်းမရှိ၊ လှော်တက်လည်းမရှိ၊ တက်မလည်းမရှိ သည့်အပြင် ကမ်းခြေသို့ ယူဆောင်နိုင်မည့် အင်အားပင်မရှိသဖြင့် မည် ကဲ့သို့ ကူးခတ်ရမည်ကို စဉ်းစား၍ မရနိုင်အောင်ရှိလေသည်။ သို့သော်



http://www.cherrythitsar.org

လည်း ကျွန်ုပ် အားကိုးအားထားပြုရမည့် အချက်သုံးချက်ကား ရှိသေး၏။ ပထမအချက်မှာ ပင်လယ်ပြင်ငြိမ်သက်လျက်ရှိခြင်း၊ ဒုတိယ ဒီရေသည် ကမ်းခြေဘက်သို့ တဖြည်းဖြည်းတက်လာခြင်း၊ တတိယ အင်အားပင်နည်းသော်လည်း ပင်လယ်ဘက်မှ လေကလေးသည် ကမ်းခြေဘက်သို့ အတော်အတန်တိုက်ခိုက်၍လာခြင်း စသည်တို့ဖြစ်လေသည်။ လက်သမားသေတ္တာထဲတွင် လွှနှစ်ချောင်း၊ ပုဆိန်တစ်လက်၊ တူတစ်ခုပါရှိသည့်အပြင် ကျွန်ုပ်တို့လှေကလေးမှ ကျန်ရစ်ခဲ့သော တက်ကျိုးတစ်ချောင်းကိုလည်း နောက်ဆုံးတွင် ကံအားလျော်စွာ တွေ့ရသဖြင့် ကျွန်ုပ်လည်း ယင်းပစ္စည်းများကိုတင်ကာ ကျွန်ုပ်၏ဖောင်ကြီးကို ကမ်းဘက်သို့ လှော်ခတ်ခဲ့လေသည်။

တစ်မိုင်ခန့်အတွင်း၌ ဖောင်ကြီးသည် ကျွန်ုပ် ပထမဦးစွာ ရောက်သောနေရာသို့ တည့်တည့်မရောက်နိုင်ဘဲ ခရီးအတန်ငယ်ဝေးသော နေရာတစ်ခုသို့ ရောက်မည်ဖြစ်သော်လည်း ကောင်းမွန်ချောမောစွာ သွားလျက်ရှိပေ၏။ဤသို့ဖြင့် ထိုနေရာနှင့် မနီးမဝေးတွင် မြစ်သို့မဟုတ် ချောင်းငယ်တစ်ခု ရှိနေမည်ဖြစ်ကြောင်း ကျွန်ုပ်ယူဆမိ၏။ ဤသို့ ဆိုလျှင် ကျွန်ုပ်သည် ဖောင်ပေါ်မှ ကုန်ပစ္စည်းများကို အလွယ်တကူ ချနိုင်ရန် ဆိပ်ကမ်းကောင်းတစ်ခု တွေ့ရပေတော့မည်ဟု မျှော်လင့် မိ၏။

ထိုနေရာ၌ ကမ်းခြေသည် ကုန်းအတွင်းသို့ အတန်ငယ်ထိုး ဝင်၍နေပြီးလျှင် ရေစီးသည်လည်း ထိုနေရာသို့ ဆွဲလျက်ရှိသည်ကို တွေ့ရသဖြင့် ကျွန်ုပ်သည် ထိုရေစီး၏ အလယ်



http://www.cherrythitsar.org

သို့ရောက်အောင် ဖောင်ကို ပဲ့နိုင်သမျှပဲ့၍ပေး၏။ နောက်ဆုံး၌ မြစ်ကလေးတစ်ခု၏အဝသို့ ရောက်လာပြီးလျှင် တစ်ဖက်တွင်လည်း ကမ်းပါးများရှိနေ၍ ရေစီးမှာ အတော်သန်လျက်ရှိနေကြောင်း တွေ့ရတော့၏။

သို့နှင့် ကျွန်ုပ်သည် ဖောင်ဆိုက်ကပ်ရန် အကောင်းဆုံးနေရာကို ကြည့်ရှုရွေးချယ်လျက်ရှိရာ အကယ်၍သဘော်များ ဖြတ်သန်းသွားလာလျှင်လည်း မြင်နိုင်လောက်အောင် ကမ်းခြေနှင့်လည်း မဝေးသောနေရာ၌ ဆိုက်ကပ်ရန် စိတ်ကို ပိုင်းဖြတ်ထားလေသည်။

နောက်ဆုံး၌ ကျွန်ုပ်သည် ချောင်းငယ်၏ လက်ျာဘက်ကမ်းတွင် အကွေ့လေးတစ်ခုကို မြင်သည်နှင့် ဖောင်ငယ်ကို ထိုနေရာနှင့် နီးကပ်နိုင်သမျှ နီးကပ်အောင် လှော်တက်ဖြင့် ပဲ့၍ ပေးလေသည်။ ထိုအကွေ့ကလေးအတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဖောင်ကြီးသည် တစ်ပေခန့်မျှသာ နက်သော နေရာသို့ရောက်ကာ ကမ်းခြေသို့ ကောင်းစွာ ဆိုက်ကပ်နိုင်တော့၏။ ထို့နောက် ကျွန်ုပ်လည်း မြေပေါ်တွင် တက်ကျိုးနှစ်ချောင်းကိုစိုက်၍ ကြိုးများနှင့် ချည်နှောင်ထားပြီးသော် ဖောင်ပေါ်မှ ပစ္စည်းများကို ကမ်းပေါ်သို့ ကောင်းမွန်စွာ တင်နိုင်လေသည်။

ကျွန်ုပ်၏ နောက်အလုပ်မှာ ကမ်းပေါ်၌ နေထိုင်နိုင်ရန် သင့် လျော်မည့်နေရာကို ကြည့်ရှုရှာဖွေရမည်ဖြစ်၏။ ကျွန်ုပ်ရောက်ရှိနေ သောနေရာနှင့် တစ်မိုင်ကျော်ကျော်ခန့်အကွာတွင်



http://www.cherrythitsar.org

များစွာ မတ်စောက် ခြင်းမရှိလှသော တောင်ကုန်းကလေးတစ်ခု ရှိ၍၊ ယင်းတောင်ကုန်း ကလေးမှာ မြောက်ဘက်သို့ တန်း၍သွားသော တောင်တန်းများကို စီး၍မြင်နိုင်သည့်နေရာဖြစ်လေသည်။ သို့နှင့် ကျွန်ုပ်သည် ပစ္စတိုတစ် လက်ကို ခါး၌ထိုးပြီးလျှင် ငှက်ပစ်သေနတ်ကြီးနှင့် ယမ်းဘူးကို ယူ ဆောင်ကာ ယင်းတောင် ကုန်းရှိရာသို့ သွားရောက်ပြီးနောက် တောင် ကုန်းထိပ်သို့ရောက်ရန် အတော်ခဲယဉ်းစွာ အင်အားထုတ်၍ တက်ရလေ သည်။ ရောက်သောအခါ၌မူကား ကျွန်ုပ်မှာ တစ်ဖန် စိတ်ပျက်ရပြန်တော့၏။အကြောင်းမူကား ကျွန်ုပ်ရောက်ရှိနေသောနေရာမှာ လေး ဘက်လေးတန် ရေများ ပတ်လည်ဝိုင်းလျက်ရှိနေသောကြောင့် ကျွန်ုပ် သည် အပြောကျယ်လှသော သမုဒ္ဒရာအတွင်း ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်ရှိနေကြောင်း တွေ့ရတော့၏။ အတော်လှမ်းသောနေရာတွင် ကျောက်ဆောင်တန်းများ တွေ့ရသည်မှတစ်ပါး မြေပြင်ဟူ၍ကား မည် သည့်နေရာတွင်မျှ မတွေ့ ရချေ။ ကျွန်ုပ်ရောက်ရှိနေသော ကျွန်း၏ အနောက်ဘက် ၆ မိုင်ခန့်အကွာတွင် ကျွန်းကလေးတစ်ကျွန်းကိုလည်း တွေ့မြင်ရ လေသည်။

ကျွန်ုပ်ရောက်ရှိနေသော ကျွန်းမှာ သစ်ပင်များ ခေါင်းပါး၍ တောတိရစ္ဆာန်ရိုင်းများမှတစ်ပါး လူနေအိမ်ခြေဟူ၍ မတွေ့မမြင်ရဘဲ ရှိနေ၏။ တိရစ္ဆာန်များကိုမူကား ထိုအချိန်အထိ ကျွန်ုပ်မမြင်ရသေးချေ။ ကြက်ငှက်များကိုမူ အတော်အမြောက်အများ တွေ့ရသော်လည်း ပစ် ခတ်၍မရသမျှ စားကောင်းမစားကောင်း အမျိုးအစားကို သိရှိနိုင်ရန် ခဲယဉ်းလှပေသည်။



http://www.cherrythitsar.org

ကျွန်ုပ်အပြန်တွင် တောတစ်ခုနံဘေးရှိ သစ်ပင်တစ်ပင်ဘက်မှ ငှက်ကြီးတစ်ကောင်ကို ပစ်ချလိုက်၏။ ငှက်ကြီးမှာ အသွေး အရောင်အားဖြင့် သိမ်းငှက်နှင့် များစွာတူသော်လည်း သိမ်းငှက်၏ ခြေသည်းမျိုးမရှိဘဲ သာမန်ငှက်တစ်ကောင်၏ ခြေသည်းများကဲ့သို့ပင် ရှိနေရာ အသားမှာ ပုပ်စော်နံသဖြင့် မစားနိုင်ချေ။

အထက်ပါ ရှုမြင်ကွင်းကို ကောင်းစွာ တွေ့မြင်ရပြီးနောက် ကျွန်ုပ်သည် ဖောင်ရှိရာသို့ ပြန်လာ၍ ပစ္စည်းများကို ကမ်းပေါ်သို့ သယ် ယူခြင်းဖြင့် ထိုနေ့တစ်နေ့လုံး အချိန်ကုန်ခဲ့လေသည်။ ညဉ့်အချိန်တွင် မည်ကဲ့သို့ပြုလုပ်ရမည်ကို မသိရဘဲ မည်သည့်နေရာ၌ နေထိုင်အိပ် စက်ရမည်ကိုပင် ထိုအချိန်အထိ တွေး၍မရသေးချေ။

သို့နှင့် ကျွန်ုပ်သည် ပျဉ်ပြားများ၊ ရွက်စုတ်များ၊ စည်ပိုင်းနှင့် သေတ္တာများကို အကာအကွယ်ပြုလုပ်ပြီးလျှင် ရွက်ဖျင်စုတ်တစ်ထည် ကို အပေါ်မှ မိုး၍ ထိုညဉ့်အဖို့ အိပ်စက်ရတော့၏။ အစားအစာအတွက် မူ ငှက်ပစ်သော နေရာအနီးတွင် ယုန်နှင့်တူသော သတ္တဝါ ၂ ကောင် ၃ ကောင်ကို တွေ့ရသဖြင့် ပစ်ခတ်စားသောက်ရ၏။

သင်္ဘောပျက်မှ ကျွန်ုပ်ယူရန် ရွက်အပိုင်းအစများနှင့် ကျွန်ုပ် တွင် အသုံးကျမည့် အခြားပစ္စည်းပေါင်းမြောက်မြားစွာ ရှိသေး၏။ သို့နှင့် ဒီရေအကျတွင် သင်္ဘောပျက်ရှိရာသို့ ကျွန်ုပ်၏ဖောင်ကို လှော် ခတ်သွားပြန်လေသည်။ ထိုအခါက ကျွန်ုပ်



http://www.cherrythitsar.org

၏ကိုယ်တွင်ချည်ဘောင်းဘီရှည်တစ်ထည်၊ ဖျင်ရှပ်အင်္ကျီတစ်ထည်နှင့် ခြေစွပ်ဖိနပ် တစ်ရံသာ ရှိ၏။ ထိုအကြိမ်ကား ဒုတိယအကြိမ်ဖြစ်သဖြင့် ပထမအကြိမ် လောက် ခဲယဉ်းခြင်းမရှိဘဲ ကျွန်ုပ်လိုအပ်သော ပစ္စည်းများကို ဖောင်ပေါ် သို့ ကောင်းစွာ တင်နိုင်လေသည်။

ပထမ ကျွန်ုပ်သည် လက်သမားနေသောအခန်းကို ဖွင့်ရာ၊ သံများ၊ သံဆူးများ၊ ဝက်အူလှည့်များနှင့် ပုဆိန်သွားကလေးများ ၁၀ လက်ခန့် ရရှိခဲ့၏။ အသုံးအဝင်ဆုံးအရာမှာ ဆန်ဖွတ်ရန် ကြိတ်ဆုံ တစ်လုံးရရှိခဲ့ခြင်းပင် ဖြစ်လေသည်။ အမြောက်ပစ်သမားများနေသော အခန်းမှလည်း သေနတ်ကျည်ဆံ ၂ စည်၊ မတ်စကက်သေနတ် ၇ လက်နှင့် ငှက်ပစ်သေနတ်တစ်လက်အပြင် ကျည်ဆံအိတ်တစ်အိတ် နှင့် ခဲပြားတစ်ခု ရရှိခဲ့၏။ သို့သော် ထိုခဲပြားမှာ အလွန်လေးသဖြင့် မချီမနိုင်ချေ။

အထက်ပါ ပစ္စည်းများအပြင် သင်္ဘောတွင် တွေ့ရှိရသော ယောက်ျားအသုံးအဆောင်ပစ္စည်း မှန်သမျှကိုလည်းကောင်း၊ ကြိုးပုခက် အိပ်ရာတစ်ခုနှင့် အိပ်ရာခင်းအချို့ကိုလည်းကောင်း ယူရလေသည်။ ယင်းပစ္စည်းများကို ဖောင်ပေါ်သို့ တင်ပြီးလျှင် ကမ်းသို့ လှော်ခတ်ခဲ့ ရာ ကောင်းမွန်ချောမောစွာ ရောက်ရှိခဲ့၏။

ဒုတိယအခေါက် သယ်ယူခဲ့သော ပစ္စည်းများမှာ အတော်ပင်များသဖြင့် ယမ်းမှုန့်များနှင့် ကျည်ဆံကြီးများကို

တစ်ခါတည်း မယူ နိုင်ဘဲ အထုပ်များပြုလုပ်ကာ အကြိမ်ကြိမ် ခွဲသယ်ယူရလေသည်။ ထို့ နောက် ရွက်ပြတ်တိုင်တစ်ခုကို မြေ၌စိုက်ထူကာ နေနှင့်မိုးဒဏ်ကို ကာ ကွယ်ရန် ရွက်ဖျင်များကို အပေါ်မှမိုး၍ တဲငယ်တစ်ခု ပြုလုပ်လေသည်။

တဲ၏ ပတ်လည်၌ကား အရက်စည်များ၊ စည်လွတ်များနှင့် သေတ္တာကြီးများကို ခံတပ်သဖွယ် ကာရံ၍ထားသဖြင့် လူ၏ ဘေး အန္တရာယ်မှသော်လည်းကောင်း သားရဲတိရစ္ဆာန်တို့၏ ဘေးအန္တရာယ် မှသော်လည်းကောင်း အတော်အတန် လုံခြုံလျက်ရှိနေပြီ။

ယင်းသို့ ပြုလုပ်ပြီးသောအခါ တဲ၏ အပေါက်ကို ပျဉ်ချပ်များ ဖြင့် တံခါးအကြမ်းတစ်ခုပြုလုပ်ပြီးလျှင် နံဘေးတစ်ဖက်တစ်ချက်၌ သေတ္တာအလွတ်ကြီးများကို ချထား၏။ ထို့နောက် မြေကြီးပေါ်တွင် အိပ်စင်တစ်ခု ကျွန်ုပ်အတွက် အိပ်ရန် ပြုလုပ်ပြီးလျှင် ခေါင်းရင်းတွင် ပစ္စတိုသေနတ် ၂ လက်ကိုလည်းကောင်း ကျွန်ုပ်၏ လက်လှမ်းမီရာ တွင် သေနတ်ကြီး ၂ လက်ကိုလည်းကောင်း ထောင်ထားပြီးလျှင် ကျွန်ုပ် မှာ ထိုနေ့အဖို့ အလုပ်များစွာ လုပ်ရသဖြင့် မောပန်းနေပြီဖြစ်ရကား တစ်ညဥ့်လုံးကောင်းစွာ အိပ်ပျော်၍ သွားတော့၏။

ကျွန်ုပ်တွင်ရှိသော လက်နက်ခဲယမ်းမီးကျောက်များ မှာ လူ တစ်ယောက်အတွက် ပို၍ပင် နေသေး၏။ သို့သော် ကျွန်ုပ် မှာ တင်း တိမ်ရောင့်ရဲခြင်းမရှိသေး။ သင်္ဘောသည် ယခုအနေ အထားအတိုင်း တည့်မတ်စွာ ရှိနေသမျှ ကာလပတ်လုံး သင်္ဘော

ပေါ်မှ ပစ္စည်းများကို ကျွန်ုပ်ရနိုင်မည် မဟုတ်ပါလော။ သို့နှင့် နေ့စဉ် ရေကျချိန်၌ ကျွန်ုပ် သည် သင်္ဘောသို့ သွားရောက်ခါ ပစ္စည်းများကို အနည်းနှင့် အများ ယူခဲ့၏။ ယင်းကဲ့သို့ ၄ - ၅ ခေါက်မျှ သင်္ဘောပျက်သို့ သွားရောက် ၍ ပစ္စည်းများကို သယ်ဆောင်ခဲ့ရာ နောက်ဆုံးဘီစကွတ်မုန့်စည်ကြီးတစ်ခု၊ ရမ်အရက်စည်ကလေးသုံးစည်၊ သကြားသေတ္တာတစ်လုံးနှင့် ဂျုံမှုန့်စည်ပြတ်တစ်ခုတို့ကို ယူဆောင်ခဲ့ခြင်းဖြင့် အပြီးသတ်ခဲ့လေ သည်။

နောက်တစ်နေ့၌ ကျွန်ုပ်သည် ပစ္စည်းများ မကျန်သလောက် ရှိသော သင်္ဘောသို့ တစ်ဖန် သွားရောက်ကာ ရနိုင်သမျှ အတိုအထွာ ပစ္စည်းကလေးများကိုပင် စုဆောင်းယူဆောင်ခဲ့၏။ ထိုအခါ၌ ကျွန်ုပ် မှာ လက်နက်ကိရိယာတန်ဆာပလာများ ရှိနေပြီဖြစ်၍ ဖောင်ကြီးတစ်ခု ဖွဲ့ပြီးလျှင် ထိုဖောင်ပေါ်၌ အပိုင်းအပိုင်း ဖြတ်၍ထားသော သွပ်ကြိုး များ၊ သံကိရိယာများ၊ ရွက်တိုင်အချို့နှင့် ရွက်ထည်များကို တင်ဆောင် ခဲ့လေသည်။ ထိုအခေါက်သည်ကား ကျွန်ုပ်ကို အတော်ပင် ဒုက္ခပေး သော အခေါက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဖောင်ကြီးပေါ်သို့ ကျွန်ုပ်လောဘတကြီး တင်၍ထားသော ပစ္စည်းများသည် ဖောင်နှင့် မကာမိဘဲ လေးလံလွန်းအားကြီးသဖြင့် ဆိုက်ကပ်နေကျ ကွေ့ကလေး သို့ မရောက်မီပင် ဖောင်ကြီးမှာ နစ်မြုပ်၍သွားတော့၏။ သို့သော် ကမ်းခြေနှင့် များစွာနီးကပ်လျက်ရှိသောကြောင့် ကျွန်ုပ်ကိုယ်တိုင် ချမ်း သာရာရသော်လည်း ပစ္စည်းများ အများအပြား ဆုံးရှုံးရလေသည်။ ကျွန်ုပ်အဖို့ အသုံးအဝင်ဆုံးပစ္စည်းမှာ သွပ်



http://www.cherrythitsar.org

ကြိုးပင်ဖြစ်၍ ယင်းတို့ကို ဒီရေကျသောအခါမှ ပင်ပန်းကြီးစွာ ဆယ်ယူရတော့၏။ ထို့နောက် လည်း တင်းတိမ်အားရခြင်းမရှိသေးဘဲ သင်္ဘောရှိရာသို့ နေ့စဉ်ရက် ဆက် သွားရောက်ပြီးလျှင် အသေးအဖွဲကလေးများပါမကျန် တတ်နိုင် သမျှ ပစ္စည်းများကို သယ်ဆောင်လျက်ပင် ရှိနေလေသည်။

ကမ်းပေါ်သို့ ကျွန်ုပ်ရောက်သည်ကား ၁၃ ရက်ရှိပြီဖြစ်၍ သင်္ဘောသို့ သွားရောက်သည့်အကြိမ်မှာ ၁၁ ကြိမ်မျှ ဖြစ်လေသည်။ သင်္ဘောပေါ်တွင် တွေ့ရသမျှ လက်နှင့်ကိုင်တွယ်ယူဆောင်နိုင်သော ပစ္စည်းမှန်သမျှကို သယ်ယူခဲ့သည်သာဖြစ်၍ အကယ်၍ ကျွန်ုပ်တတ်နိုင်က သင်္ဘောကြီးတစ်ခုလုံးကိုပင် တစ်ပိုင်းစီဖြတ်ကာ သယ်ယူလိုသောစိတ်ရှိ၏။ ဤမျှလောက်ပင် ကျွန်ုပ်မှာ လောဘကြီးခဲ့လေသည်။ သို့နှင့် ၁၂ ကြိမ်မြောက်သွားရောက်သည်တွင် လေသည် ထိုအခါက အတော်အတန် ပြင်းထန်ပြီးလျှင် လှိုင်းတံပိုးများလည်း ထကြွလျက် ရှိလေသည်။ သင်္ဘောခန်းမှန်သမျှ ယူစရာပစ္စည်းဟူ၍ မရှိလောက်အောင် မွှေနှောက်ပြီးဖြစ်သော်လည်း အံဆွဲများရှိသော ဘီရိုတစ်လုံးကို တွေ့ရပြီးလျှင် ယင်းအံဆွဲတစ်ခုအတွင်းမှ သင်တုံးဓားသုံးချောင်း၊ ကတ်ကြေးတစ်လက်၊ ဓားနှင့်ခက်ရင်း ဆယ်စုံခန့် တွေ့ရ၏။ အခြားအံဆွဲတစ်ခုအတွင်း၌မူ၊ ဥရောပတိုက်သုံး ငွေဒင်္ဂါး၊ ဘရာဇီးသုံးဒင်္ဂါးဝက်များနှင့် ရွှေဒင်္ဂါး အနည်းငယ်တွေ့ရလေရာ ယင်းတို့၏တန်ဖိုးမှာ ၃၆ ပေါင်ခန့် ရှိလေသည်။



http://www.cherrythitsar.org

ထိုငွေကြေးများကို ရွက်ဖျင်တစ်ခုဖြင့် ရစ်ပတ်ပြီးလျှင် ကျွန်ုပ် ယူခဲ့၏။ ဖောင်အသစ်တစ်ခုဖွဲ့ရန်လည်း စိတ်ကူးမိ၏။ သို့သော် ကောင်းကင်၌ မိုးသားများ တက်လာပြီးလျှင် လေသည်လည်း တဖြည်းဖြည်း တိုက်ခတ်လာ၍ ၁၅ မိနစ်အတွင်းပင် ကမ်းခြေမှ ပင်လယ်ဘက်သို့ အတော်အတန်ပြင်းထန်စွာ တိုက်ခတ်လျက်ရှိလေ၏။ သို့နှင့် ကျွန်ုပ် သည် ဖောင်ဖွဲ့ရန်အကြံကို ဖျက်ပြီးနောက် ဒီရေအတက်တွင် လိုက်ပါရန်ပြင်ဆင်ရတော့၏။ဤသို့မဟုတ်က ကမ်းခြေသို့ရောက်ရန်ပင် ခဲယဉ်းပေတော့မည်။

သို့နှင့် ကျွန်ုပ်သည် ရေထဲသို့ ခုန်ချလိုက်ခါ ပစ္စည်းများကို ဆွဲယူလျက်၊ သင်္ဘောနှင့် သောင်စပ်အကြားရှိ ရေလက်ကြားကလေးသို့ လက်ပစ်ကူးခတ်လေတော့သည်။ သို့သော် ကျွန်ုပ်သယ်ဆောင်လာသော ပစ္စည်းများ၏ အလေးချိန်မှာ အတော်အတန် လေးလံသဖြင့် တစ်ကြောင်း၊ လေကလည်း ကမ်းခြေဘက်မှ တိုက်ခတ်လျက်ရှိနေသည်ကတစ်ကြောင်း အတော်ပင် ကြိုးပမ်းကာ ပင်ပန်းကြီးစွာ အားထုတ်ကူးခတ်ရလေသည်။

သို့ရာတွင် နောက်ဆုံး၌ အောင်မြင်၍ ပစ္စည်းများကို ကျွန်ုပ် တဲရှိရာသို့ ကောင်းစွာသယ်ဆောင်နိုင်ခဲ့လေသည်။ ထိုညဥ့်တစ်ညဥ့် လုံး လေသည် မငြိမ်သက်ဘဲ ပြင်းထန်စွာ တိုက်ခတ်လျက်ရှိရာ နောက် တစ်နေ့နံနက် အိပ်ရာမှနိုး၍ ပင်လယ်ဘက်သို့ ကြည့်လိုက်သည်တွင် သင်္ဘောကြီးကား မရှိတော့ချေ။

ကျွန်ုပ်ကိုယ်တိုင် သင်္ဘောပျက်ခဲ့၍ သင်္ဘောကို စွန့်ခွာလာရသည်မှတစ်ပါး၊ ထိုသင်္ဘောအကြောင်းကို နောက်ထပ် မစဉ်းစားတော့ချေ။ လက်ရှိအခြေအနေအရ ကမ်းပေါ်တွင် လူရိုင်းများရှိက ထိုလူရိုင်းများဘေးရန်မှ မည်သို့ကာကွယ်ရန်နှင့် သားရဲတိရစ္ဆာန်များဘေးမှ မည်သို့ကာကွယ်ရန် စသည်ဖြင့် ကျွန်ုပ်၏ လုံခြုံမှုကို စိတ်ရောက်လျက်ရှိတော့၏။

ကျွန်ုပ် ယခု ယာယီနေထိုင်လျက်ရှိသော နေရာမှာ ပင်လယ် နှင့် အလွန်နီးသော မြေပြန့်တစ်ခုဖြစ်သဖြင့် အတည်တကျနေထိုင် ရန် သင့်လျော်သောနေရာမဟုတ်ချေ။ ထို့ပြင် သောက်ရေရနိုင်သော နေရာနှင့်လည်း အတော်ဝေးသဖြင့် ယင်းနေရာထက်ပို၍ ကောင်းမွန် လုံခြုံပြီးလျှင် အနေအထိုင် သက်သာချောင်ချိမည့်နေရာတစ်ခုကို ရွေး ချယ်ရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။

တောင်ကုန်းကလေးတစ်ခု၏ အောက်ခြေ၌ လွင်ပြင်ကလေး တစ်ခုရှိရာ တောင်နံရံမှာ အိမ်၏နံရံကဲ့သို့ မတ်စောက်စွာ တည်ရှိ သဖြင့် တောင်ကုန်းပေါ်မှ မည်သူမျှ ဆင်းသက်၍ မလာနိုင်ချေ။ တောင် ခြေအောက်တစ်နေရာတွင် အတွင်းသို့ လှိုက်၍ဝင်နေသော နေရာတစ်ခု ကိုလည်း တွေ့ရှိ၍ အပေါက်ကို တံခါးသဖွယ်လည်း အသုံးပြုနိုင်၏။ အမှန်အားဖြင့်သော် ၎င်းမှာ ဂူတစ်ခုလည်း မဟုတ်ချေ။

သို့နှင့် ကျွန်ုပ်သည် ထိုအပေါက်၏ ရှေ့မျက်နှာစာ မြက်ခင်းပေါ်တွင် တဲထိုးမည်ဟု စိတ်ကူးမိ၏။ လွင်ပြင်ကလေး



http://www.cherrythitsar.org

မှာ အနံ ကိုက် ၁၀၀ ခန့်သာရှိ၍ အလျားအားဖြင့် ၎င်း၏ ၂ ဆခန့်ရှိ၏။ အမှန် အားဖြင့်သော် ညီညာပြန့်ပြူး၍ စိမ်းလန်းသော အိမ်ရှေ့ဥယျာဉ်ကလေး နှင့် တူလှပေသည်။ လွင်ပြင်၏ အဆုံးတွင် မြေသည် ပင်လယ်ကမ်းခြေ ဘက်သို့ လျောကျလျက်ရှိ၏။ ထိုနေရာသည်တောင်ကုန်း၏မြောက်ဘက်မှ အနောက်မြောက်ကျသော နေရာဖြစ်ရကား နေသည် အနောက်တောင်ဘက်သို့ တည့်တည့်ရောက်လာသောအခါမှတစ်ပါး နေပူကို ကာကွယ်လျက်ရှိသော နေရာတစ်ခုလည်း ဖြစ်လေသည်။

တဲကိုမထိုးမီ ကျွန်ုပ်သည် အထက်ဖော်ပြပါ အပေါက်၏ ရှေ့တည့်တည့်တွင် ကျောက်နံရံမှ အချင်းအားဖြင့် ၁၀ ကိုက်၊ ကျောက် နံရံတစ်လျှောက် အလျားကိုက် ၂ ၌ရှိသည့် လခြမ်းပုံသဏ္ဍာန် အမှတ် အသားကို ရေးဆွဲလေသည်။

ထိုလခြမ်းပုံသဏ္ဍာန်တစ်လျှောက် မြေပေါ်၌ သစ်သားငုတ် များကို ၂ တန်းစီ၍ ခိုင်မြဲစွာ တူးစိုက်ပြီးလျှင် ခြံစည်းရိုးပြုလုပ်၏။ ငုတ်များမှ ၅ ပေခွဲခန့်မြင့်ပြီးလျှင် အဖျား၌လည်း ချွန်၍ထားလေသည်။ စည်းရိုးတစ်ထပ်နှင့်တစ်ထပ် ၆ လက်မထက် ပို၍မဝေးချေ။

ထို့နောက် ကျွန်ုပ်သည် သင်္ဘောမှ ဖြတ်ယူခဲ့သော သွပ်ကြိုး ပြတ်များကို အတွင်းဘက်မှနေ၍ အရင်းမှ အဖျားတိုင် ရစ်ပတ်ချည် နှောင်ပြီးနောက် မြေကြီးမှ ၂ ပေခွဲအကွာတွင် ခြံစည်းရိုးတိုင်များကို လည်း အောက်ခြေမှ အပြင်သို့ ကာရံဘိ



http://www.cherrythitsar.org

သကဲ့သို့ ထောက်များနှင့် ထောက်ထားလေသည်။ သို့နှင့် ကျွန်ုပ်၏ခြံစည်းရိုးမှာလူသော်လည်းကောင်း၊သားရဲ တိရစ္ဆာန်သော်လည်းကောင်း အတွင်းသို့ မဝင်နိုင်အောင်ပင် ကောင်းစွာ ခိုင်လုံစိတ်ချရလေပြီ။ ယင်းအလုပ်၌ ကျွန်ုပ်မှာ သစ်သားတိုင်များကိုဆွဲယူခုတ်ဖြတ်ရခြင်း၊အဖျားချွန်၍ မြေ၌စိုက်မြှုပ်ရခြင်းများအတွက် အားအင်ထုတ်ကာ ပင်ပန်းကြီးစွာ လုပ်ရသည့်ပြင် အချိန်လည်း များစွာ ကုန်ခဲ့လေသည်။

အတွင်းသို့ဝင်ရန် ကျွန်ုပ်သည် တံခါးမလုပ်ဘဲ လှေကားတိုတစ်ခုလုပ်ထား၍ ဝင်မိသောအခါ လှေကားကို အတွင်းသို့ သယ်ယူနိုင်လေသည်။

ကျွန်ုပ်၏ ခြံမှ ခံတပ်ကလေးတစ်ခုသဖွယ်ဖြစ်နေ၍ စားရေ ရိက္ခာ၊ ခဲယမ်းမီးကျောက်၊ အသုံးအဆောင်ကိရိယာများမှစ၍ ကျွန်ုပ် ချမ်းသာသမျှပစ္စည်းများကို ပင်ပန်းကြီးစွာဖြင့် အတွင်းသို့ တဖြည်း ဖြည်း သွင်းယူခဲ့လေသည်။ ထိုအရပ်ဒေသ၌ တစ်ခါတစ်ရံ မိုးများ သည်းထန်စွာ ရွာသည့်အတိုင်း အပေါ်တွင် တဲကြီးသဖွယ်ဆောက်လုပ် ကာ အောက်၌လည်း တဲငယ်ကလေးတစ်လုံးဆောက်လုပ်၍ အပေါ် တဲကြီးကိုမူ သင်္ဘောရွက်တိုင်မှ ခုတ်ဖြတ်ယူခဲ့သည့် ဆီစိမ်ရွက်ဖျင် ကြမ်းကို မိုးထား၏။

ကျွန်ုပ်အိပ်ရန်အတွက်မှာ သင်္ဘောပေါ်မှရခဲ့သော ကြိုးပုခက်ပင်ဖြစ်၍ ၎င်းမှာ သင်္ဘောမာလိန်၏ ပစ္စည်းပင်ဖြစ်၏။

သို့နှင့် ကျွန်ုပ်သည် ရေစိုမခံနိုင်သော ပစ္စည်းများနှင့် စားရေ ရိက္ခာများကို အတွင်းသို့ သွင်းပြီးသော် နေသားတကျ



http://www.cherrythitsar.org

ရွှေ့ပြောင်းထား ရလေသည်။ အပြင်သို့ထွက်ရန်နှင့် ပြန်ဝင်ရန်အတွက် ဆိုအပ်ခဲ့ပြီး သော လှေကားကလေးကို အသုံးပြုရ၏။

သို့ပြုလုပ်ရပြီးနောက် ကျွန်ုပ်သည် အတွင်းဘက်ရှိ ကျောက်များကို တဖြည်းဖြည်းတူးလေရာ တဲ၏နောက်တွင် ဂူကလေးတစ်ခု ဖြစ်ကာ အိမ်၏ အတွင်းခန်းကလေးသဖွယ် ရရှိလေသည်။ ၎င်းမှ တူးဖော်ရရှိသော ကျောက်နှင့်မြေများကို ကျွန်ုပ်၏ ခြံစည်းရိုးပတ်လည်တွင် ဖို့ထားရာ တစ်ပေခန့်အမြင့် ရရှိ၏။

ယမ်းမှုန့်များကိုမူ ကျွန်ုပ်သည် အထုပ်များပြုလုပ်၍ သေတ္တာကလေးများ၌ ခွဲခြားထည့်ပြီးသော် အစိုတက်၍မဝင်စေရန် ကျောက်ကမ္ဘားယံရှိ အပေါက်များထဲတွင် သိုဝှက်သိမ်းဆည်းထားလေသည်။

ထို့နောက် ကျွန်းပေါ်တွင် ဆိတ်များရှိကြောင်း သိရသဖြင့် အတော်ပင် ကျေနပ်ဝမ်းမြောက်မိတော့၏။ ပထမ ကျွန်ုပ် ပစ်ခတ်ရရှိ သော အကောင်များအနက် ဆိတ်မတစ်ကောင်ပါရှိရာ ဆိတ်ငယ် ကလေးမှာ နို့စို့အရွယ် ကျန်ရစ်ခဲ့သဖြင့် ကျွန်ုပ်မှာ အတော်ပင် စိတ် မကောင်းဖြစ်မိ၏။ ဆိတ်မကြီးသေပြီးနောက် ဆိတ်ကလေးသည် မိခင်ကို တွယ်ကပ်လျက်ပင် ရှိနေသောကြောင့် ကျွန်ုပ်သည် ၎င်းအား သွားရောက်ဖမ်းဆီးလိုက်၏။ ဤမျှသာမက ဆိတ်မကြီးကို ကျွန်ုပ် ပုခုံးပေါ်တွင် ထမ်း၍ ယူဆောင်လာသောအခါ ဆိတ်ကလေးသည် တစာစာအော်မြည်ကာ ကျွန်ုပ်နောက်မှ ကပ်၍ လိုက်ပါလာလေသည်။ သို့နှင့်

ကျွန်ုပ်သည် ဆိတ်ကလေးကို ယဉ်အောင်မွေးမြူရန် ချီပိုးယူ ဆောင်ခဲ့ရ၏။ သို့သော် ဆိတ်ကလေးသည် နောက်ဆုံး၌ အစာ မစား ဘဲနေသဖြင့် ၎င်းအား သတ်၍စားရလေသည်။ ဤသို့ဖြင့် ကျွန်ုပ်မှာ ရက်ပေါင်းအတော်ကြာအတွက် စားရေရိက္ခာရရှိပြီး လျှင် ဆိတ်သား အချို့ကိုလည်း အခြောက်လှမ်း၍ထားလျက် အထူးသဖြင့် ပေါင်မုန့် များကို တတ်နိုင်သမျှ ချွေတာစား သောက်ခဲ့လေသည်။

ကျွန်ုပ်၏ အမှတ်အသားအားဖြင့် ဤကျွန်းပေါ်သို့ ကျွန်ုပ် ပထမ ခြေချသောနေ့မှာ ဆောင်းဦးပေါက်ရာသီ နေသွားရာလမ်း ကြောင်းသည် ကျွန်ုပ်၏ ဦးခေါင်းတည့်တည့်ပေါ်၌ ရှိစဉ်ဖြစ်၍ ရက်စွဲ အားဖြင့် စက်တင်ဘာလ ၃၀ ရက်နေ့ဖြစ်၏။ သို့နှင့် ကျွန်ုပ်ရောက်ရှိ နေသော နေရာဒေသတည်နေပုံကို နေသွားရာလမ်းကြောင်းများဖြင့် မှန်းဆ၍ကြည့်သော် လတ္တီတွဒ် (၉) ဒီဂရီ၏ မြောက်ဘက် ၂၂ မိနစ် အကွာ၌ဖြစ်ကြောင်း ခန့်မှန်းသိရှိရ၏။

ကျွန်းပေါ်သို့ရောက်ပြီးနောက် (၁၀) ရက် (၁၂) ရက်ခန့် ကြာ လတ်သော် ကျွန်ုပ်တွင် စာရွက်စာအုပ်လည်းမရှိ၊ မင်နှင့် ခဲတံ ကလောင် တံလည်း မရှိသဖြင့် ဤအတိုင်းသာသွားမည် ဆိုပါက အလုပ်လုပ်သော နေ့နှင့် ဘုရားဝတ်ပြုရမည့် တနင်္ဂနွေ နေ့များကိုပင် မမှတ်သားမိတော့ ဘဲ ရှိပေတော့မည်။ သို့နှင့် ရက်များ မလွဲချော်ရလေအောင် သစ်တုံး တစ်ခုကို လက်ဝါးကပ် တိုင်သဖွယ် ဘောင်ခတ်ကာ ကမ်းပေါ်သို့ ကျွန်ုပ်အား လှိုင်းပုတ်



http://www.cherrythitsar.org

ခတ်၍ တင်လိုက်သော နေရာအနီး၌ စိုက်ထူပြီး လျှင် အောက်ပါအတိုင်း စာတမ်းထိုးထားလိုက်လေသည်။

**ကျွန်ုပ်သည် ဤနေရာကမ်းခြေသို့ သက္ကရာဇ် ၁၆၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရောက်ရှိသည်။**

ထို့နောက် ယင်းလေးထောင့်တိုင်ကြီး၏ နံဘေးကို မောင်းချ ဓားကလေးဖြင့် တစ်နေ့လျှင် အထစ်ကလေးတစ်ထစ်ပြုလုပ်၍ ရက်များကို မှတ်သားလေတော့၏။ ဤသို့ဖြင့် အထစ်ကလေးများအနက် သတ္တမမြောက်အထစ်ကို အတန်ငယ် ပို၍ရှည်ထားလျက် လဆန်းတစ်ရက်နေ့တိုင် မှတ်သားသည့် အထစ်ကလေးကိုမူ ယင်းအထစ်ထက် ပို၍ ရှည်ထား၏။ ဤသို့လျှင် ကျွန်ုပ်သည် ရက်များ သီတင်းပတ်များနှင့် လများကို မှန်ကန်စွာ မှတ်သားနိုင်ပြီးလျှင် တစ်နှစ်ပြည့်သည်ကိုလည်း ကောင်းစွာ ရေတွက်နိုင်လေသည်။

ထို့နောက် ကျွန်ုပ်ရေးသားဖော်ပြလိုသည်မှာ သင်္ဘောမှ ယူခဲ့ သော အရာများထဲတွင် အထက်က ရေးသားဖော်ပြခြင်း မပြုမိသော အဖိုးများစွာ မထိုက်တန်သည့် ပစ္စည်းအတော်များများ ရရှိခဲ့၏။ ယင်း တို့မှာ တန်ဖိုးအားဖြင့် မများလှသော်လည်း ကျွန်ုပ်အတွက်မှာမူ များ စွာအသုံးဝင်သော ပစ္စည်းများဖြစ်လေသည်။ ယင်းတို့သည်ကား မင်နှင့် စက္ကူများ၊ သင်္ဘောကပ္ပတိန်၊



http://www.cherrythitsar.org

မာလိန်၊ အမြောက်ပစ်သမားနှင့် လက် သမားဆရာအခန်းမှ ကျွန်ုပ်ယူခဲ့သော ကွန်ပါများ၊ တိုင်းထွာရန်ပေတံ၊ ဆက်(စ)ကွဲယား စသည့် တွက်ချက်ခန့်မှန်းသော ကိရိယာများ၊ နာရီ လက်တံများ၊ မှန်ပြောင်း၊ ပင်လယ်အတိုင်းအထွာမြေပုံ၊ ရေပုံများ၊ ပင်လယ်ခရီးသွားခြင်းနှင့်ပတ်သက်သည့် စာအုပ်များဖြစ်၏။ ယင်းပစ္စည်းများကို ကျွန်ုပ်သည် အသုံးဝင်မည်မထင်မိ၍ ပဓာနမထားဘဲ အမှတ်မထင် ထုပ်ပိုးသိမ်းဆည်းကာ ယူခဲ့မိလေသည်။ ထိုမှတစ်ပါး သမ္မာကျမ်းစာအုပ် ၃ အုပ်၊ ပေါ်တူဂီဘာသာဖြင့် ရေးထားသော စာအုပ်အချို့၊ ဘုရားရှိခိုး ဆုတောင်းစာအုပ် ၂ အုပ် ၃ အုပ်နှင့် အခြားစာအုပ်အနည်းငယ်လည်း ပါရှိလေသည်။

ထို့ပြင် သင်္ဘောပေါ်၌ ခွေးတစ်ကောင်နှင့် ကြောင် ၂ကောင် ရှိကြောင်းကိုလည်း ဖော်ပြရန်မမေ့သင့်ပေ။ ကြောင် ၂ကောင်ကို ကျွန်ုပ် နှင့် တစ်ပါတည်း ယူဆောင်လာခဲ့ရာ ခွေးမှာမူ သင်္ဘောပေါ်မှ ခုန်ချ သွားပြီးနောက် ကျွန်ုပ်၏ ပစ္စည်းများကို ဖောင်နှင့် ပထမအခေါက် ပို့ပြီးသည့် နောက်တစ်နေ့တွင်မှ ကျွန်ုပ်ထံ ပြန်လည်ရောက်ရှိလာလေ သည်။ ထိုခွေးသည်ကား ကျွန်ုပ်၏အဖော်ပင်ဖြစ်တော့၍ နှောင်နှစ် ပေါင်းများစွာ ကျွန်ုပ်အားသစ္စာရှိစွာ အမှုထမ်းခဲ့ရှာလေသည်သူပင်လျှင်ကျွန်ုပ်၏အကူအညီသူပင်လျှင်ကျွန်ုပ်၏အဖော်ဖြစ်၍ တစ်ခါတစ်ရံ ကျွန်ုပ်အား စကားပြောစေလို၏။ သို့သော် ယင်းသည် မဖြစ်နိုင်သောအရာပင် ဖြစ်တော့၏။ ဤသို့ဖြင့် ကျွန်ုပ်သည် မင်၊



http://www.cherrythitsar.org

စက္ကူ နှင့် ကလောင်တံများကိုပင် ကျွန်ုပ်၏ ပစ္စည်းများထဲမှ တွေ့ရရာ ယင်းပစ္စည်းများကို ကောင်းစွာ သိမ်းဆည်းသိုမှီး၍ထားတော့၏။ ပစ္စည်းများကိုလည်း နောင် ကုန်ခမ်း ၍သွားကာ မည်သည့်နည်းနှင့်မျှ ရနိုင်တော့မည်မဟုတ်သဖြင့် ရိုသေ စွာ သိမ်းဆည်းထားရတော့၏။

ကျွန်ုပ်၏တဲစခန်းကိုကား ဖော်ပြပြီးဖြစ်ပေပြီ၊ ၎င်းမှာ ချောက်ကမ္ဘားယံဘေးတွင် ဂူငယ်တစ်ခုဖြစ်၍ ပတ်လည်တွင် ခိုင်ခန့်သော တိုင်များ၊ သွပ်ကြိုးများဖြင့် ကာရံထား၏။ စည်းရိုး၏ အပြင်ဘက်မှလည်း မြေနှင့်မြက်ဖုတ်များကို ၂ ပေခန့်မျှဒုရှိအောင် ပြုလုပ်ထားသေး၏။ ကျွန်ုပ်စိတ်ထင် တစ်နှစ်ခွဲခန့်မျှ ကြာသောအခါ ထိုနေရာတွင် ကျောက်နံရံဘက်သို့ ညွှန်အောင် ဒိုင်းကန်၍ထားသကဲ့သို့ ပြုလုပ်ထားလေသည်။ ထိုအရပ်ဒေသတွင် တစ်ခါတစ်ရံ မိုးသည်းထန်တတ်ကြောင်း၊ ကျွန်ုပ်ပြောခဲ့သည့်အတိုင်း မိုးမှ ကာကွယ်ရန် ထိုနေရာတွင် သစ်ပင်ကိုင်းများနှင့် သက်ငယ်များကိုပင် မိုး၍ထားလေသည်။

ဤသည့်ဂူကလေးကို တဖြည်းဖြည်း ချဲ့ထွင်လျက်ရှိ၏။ ထို့နောက် သားရဲတိရစ္ဆာန်များ၏ ကာကွယ်ရန် လကျာဘက်သို့ လိုဏ်ခေါင်းသဖွယ် ကန့်လန့်ဖြတ်ကူးပြီးလျှင် တစ်ဖန် လကျာဘက်သို့ ထိုနေရာမှ ထွက်နိုင်ရန် မလွယ်ပေါက်သဖွယ် ခိုင်ခန့်သော တံခါးတစ်ခု ကိုပင် ပြုလုပ်ထားလေသည်။

ယင်းအပေါက်မှာအဝင်ပေါက်မျှသာမက ကျွန်ုပ်တဲနှင့်တကွ ကုန်များသိုလှောင်ထားသော ဂိုထောင်၏ နောက်ဖေး

ပေါက်ဖြစ်ပြီး လျှင် ပစ္စည်းများ ထားသိုရန် နေရာလည်း ရခဲ့လေသည်။

ထို့နောက် ကျွန်ုပ်လည်း အသုံးဝင်၍ လိုအပ်သောပစ္စည်း များကို စတင်လုပ်ကိုင်ရာ ပထမဦးစွာ စားပွဲတစ်လုံးနှင့် ကုလားထိုင် တစ်လုံးကို ပြုလုပ်၏။ ယင်းပရိဘောဂများမရှိက ကျွန်ုပ်မှာ ရတတ် သမျှ အချိန်ကလေးကိုပင် သက်တောင့်သက်သာ ခံစားနိုင်ရန် မရှိချေ။ စားပွဲမှာ စာရေးရန်အတွက်သော်လည်းကောင်း၊ စားသောက်ရန် အတွက်သော်လည်းကောင်း များစွာအသုံးဝင်၍ မရှိလျှင် ကျွန်ုပ်အတွက် မဖြစ်သောအရာပင်ဖြစ်လေသည်။

ထိုစားပွဲနှင့် ကုလားထိုင်ကို ကျွန်ုပ်သည် သင်္ဘောပေါ်မှ ဖောင်ဖြင့် တင်ဆောင်လာခဲ့သော သစ်သားပြားကြီးများ၊ ပျဉ်ချပ်များ ဖြင့် စပ်ဟပ်လုပ်ကိုင်လေသည်။ ဤတွင်မျှမက ဂူ၏တစ်ဖက်သော နံရံတွင် ကျွန်ုပ်၏ လက်သမားကိရိယာများ၊ သံများ၊ သံတို မယ်နများ နှင့် အခြားပစ္စည်းများပါတင်နိုင်ရန် အနံတစ်ပေခွဲမျှရှိသော စင်များကို လည်း တစ်ခုပေါ်တွင်တစ်ခု ထပ်ကာ ပျဉ်ပြားများဖြင့် စပ်ဟပ်ပြုလုပ် လေသည်။ ကျောက်နံရံအတွင်းသို့လည်း သပ်များရိုက်နှက်သွင်းပြီး နောက် ကျွန်ုပ်၏ သေနတ်များနှင့် အခြားပစ္စည်းများ ဆွဲချိတ်ထားရန် ချိတ်များပြုလုပ်ထားသေး၏။

ဤသို့လျှင် ကျွန်ုပ်၏ ဂူကို ရတ်တရက် ကြည့်ရှုက ခဲယမ်း မီးကျောက် လက်နက်အသုံးအဆောင်နှင့် တိုလီမိုလီပစ္စည်း



http://www.cherrythitsar.org

များပင်မကျန်အလုံးစုံပြည့်စုံလျက်ရှိသော အထွေထွေစတိုခန်းကလေးသဖွယ် ဖြစ်၍နေလေသည်။ တစ်စုံတစ်ခုကို အလိုရှိက ကျွန်ုပ်၏ လက်လှမ်း မီတွင်ရှိနေအောင် သူ့နေရာနှင့်သူ နေသားတကျ ပြင်ဆင်ထားရှိရကား ကျွန်ုပ်မှာ ယင်းပစ္စည်းများကို ကြည့်မြင်ရုံမျှနှင့်ပင် တစ်နည်းတစ်ဖုံ စိတ်ကြည်နူးမိ၏။

သင်္ဘောပေါ်တွင် ရနိုင်သမျှ ပစ္စည်းများကို ဖောင်ဖြင့် သယ် ဆောင်ခဲ့ပြီးနောက် ရက်ပေါင်းအတန်ကြာသောအခါ ကျွန်ုပ်သည် တောင်ကုန်းကလေးပေါ်သို့ တက်၍ သင်္ဘောတစ်စင်းတလေ မြင်လို မြင်ငြား ကြည့်ရှုမိ၏။ တစ်ခါတစ်ရံ ကျွန်ုပ်၏ အာရုံလှုံ့ဆော်မှုကြောင့် ပေလောမသိ၊ အလွန်ဝေးလံသော နေရာတွင် ရွက်သင်္ဘောတစ်စင်း မြင် မိသကဲ့သို့ ထင်မှတ်ရ၏။ သို့သော် မျက်စေ့များ ကန်းလုမတတ် စိတ် အားထက်သန်စွာ ကြည့်ရှုပြန်သောအခါ ၎င်းမှာ မည်သည့်အရာမျှ မဟုတ်ဘဲ ပျောက်ကွယ်၍သွားတော့၏။ ထိုအခါမှ ကျွန်ုပ်သည် မိမိ၏ မိုက်မဲမှုကြောင့် ဤကဲ့သို့ စိတ်၏ လှည့်ဖြားခြင်း ခံရသည်ကို ဝမ်း နည်းမိကာ ကလေးတစ်ယောက်သဖွယ် ချုံးချငိုကြွေးမိတော့၏။

ကျွန်ုပ်နေထိုင်ရန်အတွက် စားပွဲကုလားထိုင် ပစ္စည်းကိရိယာ များပါမကျန် အိမ်တစ်ဆောင်သဖွယ် နေသားတကျထားသိုပြင်ဆင် ထားရှိမိသောအခါ ကျွန်ုပ်သည် ဂျာနယ်မှတ်တမ်းတစ်ခုကိုလည်း စတင်ပြုလုပ်ထားရှိလေသည်။



http://www.cherrythitsar.org

ကျွန်း၏ အနေအထားကိုလည်း ယခင်ကထက်ပို၍ သေချာ စွာ စူးစမ်းရှာဖွေစ ပြုတော့၏။ သို့နှင့် ကျွန်ုပ်သည် ယခင်က ဖောင် ဆိုက်ကပ်ခဲ့သော ကမ်းခြေရှိရာ ချောင်းကလေး ဆီသို့ ပထမဦးစွာ သွား ရောက်ပြီးလျှင် ချောင်းဖျားသို့ ၂ မိုင် ခန့် တက်မိသောအခါ ရေသည် ထိုနေရာထက် ပို၍ မတက်ဘဲ ရှိနေသည်ကို တွေ့ရ၏။ ၎င်းမှာ တသွင် သွင်စီးလျက်ရှိသော စမ်းချောင်းတစ်ခုမျှသာဖြစ်၍ ရေမှာလည်း သန့် ရှင်းကြည်လင် ပြီးလျှင် သောက်ရန်ကောင်းကြောင်း တွေ့ရှိရလေသည်။ သို့ သော် ထိုအချိန်မှာ နွေရာသီဖြစ်သဖြင့် အချို့နေရာများတွင် ရေ အနည်းငယ်မျှသာရှိပြီးလျှင် စီးဆင်းခြင်းမရှိချေ။ စမ်းချောင်း ၏ ကမ်း ပါး၌ကား မြက်များ ဖုံးအုပ်လျက်ရှိသည့် ညီညာသော မြက်လွင်ပြင် များ ရှိ၏။ ယင်းနေရာမှမြေသည် အတန်ငယ် မြင့် တက်လျက် ရေ လွှမ်းမိုးခြင်း မရှိနိုင်လောက်သော နေရာများ တွင် အလွန်သန်စွမ်းသော ဆေးပင်ကြီးများကို တွေ့ရပြီးလျှင် ဆေးပင်မှ ဆေးရွက်ကြီးများမှာ လွန်စွာ လတ်ဆတ်စိမ်းလန်း လေသည်။ နွယ်ပင်နှင့် အခြားအပင်များ ကိုမူ ကျွန်ုပ် သိလည်း မသိ၊ အမှတ်အသားလည်း မပြုမိချေ။

နောက်တစ်နေ့၌ ကျွန်ုပ်သည် ဤလမ်းအတိုင်း သွား ရောက် ခဲ့ရာ ယမန်နေ့ကထက် ပို၍ ခရီးရောက်ပြီးနောက် စား ကျက်နှင့်လွင်ပြင်များဆုံးသွားကာတောများအတော်ထူထပ် သည့်နေရာကို တွေ့ ရှိရလေသည်။ ထိုနေရာ၌ သစ်သီးများကို တွေ့ရ၍ ဖရဲသီးအမြောက် အမြားကိုလည်းကောင်း၊ သစ်ပင်



http://www.cherrythitsar.org

ကြီးများပေါ်တွင် နွယ်တက်လျက်ရှိ သော စပျစ်ပင်ကြီးများမှ အစုလိုက် အပြုံလိုက် တွဲရရွဲကျကာ စုပြုံ ပြွတ်သိပ်စွာ သီးနေသော စပျစ်ခိုင်များကိုလည်းကောင်း တွေ့မြင်ရ၏။ စပျစ်သီးများမှာ အလွန်အရည်ရွှမ်းပြီးလျှင် ချိုမြိန်သော အရသာနှင့် လည်း ပြည့်စုံလှပေ၏။ သို့နှင့် ကျွန်ုပ်လည်း အကြံရကာ စပျစ်သီးများ ကို ခူးပြီးလျှင် နေပူတွင် အခြောက်လှမ်းကာ ကောင်းစွာ သိမ်းထား တော့၏။ ဤသို့ဖြင့် သီးချိန်မတန်သောအခါများ၌ အလွယ်တကူစား သောက်နိုင်လေသည်။

ထိုအချိန်၌ကား မိုးရာသီနီးကပ်လာပြီဖြစ်၍ စပျစ်သီးများကို အခြောက်လှမ်းပြီးလျှင် တာရှည်ခံစေရန် နည်းအမျိုးမျိုးဖြင့် ကောင်း စွာပြုပြင် သိမ်းထားရ၏။ အချို့နေရာတွင် ရှောက်နှင့် လိမ္မော်သီးများ ကို တွေ့ရ၍ ယင်းတို့ကိုမူ ကျွန်ုပ် တတ်နိုင်သလောက် သယ်ဆောင် လာခဲ့လေသည်။

အိမ်သို့ပြန်ရောက်သောအခါ ယင်းတောင်ကြားမှာ အသီးအနှံတို့နှင့်ပြည့်စုံပြီးလျှင် သာယာသော တောင်ကြားတစ် ခုဖြစ်ကြောင်း ကိုယ်တိုင်တွေ့ခဲ့ရသည့်အတွက် များစွာပင် ဝမ်း မြောက်မိတော့၏။

သို့နှင့် ဤနေရာကို များစွာနှစ်သက်သည့်အတိုင်း ကျွန်ုပ် သည် ဇူလိုင်လ တစ်လလုံး၏ ကျန်ရက်များကို ထိုနေရာ သို့ သွား ရောက်ကာ အချိန်ကို ကုန်လွန်စေ၏။ ထို့နောက် တစ် ဖန် အကြံတစ်ခု ရပြန်၏။ ယင်းအကြံသည်ကား ထိုအသီးအနှံ တို့ကို ကျွန်ုပ်အလိုရှိရာ သို့ ရွှေ့ပြောင်း ယူဆောင်မသွားနိုင်သည့်



http://www.cherrythitsar.org

အတွက် ဤနေရာ၌ပင် အတော်အတန်ရိုင်ခံ့၍ အနည်းဆုံး ကျွန်ုပ်လက်ခုပ်တစ်ဖောင်ခန့်မြင့် သော ခြံတစ်ခြံခတ်ပြီးနောက် အလယ်တွင် ကျွန်ုပ်၏စိတ်ကူးဖြင့် စင် ကလေးများ ဆောက်ထားရန်ဖြစ်လေသည်။ ကျွန်ုပ်မှာ ထိုနေရာတွင် အလွန်ပျော်မွေ့သည့်အတိုင်း တစ်ခါတစ်ရံ နှစ်ညဥ့်သုံးညဥ့်မျှပင် ဆက် ၍နေထိုင်ခဲ့၏။ အတွင်းသို့ဝင်လျှင် လှေကားနှင့်ထောင်၍တက်ပြီး နောက် ဝင်ရ၏။ သို့နှင့် ကျွန်ုပ်မှာ ကျွန်ုပ်နေထိုင်သော အိမ်အပြင် အပျင်းဖြေလာရောက်လည်ပတ်ရန် တောအိမ်ကလေး သို့မဟုတ် ပင် လယ်လေညင်းခံရာ အိမ်ကလေးတစ်ဆောင်ရရှိခဲ့လေပြီ။ သို့သော် ယင်း ကို ဆောက်လုပ်ရသည်နှင့် အချိန်မှာလည်း ဩဂုတ်လဆန်းသို့ပင် ရောက်ခဲ့လေသည်။

ပင်ပန်းကြီးစွာ ဆောက်လုပ်မှုအတွက် စည်းစိမ်မခံရသေးမီ ပင် မိုးလည်း ကျလာသဖြင့် ကျွန်ုပ်မှာ မူလဆောက်လုပ်ခဲ့သော နေအိမ် ၌ပင် ခိုအောင်းနေရတော့၏။ တဲငယ်မှာ ယခင်က ဆိုအပ်ခဲ့ပြီးသည့် အတိုင်း သင်္ဘောရွက်မှ အပိုင်းအစဖြင့် လုံခြုံစွာ မိုး၍ထားသော်လည်း မုန်တိုင်းများတိုက်ခတ်လျှင် မလုံလဲလှဘဲ မိုးအလွန်သည်းထန်စွာ ရွာ သောအခါတွင် ခိုလှုံရန် ကျွန်ုပ်၏နောက်တွင် ဂူဟူ၍လည်း မရှိချေ။

ကျွန်ုပ်ပြောခဲ့သည့်အတိုင်း ဩဂုတ်လဆန်းလောက် တွင် စပျစ်နွယ်များတင်ရန် ပန်းရုံပြုလုပ်ပြီးဖြစ်၍ ကျွန်ုပ်မှာ လွန်စွာ သဘော ကျနှစ်ခြိုက်လျက် ရှိတော့၏။ ဩဂုတ်လ ၃ ရက်နေ့၌ နေပူတွင် ကျွန်ုပ် အခြောက်လှမ်းထားသော စပျစ်



http://www.cherrythitsar.org

သီးများမှာ ကောင်းစွာခြောက်သွေ့ပြီ ဖြစ်၍ စပျစ်သီးခြောက်များကို ရရှိပေပြီ။ နေပူလှမ်းထားသော စပျစ် ခိုင်ကြီး ၂၀၀ ကျော်ခန့်ရှိရာ မကြာမီ မိုးကျလာတော့မည်ဖြစ်သဖြင့် စပျစ်သီးများ ဤသို့သာ မခြောက်သွေ့က ဆောင်းအတွက် ကျွန်ုပ်၏ စားရေရိက္ခာ အမြောက်အမြား ဆုံးရှုံးရပေတော့မည်။ သို့နှင့် ကျွန်ုပ် လည်း စပျစ်သီးခြောက်များကို ဂူရှိရာသို့ အတော်များများ သယ်ဆောင် ခဲ့လေရာ ချက်ချင်းလိုပင် မိုးကျလာသဖြင့် တော်ပေသေး၏ဟု အောက် မေ့ရ၏။ ထိုနေ့မှာ ဩဂုတ်လ ၁၄ ရက်သို့ပင် ရောက်လာပြီဖြစ်ရကား ထိုနေ့မှစ၍ အနည်းနှင့်အများ နေ့စဉ် မိုးများရွာသွန်းလျက်ရှိတော့ရာ အောက်တိုဘာလ အလယ်လောက်သို့အထိ ရွာသွန်းတော့၏။ တစ်ခါ တစ်ရံ လွန်စွာသည်းထန်သဖြင့် ကျွန်ုပ်မှာ အပြင်သို့ မထွက်နိုင်ဘဲ ဂူအတွင်းသာ အောင်း၍နေရလေသည်။

ဤကျွန်းသို့ ကျွန်ုပ်ရောက်လာခဲ့သည်မှာ နှစ်တစ်ပတ် ပင် လည်၍ လာခဲ့လေပြီ။ သစ်သားတိုင်ပေါ်တွင် ဓားဖြင့် ထစ်၍ မှတ်သား ခဲ့သော အမှတ်အသားများလည်း ၃၆၅ မှတ် ပြည့်ခဲ့ လေပြီ။

ထိုအချိန် နောက်ရက်အနည်းငယ်အတွင်း၌ပင် ကျွန်ုပ် ၏မင်များမှာ နည်းပါးလာပြီဖြစ်၍ အလွန်ချွေတာသုံးစွဲရ တော့၏။ အလွန် အရေးကြီးသော အကြောင်းအရာများကို မှတ် သား၍ နေ့စဉ်သာမန်ဖြစ် ပျက်သည့် အဖြစ်အပျက်များကိုမူ မရေးသားဘဲ ထားရလေသည်။



http://www.cherrythitsar.org

မိုးနှင့်နွေမှာ လွန်စွာ အချိန်မှန်လှသည့်အတိုင်း စားရေရိက္ခာ များကို ကြိုတင်သိုလှောင်နိုင်ရန် ခွဲခြား၍သိရတော့၏။ သို့သော် တစ် ကြိမ်မှားပြီးမှသာ ဤကဲ့သို့ သိရလေသည်။ ပထမသော် စိတ်အပျက် ကြီး ပျက်မိ၏။ ဖြစ်ပုံမှာ ကျွန်ုပ်တွင် သင်္ဘောပျက်မှ စုဆောင်းရရှိထား သော စပါးအနည်းငယ်နှင့် ဂျုံစေ့ အနည်းငယ်စိုက်ပျိုးရန် မိုးရွာ၍အပြီး တွင် အချိန်တန်လောက်ပြီဟု ထင်မိ၏။ သို့နှင့် ကျွန်ုပ်သည် သစ်သား တူရွင်းဖြင့် မြေတစ်ကွက်ကို နှစ်ဖက်ခွဲ၍ တူးဆွပြီးနောက် သီးနှံများ စိုက်ပျိုးရမည့်အချိန်ကို မှန်ကန်စွာမသိသဖြင့် မျိုးစေ့များကို သုံးပုံနှစ်ပုံ သာ စိုက်လေသည်။

သို့သော် ယင်းကဲ့သို့ ပြုလုပ်မိသည့်အတွက် တော်ပေသေး၏ ဟုလည်း အောက်မေ့ရတော့၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်စိုက် ပျိုးပြီးသည့်နောက် လပေါင်းအတော်ကြာ မိုးမကျသဖြင့် မျိုးစေ့များ မှာ မိုးရာသီသို့ ရောက်သည်အထိ လုံးဝမပေါက်ဘဲ ရှိနေသောကြောင့် ဖြစ်လေသည်။ သို့သော် ထိုအချိန်ရောက်သောအခါ သစ်စေ့များသည် ချက်ချင်းစိုက်လိုက်ဘိသကဲ့သို့ ပေါက်၍လာလေသည်။

ပထမပျိုးလိုက်သော သစ်စေ့များမှာ မြေခြောက်သဖြင့် မပေါက်ဘဲ နေသည်ဟု တွေးပြီးလျှင် ကျွန်ုပ်လည်း ကျန်သောမျိုးစေ့ များကို ကျွန်ုပ်ခံတပ်အနီးရှိ အတန်ငယ်ပို၍ စိုစွတ်ထိုင်းမှိုင်းသော မြေ ကွက်တွင် ဖေဖော်ဝါရီလ၌ စိုက်ပျိုးလိုက်ပြန်၏။ နောက်၌ကား မတ်လ နှင့် ဧပြီလတွင် မိုးများရွာသွန်းသဖြင့်



http://www.cherrythitsar.org

ချက်ချင်းပင် အစို့အညှောက် ပေါက်ကာ အပင်ဖြစ်လာပြီးနောက် အသီးအနှံများ အောင်မြင်စွာ ရရှိ လေသည်။

အလုပ်ကပင် ကျွန်ုပ်အား သင်ကြားခဲ့ပြီဖြစ်၍ ကျွန်ုပ်လုပ်ကိုင်သော အလုပ်တွင် ကျွန်ုပ်မှာ ဆရာဖြစ်လာပြီးလျှင် မည်သည့်ရာသီနှင့် စိုက်ပျိုးရမည်ကို အတိအကျ သိရှိလာတော့၏။ သို့နှင့် တစ်နှစ်အတွင်း ပျိုးချိန် ၂ ကြိမ်၊ ရိတ်သိမ်းချိန် ၂ ကြိမ်ရှိကြောင်း သိရှိရလေသည်။

ယင်းအသီးအနှံများကိုစိုက်ရင်း ကျွန်ုပ်သည် တစ်စုံတစ်ရာ ကို တွေ့ရှိရ၏။ မိုးကုန်၍ ရာသီဥတု ငြိမ်သက်စပြုသည်နှင့်တစ်ပြိုင် နက် နိဝင်ဘာလလောက်၌ ကျွန်ုပ်၏ တောအိမ်ကလေးရှိရာသို့ သွား ရောက်လေ၏။ စက်ဝိုင်းသဏ္ဍာန် ကျွန်ုပ်ပြုလုပ်ထားခဲ့သော ခြံမှာ ခိုင်ခံ့တောင့်တင်း၍ လုံခြုံစွာ ရှိနေရုံမျှမက သစ်ပင်များမှ သစ်ကိုင်း များကို ချိုင်၍ ထိုးစိုက်ထားသော တုတ်များသည်လည်း အညှောင့် အတက်များ ထွက်ကာ အကိုင်းများပင် အတော်ရှည်၍နေလေပြီ။ ယင်း ကဲ့သို့ ဖြစ်လာသည်ကိုပင် ကျွန်ုပ်သည် မလိုအပ်သော အကိုင်းအခက် တို့ကို 'တိ' ၍ပစ်ရ၏။ ၃ နှစ်အတွင်း၌ ယင်းတို့သည် သစ်ပင်ကြီးများ ဖြစ်လာ၍ အချင်းအားဖြင့် ၂၅ ကိုက်ခန့် ကျယ်ဝန်းသော ကွက်လပ် ကလေးမှာ ယင်းသစ်ပင်များ ဝိုင်းရံကာ နွေအခါတွင် ကောင်းစွာ အရိပ် အာဝါသရသည့် နေရာကလေးတစ်ခုဖြစ်လာလေသည်။



http://www.cherrythitsar.org

ဤသို့လျှင် ကျွန်ုပ်သည် မူလနေအိမ်ဖြစ်သော နေရာတွင် ခိုင်ခံ့သော ခြံကြီးတစ်ခြံဖြစ်လာစေရန် သစ်ကိုင်းသစ်ပင်တို့ကို ခုတ် ပြီးလျှင် မူလရှိရင်းစွဲဝင်းခြံနှင့် ၈ ကိုက်ခန့်ဝေးသောနေရာ၌ စိုက်ပျိုး ပြန်၏။ ပိုမိုစိတ်ချရအောင် ၂ တန်းစိုက်၏။ ယင်းတို့သည် မကြာမီ အညှောင့်အတက်များထွက်ကာ အကိုင်းအခက်များဖြင့် ဝေဆာ၍ လာတော့၏။ ယင်းတို့သည် ရာသီဥတု၏ဒဏ်ကို အကာအကွယ်ပေးရုံမျှ မက ရန်သူကိုပင် ခုခံနိုင်ရန် အသုံးဝင်လေသည်။

သို့ဖြစ်၍ ရာသီဥတုကို ဥရောပတိုက်မှာကဲ့သို့ နွေနှင့် ဆောင်း ဟူ၍ မပိုင်းခြားဘဲ မိုးရွာသောရာသီနှင့် မိုးမရွာသော နွေရာသီများဟူ ၍ အောက်ပါအတိုင်း ဝေဖန်ပိုင်းခြားရမည်ဖြစ်ကြောင်း ကျွန်ုပ် သိရှိ ရတော့၏။

| | |
|---|---|
| ဖေဖော်ဝါရီလ(ဒုတိယလဝက်) | မိုးရွာသည် |
| မတ်လ | နေသည် "အီကွေနော့" ခေါ်နေတာ |
| ဧပြီလ(ပထမလဝက်) | ညတာ ညီမျှသော အချိန်လမ်းကြောင်းပေါ်၌လည်းကောင်း၊ အနီး၌သော်လည်းကောင်း ရှိမေသည်။ |
| ကျန်ဧပြီလ(ဒုတိယလဝက်) | သွေ့ခြောက်သည်(မိုးမရွာ) |
| မေ | နေသည် "အီကွေနော့" လမ်း |
| ဇွန်လ | ကြောင်း၏ မြောက်ဘက်၌ရှိ |
| ဇူလိုင်လ | သည်။ |
| ဩဂုတ်လ(ပထမလဝက်) | |

ဩဂုတ်လ(ဒုတိယလဝက်)　　　　မိုးရွာသည်
စက်တင်ဘာလ　　　　　　　　နေသည်ပြန်၍ရောက်လာသည်။
အောက်တိုဘာလ(ပထမလဝက်)

အောက်တိုဘာလ(ဒုတိယလဝက်)　　သွေ့ခြောက်သည် (မိုးမရွာ)
နိုဝင်ဘာလ　　　　　　　　　နေသည် "အီကွေနော့" လမ်း
ဒီဇင်ဘာလ　　　　　　　　　ကြောင်း၏ တောင်ဘက်တွင်
ဇန်နဝါရီလ　　　　　　ရှိနေသည်။
ဖေဖော်ဝါရီလ(ပထမလဝက်)

*မှတ်ချက်။*　။ **'အီကွေနော့' ၏အဓိပ္ပာယ်ရင်းမှာနေ့တာညတာ ညီမျှသည့် အချိန်ကာလကို ဆိုလိုသည်။ ယင်း ကာလ ၌ နေသည် ကမ္ဘာ၏ အလယ်ဗဟိုဖြစ် သောအီကွေ တာလမ်းကြောင်းကို တည့်တည့် ကြီးဖြတ်သွားရာ ကမ္ဘာတစ်ဝန်းလုံးရှိ အရပ်ဒေသ အားလုံးတွင် နေ့နာရီ နှင့် ညဥ့်နာရီ အချိန်တူမျှ လျက် ဝေါဟာရအားဖြင့် 'နေ့တာညဥ့်တာ ညီ မျှချိန်' ဟု ခေါ်သည်။**

မိုးရာသီမှာ လေတိုက်ခတ်သည်ကိုလိုက်၍ တစ်ခါ တစ်ရံ ပို၍ အချိန်တာရှည်တတ်ပြီးလျှင် တစ်ခါတစ်ရံလည်း ပို၍တိုတတ်၏။ သို့ သော် ၎င်းမှာ ကျွန်ုပ်ကိုယ်တွေ့မှတ်သား မိသလောက် သိရှိရခြင်းဖြစ် လေသည်။ ဤသို့ လက်တွေ့ကြုံ လာသောအခါ မိုးရွာသောရာသီ၌ အခြားနေရာသို့ရောက်၍ မနေစေရန် စားရေရိက္ခာများကိုပင် ကြိုတင် သိုလှောင်ထားကာ

ထိုမိုးရွာသော အချိန်များတွင် အပြင်သို့ မထွက် ဘဲ အိမ်ထဲ၌သာ ကုပ်၍နေခဲ့လေသည်။

ဤအခါမျိုးများ၌ ကျွန်ုပ်မှာ များစွာ အလုပ်လုပ်ရ တော့၏။ အချိန်ကာလအားလျော်စွာ လုပ်ကိုင်ရန် များစွာရှိ၏။ သို့သော် ယင်း တို့မှာ ကြိုးကြိုးပမ်းပမ်း အားစိုက်မှု၊ သည်းခံမှုများ ရှိမှသာ ဖြစ်ပေ မည်။ အထူးသဖြင့် ကျွန်ုပ်သည် တောင်းတစ် လုံးယက်လုပ်ရန် ရှိ၏။ သို့သော် ကျွန်ုပ်၌ရှိသော တောင်းယက် ရန် ပစ္စည်းအချို့မှာ ဆတ်လွန်း သဖြင့် ယက်၍မရချေ။ သို့နှင့် ခြံပြုလုပ်ရန် သစ်ကိုင်းများကို ချိုင်စဉ် သစ်ပင်တစ်ပင်ကို ပြေး၍ သတိရမိ၏။ ယင်းသစ်ပင်မှာ ကျွန်ုပ်တို့ အင်္ဂလန်ပြည် တွင် ဝက်သစ်ချပင် မိုးမခပင် စသည်တို့ကဲ့သို့ ပြင်းတွဲသည် ဖြစ်ရကား ယင်းအပင်မှ အကိုင်းများကိုယူ၍ ယက်လုပ်ခဲ့လျှင် ဖြစ်ကောင်းဖြစ်ပေမည်။

သို့နှင့် နောက်တစ်နေ့တွင် ကျွန်ုပ်အခေါ်အားဖြင့် 'တောအိမ်' ဟု ခေါ်သော တဲငယ်သို့သွားရောက်ပြီးလျှင် ထိုသစ် ပင်မှ ငယ်သော အကိုင်းခက်ကလေးများကို ရွေးချယ်ဖြတ် တောက်မိသောအခါ ကျွန်ုပ် အလိုဆန္ဒအတိုင်း ကိုက်ညီသည် ကို တွေ့ရသဖြင့် အတော်များများ ဖြတ်ယူခဲ့လေသည်။ ထို့ နောက် စက်ဝိုင်းသဏ္ဍာန် ဝင်းခြံအတွင်း၌ ဖြန့် ကြဲ၍ အခြောက် ခံစေကာ သင့်လျော်သောအခါမှ ကျွန်ုပ်၏ဂူသို့ ယူသွား ပြီးလျှင် ခြင်းတောင်းများ၊ များနိုင်သမျှ များအောင် ယက်လုပ်လေသည်။

ကျွန်ုပ်၏အကြံမှာ ထိုခြင်းတောင်းများဖြင့် မြေကြီးများ သယ်ယူရန်သော်လည်းကောင်း တစ်စုံတစ်ရာ ထားသိုရန်သော်လည်း ကောင်း အသုံးချရန်ဖြစ်ရာ လှလှပပပင် မယက်လုပ်နိုင်စေကာမူ ကျွန်ုပ် တွင် အသုံးဝင်လောက်အောင် အတော်သေသပ်စွာ ပြုလုပ်နိုင်ခဲ့ပေ သည်။

ထို့နောက်တွင်မှ ကျွန်ုပ်မှာ ယင်းတို့၏ အသုံးကျပုံကို တွေ့ရ သဖြင့် ခြင်းတောင်းများမရှိလျှင် မဖြစ်နိုင်အောင်ဖြစ်နေတော့၏။ ဖြာ ထားသော အကိုင်းများ ဆွေးမြေ့ခြောက်သွေ့သွားသောအခါ နောင် အလိုရှိက အသင့်ရနိုင်ရန် နောက်ထပ်အတော်များများ ပြုလုပ်ထား ပြန်၏။

ကျွန်ုပ်သည် သာမန်အခြားခြင်းတောင်းများထက် ခိုင်ခံ့၍ စောက်နက်သော ခြင်းတောင်းကြီးများကိုလည်း ဂျုံ၊ စပါး စသည်တို့ သိုလှောင်ထားရှိနိုင်ရန် ပြုလုပ်သေး၏။

ခြင်းတောင်းယက်ရန် သစ်ကိုင်းများရရှိရေး အခက် အခဲကို ကျော်လွန်ပြီးနောက် ရပြန်သောအခါ၌လည်း ကျွန်ုပ်မှာ အလုပ်ဖြင့် အတော်အချိန်ကုန်ခဲ့ရပြန်၏။ ဤတွင် ကျွန်ုပ် သည် နောက်ထပ်အလို ရှိသော ဆန္ဒနှစ်ခုကို အကယ်၍ တတ် နိုင်က ပြည့်ဝစေရန် ကြံစည်အား ထုတ်လျက်ရှိ၏။ ကျွန်ုပ်တွင် 'ရမ်' အရက်များဖြင့် ပြည့်လုမတတ်ရှိ နေသော ရေစည်ငယ်က လေး ၂ လုံးမှတစ်ပါး အရည်ထည့်ရန် အိုးခွက် စသည့်ပစ္စည်း တစ်စုံတစ်ရာ မရှိချေ။ ထိုမှတစ်ပါး ရေနှင့် အရက်ပြန်များထည့် ရန် လေးထောင့်ပုလင်းအနည်းငယ်ရှိ၏။ ထို့ပြင် သဘော်ပျက်



http://www.cherrythitsar.org

မှ ကျွန်ုပ်ဆယ်ယူရရှိခဲ့သော အလွန်ကြီးမားသည့် ကရားကြီးတစ်ခုလည်း ရှိသေး၏။ သို့သော် ၎င်းမှာ ကြီးလွန်းသဖြင့် ကျွန်ုပ်လိုအပ်သော အရွယ်အစား မဟုတ်ချေ။

ကျွန်ုပ်လိုအပ်သည်မှာ စွပ်ပြုတ်သော် လည်းကောင်း၊ သားငါး ကြော်ချက်ရန်သော်လည်းကောင်း မီးဖိုတွင် တည်နိုင်ရန် သင့်လျော်ရုံမျှ အရွယ်အစားဖြစ်လေသည်။ ဒုတိယ ကျွန်ုပ် လိုအပ်သောဆန္ဒမှာ ဆေးထည့်၍သောက်နိုင်ရန် ဆေးတံတစ်ချောင်း ဖြစ်လေသည်။ ယင်းအရာဝတ္ထုမှာ ပြုလုပ်ရန်မဖြစ်နိုင်သော်လည်း နောက်ဆုံး၌ ကျွန်ုပ်၏ အကြံအစည် အထမြောက်ခဲ့လေသည်။

ဒုတိယအထပ်ဝင်းခြံကို နွေရာသီ သို့မဟုတ် မိုးမရွာသောရာသီတစ်လျှောက်လုံး ပြုလုပ်ခဲ့ရာ အခြားအလုပ်တစ်ခု ပေါ်လာပြန်သဖြင့် စိတ်ထင်သည်ထက် ပို၍ ထိုအလုပ်ဖြင့် အချိန်ကုန်ပြန်၏။

ကျွန်ုပ်သည် ပင်လယ်ရေပြင်သို့ ဖြတ်၍ အခြားတစ်ဘက်ရှိကမ်းခြေသို့ ခရီးထွက်ရန် သန္နိဋ္ဌာန်ချလိုက်၏။ သို့နှင့် ကျွန်ုပ်သည် ယခင်ကထက်ပို၍ ယမ်းတောင့်နှင့် ကျည်ဆံများကို ထည့်ခဲ့ကာ သေနတ်နှင့် ပုဆိန်ကို ယူခဲ့ပြီးလျှင် ကျွန်ုပ်၏ ခွေးကိုလည်း ခေါ်ခဲ့၏။ စားရေရိက္ခာအတွက် ဘီစကွတ် ကိတ်မုန့် ၂ လုံး၊ စပျစ်သီးခြောက်အခိုင်ကြီး ၁ ခိုင်တို့ကိုလည်း အိတ်ထဲတွင်ထည့်၍ ယူခဲ့ပြီးနောက် ခရီးစတင်ထွက်တော့၏။

ကျွန်ုပ်၏ ပန်းစင်ဆောက်လုပ်ထားရာ 'လျှို' ကို ဖြတ်ခဲ့ရာ အနောက်ဘက်သို့ ကျယ်ပြန့်စွာရှိနေသည့် ပင်လယ်ကို

မြင်နိုင်သော နေရာသို့ ရောက်ခဲ့ပြီးလျှင် ထိုနေ့မှာလည်း သာယာသောနေ့တစ်နေ့ ဖြစ်သည့်အတိုင်း ကုန်းမြေကို ကောင်းစွာမြင်ရ၏။ ကျွန်းတစ်ကျွန်း ပင်ဖြစ်သည် သို့မဟုတ် တိုက်ကြီးတစ်တိုက်ပင် ဖြစ်သည်ကိုကား ကျွန်ုပ်မပြောနိုင်ချေ။ သို့သော် ကုန်းမြေမှာ အလွန်ဝေးသောအရပ်နှင့် အနောက်မှ အနောက်တောင်သို့ လွန်စွာ မြင့်တက်လျက်ရှိနေ၏။ ကျွန်ုပ်၏ ခန့်မှန်းခြေအားဖြင့် မိုင် ၅၀ – ၆၀ ခန့်ပင် ဝေးပေလိမ့် မည်။

အမေရိကတိုက်၏ တစ်စိတ်တစ်ဒေသ ဖြစ်ရမည်ဟု ကျွန်ုပ် သိရသည်မှတစ်ပါး ကမ္ဘာ၏ မည်သည့်နေရာ ဖြစ်လေသနည်းဟူ၍ ကား ကျွန်ုပ်မပြောနိုင်ချေ။ ကျွန်ုပ်အတွေ့အမြင်အားဖြင့် ညဏ်ရှိ သလောက်ပြောရမည်ဆိုသော် ယင်းနေရာမှာ စပိန်ပိုင် နယ်ပယ်များ ဖြစ်ပေလိမ့်မည်။ ထိုနေရာများတွင် လူသားစားလူရိုင်းများ နေထိုင်၍ ကျွန်ုပ်လက်ရှိရောက်နေသော နေရာထက် ဆိုးရွားပေလိမ့်မည်။

ထိုမှတစ်ပါး အထက်ပါအချက်များကို စဉ်းစားပြီးနောက် ဤကုန်းမြေသည် စပိန်ပြည်ပိုင် ပင်လယ်ကမ်းခြေဖြစ်ခဲ့လျှင် တစ်ချိန် မဟုတ်တစ်ချိန်တွင် သင်္ဘောများသည် တစ်နေရာမှ တစ်နေရာသို့ ဖြတ် သန်းသွားပေလိမ့်မည်။ အကယ်၍ မဟုတ်ခဲ့သော် ယင်းနေရာမှာ စပိန် နိုင်ငံနှင့် ဘရာဇီး (Brazil) အကြားရှိ လူရိုင်းကမ်းခြေဖြစ်၍ ယင်း နေရာမှ လူရိုင်းများမှာ သူတို့အထဲတွင် အဆိုးဝါးဆုံး လူရိုင်းများဖြစ် ပြီးလျှင် လူသားစား လူရိုင်းမျိုးများဖြစ်၍ သူတို့လက်တွင်းသို့ ကျရောက်သော



http://www.cherrythitsar.org

လူများအား လူ၏ ကိုယ်တစ်ကိုယ်လုံးကိုပင် စားသောက်တတ်ကြလေသည်။

ဤသို့ တွေးခေါ်ချက်များဖြင့် ကျွန်ုပ်သည် တဖြည်းဖြည်းလမ်းလျှောက်လာခဲ့၏။ ကျွန်း၏ တည်နေရာ ဤဒေသ အစိတ်အပိုင်းမှာ ကျွန်ုပ်နေထိုင်သော အစိတ်အပိုင်းထက် ပိုမိုသာယာလှသည်ကို တွေ့ရ၏။ ပြန့်ပြူးသော ကွင်းပြင်ကြီးများမှာ အချို့နေရာတွင် မြက်ခင်းကြီးများဖြင့်လည်းကောင်း၊ အချို့နေရာတွင် ပန်းမန်များဖြင့်လည်းကောင်း ဝေဝေဆာဆာ တန်ဆာဆင်လျက် တသင်းသင်းတိုက်ခတ်လျက်ရှိသော လေပြေသည် ကြည်လင်လတ်ဆတ်လှပေ၏။ အလွန်လှပသော တောများလည်း ရှိ၍ ထိုနေရာတွင် ကြက်တူရွေးများကို မြင်ရလေရာ အကယ်၍ တတ်နိုင်က တစ်ကောင်တလေ ဖမ်းမိချင်လှ၏။ ထိုသို့ ဖမ်းမိခဲ့လျှင် ယဉ်ကျေးအောင် သင်ကြား၍ ကျွန်ုပ်နှင့် စကားပြောဖော် ပြောဖက်ရအောင် ပြုလုပ်ရပေမည်။ နောက်ဆုံး၌ ကျွန်ုပ်သည် အလွန်ခဲယဉ်းစွာဖြင့် ကြက်တူရွေးတစ်ကောင်ကို တုတ်ရှည်တစ်ချောင်းဖြင့် ရိုက်၍ ဖမ်းဆီးရမိခဲ့ပြီးလျှင် အိမ်သို့ ယူဆောင်လာခဲ့လေသည်။ သို့သော် စကားတတ်ဖို့ရန်ကား နှစ်ပေါင်းအနည်းငယ်မျှ ကြာရှိခဲ့၏။ မည်သို့ပင်ဖြစ်စေ နောက်ဆုံး၌ ၎င်းသည် ကျွန်ုပ်နာမည်ကို အကျွမ်းတဝင် ခေါ်ငင်နိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့၏။

ထိုခရီးထွက်စဉ်က ကျွန်ုပ်၏ခွေးသည် တောဆိတ်ပေါက်စကလေးတစ်ကောင်ကို လိုက်၍ကိုက်လေရာ ကျွန်ုပ်က



http://www.cherrythitsar.org

ဆိတ်ကလေး ကို အတင်းပွေ့ချီထားသောအခါမှ ဆိတ်ကလေးမှာ သက်သာရာရသွား ပြီးလျှင် အသက်ရှင်ခဲ့လေသည်။

ကျွန်ုပ်သည် ခွေးအတွက် အမြဲဆောင်လေ့ရှိသော ချည်ကြိုး တစ်ချောင်းဖြင့် လည်ပတ်ကလေးတစ်ခု ပြုလုပ်၍ ၎င်း၏လည်ပင်း ကို စွပ်ပြီးသော် ပန်းစင်ရှိရာသို့ ရောက်အောင် အတော်ခဲယဉ်းစွာ ဆွဲ ခေါ်လာရ၏။ ထို့နောက် အိမ်သို့ မရောက်သည်မှာ တစ်လမျှ ကြာ ရှိခဲ့ပြီဖြစ်သဖြင့် သည်းမခံနိုင်လောက်အောင် ရှိနေရကား ၎င်းကို ခြံ ခတ်၍ထားခဲ့ပြီးလျှင် ထွက်လာခဲ့၏။



http://www.cherrythitsar.org

## အခန်း (၅)

အိမ်ကလေးသို့ပြန်ရောက်၍ ကျွန်ုပ်၏ ပုခက်အိပ်ယာဟောင်းကြီးပေါ်တွင် လဲလျောင်းရခြင်းမှာ မည်မျှလောက် ကျေနပ်နှစ်သိမ့်မှုရသည်ကို ပြောမပြနိုင်အောင်ပင် ရှိတော့၏။ နေရာထိုင်ခင်း အတည်တကျမရှိဘဲ လှည့်လည်ခရီးထွက်ခဲ့ခြင်းမှာ လွန်စွာပင် စိတ်မသက်မသာဖွယ်ကောင်းလှ၍ ကျွန်ုပ်အခေါ်အဝေါ်အားဖြင့် ကျွန်ုပ်ကိုယ်ပိုင်အိမ်ကလေးနှင့် နှိုင်းစာသော် အိမ်ကလေးမှာ လွန်စွာမှပင် စိတ်သက်သာရာရစေ၏။

ခရီးရှည်ထွက်ရာမှ ပြန်ခဲ့ပြီးနောက် ကျွန်ုပ်သည် အိမ်ကလေး တွင် တစ်ပတ်ခန့်မျှ အရသာရှိသော ခဲဖွယ်ဘောဇဉ်တို့ကို မှီဝဲစား သောက်ကာ အပန်းဖြေ၍နေခဲ့၏။ ယင်းအချိန်များ၌ ကျွန်ုပ်၏ ကြက်တူရွေးကလေးအတွက် လှောင်ချိုင့်ငယ်တစ်ခု ပြုလုပ်ရန် ကြီးလေးသောတာဝန်ကို ဆောင် ရွက်၍နေရတော့၏။ ယင်းမှာ အိမ်တွင် သာမန်မွေးထားသော တိရစ္ဆာန် ကလေး တစ်ကောင်မျှသာဖြစ်သော်လည်း ကျွန်ုပ်နှင့်မူ အတော်ပင် အကျွမ်းတဝင်ရှိခဲ့လေပြီ။



http://www.cherrythitsar.org

ထို့နောက် ကျွန်ုပ်၏ မြေရာ အဝန်းအဝိုင်းထဲတွင် ခြံခတ်၍ ထားခဲ့သော ဆိတ်ကလေးကို အမှတ်ရပြန်သဖြင့် ၎င်းအား အစာကျွေး ရန် သို့မဟုတ် အိမ်သို့ ခေါ်ဆောင်လာရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။ သို့နှင့် သွားရောက်ကြည့်ရှုရာ ၎င်းမှာ အစာကလည်း ငတ်နေသည့် ပြင် အပြင်သို့လည်း မထွက်နိုင်ရှာသဖြင့် ကျွန်ုပ်ထားခဲ့သည့်အတိုင်း ပင် ရှိနေသည်ကို တွေ့ရ၏။ သို့နှင့် ကျွန်ုပ်လည်း ရရာသစ်ရွက်နုများ ပါသည့် သစ်ကိုင်းများကို ခုတ်ချိုင့်ခဲ့ပြီးလျှင် ၎င်းအားကျွေးမွေးလေ သည်။ ကျွန်ုပ်က ကြိုးနှင့်ချည်မည်ပြုသောအခါ ဆိတ်ကလေးမှာ အစာ ငတ်သည့်ဒဏ်ဖြင့် ယဉ်ပါး၍လာပြီးလျှင် ခွေးတစ်ကောင်ကဲ့သို့ ကျွန်ုပ် နောက်မှ ကောက်ကောက်ပါအောင် လိုက်လာတော့၏။ ထိုအခါမှစ၍ ဆိတ်ကလေးမှာ ယဉ်ပါး၍လာပြီးလျှင် အလွန်သိမ်မွေ့၍ ချစ်စရာ ကောင်းလျက် ထိုအချိန်မှစ၍ နောင်အခါတွင် ကျွန်ုပ်နှင့် မခွာတော့ချေ။

မိုးကျမည်ဖြစ်သော နေ့နှင့်ညနာရီမျှချိန်သို့ ရောက်ရှိလာ၍ ရက်အလိုအားဖြင့် စက်တင်ဘာလ ၃၀ ရက်နေ့ဖြစ်ရာ ဤကျွန်းသို့ ရောက်လာသည့် နှစ်ပတ်လည်နေ့ဖြစ်ရကား ကျွန်ုပ်ဤကျွန်းသို့ ရောက်ခဲ့သည်မှာ ၂ နှစ်မျှပင် ရှိခဲ့လေပြီ။ သို့သော်လွတ်မြောက်ရန် ကား မျှော်လင့်ချက်မရှိချေ။

ကျွန်ုပ် ယခုရောက်ရှိနေသော ဘဝမှာ ယခင် ဘဝဟောင်းက မကောင်းသောဒုက္ခများဖြင့် ရောထွေးရှုပ်ပွေလျက်ရှိသည့်နေ့ရက်အချိန် များနှင့် နှိုင်းယှဉ်သော် မည်မျှလောက်



http://www.cherrythitsar.org

စိတ်ပျော်မွေ့ ချမ်းသာဖွယ် ကောင်းသည့်အဖြစ်ကို ကောင်းစွာ ခံစားသိရှိရတော့၏။ ကျွန်ုပ်သည် ဝမ်းနည်းခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကို တွန်းလှန်နိုင်လျက် ကျွန်ုပ်၏ ဆန္ဒရမ္မက်များသည်လည်း အရသာပြောင်းလဲ၍ သွားသကဲ့သို့ ရှိလေ သည်။ ဝမ်းမြောက်မှုများမှာလည်း လွန်ခဲ့သော ၂ နှစ်ခန့် ဤကျွန်းသို့ ကျွန်ုပ်ရောက်လာသည့်အချိန်တွင် တွေ့ကြုံခံစားခဲ့ရသော အရသာနှင့် မတူဘဲ ကျွန်ုပ်၏ စိတ်တွင် အသစ်အဆန်းများ ဖြစ်၍နေလေသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်၏စိတ်မှာ ဤလူသူမရောက်၍ ပျင်းရိ ငြီးငွေ့ဖွယ်ကောင်းသော ကျွန်းပေါ်တွင် တစ်ကိုယ်တည်း နေရခြင်း သည် ကမ္ဘာပေါ်ရှိ အခြားမည်သည့်အရပ်ဒေသ အစိတ်အပိုင်း၌မဆို အကယ်၍ နေထိုင်ရစေကာမူ၊ ယင်းနေရသောနေရာထက်ပင် ပို၍ နှစ် သိမ့်ပျော်မွေ့ဖွယ်ကောင်းသည် ကျွန်ုပ်ကောင်းစွာ ယုံကြည်မိတော့၏။

ဤသို့ဖြင့် ကျွန်ုပ်၏ ဘဝခရီးစဉ်သည် တတိယနှစ်သို့ ဆက် လက်သွားရပြန်တော့၏။ ကျွန်ုပ်၏အကြောင်းကို ဖတ်သူများ ငြီးငွေ့ ဖွယ်မဖြစ်အောင် ပထမနှစ်များကကဲ့သို့ ကျွန်ုပ်၏ အလုပ်များကို အသေးစိတ်မဖော်ပြတော့ဘဲ ယေဘုယျအားဖြင့် လုပ်ကိုင်ဆောင်ရွက် ရသည့် အလုပ်များကိုသာ ရေးသားဖော်ပြပါတော့အံ့။ ကျွန်ုပ်မှာ မည် သည့်အခါမျှ ပျင်းရိထိုင်းမှိုင်း၍ မနေဘဲ ကျွန်ုပ်ရှေ့တွင် လုပ်ကိုင်ရန် ရှိသော နေ့စဉ်အလုပ်ဝတ္တရားမှန်သမျှကို သူ့အချိန်နှင့်သူ လုပ်ကိုင် လျက်ရှိလေသည်။



http://www.cherrythitsar.org

ယင်းတို့မှာ ပထမ ဘုရားသခင်ထံ ဝတ်ပြုခြင်းနှင့် ကျမ်းဂန်စာပေများ ဖတ်ကြားခြင်း ( တစ်နေ့လျှင် ၃ ကြိမ် အချိန် မှန်ဖတ်၏။)

ဒုတိယအလုပ်မှာ မိုးမရွာသောနေ့များ၌ နံနက်တိုင်း နေ့စဉ်အစားအစာအတွက် သေနတ်ကိုယူ၍ ၃ နာရီခန့် အမဲလိုက်ထွက်ရ၏။ တတိယအလုပ်မှာ ပစ်ခတ်ရရှိခဲ့သော အမဲကို ဖျက်ခြင်း၊ အခြောက်လှန်းခြင်း၊ တာရှည်ခံအောင် ပြုပြင်သိုလှောင်ခြင်းနှင့် စားသောက်ချက်ပြုတ်ခြင်းများဖြစ်၏။ ဤသို့ဖြင့် ထိုနေ့အဖို့ အချိန်အတော်ပင် ကုန်သွား၏။

နေ့လယ်သို့ရောက်၍ နေသည် အမြင့်ဆုံးအချိန်သို့ ရောက်သောအခါ အလွန်ပူအိုက်လွန်းသဖြင့် ညနေပိုင်းတွင် ၄ နာရီခန့်သာ အလုပ်လုပ်နိုင်၏။ ယင်းကဲ့သို့ ခေတ္တအပန်းဖြေသည်မှတစ်ပါး ကျွန်ုပ်မှာ အလုပ်နှင့်လက် မပြတ်အောင် ရှိနေတော့၏။ တစ်ခါတစ်ရံ အမဲလိုက်ချိန်နှင့် အလုပ်ချိန်ကို ပြောင်းလဲယူရရာ နံနက်ခင်းတွင် အလုပ်လုပ်၍ ညနေခင်းများတွင် အမဲလိုက်၏။

ကျွန်ုပ်စိုက်ပျိုးသော အစေ့များမှာ 'တစ်စိတ်' ထက် မပိုချေ။ တူးဆွစိုက်ပျိုးရသော မြေမှာ မများလှသော်လည်း ကျွန်ုပ်စိုက်ပျိုးထား သော သီးနှံပင်များမှာ ဂျုံနှင့်ဆန်များကို ရရန် မျှော်လင့်ရ၏။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်ပိုင် မျိုးစေ့တို့မှာ မိုးမရွာသော ရာသီတွင် စိုက် ပျိုးမိခဲ့သဖြင့် ဆုံးပါးရ၏။ ယခုမူကား ကျွန်ုပ်စိုက်ပျိုးသော အသီးအနှံ များမှာ ဒီဇင်ဘာလနောက်



http://www.cherrythitsar.org

ဆုံးရက်များတွင် အောင်မြင်သည့် အရိပ် လက္ခဏာများကို တွေ့မြင်ရလေသည်။ ယင်းအချိန်မှာ ဒုတိယရိတ် သိမ်းချိန်ဖြစ်၍ တစ်ဖန်ပြန်၍ စိုက်ပြန်၏။

တစ်ဖန် ကောက်ရိတ်ရန် တံဇဉ်အတွက် အခက်ကြုံရပြန်၏။ မည်သို့ပင်ဖြစ်စေ တတ်နိုင်သမျှ ကြံဆောင်ပြုလုပ်ရတော့မည်ဖြစ်၍ ကျွန်ုပ်လည်း သင်္ဘောမှ ရရှိခဲ့သော လက်နက်များထဲမှ ဓားရှည်ဟောင်း တစ်ချောင်းကို တံဇဉ်ဖြစ်အောင် အစိတ်ကလေးများဖော်ကာ ဖြစ်က တတ်ဆန်း ပြုလုပ်ရလေသည်။

ကျွန်ုပ်စိုက်ပျိုးသော အသီးအနှံများမှာ မပြောက်မြားလှသဖြင့် ရိတ်ဖြတ်ရာ၌ အခက်အခဲမရှိလှချေ။ ကျွန်ုပ်သည် အနှံပါသော အပိုင်း လောက်ကိုသာ ဖြတ်ယူ၍ ခြင်းတောင်းကြီးများဖြင့် သယ်ဆောင်ပြီး လျှင် လက်များဖြင့်သာ ပွတ်ချေရပေသည်။ ကောက်ရိတ်ချိန်ပြီးဆုံး သောအခါ ကျွန်ုပ်စိုက်ပျိုးသောကောက်မှ ဂျုံစပါး 'နှစ်ဘူရှယ်ခွဲ' ထွက် သည်ကို တွေ့ရှိရ၏။ သို့သော် အချင်အတွယ်မှာ ခန့်မှန်းခြေမျှသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ ယင်းကဲ့သို့ စိုက်ပျိုးရခြင်းသည် ကျွန်ုပ် ကို အားတက်သရောဖြစ်အောင် ပြုလုပ်ပေးသကဲ့သို့ ရှိပြီးလျှင် ဘုရား သခင်သည် ကျွန်ုပ်အား ကျွေးမွေးရှာပေပြီဟု ကျေးဇူးတင်ဝမ်းမြောက် မိ၏။

သို့သော် ယင်းဂျုံစပါးများကို မည်ကဲ့သို့ ကြိတ်ရမည်၊ ဖွတ် ရမည်ကိုလည်းကောင်း အကယ်၍ ရစေကာမူ၊ မည်ကဲ့သို့



http://www.cherrythitsar.org

ထောင်း၍ ပေါင်မုန့်ဖြစ်ရန် မည်ကဲ့သို့ ဖုတ်ရမည်ကိုလည်းကောင်း စဉ်းစားမိသော အခါ ကျွန်ုပ်မှာ များစွာစိတ်ပျက်မိသည်။

အထက်ပါအကြောင်းမှာ စားရေရိက္ခာကို ကျွန်ုပ် အဆက်မပြတ်ရရှိစေရန် ဖန်တီးပေးသကဲ့သို့ ရှိတော့၏။ သို့နှင့် ကျွန်ုပ်သည် ယင်းအသီးအနှံများကို နောက်စိုက်ပျိုးချိန်တွင် မျိုးရအောင် သိုလှောင် ရသည့်လုပ်ငန်းဖြင့် အချိန်များစွာ အကုန်ခံရလေသည်။

စိုက်ပျိုးရမည်ဆိုရာ၌လည်း ပထမ မြေကိုထွန်ရန် ထွန်လည်း မရှိ၊ တူးရန် တူးရွင်းငန်းပြားသော်လည်းကောင်း၊ ဂေါ်ပြားသော်လည်း ကောင်း မရှိချေ။ သို့နှင့် ကျွန်ုပ်သည် သစ်သားဖြင့် တူးရွင်းငန်းပြား တစ်ချောင်း ပြုလုပ်ရ၏။ သို့သော် သစ်သားဖြင့် ပြုလုပ်ရသောကြောင့် အချိန်များစွာပင် ကုန်ခဲ့သော်လည်း အချိန်ကုန်သလောက် တာမသွား ဘဲ ရှိနေ၏။ ဤမျှသာမက အလုပ်ကိုလည်း နှောင့်နှေးစေ၏။ သို့ပင် ဖြစ်လင့်ကစား အောင့်အီးသည်းခံ၍ လုပ်ကိုင်ကာ ကျေနပ်ရတော့၏။ စိုက်ပျိုးပြီးသောအခါ၌လည်း ကျွန်ုပ်မှာ ထွန်မရှိသဖြင့် သစ်ကိုင်းကြီး တစ်ကိုင်းကို ခုတ်ယူပြီးလျှင် မြေပေါ်၌ အစင်းအကြောင်းများဖြစ်စေ ရန် ယင်းသစ်ကိုင်းကြီးကို အရင်းမှကိုင်၍ မြေပေါ်တွင် ဆွဲယူရလေ သည်။

ဂျုံစပါးများ ကျွန်ုပ်လက်ထဲတွင် အတော်အမြောက် အမြား မရှိမခြင်း ပေါင်မုန့်အတွက် အသုံးမပြုရန် စိတ်ကိုပိုင်း

ဖြတ်ထားပြီး ဖြစ်သည့်အတိုင်း ချက်ပြုတ်ရန်လိုအပ်သော အိုးခွက်များပြုလုပ်ခြင်း ဖြင့် နောက် ၆ လပတ်လုံး ပင်ပန်းကြီးစွာ လုပ်ကိုင်ကာ အကြံဉာဏ် ထုတ်ရလေသည်။

သို့သော် ထိုအခါ၌ ကျွန်ုပ်မှာ မြေတစ်ကောခန့်ပင် စိုက်ပျိုးနိုင်လောက်ပြီဖြစ်၍ မြေကို ပထမ နောက်ထပ် တိုးချဲ့ပြင်ဆင်ရမည်ဖြစ်၏။ သို့မပြုလုပ်မီ တူရွင်းတစ်ချောင်းပြုလုပ်ရန် တစ်ပတ်ခန့်မျှပင် အချိန်ကုန်ခဲ့၏။ ပြီးသောအခါ၌လည်း အလွန်လေးလံသဖြင့် ၂ ဆမျှ အားစိုက်ရ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် အိမ်ကလေးနှင့် နီးနိုင်သမျှ နီးသော မြေလွတ်ကလေးနှစ်ကွက်ပေါ်တွင် မျိုးစေ့များကို ကြဲဖြန့်ပြီးနောက် ယင်းတို့ကို ကျွန်ုပ် ယခင်ကပြောဖူးသည့် ကောင်းစွာရှင်လွယ်သော သစ်ပင်မှ သစ်ကိုင်းများကို ခုတ်ယူပြီးလျှင် ခြံခတ်လိုက်၏။

ဤသို့ဖြင့် တစ်စုံတစ်ရာ မပြုပြင်ဘဲ တစ်နှစ်ခန့်အကြာတွင် ခိုင်ခံ့ထူထပ်သော စည်းရိုးချုံပုတ်များ ဖြစ်လာလိမ့်မည်ဟု သိပြီးဖြစ်လေသည်။ အလုပ်ကား မနည်းလှဘဲ (၃) လခန့် ကြာ၍ သွား၏။ သို့သော် စိုစွတ်သောအချိန်ဖြစ်သဖြင့် အပြင်သို့ထွက်၍ ဝေးဝေးမသွားနိုင်သော အချိန်ဖြစ်သဖြင့် တော်ပေသေးသည်။

ကျွန်ုပ်မှာ မြေဖြင့်ပြုလုပ်သော အိုးခွက်များ အလွန်လိုအပ်နေ ကြောင်း တစ်နည်းအားဖြင့် သိရှိပါ၏။ သို့သော် မည်ကဲ့သို့ ရနိုင်မည် မသိချေ။ မည်သို့ပင်ဖြစ်စေ ရာသီဥတု၏ အပူအအေးကို ထောက်ချင့် ခြင်းအားဖြင့် အကယ်၍သာ ရွံ့စေးတွေရယူနိုင်က နေပူဖြင့် အခြောက် ခံပြီးလျှင် ပြုလုပ်ရစေကာမူ



http://www.cherrythitsar.org

အကိုင်အတွယ်ခံပြီးလျှင် ကျွန်ုပ်ထည့်လို သမျှ သင့်လျော်သော ပစ္စည်းကလေးကို ထည့်ထားနိုင်ပေမည်။ ဂျုံနှင့် ပြောင်းစပါးထည့်ရန် အထူးလိုအပ်သည့်အတိုင်း အိုးများကို စဉ့်အိုး များသဖွယ် ထောင်၍ထားနိုင်ရန် လုပ်ပေးရမည်။

ကျွန်ုပ်သည် စဉ့်အိုးဟု မခေါ်နိုင်လောက်သော်လည်း ၂ လ ခန့်အတွင်းတွင် ပုံပန်းမကျနလှသော အိုးနှစ်လုံးကို လုပ်ကိုင်ပြီးစီးခဲ့လေသည်။ နေပူဖြင့်ဖုတ်ရသော အိုးများဖြစ်သည့်အတိုင်း ညင်သာစွာ ကိုင်တွယ်မ,ယူ၍ ယင်းအတွက် ပြုလုပ်ထားသော ခြင်းတောင်းများ ထဲ၌ ထည့်ရလေသည်။ အိုးနှင့်ခြင်းစပ်ကြား၌ပင် ကောက်ရိုးနှင့် ဂျုံ ပင်ခြောက်များကို သွင်းထား၏။ သို့နှင့် အိုးများကို ခြောက်သွေ့သော နေရာ၌ထားကာ ကျွန်ုပ်၏ သီးနှံနှင့် မျိုးစပါးများကို သိုလှောင်ရတော့၏။

ထို့ပြင် အိုးဝိုင်းကလေးများ၊ ပန်းကန်ပြားများ၊ ရေကရား များ၊ ဆီမီးခွက်ကဲ့သို့သော အိုးငယ်များနှင့် ကျွန်ုပ်လက်တွေ့စမ်း၍ရ သလောက် အသုံးဝင်မည့် အိုးခွက်ကလေးများကို မြေဖြင့် အခြောက် လှမ်း၍ ပြုလုပ်ရလေသည်။

သို့သော် ဤမျှနှင့် မပြီးသေးချေ။ အရည်ထည့်၍ ရနိုင်ပြီး လျှင် မီးပေါ်၌အပူခံနိုင်သော အိုးများကို ပြုလုပ်ရပေဦးမည်။ တစ်နေ့ တွင် ကျွန်ုပ်၏ အစာဖြစ်သော အသားကို မီးဖုတ်ပြီး နောက် မီးကိုငြိမ်း သတ်ရာ၌ အိုးခြမ်းကွဲ အစကလေးတစ်ခုကို ရရှိလေရာ ယင်းမှာ ကျောက်ခဲကဲ့သို့ မာကျော၍ အုတ်ကြွပ် ကဲ့သို့ နီမြန်းလျက်ရှိကြောင်း တွေ့ရလေသည်။ သို့ တွေ့ရသ



http://www.cherrythitsar.org

ဖြင့် ကျွန်ုပ်မှာ အံ့အားသင့်ပြီးလျှင် အိုးခြမ်းကွဲစကလေးကို ဤမျှလောက် မာကျောအောင် ဖုတ်နိုင်က အိုး တစ်လုံးကိုလည်း မာကျောအောင် ကောင်းစွာ ဖုတ်နိုင်လိမ့်မည်ဟု တွေး မိ၏။

ယင်းကဲ့သို့ တွေ့ရှိရခြင်းသည်ပင် အိုးများကို ဖုတ်ရန် သင် ကြားပေးသကဲ့သို့ ရှိတော့၏။ ကျွန်ုပ်သည် အိုးထိန်းသည် များဖုတ် သော ဖိုကြီးကိုလည်းကောင်း၊ ခဲရေဖြင့် အပေါ်မှ အရောင်တင်ခြင်းကို လည်းကောင်း မသိချေ။ ကျွန်ုပ်၌ကား ခဲ အနည်းငယ်ရှိ၏။ သို့နှင့် အိုးငယ်ကလေး နှစ်လုံးသုံးလုံးကို တစ်ခုပေါ်တစ်ခု ဆင့်ပြီးသော် အောက်မှ မီးကျည်းအနည်းငယ် ခံလျက် ဘေးပတ်လည်တွင် ထင်းများ စုပုံ၍ မီးဖုတ်တော့၏။ နံဘေးမှ မီးများကျသွားသောအခါ ထင်းများ အသစ်ထပ်တိုး ပေး၍ အပေါ်မှ မီးကို ဖြန့်ပေး၏။ ဤသို့ဖြင့် အတွင်း အိုးများ သည် လုံးလုံးနီရဲလာသည့်တိုင်အောင် ဖုတ်သော်လည်း တစ်စုံ တစ်ရာ ကွဲအက်ခြင်းမရှိကြောင်း တွေ့ရလေသည်။ လုံးလုံးနီရဲ ၍လာ သောအခါ ကျွန်ုပ်လည်း ယင်းတို့အား ဤအပူရှိန်ဖြင့် ၅ နာရီ ၆ နာရီခန့် ဖုတ်လေ၏။ ယင်းတို့အနက် တစ်လုံးမှာ ကွဲအက်ခြင်းမရှိ သော်လည်း အရည်ပျော်၍ ပုံပျက်သွားသည်ကို တွေ့ရ၏။ အဘယ် ကြောင့်ဆိုသော် ရွှံ့စေးတွင်ပါသော သဲများ သည် အပူ၏ ပြင်းထန် သောအရှိန်ကို မခံနိုင်သဖြင့် အရည် ပျော်ကျသွားခြင်းဖြစ်ရာ၊ ဤကဲ့ သို့သာ ဆက်လက်၍ ဖုတ်က မှန်ချပ်ပင်ဖြစ်သွားပေမည်။ သို့နှင့် ကျွန်ုပ်လည်း အိုးများပေါ် တွင်နီရဲလျက်ရှိသောအရောင်တဖြည်းဖြည်း ပျောက်သွားသည့်



http://www.cherrythitsar.org

တိုင်အောင် မီးကိုလည်း တဖြည်းဖြည်း လျော့ရပေ သေးသည်။ သို့ပြုလုပ်ရာ၌ မီးများ ရတ်တရက် ငြိမ်းသွားမည်ကိုလည်း စိုးရသဖြင့် တစ်ညဥ့်လုံးပင် စောင့်၍နေရလေရာ နံနက်လင်းသောအခါ အလွန်ကောင်းသော အိုး ၃ လုံး ရရှိလေ၏။ အိုးကောင်းဟု ဆိုသော်လည်း လုပ၍ ပုံပန်းကျနသောအိုးဟု မဆိုလိုပါ။ သို့သော် ကျွန်ုပ်အလိုရှိသည့်အတိုင်း ကောင်းစွာကျက်သောအိုးများ ရရှိသည်ဟုသာ ဆိုလိုခြင်းဖြစ်ပါသည်။

ဤမျှလောက် ဆင်းဆင်းရဲရဲဖြင့် ကြံဖန်လုပ်ကိုင်ရသော မီးပေါ်တွင် တင်၍ ချက်ပြုတ်နိုင်သည့် အိုးကို ရရှိသောအခါ ကျွန်ုပ်မှာ အတိုင်းမသိ ဝမ်းမြောက်လျက် အိုးများကောင်းစွာကျက်၍ အေးသွားသည်အထိ သည်းခံ၍ စောင့်ရတော့၏။ ထို့နောက် ကျွန်ုပ်လည်း အိုးတစ်လုံးထဲတွင် ရေထည့်၍ အသားတစ်တုံးကို ပြုတ်စမ်းကြည့်ရာ ကောင်းစွာပြုတ်၍ ရတော့၏။ ဤသို့ဖြင့် ကျွန်ုပ်လည်း ဆိတ်ကလေးသားအနည်းငယ်ကို စွပ်ပြုတ်ကြို၍လည်းကောင်း၊ မြင်းစားဂျုံကို မုန့်ညက်ပြုလုပ်၍လည်းကောင်း စမ်းသပ်ကြည့်ရာ ကျွန်ုပ်အလိုရှိသည့်အတိုင်း ကောင်းစွာ အောင်မြင်တော့၏။

ထို့နောက် ကျွန်ုပ်လိုအပ်သောအရာမှာ ဂျုံစပါးများကို အခွံ ချွတ်ရန်ဖြစ်ရကား၊ အလွန်မာကြော၍ ကျွန်ုပ်နိုင်သလောက် သစ်သား တုံးကြီးတစ်တုံးကို ရှာဖွေပြီးလျှင် ဝိုင်းစက်အောင် ပြုလုပ်ပြီးနောက် အပြင်ဘက်ကို ရဲတင်းဖြင့် ရွှေ့ပြီးလျှင် ပုဆိန်ကလေးဖြင့် အချောကိုင် ပေးရ၏။



http://www.cherrythitsar.org

ကျွန်ုပ်၏ နောက်အခက်အခဲတစ်ခုကား ဆန်ခါရရန်ပင်ဖြစ်၏။ ကျွန်ုပ်တတ်နိုင်သမျှ ပြုလုပ်ရပုံမှာ သင်္ဘောသားများ အဝတ်များထဲ၌ လည်ပင်းစည်း၊ သို့မဟုတ် သရက်ထည်စသော်လည်းကောင်း ပိတ်ပါးတစ်မျိုးသော်လည်းကောင်း ရှိကြောင်း သတိရသဖြင့် ယင်းအစများဖြင့် ကျွန်ုပ်လည်း ဆန်ခါသုံးခုပြုလုပ်ရာ များစွာမကောင်းလှသော်လည်း သုံး၍ကားရ၏။ ထိုဆန်ခါများကိုပင် နှစ်ပေါင်းအတော်ကြာ အသုံးပြုခဲ့ရ၏။

ထို့နောက် မုန့်ဖုတ်ရန် ကိရိယာကို စဉ်းစားရ၏။ ကျွန်ုပ်၌ မြေဖြင့်ပြုလုပ်သော အိုး၊ ခွက်များ ရှိ၏။ ယင်းတို့မှာ အလွန်ကျယ်သော်လည်း စောက်မနက်ချေ။ အချင်းတစ်ပေခန့်ရှိ၍ ကိုးလက်မခန့်သာ အနက်ရှိလေသည်။ မုန့်ဖုတ်လိုသောအခါ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်တိုင်လုပ်သော အုတ်ကြွပ်များဖြင့် မီးဖိုပေါ်၌ မီးအတော်များများထည့်၏။

ထင်းများပြာကျ၍ မီးကျည်းများဖြစ်လာသောအခါ ယင်းတို့ အား ရှေ့သို့ ဆွဲထုတ်ပြီးလျှင် မြေကို အလွန်ပူသည့်တိုင်အောင် ထား ၏။ ထို့နောက် မီးကျည်းများကိုဖယ်ထုတ်ကာ ဂျုံကို အစိုင်အခဲများပြုလုပ်ပြီးလျှင် ချထား၍ ယင်းတို့အား မြေအိုးဖြင့်အုပ်ပြီးနောက် ပြာပူဖြင့် မီးကျည်းများကို အပူခာတ်ပို၍ရအောင် ဖုံးအုပ်လေ သည်။ ဤသို့ဖြင့် ပေါင်မုန့်များကို ဖုတ်နိုင်ပြီးလျှင် နောင်အခါ၌ ဆန် ဖြင့်ပြုလုပ်သော ကိတ်မုန့်များနှင့် ပူတင်းများကိုပင် ဖုတ်နိုင်လေသည်။

အထက်က ဖော်ပြခဲ့ပြီးသော ဝတ္ထုပစ္စည်းနှင့် ကိရိယာတန်ဆာပလာများကို ပြုလုပ်ရခြင်းဖြင့် ကျွန်ုပ်၏ တတိယနှစ်တွင် အချိန်အတော်ကုန်ခဲ့၏။ ထိုဝတ္ထုပစ္စည်းများကို ပြုလုပ်သည့်အချိန်များစပ်ကြား၌လည်း ကောက်သစ်များကို ရိတ်ရပြီးလျှင် ခြံကိုလည်း တစ်ဘက်က ပြုစုစိုက်ပျိုးရသေး၏။

ယခုအခါ ကျွန်ုပ်၏ သီးနှံများမှာ အတော်ပင် များလာပြီဖြစ်၍ ဂျုံစပါးများထည့်ရန် ကျီကို တိုးချဲ့ဆောက်လုပ်ရန် လိုအပ်လာ၏။ တည်ဆောက်ရန်နေရာလည်း လို၏။

တစ်နှစ်အတွင်းထွက်သော ဂျုံနှင့် မုယောစပါးများမှာ ကျွန်ုပ်စားသောက်သည်ထက် ပို၍နေ၏။ သို့နှင့် ကျွန်ုပ်မှာ ယခင်နှစ်ကစိုက်သည့် အချင်အတွယ်အတိုင်းသာ ထပ်မံစိုက်ပျိုးလေသည်။ ဤကိစ္စများကို ပြုလုပ်နေသည့်အတွင်း ကျွန်ုပ်မြင်ခဲ့ရသော ကျွန်း၏ တစ်ဘက်မှကြည့်လျှင် မြင်နေရသည့် မြေပေါ်သို့ အခါပေါင်းစွာ စိတ်ရောက်လျက်ရှိသည်ကို တွေးမိကောင်း တွေးမိကြပေမည်။

ထို့နောက် ကျွန်ုပ်လည်း သင်္ဘောပျက်၍ ပထမဦးစွာ ဤကျွန်းပေါ်သို့ လာ၍တင်စဉ်က လေမုန်တိုင်းတွင် လွင့်စင်ပါသွားသော ကျွန်ုပ်သင်္ဘောမှ အသက်ကယ်လှေ မှောက်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုရန် စိတ်ထဲတွင် ဖြစ်ပေါ်လာ၏။ လှေမှာ ထိုနေရာ၌ပင် ရှိနေသော်လည်း ယခင်ကအတိုင်းကဲ့သို့ မဟုတ်တော့ဘဲ၊ သောင်စပ် ခင်တန်းကလေးတစ်ခုကို နောက်ခံပြုကာ လှိုင်းလေတို့၏ ဒဏ်ကြောင့် မှောက်လုမတတ် ကပြောင်းကပြန်ရှိနေလေ၏။ သို့သော် အပေါ်၌ကား ရေမရှိချေ။



http://www.cherrythitsar.org

အကယ်၍ ကျွန်ုပ်၌သာ အင်အားရှိ၍ ယင်းလှေငယ်ကို ပြုပြင်ဖာထေးပြီးနောက်ရေသို့ချနိုင်က ကောင်းစွာအသုံးပြုနိုင်ပေဦးမည်။ လှေကို ရွက်စုံတိုက်၍ ခရီးသွားမည်ဆိုလျှင်လည်း ဘရာဇီးသို့ ပြန်၍ပင် ရောက်ကောင်းရောက်နိုင်ပေမည်။ သို့သော် ကျွန်းကို ကျွန်ုပ် ရွှေ့ချီမရသကဲ့သို့ လှေကိုလည်း အောက်ခြေကို နဂိုအတိုင်းဖြစ်အောင် ပြန် ၍ လှန်ရန် မဖြစ်နိုင်သည်ကို ကျွန်ုပ် တွေးမိ၏။

ဤသို့ဖြင့် လှေအတွက် မျှော်လင့်ချက်များသည် မဖြစ်နိုင်ဟု ဆိုရသော်လည်း ကျွန်ုပ်၏စိတ်တွင် လျော့ပါး၍မသွားဘဲ တိုး၍သာ လာခဲ့၏။ ထိုအရပ်ဒေသရှိ လူရိုင်းများသည်အင်အားလည်းမရှိ၊လက်နက်ကိရိယာတန်ဆာပလာလည်း မရှိပါဘဲလျက် သစ်ပင်ကြီး၏ သစ်လုံးကိုထွင်းကာ ပိန်းကောများကို ပြုလုပ်သကဲ့သို့ ကျွန်ုပ်လည်း မပြုလုပ်နိုင်ပါသလောဟူသော အတွေးအခေါ်သည် နောက်ဆုံး ကျွန်ုပ်ဦးခေါင်းထဲသို့ ဝင်လာ၏။

သို့နှင့် ကျွန်ုပ်လည်း အရင်းပိုင်းတွင် ၅ ပေ၊ ၁၀ လက်မ ရှိ ၍ ၂၂ ပေခန့်ရှည်သော အဖျား၌ ၄ ပေ ၁၁ လက်မ အချင်းရှိသော ထင်းရှူးပင်တစ်ပင်ကို ခုတ်လှဲလေသည်။ လှဲရသောအလုပ်ကား ပင် ပန်းလှတော့၏။ အရင်းပိုင်းကို ခုတ်လှဲခြင်း၊ ထွင်းခြင်းအလုပ်နှင့်ပင် ရက်ပေါင်း ၂၀ ခန့် ကုန်သွားပြီးနောက် ပုံဖော်၍ အချိုးကျအောင် ပုဆိန်ဖြင့် ရွေရသောအလုပ်က တစ်လမျှ အချိန်ကုန်လေသည်။ ပုံကျ မှလည်း ရေပေါ်တွင်

မတိမ်းမစောင်း သွားနိုင်ပေမည်။ တစ်ဖန် အတွင်း ဘက်ကို ထွင်း၍ အချောကိုင်ရခြင်းကား ၃ လမျှ အချိန်ကြာခဲ့ပြန်၏။ ဤအလုပ်များကို ကျွန်ုပ်သည် မီးမပါဘဲ ပုဆိန်ငယ်တစ်ချောင်း လက်ရိုက်ဆောက်ပုတ်တို့ဖြင့် အပင်ပန်းခံ၍ မနေမနားပြုလုပ်လေရာ အလွန်လှသော ပိန်းကောတစ်စင်းဖြစ်လာ၍ လူ ၂၆ ယောက်ဆန့်ပြီးလျှင် ကျွန်ုပ်၏ပစ္စည်းများကို ကောင်းစွာသယ်ဆောင်နိုင်ပြီ ဖြစ်လေသည်။

ဤအလုပ်ပြီးစီးသောအခါ ကျွန်ုပ်သည် အလွန်ပင်နှစ်သက်အားရဖြစ်မိတော့၏။ လှေကြီးမှာ သစ်ပင်တစ်ပင်၏ သစ်လုံးကို ထွင်း၍လုပ်သော ကျွန်ုပ်မြင်ဖူးသမျှ လှေ၊ သို့မဟုတ် ပိန်းကောများထက်ပို၍ကြီး၏။ မနားမနေ အင်တိုက်အားတိုက် ပင်ပန်းကြီးစွာ လုပ်ယူရပြီးလျှင် ပုဆိန်တစ်ချက် ချွေးတစ်ပေါက်မျှ ကျခဲ့၏။ ယခုသော် ကောင်းစွာပြီးစီးခဲ့ပြီဖြစ်၍ ရေသို့ချရန်ပင် လိုတော့၏။ ရေသို့ရောက်ခဲ့ပါမူ ကျွန်ုပ်သွားလိုရာ သွားနိုင်မည်။ ယခင်က မထွက်ဖူးသော ပင်လယ်ခရီးကို ထွက်နိုင်ပေတော့မည်။ စိတ်ကူးတိုင်း ပေါက်နိုင်ပေတော့မည်။

သို့သော် ရေသို့ချရန် ကြိုးစားသောအခါ ကျွန်ုပ်၏နည်း လမ်းများကား မအောင်မြင်ဘဲ ရှိနေ၏။ ကျွန်ုပ်လှေလုပ်ထားသော နေရာမှာ ရေစပ်မှ ကိုက် ၁၀၀ ခန့် ဝေးပြီးလျှင် ချောင်းဖျားတွင်ရှိနေ သည့် ကုန်းမြင့်ကလေးပေါ်၌ဖြစ်၏။ သို့ဖြစ်ရကား မြေပြင်ကို ဆင်ခြေ လျော ချိုင့်ဝှမ်းဖြစ်အောင် တူး၍ယူရန်စိတ်ကို ပိုင်းဖြတ်မိလေ၏။ အလုပ်စသောအခါ၌ကား ကျွန်ုပ်



http://www.cherrythitsar.org

မှာ ဆင်းရဲဒုက္ခများစွာ ခံရတော့၏။ သို့သော် ပြီးစီးသောအခါတွင် သင်္ဘော၏ အသက်ကယ်လှေကို မရွှေ့နိုင်သကဲ့သို့ ကျွန်ုပ်ပြုလုပ်သော ဤပိန်းကောကိုလည်း နေရာမှ မရွှေ့နိုင်ချေ။

ထို့နောက် ကျွန်ုပ်သည် ပိန်းကောကို ရေစပ်သို့ မသယ်ယူနိုင်က ရေကို ပိန်းကောရှိရာသို့ရောက်အောင် တူးမြောင်းကလေးတစ်ခု ပြုလုပ်ရပေမည်။ ဤကိစ္စ၌ မြောင်းကို အကျယ်တူးရမည်။ မြေစာကို မည်ကဲ့သို့ ဖော်စပ်၍ပစ်ရမည် စသည်တို့ကို ခန့်မှန်းတွက်ချက်ကြည့်ရာ ကမ်းခြေကလည်း အတန်ငယ်မြင့်၍နေသည့်အတွက် အဆုံးတွင် ပေ ၁၂၀ ခန့်နက်အောင် တူးရမည်ဖြစ်သည့်ပြင် တူးရမည့် လူအင်အားကလည်း ကျွန်ုပ်တစ်ယောက်သာ ရှိရကား ဆယ်နှစ် သို့မဟုတ် ၁၂ နှစ်ခန့် ကြာမှ အလုပ်ကြီးပြီးစီးတော့မည်ဟု ခန့်မှန်းတွက်ချက်မိ၏။ သို့နှင့် နောက်ဆုံး၌ ဤအကြံကို ကျွန်ုပ် လက်လျှော့လိုက်ရပေသည်။

ထိုအခါမှ အလုပ်တစ်ခုကို ပထမ မည်မျှ အင်အားကုန်ကျမည်ကို မတွက်ချက်ဘဲ စ၍လုပ်မိခြင်းသည် မိုက်မဲသောအပြစ်တစ်ခု ဖြစ်ကြောင်း ကျွန်ုပ်တွေး၍ ဝမ်းနည်းမိတော့၏။

ယင်းအလုပ်ဖြင့် ကျွန်ုပ်၏ စတုတ္ထနှစ် ကုန်လွန်ခဲ့၏။

ဤကျွန်းသို့ ရောက်ခဲ့သည်မှာ အချိန်အတော်ကြာရှိပြီဖြစ်ရ ကား၊ ကျွန်ုပ်တွင်ပါရှိသော ပစ္စည်းကလေးများမှာ အတော်ပင် ကုန် ခမ်းခဲ့၍ အချို့မှာ လုံးလုံးပင် မရှိသလောက်ဖြစ်၍လာချေပြီ။

ကျွန်ုပ်၏ မင်မှာလည်း အနည်းငယ်မျှသာ ကျန်တော့သဖြင့် တဖြည်းဖြည်း ရေနှင့်ရော၍ သုံးခဲ့ရာ၊ နောက်ဆုံးတွင် စက္ကူပေါ်၌ မပြောပလောက်အောင် အနက်ရောင်ကလေး ရေးရေးထင်ရုံမျှသာ ရှိတော့၏။ ထိုမင်မကုန်သမျှ ကျွန်ုပ်သည် တစ်လအတွင်းရှိ ရက်များကို တစ်စုံတစ်ရာ ထူးခြားသောအကြောင်းရှိသောနေ့ကိုသာ မှတ်သားတော့၏။

မင်ကုန်ပြီးနောက် ပထမ ကုန်ခမ်းသောအရာမှာ သင်္ဘောမှ ယူလာခဲ့သော ဘီစကွတ်မုန့်များဖြစ်၍ တစ်နေ့လျှင် တစ်ချပ်မျှသာ တစ်နှစ်ကျော်ကျော် စားပြီးနောက်၊ ဂျုံစိုက်ပျိုး၍မရမီ တစ်နှစ်နီးပါးမျှ မစားဘဲ နေခဲ့ရသေး၏။

အဝတ်အစားများမှာလည်း များစွာဆွေးမြေ့စ ပြုလာ၏။ အောက်ခံကိုယ်ကြပ်အင်္ကျီများမှာ ကုန်ပြီဖြစ်၍ ကျွန်ုပ်၏ အလုပ်မှာ ကုတ်အင်္ကျီကြီးအချို့မှ ကိုယ်ကြပ်အတွင်းခံအင်္ကျီများ ချုပ်ရန်ဖြစ်၏။ ဤသို့ဖြင့် ကျွန်ုပ်သည် ချုပ်လုပ်သောအလုပ် သို့မဟုတ် ဖာထေးသော အလုပ်ကို ချို့ငဲ့စွာ ပြုလုပ်ရတော့၏။ မည်သို့ပင်ဖြစ်စေ အလဲအလှယ် ရရှိရန် ဝေ့စကုတ် နှစ်ထည်သုံးထည်ခန့် ချုပ်လုပ်၏။ ဘောင်းဘီတိုကိုမူ နောင်အချိန်အတော်ကြာမှပင် တင်နိုင်ခဲ့လေသည်။

ကျွန်ုပ်သတ်ခဲ့သော သားကောင်များ၏ အရေများကို တာ ရှည်ခံအောင် ကောင်းစွာသိမ်းထားခဲ့၏။ အထူးသဖြင့် ခြေလေးချောင်း သတ္တဝါ၏အရေများကို တုတ်များဖြင့် နေပူတွင် ဖြန့်လှမ်းထားသဖြင့် အချို့မှာ အခြောက်လွန်ပြီးလျှင် အလွန်

မာကြောကာ သုံး၍မရဘဲ ရှိ နေသော်လည်း တချို့ကား အသုံးပြုရန် အလောတော်မျှ ရှိနေပေ၏။ ကျွန်ုပ် ပထမပြုလုပ်ရသောအရာမှာ ဦးခေါင်းတွင် ဆောင်းနိုင်ရန် ကက် ဦးထုပ်တစ်လုံးဖြစ်၍ မိုးရေခံနိုင်ရန် အမွေးကို အပြင်၌ထား၏။ ထို့ နောက် ကျွန်ုပ်လည်း တိရစ္ဆာန်အရေများဖြင့် ဝတ်စုံတစ်စုံချုပ်လုပ်ရာ ဘောင်းဘီတိုပုံကို အပူသက်သာ၍ အေးစေရန် ဒူးအောက်၌ ရော့ရဲစွာ ထားရှိ၏။ ချုပ်ပုံမှာလည်း ပုံမကျ ပန်းမကျ ဖြစ်သလို ချုပ်ရသည်ကို ဝန်ခံရပေမည်။ လက်သမားလုပ်ရာ၌ မကျွမ်းကျင်လှသော်လည်း အပ်ချုပ်သမားလုပ်ရာ၌ သာ၍ဆိုးတော့၏။ မည်သို့ပင်ဖြစ်စေ ဖြစ်သမျှနှင့်ပင် ကျေနပ်နှစ်သိမ့်ကာ ရောင့်ရဲတင်းတိမ်ရတော့၏။ အပြင်သို့ ထွက်သောအခါ သားမွေးက အပြင်ကဖြစ်နေသဖြင့် မိုးရွာသော်လည်း အတွင်း၌မစိုလှချေ။

ထို့နောက် ကျွန်ုပ်သည် ထီးတစ်လက်ကို ဒုက္ခကြီးစွာခံ၍ စမ်းသပ်ပြုလုပ်ကြည့်ရာ အချိန်အတော်ပင် ကုန်ပြန်၏။ ယင်းမှာ အလွန်လိုအပ်သော ဝတ္ထုပစ္စည်းတစ်ခုဖြစ်၍ ကျွန်ုပ်ကလည်း ပြုလုပ်ရန် များစွာဆန္ဒ ရှိလေသည်။ အလွန်ပူသော အပူကို ခံနိုင်ရန် ဘရာဇီးမြို့၌ ထီးများလုပ်သည်ကို ကျွန်ုပ်တွေ့မြင်ဖူး၏။ ထိုနေရာထက် ကျွန်ုပ်ရောက်ရှိသောနေရာမှာ နေ့တာညတာ ညီမျှသည့် အချိန်လမ်းကြောင်းနှင့် ပို၍နီးသဖြင့် အပူရှိန်ပြင်းလှ၏။ ထို့ပြင်လည်း အပြင်သို့ မကြာခဏထွက်သောကြောင့် အပူရှိန်ကိုကာကွယ်ရန် လိုသကဲ့သို့ မိုးကိုလည်း ကာကွယ်ရန် လိုအပ်လှတော့၏။ ကျွန်ုပ်သည် နည်းအမျိုးမျိုး



http://www.cherrythitsar.org

ဖြင့် ဒုက္ခခံကာ ပြုလုပ်သော်လည်း ထီးနှင့်တူအောင် မလုပ်နိုင်မီပင် နှစ်ချောင်းသုံးချောင်းမျှ အချည်းနှီးဖြစ်သွား၏။ ထို့နောက် စိတ်ကူး ပေါက်လာ၍ ကျွန်ုပ် အတော်သဘောကျသော ထီးတစ်ချောင်းကို ကောင်းစွာပြုလုပ်နိုင်ခဲ့လေသည်။ သို့ပြုလုပ်ရာ၌ အခဲယဉ်းဆုံးသော အရာမှာ ဖွင့်ပြီးထီးရွက်ကို နေသားတကျပြန်၍ပိတ်အောင် ပြုလုပ်ခြင်း ပင် ဖြစ်၏။ သို့ပြုလုပ်နိုင်မှလည်း ခရီးသွားရာတွင် လွယ်ကူပေမည်။ နောက်ဆုံး၌ တိရစ္ဆာန်အရေများဖြင့်ပင် အမွေးများကို အပြင်ဘက်ထား ၍ ပြုလုပ်ရာ မိုးရေကို မတင်စေဘဲ ကောင်းစွာ အောင်မြင်ထမြောက် တော့၏။ အပူဓာတ်ကို ခံရာ၌လည်း အလွန်ပူသော နေပူအောက် လျှောက်သွားစေကာမူ အရိပ်အောက်တွင် ရှိနေဘိသကဲ့သို့ ရှိတော့၏။ မလိုသောအခါ ထီးရွက်ကို ပိတ်ပြီးလျှင် ချိုင်းကြားတွင် ညှပ်၍သွား နိုင်၏။

ထို့နောက် ၅ နှစ်အတွင်း အထူးတလည် ဖြစ်ပျက်ခြင်းဟူ၍ တစ်စုံတစ်ရာမရှိဘဲ ယခင်ကအတိုင်း နေထိုင်ခဲ့၏။ တစ်နှစ်တာအတွက် ဝမ်းစာဖူလုံရန် ကျွန်ုပ်၏ သီးနှံများကို စိုက်ပျိုးရိတ်သိမ်းခြင်းနှင့် အစား အစာများကို တာရှည်ခံအောင် ထားသိုခြင်းများအပြင် သေနတ်ကိုယူ ၍ နေ့စဉ် အမဲပစ်ရန် ထွက်ခြင်း စသော အလုပ်များကား ကျွန်ုပ်၏ ရေးကြီးခွင်ကျယ်အလုပ်များ ဖြစ်လေသည်။ ပိန်းကောကို ဒုက္ခခံ၍ ပြုလုပ်ပြီးစီးခဲ့လေပြီ။ ထို့နောက်ကား အနံ ၆ ပေကျယ်၍ အနက် ၄ ပေမျှရှိသော တူးမြောင်းကို မိုင်ဝက်ခန့်ရှည်အောင် တူးပြီးနောက် ရေသို့ချရ

မည်ဖြစ်၏။ ရေသို့ ချရတော့၏။ အလုပ်မလုပ်မီ မစဉ်းစားမိဘဲ အလွန်ကြီးသော ပိန်းကောကို ပထမပြုလုပ်မိသောကြောင့် ရေသို့ ရောက်အောင်လည်း မချနိုင်၊ ပိန်းကောရှိရာသို့လည်း ရေရောက်၍ လာအောင် မတတ်နိုင်သဖြင့် နောက်တစ်ကြိမ်တွင် ဤကဲ့သို့ အမှားမျိုးကို မပြုလုပ်မိစေရန် သတိပေးသည့်အနေဖြင့် ထားရတော့၏။ နောက်တစ်ကြိမ်ပြုလုပ်က ရေစပ်သို့ရောက်အောင် အလွယ်တကူ သယ်ယူနိုင်လောက်သော သစ်ပင်ကို ချိုင်၍ ရေစပ်နှင့် အနီးစပ်ဆုံးနေရာ၌ ပြုလုပ်မှသာလျှင် အဆင်ပြေတော့မည်ဟု သဘောပေါက်မိတော့၏။ သို့ပင်ဖြစ်လင့်ကစား ၂ နှစ်မျှအချိန်အတွင်း ကျွန်ုပ်သည် လက်မလျှော့ဘဲ ကြိုးစားခဲ့ရာ နောက်ဆုံး၌ ရေသို့ချနိုင်သောအခြေသို့ ရောက်ရှိခဲ့လေသည်။ ထိုအတွင်း ယခင်က ကျွန်ုပ်မှားသည့်အတွက် မိမိကိုယ်ကိုမိမိအပြစ်မတင်ဘဲ ပင်လယ်ခရီးသွားရန် မျှော်လင့်ချက်တစ်ခုကိုသာ ရှေးရှုပြီးလျှင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရသည်ကိုပင် မမောနိုင် မပန်းနိုင်ရှိတော့၏။

ကျွန်ုပ်၏ လှေငယ်မှာ အပြီးသတ်ခဲ့ပြီဖြစ်သော်လည်း ခန့်မှန်းခြေအားဖြင့် မိုင် ၄၀ ခန့်ရှိသော ပင်လယ်ကွေ့ကို ယင်းလှေအရွယ်အစားဖြင့် ဖြတ်ကူးရန် မဝံ့သေးချေ။ လှေငယ်သဖြင့်သာ ဤအကြံကို လက်လျှော့လိုက်ရ၏။ ထို့နောက် ဆက်လက်၍ စိတ်မကူးတော့ချေ။ သို့သော် ကျွန်ုပ်၏ နောက်အကြံတစ်ခုမှာ ကျွန်းကိုပတ်ရန် ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်ထံ အတော်များများရှိနေသော သင်္ဘောရွက်များထဲမှ အပိုင်းအစတစ်ခုကို ရွက်ပြုလုပ်ပြီးလျှင် လှေကို တပ်ဆင်လေသည်။ ထို့နောက် လှေ၏ဦးပိုင်း၌ ခဲယမ်းမီးကျောက် စားရေရိက္ခာမှစ၍ လိုအပ်သော အသုံးအဆောင်များကို ထည့်နိုင်ရန် အံဖုံး (သို့မဟုတ်) သေတ္တာများ ပြုလုပ်လေသည်။ လှေ၏ တစ်နေရာတွင် သေနတ်ထည့်ရန် အခေါင်းတစ်ခု အလျားလိုက်ပြုလုပ်၍ အပေါ်ပိုင်းမှ ရွက်ဖျင်တစ်စဖြင့် ရေမစိုရန် အုပ်ထားလိုက်သေး၏။ ပဲ့ပိုင်းတစ်နေရာ၌လည်း ရွက်တပ်သကဲ့သို့ ကျွန်ုပ်ထိုင်မည့်နေရာ ဦးခေါင်းအပေါ်တည့်တည့်မှာ ထီးကို ဖွင့်ထားခြင်းအားဖြင့် နေ၏အပူကို ကာကွယ်လေသည်။

ကျွန်ုပ်နေထိုင်ရာ ကျွန်းကလေးတည်ရှိပုံကို မြင်လိုလှပြီဖြစ်၍လည်း ထိုလှေဖြင့် ခရီးထွက်ရန် စိတ်ကို ပိုင်းဖြတ်လိုက်ပြီးလျှင် လှေပေါ်၌ ဂျုံစပါးဖြင့် ပြုလုပ်သော ပေါင်မုန့် ၁၂ လုံး၊ နေ့စဉ် အများအပြားစားသောက်သော ထမင်းခြောက်များထည့်သည့် အိုးတစ်လုံး၊ ရမ်အရက်တစ်ပုလင်း၊ ဆိတ်ကောင်တစ်ဝက်၊ သင့်လျော်လုံလောက်သော ခဲယမ်းမီးကျောက်များ စသည်တို့ကို တင်ဆောင်ခဲ့၏။ သင်္ဘောပျက်ပေါ်ရှိ သင်္ဘောသားများ၏ သေတ္တာထဲမှ အတော်များများရရှိခဲ့သော ကုတ်အင်္ကျီများကိုလည်း အိပ်ရာခင်းရန်နှင့် ခြုံရန် အတော်များများ ယူခဲ့လေသည်။

ထို့နောက် ကျွန်ုပ်လည်း ခရီးထွက်ခဲ့ရာ ခရီးစဉ်မှာ ကျွန်ုပ် မျှော်လင့်သည်ထက် များစွာ ပို၍ကြာရှိခဲ့၏။ အဘယ်



http://www.cherrythitsar.org

ကြောင့်ဆိုသော် ကျွန်းမှာ များစွာမကြီးလှသော်လည်း ကျွန်း၏ အရှေ့ဘက်သို့ ရောက် သောအခါ ကျောက်ဆောင်နှင့် ကျောက်တန်းများသည် ၅ မိုင် ၆ မိုင် ခန့် ပင်လယ်ထဲသို့ တိုးထွက်လျက် အခြားဘက်၌လည်း သဲသောင်များ ရှိနေသောကြောင့် ၎င်းတို့အား ကွေ့ပတ်၍သွားရသည်မှာ အတော်ပင် ခရီးထောင့်လှတော့၏။

သို့နှင့် ကျွန်ုပ်လည်း လှေကိုပထမကျောက်ချ၍ ကောင်းစွာ ချည်နှောင်ပြီးသော်၊ သေနတ်ကိုယူ၍ ထိုနေရာကို အပေါ်မှ စီး၍မြင် နိုင်လောက်သော တောင်ပူစာကလေးတစ်ခုပေါ်သို့ တက်၍ကြည့်ရှု၏။

သို့ ကြည့်ရှုရာတွင် အရှေ့ဘက်သို့ ပြင်းထန်စွာ စီးဆင်း လျက်ရှိသော ပင်လယ်ရေစီးကြောင်းတစ်ခုကို မြင်ရပြီးလျှင် ယင်းရေ စီးကြောင်းမှာ အငူစွန်းအနီးသို့ ဝင်ရောက်လာသည်ကို တွေ့မြင်ရ၏။ အကယ်၍ ယင်းရေစီးကြောင်းသို့သာ ရောက်ခဲ့ပါမူ လှေနှင့်တကွ ကျွန်ုပ်ပါ ပင်လယ်တွင်းသို့ ပါသွားပေတော့မည်။ ထိုရေစီးကြောင်း သည်ပင် ကျွန်း၏အခြားတစ်ဘက်သို့ ရောက်သောအခါ၊ ကျွန်းဘက် သို့ ပြန်စီးလျက်ရှိပြန်ရာ ထိုရေစီးကြောင်းရှိရာသို့သာ ကျွန်ုပ်ရောက် အောင် သွားရပေတော့မည်။

ပင်လယ်ကား ငြိမ်သက်လျက်ရှိသဖြင့် ကျွန်ုပ် ရဲဝံ့လာ တော့ ၏။ သို့သော် ကျွန်ုပ်သည် ကမ်းခြေနှင့် လှေတစ်လျားမှ မကွာမီ ကျွန်ုပ် ၏ လှေကလေးသည် အလွန်ရေနက်သောနေရာ



http://www.cherrythitsar.org

သို့ ရောက်နေရုံမျှမက စက်တစ်ခု၏အရှိန်ဖြင့် ရေတံခါးမှ ဒလဟောစီးထွက်နေသကဲ့သို့ ရေ စီးကြောင်းတွင် မျောပါသွားတော့၏။ မည်မျှလောက် အရှိန်ပြင်းထန် သနည်းဟူမူ ကျွန်ုပ်မှာ ရေစီးကြောင်း၏ နံဘေးဆီသို့ လှေကို ရောက် နိုင်သမျှ ရောက်အောင် ကြိုးစားသည်မှတစ်ပါး အခြားမည်သို့မျှ မတတ်နိုင်အောင် ရှိတော့၏။ သို့နှင့် ကျွန်ုပ်၏ လှေကလေးမှာ ကျွန်း ဘက်သို့ ပြန်၍စီးလျက်ရှိသော ရေစီးကြောင်းမှ ဝေးသည်ထက် ဝေး သွားတော့၏။ လေကလည်း ကျွန်ုပ်အား ကယ်ဆယ်ရန် မတိုက်ခတ်၊ လှော်တက်များကလည်း ကျွန်ုပ်အား မကူညီတော့ချေ။

"သည်တစ်ခါဖြင့် ကိစ္စချောပေပြီ" ဟု အောက်မေ့လိုက်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်း၏ တစ်ဖက်တစ်ချက်၌ ရေစီးကြောင်းများရှိ၍ ကမ်းခြေမှ လေးငါးမိုင်ခန့်အကွာတွင် ယင်းရေစီးကြောင်းများသည် တစ်ဖန် ဆက်စပ်မိကြပေလိမ့်မည်။ ထိုအခါ ယင်းတို့အား ရှောင်လွှဲနိုင်မည်မဟုတ်။ ပျက်စီး ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ပြီ။ ပင်လယ်တွင်းနစ်မြုပ်၍ မပျက်စီးစေကာမူ စာရေးရိက္ခာပြတ်လျက် ပျက်စီး ဆုံးရှုံးရပေတော့မည်။ လှေပေါ်တွင် ကျွန်ုပ်ဖမ်းမိသော လိပ်ကြီး တစ်ကောင် ရရှိ၏။ သောက်ရေအနည်းငယ်နှင့် ထမင်းခြောက်တစ်အိုးရှိ၏။ သို့သော် ကျွန်းတစ်ကျွန်းသော်လည်းကောင်း၊ ကမ်းခြေ တစ်ခုခုသော်လည်းကောင်း မိုင်ပေါင်း ၁၀၀၀ အတွင်း၌ တစ်စုံတစ်ရာ မရှိသည့် ဤသမုဒ္ဒရာပင်လယ်ပြင်တွင် ထိုမျှလောက်သော စားရေ ရိက္ခာကလေးများဖြင့် အဘယ်သို့ပင် အသက်ရှင်နိုင်ပါအံ့နည်း။



http://www.cherrythitsar.org

နေမွန်းတည့်အချိန်လောက်၌ ကျွန်ုပ်၏ မျက်နှာပေါ်သို့ လေညင်းကလေးများ တိုက်ခတ်လာ၏။ ယင်းလေညင်းကလေးမှာ တောင်ဘက်ရှိ အရှေ့တောင်အရပ်မှ တိုက်ခတ်လာလေသည်။ သို့နှင့် ကျွန်ုပ်သည် အတော်အတန်အားတက်လျက်ရှိစဉ် နာရီဝက်ခန့်အကြာ၌ လေသည် အတော်အတန်ပြင်း၍လာ၏။ ထိုအခါ၌ ကျွန်ုပ်မှာ ကျွန်းနှင့် အတော်ဝေးသောနေရာသို့ ရောက်ရှိနေပြီဖြစ်ရာ အကယ်၍ ဆီးနှင်းသို့မဟုတ် မြူ စသော ရာသီဥတုတစ်ခုခု၏ ဖောက်ပြန်မှုသာ ရှိခဲ့ပါမူ ကျွန်ုပ်ထံတွင် တိုင်းထွာရန် ကွန်ပါလည်း မရှိသဖြင့် အကယ်၍ ကျွန်းနှင့် မျက်ခြေပြတ်သွားကာ ကျွန်းသို့ရောက်အောင် မည်ကဲ့သို့ ကွေ့၍ သွားရမည်ကိုပင် မသိချေ။ သို့သော် ရာသီဥတုမှာ ကြည်လင်လျက် ရှိသဖြင့် ရွက်ကိုဖြန့် ကာ ရေစီးကြောင်းမှလွတ်ရန် မြောက်အရပ်မှ ဝေးသည်ထက်ဝေး အောင် လွှင့်လျက်ရှိ၏။

၃ မိုင်ခန့် လွှင့်မိသောအခါ လေသည် အတော်ကောင်းလျက်ရှိသဖြင့် ကျွန်ုပ်သည် ယခင်ကကဲ့သို့ လမ်းသစ်မရှာဘဲ လှေကို ကျွန်းနှင့်တည့်နိုင်သမျှ တည့်အောင် ပဲ့၍ပေးလေသည်။

ညနေ ၄ နာရီခန့်သို့ ရောက်သောအခါ ကျွန်းနှင့် ၃ မိုင်ခန့် သာ ဝေးတော့သဖြင့် ယခင်က ဖော်ပြခဲ့သည့်အတိုင်း တောင်ဘက်သို့ ထိုးထွက်ပြီးလျှင် မြောက်ဘက်တွင် ဝဲကဲ့သို့ဖြစ်စေလျက်ရှိသော ကျောက်စွန်းများကို တွေ့ရ၏။ ရေစီးမှာလည်း အတော်သန်ပြီးလျှင် အနောက်စူးစူးသို့သွားသော ကျွန်ုပ်၏လမ်းကြောင်းကို တားဆီးခြင်း မရှိဘဲ မြောက်အရပ်သို့သာ လုံး

လုံးစီးလျက်ရှိလေသည်။ မည်သို့ပင်ဖြစ်စေ၊ လေကလေးကလည်း အတော်သန်လျက် ရှိသဖြင့် ကျွန်ုပ်သည် လှေကို ဝဲ၏ အနောက်မြောက်စွန်းသို့ ရောက် နိုင်သမျှ ရောက်အောင် ပဲ့ကိုင်၍ ပေးလေရာ တစ်နာရီခန့် ကြာလတ် သော် ကမ်းနှင့် တစ်မိုင်ခန့်သာဝေးသော ရေမျက်နှာပြင် ငြိမ်သက် ရာ နေရာသို့ ရောက်ရှိလာပြီးနောက် ကျွန်းပေါ်သို့ တက်နိုင်ခဲ့လေ သည်။

ကမ်းသို့ပင်ရောက်ရှိစေကာမူ ကျွန်ုပ်၏ အိမ်ရှိရာသို့ လှေဖြင့် မည်ကဲ့သို့သွားရမည်ကို မသိနိုင်အောင် ရှိတော့၏။ အပြင်သို့ ကျွန်ုပ်ထွက်လာခဲ့သော လမ်းအတိုင်းကြိုးစားရန်မှာလည်း အတော်ပင် ဒုက္ခတွေ့ခဲ့ရလေပြီ။ အခြားဘက်၌ (အနောက်ဘက်ကိုဆိုလိုသည်) မည်ကဲ့သို့ ရှိမည်ကို မသိရသေး။ စွန့်စားရန်လည်း စိတ်မရှိတော့ချေ။ လှေကို အလိုရှိက အကာအကွယ်ရနိုင်သော ချောင်းငယ်များရှိမရှိကို ကြည့်ရှုနိုင်ရန် အနောက်ဘက်သို့ ကမ်းခြေမှ နံနက်တွင် ခြေကျင် လျှောက်သွားရန် စိတ်ကိုပိုင်းဖြတ်လိုက်တော့၏။

ကမ်းခြေမှ လျှောက်၍ ၁ မိုင်ခန့် သွားမိသောအခါ ကုန်းအတွင်းသို့အတန်ငယ်ထိုးဝင်နေသည့် ပင်လယ်ကွေ့ ကလေးတစ်ခုကို တွေ့ရ၏။ ယင်းမှာ ၁ မိုင်ခန့်ကျယ်၍ ကုန်း တွင်းသို့ တဖြည်းဖြည်း ကျဉ်းမြောင်းသွားပြီးလျှင် ချောင်းငယ် ကလေးတစ်ခုတွင် အဆုံးသတ် လျက်ရှိရကား အလွန်ကောင်း သောနေရာတစ်ခုဖြစ်၍ လှေထားရန် အတွက် တမင်သက်သက် ဖန်တီးပြုလုပ်ထားဘိသကဲ့သို့ ရှိတော့၏။ သို့နှင့် ကျွန်ုပ်လည်း



http://www.cherrythitsar.org

ဤအလွန်လုံခြုံလှသောနေရာ၌ ဆိုက်ကပ်ပြီး လှေျင် လှေကို မြဲမြံစွာ ချည်နှောင်ထားခဲ့၍ မည်သည့်နေရာသို့ ရောက် ရှိနေကြောင်းသိရန် ကမ်းပေါ်သို့ တက်ခဲ့လေသည်။

ထိုကမ်းစပ်မှာ ယခင်က ခြေကျင်လျှောက်လာခဲ့ဖူးသော နေရာကလေးတွင်ဖြစ်၍ ကျွန်ုပ်လည်း လှေမှ သေနတ်နှင့် ထီးမှတစ်ပါး အခြားမည်သည့်ပစ္စည်းကိုမျှမယူဘဲ လမ်းလျှောက်ခဲ့လေသည်။ ထိုမျှလောက် ပင်လယ်ခရီးထွက်ခဲ့ရပြီးနောက် ယခုကဲ့သို့ ခြေကျင်လျှောက်လာခြင်းသည်ပင် များစွာ သက်သာရာရသကဲ့သို့ ထင်ရ၏။ သို့နှင့် ကျွန်ုပ်လည်း ညနေခင်းအချိန်တွင် ကျွန်ုပ်ပန်းခြံသို့ ရောက်ခဲ့ရာ အစစအရာရာ ယခင်ကထားခဲ့သည့်အတိုင်း နေသားတကျ ရှိနေသည်ကို တွေ့ရ၏။ ကျွန်ုပ်မှာ ဤတောအိမ်ကလေးကို မည်သည့်အခါမဆို သပ်ရပ်စွာ ထားရှိခဲ့လေသည်။

ခြံကိုကျော်ခဲ့၍ သစ်ပင်ရိပ်အောက်တွင် အညောင်းဆန့်လျက် ရှိရာ၊ ကျွန်ုပ်မှာ အလွန်ခရီးပမ်း၍လာခဲ့သောကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်၍သွားလေသည်။

ကျွန်ုပ်ကား ပင်လယ်ကို အတော်ငြီးငွေ့လျက်ရှိနေလေပြီ။ သို့သော် ကျွန်ုပ်နေသော ကျွန်းဘက်တွင် လှေကလေးရှိနေက ဝမ်းမြောက်မိမည်ဖြစ်သော်လည်း လက်တွေ့အားဖြင့် မည်သို့ပြုလုပ်ရမည်ကို မသိချေ။ ယင်းမှာ လပေါင်းများစွာ ဆင်းရဲဒုက္ခခံ၍ ပြုလုပ်ရအပ်သော ပစ္စည်းဖြစ်သော်လည်း ကျွန်ုပ်၌ လှေမရှိဘဲ နေခြင်းကိုပင် စိတ်ကျေနပ်ရတော့မည်ကဲ့သို့ ရှိနေ၏။



http://www.cherrythitsar.org

ဤနည်းဖြင့် ကျွန်ုပ်သည် မည်သည့်နေရာကိုမျှ သွားလာခြင်းမရှိဘဲ အိမ်တွင်းအောင်းလျက် အေးချမ်းစွာ နေထိုင်ခဲ့၏။ လူသူအပေါင်းအဖော်ကင်းမဲ့ခြင်းမှတစ်ပါး ကျွန်ုပ်နေထိုင်ရသောဘဝမှာ လွန် စွာမှ စိတ်တည်ငြိမ်၍ ချမ်းမြေ့လှပေသည်။

ကျွန်ုပ်၏ လုပ်ကိုင်စမ်းသပ်မှုများမှာလည်း အတော်ပင် တိုးတက်လာလျက် ဆေးတံ တစ်ချောင်း လုပ်ကိုင်အထမြောက်သောအခါ ကျွန်ုပ်မှာ များစွာဝမ်းမြောက်မိ၏။ ယင်းဆေးတံမှာ ကြမ်းတမ်းလျက် ပုံပန်းကျနခြင်းမရှိသော်လည်း အငွေ့လိုက်ကောင်း၍ သောက်၍ဖြစ် သည်ကိုပင် ကျေးဇူးတင်ရတော့၏။ သင်္ဘောပေါ်တွင် ယခင်က ဆေးတံပေါင်းများ တွေ့မြင်ခဲ့ဖူးသော်လည်း ကျွန်း၌ဆေးပင်များ ရှိသည်ကို မသိသဖြင့် မယူခဲ့မိချေ။ နောက်တစ်ကြိမ် ပြန်၍ ရှာသောအခါ၌မူ၊ ဆေးတံများကို လုံးဝမတွေ့ရဘဲ ရှိတော့၏။

နှစ်များသည်ပင် တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်လာသဖြင့် ၁၁နှစ်မြောက်သောအချိန်သို့ ရောက်ခဲ့လေပြီ။ မီးကျောက်များမှာလည်း တဖြည်းဖြည်း ကုန်ခမ်းစပြုလာ၍ ဆိတ်များကို အရှင်ဖမ်း၍ မိနိုင်ရန် ထောင်ချောက်ဖြင့် ထောင်၍ ဖမ်းသည့်အတတ်ကိုပင်လေ့လာရတော့၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ဆိတ်များကို အရှင်လတ် လတ်ဖမ်းမိရန် အလိုရှိပြီးလျှင် အထူးသဖြင့် နို့စို့သားငယ်ပါရှိမည့် ဆိတ်မတစ်ကောင်ကို သာ၍အလိုရှိသောကြောင့်ပေတည်း။

---



http://www.cherrythitsar.org

နောက်ဆုံး၌ ကျွန်ုပ်သည် တွင်းကျထောင်ချောက်ပြုလုပ်ရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။ သို့နှင့် ဆိတ်များသွားလာကျက်စားသည်ကို မြင်ဖူးသော နေရာများ၌ တွင်းများကို အမြောက်အမြား တူးပြီးလျှင် ထိုတွင်းများပေါ်၌ ခုန်ရန် အလေးချိန်များရှိသော ကပ်များကို ကိုယ်တိုင်ပြုလုပ်ထား၏။ ထို့နောက် စပါးနှံများနှင့် ထမင်းခြောက်များကို ကြဲချထားလေသည်။ သို့သော် ဆိတ်များသည် အစာကိုသာ စားသွားကြောင်း သူတို့၏ ခြေရာများကို တွေ့ရသဖြင့် သိရှိရ၏။ သို့နှင့် ကျွန်ုပ် လည်း ထောင်ချောက်များကို တစ်မျိုးတစ်မည် ပြုလုပ်ပြီးလျှင် ထောင် ပြန်ရာ နောက်တစ်နေ့နံနက်၌ တွင်းတစ်ခုထဲတွင် ဆိတ်ကလေး ၃ ကောင်မိ၍နေသည်ကို တွေ့ရ၏။ တစ်ကောင်မှာ အထီးဖြစ်၍ နှစ်ကောင်မှာ အမဖြစ်လေသည်။

ထို့နောက် ကျွန်ုပ်လည်း ယင်းတို့အား ဖမ်း၍ တစ်ကောင်စီ ကြိုးဖြင့် ချည်ပြီးသော် အတော်ခဲယဉ်းစွာနှင့်ပင် အိမ်သို့ ယူဆောင်ခဲ့ လေသည်။ ဆိတ်ကလေးများမှာ ရက်အတော်ကြာမှ အစာကျွေး၍ ရ တော့၏။ ထို့နောက် ကျွန်ုပ်လည်း အချိုဖြင့် ရောစပ်ထားသော ဂျုံ စပါးများကို ပစ်၍ ကျွေးကာ တဖြည်းဖြည်း ယဉ်ကျေးလာအောင် ပြု လုပ်ရတော့၏။ ကျွန်ုပ်မှာ ခဲယမ်းမီးကျောက်ပင် ကုန်စေကာမူ ဆိတ် သားရရန် မျှော်လင့်ချက်ရှိပြီးဖြစ်သည့်အတိုင်း အချို့ကို စားသောက်ပြီး လျှင် အချို့ကိုလည်း ယဉ်ပါးအောင်မွေးမြူထားရာ ဆိတ်များမှာ ကျွန်ုပ်အိမ်ပတ်ဝန်းကျင်တွင် သိုးအုပ်ကလေးတစ်အုပ်ကဲ့သို့ ရှိလေတော့၏။



http://www.cherrythitsar.org

သို့သော် ယဉ်ပြီးသော ဆိတ်များအား အရိုင်းများနှင့် ရော၍ထားလျှင် ရိုင်းစိုင်းသွားမည်ဖြစ်သဖြင့် ခွဲခြား၍ထားရန်လိုအပ်လာ ၏။ သို့ပြုလုပ်ရန်လည်း အတော်အတန်ကျယ်ဝန်းသောနေရာတစ်ခု ၌ ခြံကို ခြံများဖြင့် သော်လည်းကောင်း၊ ဝင်းထရံဖြင့်သော်လည်းကောင်းလုံခြုံစွာ ပတ်လည်ခတ်ထားရပေမည်။ သို့မှသာ အတွင်းမှ ဆိတ်များ သည်လည်း အပြင်သို့ မထွက်နိုင်ဘဲ အပြင်မှ ဆိတ်များကလည်း အတွင်းသို့ ဝင်နိုင်တော့မည်မဟုတ်ချေ။

ယင်းအလုပ်မှာ ကျွန်ုပ်လက်နှစ်ဖက်တည်းနှင့် လုပ်ရန်အတော်ပင် ခဲယဉ်းလှတော့၏။ သို့သော် မလုပ်လျှင်လည်း မဖြစ်ချေ။ သို့နှင့် ကျွန်ုပ်သည် သင့်လျော်သောနေရာတစ်ခုကို ရှာဖွေရမည်ဖြစ် ၏။ ထိုနေရာမှာ ဆိတ်စာလည်း ပေါများရမည်၊ ရေလည်း ရှိရ မည်၊ နေပူမှ ကာကွယ်ရန် အရိပ်အာဝါသလည်း ရှိရပေမည်။

အလျားကိုက် ၁၅၀၊ အနံ ၁၀၀ ခန့်ရှိသော ဝင်းခြံကို ပြုလုပ် ရန် ကျွန်ုပ်သည် စိတ်ကိုပိုင်းဖြတ်လိုက်၏။ သို့မှလည်း အချိန်အခါ အားလျော်စွာ ရရှိမည့်အကောင်များကို လှောင်ထား၍ ကျွန်ုပ်ဆိတ် ထဲမှ အတိုးအပွားကိုလည်း ထားသိုရန်နေရာရပေမည်။

သို့ပြုလုပ်ရန်ကား မလွယ်ကူလှချေ။ ခြံခတ်၍ ခြံများဖြစ် အောင် ပြုလုပ်ရန် ၃ လမျှပင် ကြာရှိ၏။ ဆိတ်ကလေး ၃ ကောင်ကို မူ ကျွန်ုပ်နှင့် နီးကပ်နိုင်သမျှ နီးကပ်စွာထားပြီးလျှင်

ယင်းတို့အား ဂျုံစပါးနှင့် ထမင်းခြောက်များကို ကျွန်ုပ်လက်ဖြင့်ပင်ကိုင်၍ ကျွေးမွေး လေရာ ဆိတ်ကလေးများသည် တဖြည်းဖြည်း ယဉ်ပါးလာလျက် အစာ ကျွေးသည့်အခါများတွင် တပဲပဲ အော်မြည်ကာ ကျွန်ုပ်နောက်မှ ကောက် ကောက်ပါအောင် လိုက်လာတတ်တော့၏။

ဤသို့လျှင် ကျွန်ုပ်၏ အကြံအောင်မြင်ပြန်ရာ တစ်နှစ်ခွဲခန့် ကြာလတ်သော် ဆိတ်ကလေးများမှာ ၁၂ ကောင်ရှိခဲ့၍ နောက်ထပ် ၂ နှစ်ခန့်အကြာတွင် စားရေရိက္ခာအတွက် ကျွန်ုပ်စားသောက်သော ဆိတ်များအပြင် ကျွန်ုပ်၏ ဆိတ်ခြံ၌ ၄၃ ကောင်မျှပင် ရှိခဲ့လေပြီ။ ထို့နောက် ကျွန်ုပ်လည်း အလားတူ နေရာ (၅) ကွက်ကို သူတို့အတွက် စားကျက် ပြုလုပ်ပြီးလျှင် သူတို့အား မောင်းသွားရန်နှင့် ကျွန်ုပ်အလိုရှိသောအခါ အလွယ်တကူယူနိုင်ရန် လှောင်ချိုင့်အကြမ်းကလေးများကိုလည်း ပြု လုပ်၏။ မြေတစ်ကွက်မှတစ်ကွက်သို့ ကူးနိုင်ရန် စည်းရိုးတံခါးများကို လည်း ပြုလုပ်ထား၏။

ကျွန်ုပ်မှာ ဆိတ်သားကို အလိုရှိသည့်အခါ ရနိုင်ရုံမျှ မက ဆိတ်နို့ကိုပါ ရရှိတော့၏။ ပထမ၌ များစွာစိတ်မကူးမိ သော်လည်း နောင်အခါ လွန်စွာအသုံးဝင်သော အချက်တစ်ခု ဖြစ်လာတော့၏။ အဘယ်ကြောင့်ဆိုသော် တစ်နေ့လျှင် ဆိတ် နို့တစ်ဂါလံကျော် နှစ်ဂါလံ နီးပါးမျှ ရရှိသည်ဖြစ်၍ တာရှည်ခံ အောင် ကြံဆောင်ရပြန်၏။ ကျွန်ုပ် မှာ ဆိတ်ကို နို့ညှစ်ရန် မဆို ထားဘိ နွားကိုပင် နို့မညှစ်ဖူးသော်လည်း 'သဘာဝတရားက

သတ္တဝါတိုင်းအား လိုအပ်သောအစာကိုပေးသည်' ဟူသော စကားအရ သဘာဝအတိုင်း နည်းလမ်းများကို အလို အလျောက် တွေ့ရှိလာတော့၏။ သို့နှင့် ပထမတွင် အဆင်မပြေမှု များစွာတွေ့ခဲ့ရသော်လည်း နောက်ဆုံး၌ ထောပတ်နှင့် ဒိန်ခဲများကို ကောင်းစွာ ရရှိခဲ့ပြီးလျှင် မစားချင်လောက်အောင်ပင် ဖြစ်တော့၏။



http://www.cherrythitsar.org

## အခန်း (၆)

ကျွန်ုပ်မှာ လှေကို အသုံးပြုရန် ဆန္ဒကား ပြင်းပြစွာ ရှိနေ၏။ ဤအာသာဆန္ဒသည် တစ်နေ့တခြား တိုးတက်လာလျက် နောက်ဆုံး ၌ ကျွန်း၏ ကမ်းခြေကို လျှောက်ပြီးလျှင် ကုန်းကြောင်းသွားရန် စိတ် ကိုပိုင်းဖြတ်လိုက်၏။ ကျွန်ုပ်ကိုယ်ကို မကြာခဏ ရပ်၍ကြည့်ရင်း ကျွန်ုပ်၏ ပုံသဏ္ဌာန်ကိုကြည့်ကာ မရယ်ဘဲ မနေနိုင်အောင်ပင် ဖြစ်မိ ၏။ ပုံသဏ္ဌာန်ကင်းမဲ့လျက် ဆိတ်ရေဖြင့်ပြုလုပ်ထားသော ကက်ဦး ထုပ်မှာ နေပူကိုသာ ကာကွယ်ရန်နှင့် ကိုယ်တွင်းသို့ မိုးရေများ စီးမဝင် နိုင်စေရန် နောက်မှ ဖားလျားချထား၏။ ထိုဒေသရှိ ရာသီဥတုမှာ ကိုယ်ထဲသို့ မိုးရေစိမ့်ဝင်ခြင်းသည် ဘေးအန္တရာယ်ဖြစ်တတ်လေသည်။ အပေါ်အင်္ကျီမှာလည်း ဆိတ်ရေပင်ဖြစ်၍ အနားသတ်မှာ ပေါင်လယ် လောက်သို့ ရောက်ရှိ၏။ ဘောင်းဘီတိုမှာ ဆိတ်သိုးတစ်ကောင်၏ အရေကို ချုပ်ထား၍ ခြေထောက်အလယ်လောက်သို့ ရောက်ရှိ၏။ ခြေ အိတ်ရှည်နှင့် ဖိနပ်များကိုမူ



http://www.cherrythitsar.org

ကျွန်ုပ်မလုပ်နိုင်ချေ။ သို့သော် တစ်နည်း ဖြင့် ခြေထောက်ကိုလုံရန် သလုံးသားဖုံးသည်အထိဘွတ်ဖိနပ်တစ်မျိုး ကို ပြုလုပ်ဝတ်ဆင်ထားရာ မည်သည့်အရာဖြစ်သည် မည်ကဲ့သို့ ခေါ်ရ မည်ကိုပင် ကျွန်ုပ်မပြောနိုင်ချေ။ ပုံသဏ္ဍာန်အနေအထားအားဖြင့် အရိုင်းအစိုင်းဆန်လှ၏။ ကျွန်ုပ်တစ်ကိုယ်လုံးရှိ ကျန်အဝတ်အစားများ သည်လည်း ပုံပန်းမကျ ရယ်စရာမျှသာ ဖြစ်တော့သည်။

ခါးပတ်ပြားကြီးမှာလည်း ဆိတ်သားရေပင်ဖြစ်၍ (Buckle) 'ဗတ်ကယ်' ခေါ် ထိကပေါက်* ချိတ်ရမည့်နေရာတွင် ခုတုံးတစ်ခုကို ကွင်းဖြင့် တင်းကြပ်စွာချိတ်ရန် ပြုလုပ်ထား၏။ ခါးပတ်တစ်ဖက်တစ် ချက်တွင် အိတ်ငယ်နှစ်ခုရှိ၍ ဓားရှည်နှင့် ဓားမြောင်ထိုးရမည့်အစား လွှနှင့် ပုဆိန်ကို တစ်ဖက်တစ်ချက်စီ ထိုးထားသေး၏။ အလားတူ အခြား ခါးပတ်ငယ်တစ်ခုလည်း ရှိသေးရာ ကျွန်ုပ်၏ လက်ဝဲဘက် အောက်ပုခုံးတွင် လွယ်လျက် ယင်းအိတ်များထဲ၌ ကျည်ဆံနှင့် ယမ်း တောင့်များထည့်ထား ၏။ ကျွန်ုပ်၏ နောက်ကျောတွင် ခြင်းတစ်ခုကို ကျောပိုးအိတ် သဖွယ် ဆွဲချိတ်ထား၍ ပုခုံးပေါ်တွင် သေနတ်ကို ထမ်း ထား၏။ ကျွန်ုပ်၏ ဦးခေါင်းထက်၌ကား အလွန်အရုပ်ဆိုး၍ ဆိတ်ရေ ဖြင့် ပြုလုပ်ထားသည့် ရယ်စရာကောင်းသော ထီးကြီးရှိ၏။ ထိုထီး မှာ ကျွန်ုပ်၏ သေနတ်ကလွဲလျှင် ကျွန်ုပ်အတွက် အသုံးအဝင်ဆုံး သော ပစ္စည်းတစ်ခုဖြစ်လေသည်။ အီကွေတာနှင့် ၁၂ ဒီဂရီ

* ခါးပတ်ပေါက်



http://www.cherrythitsar.org

အတွင်းရှိ အလွန် ပူသော ဒေသတွင် နေရသည့်အတိုင်း ကျွန်ုပ်၏မျက်နှာမှ အသားမှာ အရှေ့တိုင်းသား ကုလားလူမျိုးများနှင့်ပင် တူသည်ဟု ထင်မိကြပေမည်။ တစ်ကြိမ်က ကျွန်ုပ်သည် မုတ်ဆိတ်ကို တစ်ကိုက်၏ လေးပုံ တစ်ပုံခန့်ပင် ရှည်အောင် ထားခဲ့ဖူး၏။ သို့သော် ကျွန်ုပ်တွင် ကတ်ကြေး နှင့် သင်တုန်းဓားများ လုံလောက်အောင်ရှိသဖြင့် အပေါ်နှုတ်ခမ်းတွင် ပေါက်နေသော နှုတ်ခမ်းမွေးမှတစ်ပါး တိုတောင်းစွာ ဖြတ်တောက် လိုက်တော့၏။ နှုတ်ခမ်းမွေးကို မဟာမေဒင်ကုလားလူမျိုးများ၏ နှုတ်ခမ်းမွေးကြီးများကဲ့သို့ သပ်ရပ်စွာ ဖြတ်တောက်ပြုပြင်ပေးထား၏။

ဤရုပ်ရည်အနေအထားဖြင့် ကျွန်ုပ်သည် ခရီးထွက်ခဲ့ရာ ၅ ရက် ၆ ရက်ခန့်ကြာ ရှိ၏။ ပထမတွင် လှေကလေးကို ကျောက်ချချည် နှောင်ထားခဲ့သော ကျောက်ဆောင်များဆီသို့ တောက်လျှောက်လာခဲ့ ၏။ ကျောက်ဆောင်အစွန်းများရှိသော ပင်လယ်ဘက်သို့ ရှုမျှော်ကြည့် ရာ ရေပြင်တစ်ခုလုံးမှာ လှိုင်းမရှိဘဲ ငြိမ်သက်စွာ ရှိနေသဖြင့် အံ့အား ပင် သင့်မိသေး၏။

ယင်းကဲ့သို့ ငြိမ်ချက်သားကောင်းလှသည်ကို နောက် တွင်မှ ကောင်းစွာ သိရတော့၏။ အနောက်ဘက်မှ ဝင်လာသော ရေကျဒီလှိုင်း သည် ကမ်းခြေမှစီးဆင်းသော မြစ်ကြီးတစ်ခု၏ ရေစီးကြောင်းဖြင့် တွေ့ဆုံပေါင်းစပ်မိသောကြောင့်သာ ယင်း ကဲ့သို့ ဖြစ်တန်ရာ၏။ ထို့ ကြောင့် အနောက်ဘက်မှသော်လည်း ကောင်း၊ မြောက်ဘက်မှသော် လည်းကောင်း လေသည်

အတော်ပြင်းပြင်းတိုက်ခတ်ကာ ဤရေစီး သည် ကမ်းခြေနှင့် နီးချည်တစ်ခါ ဝေးချည်တစ်လှည့် ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ညနေခင်းအထိ စောင့်ဆိုင်းပြီးနောက် ကျောက်ဆောင်သို့သွားရာ ဒီရေအကျဖြစ်၍ ရေစီးကြောင်းကို ယခင်ကအတိုင်း မြင်ရသော်လည်း ကမ်းခြေနှင့်ကား တစ်မိုင်ခွဲခန့်ပင် ဝေး၍နေပေသည်။ သို့နှင့် ကျွန်ုပ်သည် အခြားအချိန်၌ လှေကို ယူရန် တတ်နိုင်မည်မဟုတ်သော်လည်း ထိုအချိန်တွင် ယူမည်ဆိုက ယူနိုင်ပေမည်။

ဤသို့တွေ့ရှိခြင်းမှာ ကျွန်ုပ်အတွက် တစ်စုံတစ်ရာ ပြုလုပ်ရန် မလိုဘဲ ဒီရေအတက်အကျကိုသာ စောင့်ဆိုင်းကြည့်ရှုရန် ဖြစ်လေသည်။ ဤသို့လျှင် လှေကလေးကို ကျွန်းသို့ရောက်အောင် လွယ်လင့်တကူ ယူနိုင်မည်ဖြစ်၏။ သို့သော် ယခင်က တစ်ကြိမ်ဖြစ်ပျက် တွေ့ကြုံခဲ့ဖူးသော အဖြစ်အပျက်များကို သတိရသောအခါ ကျွန်ုပ်မှာ နောက်တွန့်လျက် တစ်ကြိမ် ထပ်မံ၍ တွေ့ရန် စိတ်မကူးဝံ့ချေ။

ကျွန်းပေါ်၌ စိုက်ပျိုးခင်း ၂ ခုရှိသည့်အနက်၊ တစ်ခုမှာ ခံတပ်ကလေးဟု ခေါ်သော်လည်း တဲဖြစ်၍ အတွင်းဘက်တွင် ကျောက်ဂူရှိ၏။ ထိုဂူကိုပင် ကျွန်ုပ်သည် အခန်းအမျိုးမျိုးဖြစ်စေရန် ဂူကလေးအား လှည့်ပတ်ဖောက်ထား၏။

အပြင်မှခတ်ထားသည့် ဝင်းခြံမှာလည်း သစ်ကိုင်းများဖြစ်ရာ ယခုအခါတွင် ယင်းတို့မှာ အကိုင်းအခက်ဝေဆာလျက်သည့်အတိုင်း ကျွန်ုပ် နေထိုင်သောနေရာကို မည်သူတစ်ဦးတစ်ယောက်မျှ အပြင်မှ မြင်နိုင် မည်မဟုတ်ချေ။

ဤနေရာအနီးကျွန်း၏ အတွင်းဘက် ခပ်ကျကျမြေနိမ့်တွင် ကောင်းစွာ ထွန်ယက်စိုက်ပျိုးထားသော ဂျုံခင်းရှိ၍ ရာသီအလိုက် သီးနှံများ ထွက်လျက်ရှိနေပေပြီ။ အကယ်၍ ဂျုံစပါး ထပ်မံလိုချင်က စိုက်

http://www.cherrythitsar.org

သည့်အတိုင်းကျွန်ုပ်နေထိုင်သောနေရာကို မည်သူတစ်ဦးတစ်ယောက်မျှ အပြင်မှ မြင်နိုင် မည်မဟုတ်ချေ။

ဤနေရာအနီးကျွန်း၏ အတွင်းဘက် ခပ်ကျကျမြေနိမ့်တွင် ကောင်းစွာ ထွန်ယက်စိုက်ပျိုးထားသော ဂျုံခင်းရှိ၍ ရာသီအလိုက် သီးနှံများ ထွက်လျက်ရှိနေပေပြီ။ အကယ်၍ ဂျုံစပါး ထပ်မံလိုချင်က စိုက်ပျိုးနိုင်ရန် ထိုမြေကဲ့သို့ သင့်လျော်လျောက်ပတ်သော မြေကွက်များလည်း ကပ်လျက်ရှိသေးသည်။

ယင်းတို့အပြင် ကျွန်ုပ်နေထိုင်ရန် တောအိမ်ကလေးရှိသေး၏။ ထိုနေရာ၌လည်း ပျိုးခင်းစိုက်ခင်းများရှိရာ ပန်းခြံဟုခေါ်သော ကျွန်ုပ်၏နေရာမှာ ခြံစည်းရိုးကို ညီညာသပ်ရပ်စွာ အမြဲဖြတ်တောက်ထားလျက် လှေကားကိုလည်း အတွင်းဘက်၌ အမြဲထားရှိသည်။

ထိုနေရာနှင့်ကပ်လျက် ကျွန်ုပ်၏ ဆိတ်များကို ခြံခတ်၍ထားသော နေရာရှိ၏။ ဤနေရာ၌ ကျွန်ုပ်သည် စပျစ်နွယ်များကို စိုက်ပျိုးပြီးလျှင် ဆောင်းရာသီအတွက် စပျစ်သီးများကို အခြောက်လှန်း၍ ထားရလေသည်။

ယခုအခါ ကျွန်ုပ်၏ဘဝမှာ တစ်မျိုးတစ်မည်ပြောင်းလဲသကဲ့ သို့ ဖြစ်၍လာ၏။ တစ်နေ့သော နေ့လည်ခင်းတွင် ကျွန်ုပ်၏ လှေရှိ ရာသို့သွားရာ ကမ်းပေါ်တွင် ဖိနပ်မပါသော လူခြေရာကို တွေ့မိသဖြင့် များစွာ အံ့သြမိ၏။ ပတ်ဝန်းကျင်ကို ကြည့်ပြီးလျှင် နားစွင့်၍နေမိ၏။ သို့သော် မည်သည့်အရာကိုမျှ မမြင်ရ၊ မည်သည့်အသံကိုမျှလည်း မကြားရချေ။ သို့နှင့်

မြေမြင့်ရာသို့ တက်ပြီးလျှင် ကြည့်ပြန်၏။ ကမ်း ခြေတွင် အထက်အောက် စုန်ဆင်းကြည့်ရှု၏။ သို့သော် ထိုခြေရာတစ်ခု အပြင် အခြားမည်သည့်အရာကိုမျှ မတွေ့ရချေ။

ကျွန်ုပ်လည်း စိတ်မနှံ့သော လူတစ်ယောက်ပမာ အမျိုးမျိုး တွေးတောလျက် ကျွန်ုပ် ခံတပ်ရှိရာ အိမ်သို့ ပြန်ခဲ့၏။ ထို့နောက် စိတ်တွင် ဝေခွဲ၍မရနိုင်ဘဲ အလွန်ကြောက်ရွံ့တုန်လှုပ်နေမိတော့၏။

ကျွန်ုပ်မှာ ရဲတိုက်တစ်ခုဟု ခေါ်လောက်သည့် ကျွန်ုပ်၏ဂူ အတွင်းသို့ နောက်မှ ရန်သူလိုက်လာသကဲ့သို့ အပြေးအလွှား ဝင်၍ပြေး မိ၏။

ထိုညဥ့်၌ ကျွန်ုပ်သည် အိပ်မပျော်တော့ချေ။ အကြောက်ပြေ သွားသောအခါများ၌ အသိဉာဏ်က ပို၍လာခြင်းမှာ ကြောက်ရွံ့နေ သော သတ္တဝါများအတွက် ဖြစ်တတ်မြဲဓမ္မတာဖြစ်လေသည်။

ယင်းခြေရာကြီးမှာ ကုန်းမကြီးပေါ်မှ လူရိုင်းများ၏ ခြေရာ ဖြစ်တန်ရာသည်၊ ချက်ချင်းပင် ကျွန်ုပ်တွေးလိုက်မိ၏။ ယင်းတို့သည် တိုင်းရင်းဖြစ် ပိန်းကောများဖြင့် ရေစီးအရှိန်ကြောင့်သော်လည်းကောင်း၊ လေပြင်းတိုက်ခတ်၍သော်လည်းကောင်း ဤလူသူမရှိသော ကျွန်းသို့ ရောက်လာပြီးလျှင် သူတို့အား ကျွန်ုပ်က အလိုမရှိသကဲ့သို့ သူတို့က လည်း ဤလူသူမရှိသော ကျွန်း၌နေရန် ရွံ့ရှာစက်ဆုပ်သည့်အတွက် ထွက်ခွာသွားခြင်းပေလော မပြောတတ်ပေ။



http://www.cherrythitsar.org

အထက်ပါအကြောင်းများကို တမြုံ့မြုံ့ပြန်၍ အောက်မေ့မိ၏။ ယင်းတို့လာရောက်စဉ်တွင် ထိုနေရာသို့ ကျွန်ုပ်မသွားမိသည်ကို လည်းကောင်း ကျွန်ုပ်လှေကို သူတို့ ယူမသွားသည်ကိုလည်းကောင်း ကျွန်ုပ်မှာ တွေး၍ ကျေးဇူးတင်မိ၏။

အဘယ်ကြောင့်ဆိုသော် အကယ်၍သာ ကျွန်ုပ်၏လှေကို တွေ့ရှိသွားပါက ကျွန်းပေါ်တွင် လူများလာ ရောက်နေထိုင်ပြီဟု ယူဆကာ လိုက်လံရှာဖွေကြမည် မလွဲတည်း။ ထို့နောက် ကျွန်ုပ်၏ လှေကို သူတို့ တွေ့ရှိခဲ့သော် လူနေထိုင်ကြောင်းကို သိ၍ သူတို့သည် အစုအဝေးနှင့် ပြန်၍လာကြပြီးလျှင် ကျွန်ုပ်အား သတ်ဖြတ်၍ စားသောက်ပေတော့မည်။ ကျွန်ုပ်ကိုပင် မတွေ့စေကာမူ စည်းရိုးခံတပ်နှင့် နေအိမ်ဂူကို တွေ့၍ ကျွန်ုပ်၏ ရိက္ခာများကိုလည်းကောင်း၊ ယဉ်ကျေးပြီဖြစ်သော ကျွန်ုပ်၏ ဆိတ်အုပ်ကိုလည်းကောင်း တကက်တက်ပြောင်အောင် ယူဆောင်သွားမည်ဖြစ်၍ ကျွန်ုပ်မှာ အစာရေစာပြတ်ကာ တဖြည်းဖြည်း သေကြေပျက်စီးရပေတော့မည်။

တစ်ဖန် ကျွန်ုပ်စဉ်းစားမိပြန်သည်မှာ ယင်းအချက်အားလုံးတို့သည် ကျွန်ုပ်၏ အတွေးနယ်ကျွံမှုဖြစ်၍ ဤခြေရာမှာလည်း လှေမှ ကမ်းခြေသို့ တက်၍လာစဉ်က ထင်၍ကျန်ရစ်ခဲ့သော ကျွန်ုပ်၏ ခြေရာပင် ဖြစ်လိမ့်မည်လောဟု တွေးမိပြန်၏။

ကျွန်ုပ်သည် ရဲတိုက်ဂူအတွင်း၌ သုံးရက်နှင့်သုံးညမျှ မထွက် ဘဲနေခဲ့ရာ၊ တစ်ဖန် အပြင်သို့ ထွက်၍ အခြေအနေကို ကြည့်ရှုအကဲ ခတ်ရန် အရဲစွန့်လိုသောစိတ်များ ပေါ်ပေါက်လာ



http://www.cherrythitsar.org

လေသည်။ အဘယ် ကြောင့်ဆိုသော် ဂူတွင်း၌ ဂျုံနှင့်ဖုတ်သော ကိတ်မုန့်နှင့် ရေအနည်း ငယ်မျှသာ ရှိတော့၍။ ညနေတိုင်း ပြုလုပ်နေကျဖြစ်သော ဆိတ်များ ကို နို့ညှစ်ရသည့်အလုပ်လည်း ရှိ၏။ မပြုလုပ်လျှင်လည်း ဆိတ်များ မှာ အနေအထိုင်ခက်ကာ နို့များ ခန်းခြောက်သွားပေတော့မည်။

သို့နှင့် ကျွန်ုပ်သည် နှစ်ရက်သုံးရက်မျှအကြာ အပြင်သို့ ထွက် ခဲ့ရာ တစ်စုံတစ်ရာ မတွေ့ရသည်နှင့် အတန်ငယ်ရဲရင့်လာပြီးလျှင် ယင်း အဖြစ်အပျက်များသည်လည်း ကျွန်ုပ်၏ စိတ်ကူးယဉ်မှုမျှသာ ဖြစ်သည် ဟု တွေးမိပြန်၏။ သို့သော် ပင်လယ်ကမ်းစပ်သို့ တစ်ဖန်သွားပြီးလျှင် ယင်းခြေရာနှင့် တူမတူကို အသေအချာတိုင်းထွာ၍ တူမှသာလျှင် စိတ် ကျေနပ်နိုင်ပေတော့မည်။ သို့သော် ထိုနေရာသို့ ရောက်သောအခါ အချက်နှစ်ချက်ကို စဉ်းစားမိ၏။ ပထမအချက်မှာ လှေကို ကျွန်ုပ် ထား ခဲ့စဉ်က ထိုနေရာကမ်းစပ်သို့ ကျွန်ုပ်မရောက်ခဲ့ချေ။ ဒုတိယအချက် မှာ ယင်းခြေရာကို တိုင်းထွာသောအခါ ကျွန်ုပ်ခြေထောက်ထက် ပို၍ ကြီးနေသည်ကို တွေ့ရခြင်းဖြစ်၏။ ထိုအချက်နှစ်ချက်သည် ကျွန်ုပ်၏ အတွေးနယ်ကို ပို၍ကျယ်ပြန့်စေပြီးလျှင် ကျွန်ုပ်မှာ အတော်ပင် ထိတ်လန့်တုန်လှုပ်မိတော့၏။ သို့နှင့် ကျွန်ုပ်လည်း အိမ်သို့ပြန်ခဲ့ပြီးသော် လူရိုင်းတစ်ယောက်သော်လည်းကောင်း၊ အများသော်လည်းကောင်း ကျွန်းပေါ်သို့ ရောက်လာရမည်ဟု ယူဆလျက် ကျွန်ုပ်ကိုယ်တိုင်၏ လုံခြုံရေးအတွက် မည်သို့ပြုလုပ်ရမည်ကိုပင် မသိအောင် ရှိတော့၏။



http://www.cherrythitsar.org

ထိုအတွေးအခေါ်များကြောင့် ကျွန်ုပ်သည် တစ်ညဥ့်လုံး မအိပ်နိုင်အောင်ပင် ရှိတော့၏။ သို့သော် စိတ်မောကိုယ်မောဖြစ်၍ လာ ခဲ့သည့်အတိုင်း နံနက်ခင်း၌ နှစ်ခြိုက်စွာ အိပ်ပျော်၍သွားပြီးလျှင် အိပ် ရာမှနိုးသောအခါ၌ ယခင်အခါများကထက်ပင် လတ်ဆတ်စွာ ရှိနေလေသည်။သို့နှင့်ကျွန်ုပ်သည်နက်နဲစွာ စိတ်ကူးစဉ်းစားလျက်ရှိ၏။ ကျွန်ုပ်နေသောကျွန်းမှာ မိမိထင်ခဲ့သည့်အတိုင်း လူများ လုံးဝစွန့်ပစ် ထားသော ကျွန်းမဟုတ်၊ ကျွန်းတွင် အတည်တကျနေထိုင်သူများပင် မရှိစေကာမူကုန်းမကြီးမှာ အကြံအစည်ဖြင့်သော်လည်းကောင်းသို့မဟုတ် လှိုင်းဒဏ်လေဒဏ်ကြောင့် မျောပါ၍သော်လည်းကောင်း တစ် ခါတစ်ရံ လူများရောက်လာနိုင်ကောင်း လာနိုင်ကြပေလိမ့်မည်။

သို့ဖြစ်၍ ကျွန်ုပ်စိုးရိမ်ရန်အချက်မှာ ဤကျွန်းသို့ တစ်ခါ တစ်ရံ ရာသီဥတုဒဏ်ကြောင့် အမှတ်မထင်ရောက်လာသူများအတွက် သာ စိုးရိမ်ရန်ဖြစ်လေသည်။ သို့သော် အကယ်၍ ရောက်လာစေကာမူ သူတို့သည် တစ်ညဥ့်တစ်လေမျှ ကျွန်းပေါ်တွင် အိပ်ပြီးနောက် ဒီရေ နှင့် နေရောင်ကို စောင့်ဆိုင်းကာ အမြန်ဆုံး ထွက်ခွာသွားကြပေမည်။ သို့ဖြစ်၍ ကျွန်ုပ်သည် အခြားစဉ်းစားရန်မလို လူရိုင်းများ တက်လာ သည်ကိုမြင်က ပုန်းအောင်းရန် လုံခြုံသောနေရာတစ်ခုကိုသာ လိုအပ် ပေမည်။

သို့နှင့် ကျွန်ုပ်လည်း လွန်ခဲ့သော ၁၂ နှစ်ခန့်က သစ် ပင်များ ကို လခြမ်းပုံသဏ္ဌာန် ဝိုင်းခတ်စိုက်ပျိုး၍ ခံတပ်သဖွယ်



http://www.cherrythitsar.org

ပြုလုပ်ခဲ့သော ကျောက်ကမ်းပါးယံနှင့် အတော်ဝေးသော နေရာတစ်ခု၌ အလားတူ လခြမ်းသဏ္ဍာန် သစ်ခံတပ်တစ်ခု ပြုလုပ်ရန် စိတ်ပိုင်းဖြတ်လိုက်၏။ ထိုသစ်ပင်များမှာ ယခင်က အလွန်ထူထပ်စွာ စိုက်ပျိုးခဲ့သည့် သစ် တပ်ထက် ပို၍ ထူထပ်ခိုင်ခန့်စေရန် အလယ်မှ သပ်များထိုးပေးရန်သာ ရှိပေတော့၏။ ထိုအခါ ကျွန်ုပ်၏ သစ်နံရံမှာ ပြည့်စုံပေတော့မည်။

သို့နှင့် ကျွန်ုပ်တွင် သစ်တပ်နံရံနှစ်ဆင့် ဖြစ်၍လာတော့၏။ အပြင်သစ်တပ်နံရံ၌ ကျွန်ုပ်လက်ဝင်သာရုံ အပေါက်ကလေး (၇) ပေါက် ဖောက်ထား၏။ ယင်း၏အတွင်း၌မူ မြေကို ကျွန်ုပ်၏ ဂူတွင်းမှ သယ်ယူခဲ့ပြီးလျှင် တစ်ပေခန့်မျှထူအောင် မြေများဖို့ပြီးလျှင် မြေကတုတ်ပြုလုပ်ပြီးနောက် ထိုအပေါက်ကလေးများထဲသို့ သင်္ဘောမှ ရခဲ့သော သေနတ် (၇) လက်ကို မေးတင်၍ထိုးသွင်းထား၏။ ထို့နောက် ယင်းတို့အား အမြောက်များကဲ့သို့ အောက်မှ ဘောင်များခတ်၍ထားရာ၊ အကယ်၍ လိုအပ်က ယင်း သေနတ် (၇) လက်ကို (၂) မိနစ်အတွင်း ကျွန်ုပ်ပစ်ဖောက်နိုင်၏။ ဤမြေကတုတ်ဖြင့် ဒုတိယသစ်တပ်ပြုလုပ်ရန် လပေါင်းအတော်ကြာမျှ ကြာရှိသော်လည်း ယင်းအလုပ်မပြီးမချင်း ကျွန်ုပ်မှာ လုံခြုံမှုမရှိဟု ယူဆခဲ့၏။

ပြီးစီးသောအခါ သစ်တပ်ကို ခိုင်လုံတောင့်တင်းစေရန် သစ်ကိုင်းများနှင့် တုတ်များကို စိုက်ထူထား၏။ ထိုအခါ ယင်းတို့နှင့် ကျွန်ုပ် ၏နံရံကြားတွင် ကျယ်ပြန့်သော ကွက်လပ်ဖြစ်သွားရာ၊ အကယ်၍ ကျွန်ုပ်အား တိုက်ခိုက်ရန် ကြံစည်စေကာမူ



http://www.cherrythitsar.org

ရန်သူများသည် သစ်ပင် ကလေးများနောက်ကွယ်တွင် ခိုလှုံနိုင်တော့မည် မဟုတ်ချေ။

ဤသို့လျှင် ၅ နှစ် ၆ နှစ်ခန့်အတွင်း၌ ကျွန်ုပ်နေထိုင်ရာ နေရာရှေ့တွင် ထူထပ်သော တောအုပ်တစ်ခုကဲ့သို့ ဖြစ်နေပြီးလျှင် လူ တစ်ယောက်ပင် မသွားနိုင်အောင်ပင် ရှိတော့၏။ ဖြတ်သန်းသွားလာ ရန် လမ်းကြားဟူ၍လည်း ကျွန်ုပ်မထားသဖြင့် ကျွန်ုပ်ဝင်နိုင်ရန်နှင့် ထွက်နိုင်ရန် လှေကား ၂ ဆင့်ဖြင့် အောက်ပါအတိုင်း စီစဉ်ထား၏။

ပထမလှေကားကို နိမ့်သော ကျောက်တုံးတစ်ခုသို့ ရောက် အောင် ထောင်၍ ထိုနေရာမှတစ်ဆင့် ဒုတိယလှေကားဖြင့် တက်ရပြန် ၏။ ဤသို့ဖြင့် လှေကား ၂ ခုစလုံး အောက်ချယူထားပါက လူတစ် ယောက်သည် မိမိကိုယ်ကို မနာကျင်စေဘဲ အောက်သို့ မဆင်းနိုင်ချေ။ အကယ်၍ ဆင်းသက်လာနိုင်စေကာမူ ထိုသူသည် ကျွန်ုပ်၏ အပြင် စည်းရိုး၏ အပြင်ဘက်၌သာ ရှိနေသေး၏။

ထိုပြုလုပ်လျက်ရှိစဉ်ကျွန်ုပ်၏ ဆိတ်အုပ်အတွက်ကိုလည်း စိုးရိမ်ရသေး၏။ သို့နှင့် တစ်ခုနှင့်တစ်ခု အတော်ဝေးလျက် အလွန် လျှို့ဝှက်နေရာ၌ မြေကွက်နှစ်ကွက်သုံးကွက်ကို ရှာဖွေခြံခတ်ပြီးလျှင် တစ်ခြံ၌ ဆိတ်လေးငါးခြောက်ကောင်သာလျှင် ထားရန် စိတ်ကို ပိုင်း ဖြတ်လိုက်၏။ သို့မှလည်း ရန်သူများ ဖျက်ဆီးစေကာမူ အချို့အဝက် ကျန်ရစ်၍ နောက်ထပ်နလံထူနိုင်ပေမည်။



http://www.cherrythitsar.org

သို့ဖြစ်၍ ကျွန်းအတွင်း အလွန်ချောင်ကျသော နေရာများ တွင် ရှာဖွေရာ ကျွန်ုပ်စိတ်ကြိုက်နေရာတစ်ခုကို တွေ့ရှိရတော့၏။ ယင်း နေရာမှာ အလွန်ထူထပ်သော တောတစ်ခု၏အလယ် စိုစွတ်သော မြေ ကွက်ကလေးတစ်ခုဖြစ်၍ သစ်ပင်များ ရှင်းလင်းလျက်ရှိ၏။ သုံးဇကေ ခန့် ကျယ်ဝန်းပြီးလျှင် နံဘေးမှ ဝိုင်းရံလျက်ရှိသော တောများမှာလည်း သဘောဝအလျောက် ခြံခတ်ထားဘိသကဲ့သို့ ရှိနေလေသည်။ ဤသို့ လျှင် ကျွန်ုပ်မှာ ယခင်က လုပ်ခဲ့ရသလောက် မပင်ပန်းဘဲ တစ်လ အတွင်း၌ပင် ကောင်းစွာ ခြံခတ်၍ ပြီးစီးခဲ့ရာ ခြံခတ်ထားသည့်နေရာ မှာ ကောင်းစွာလုံခြုံလှသည်ဖြစ်၍ ကျွန်ုပ်လည်း ဆိတ်မ ၁၀ ကောင် နှင့် ဆိတ်သိုး ၂ ကောင် ထားရှိလေသည်။

ယင်းကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရသော ဒုက္ခအပေါင်းမှာ ကမ်းစပ်တွင် လူ၏ ခြေရာတစ်ခုကို တွေ့မြင်ခဲ့ရပြန်သဖြင့် စိုးရိမ် ကြောက်ရွံ့သောကြောင့် ပြုလုပ်ခြင်းမျှသာ ဖြစ်တော့၏။ သို့သော် ကျွန်ုပ်အနီးသို့ လူသတ္တဝါဟူ၍ တစ်စုံတစ်ရာ ချဉ်းကပ်လာရောက် သည်ကို မတွေ့ရဘဲ ရှိလေရာ ယင်းကဲ့သို့ စိုးရိမ်ကြောင့်ကြလျက် (၂) နှစ်မျှ အချိန်ကုန်လွန်၍ သွားခဲ့လေသည်။

ကျွန်ုပ်၏ ဆိတ်အုပ်အတွက် လုံခြုံသောနေရာတစ်ခု ယခု ကဲ့သို့ ရရှိခဲ့ပြီးနောက် အခြားနေရာတစ်ခု ရရှိရန် ကျွန်းတစ် ခုလုံးကို အနှံ့အပြား ရှာဖွေလျက်ရှိတော့၏။ ကျွန်း၏ အနောက် စွန်းသော နေရာ သို့ ရောက်ရှိခဲ့ရာ ပင်လယ်ဘက်သို့ မျှော်ကြည့် လိုက်သည်တွင် အလွန် ဝေးသောအရပ်၌ လှေတစ်စင်းနှင့်တူ

သော သင်္ဘောက္ကာန်တစ်ခုကို မြင်ရ သကဲ့သို့ ထင်မိ၏။ ကျွန်ုပ်၌ သဘော်သားများ၏ သေတ္တာထဲမှ ရခဲ့ သော မှန်ပြောင်းတစ်လက် နှစ်လက် ရှိ၏။ သို့သော် ထိုအချိန်၌ ကျွန်ုပ် မယူခဲ့မိသဖြင့် လှေဟုထင်ရသောသင်္ဘောက္ကာန်ကို သာမန်မျက်စေ့ဖြင့် မျက် လုံးများ ညောင်း၍လာသည့်တိုင်အောင် စူးစိုက်ကြည့်ရှုမိ၏။ လှေတစ် စင်း ဟုတ်သည် မဟုတ်သည်ကို ကျွန်ုပ်မပြောနိုင်သော်လည်း တောင် ကုန်းပေါ်မှ အောက်သို့ ဆင်းလာသောအခါ ယင်းသင်္ဘောက္ကာန်ကို နောက် ထပ်မမြင်ရတော့ချေ။ ထိုအခါ ကျွန်ုပ်လည်း လက်လျှော့လိုက်ပြီးလျှင် နောင် မည်သည့်အခါမျှ မှန်ပြောင်းမပါဘဲ အပြင်သို့မထွက်ရန် စိတ် ကိုပိုင်းဖြတ်လိုက်လေသည်။

ထို့နောက် ကျွန်ုပ်သည် တောင်ကုန်းမှဆင်း၍ ကျွန်း၏ အဆုံးဖြစ်သော ပင်လယ်ကမ်းခြေသို့ လာခဲ့၏။ ယင်းနေရာမှာ ယခင် က ကျွန်ုပ်မရောက်ဖူးသော နေရာဖြစ်၍ ကမ်းခြေတစ်လျှောက်၌ လူ၏ ဦးခေါင်းခွံများ၊ လက်ရိုးခြေရိုးများ စသည်တို့ဖြင့် ပြန့်ကျဲလျက်ရှိသည် ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ အံ့ဩခြင်းမက အံ့ဩမိ၏။ ထိုမျှသာမက သေး မီးဖိုကို ပြုလုပ်ခဲ့ဟန်တူသော နေရာဟောင်းတစ်ခုကိုလည်း တွေ့ ရရာ လူသားစား လူရိုင်းများသည် ဤနေရာတွင် ထိုင်၍ ဘဝတူ လူ သတ္တဝါများ၏ အသားများကို စားသောက်သွားကြောင်း ကောင်းစွာ ထင်ရှားလေသည်။

ထိုရှုခင်းများကို ကောင်းစွာ မကြည့်ရဲသဖြင့် ကျွန်ုပ် သည် မျက်စိကို မှိတ်လိုက်မိ၏။ ထို့နောက် ဆက်လက်၍



http://www.cherrythitsar.org

နေရန်လည်း မဝံ့ သဖြင့် တောင်ကုန်းကို အဆောတလျင်ပြန်၍ တက်ခဲ့ပြီးလျှင် ကျွန်ုပ် အမြဲနေသောနေရာသို့ အမြန်ပြန်ခဲ့လေသည်။

လူရိုင်းများ ဤကျွန်းသို့ လာရောက်ခြင်းမှာ တစ်စုံတစ်ရာ ရှာဖွေရန် လာရောက်ခြင်းမဟုတ်ကြောင်း ခန့်မှန်းသိရသဖြင့်သာ ကျွန်ုပ်မှာ ယခင်ကကဲ့သို့ စိတ်သက်သာရာ ရတော့၏။ သို့သော် သူတို့၏ ရက်စက်ကြမ်းကြုတ်သော အပြုအမူများကို တွေ့ရသဖြင့် စိတ်နှလုံးမချမ်းမသာဖြစ်ကာ ထိုအခါမှစ၍ ၂ နှစ်တိုင်တိုင် ကျွန်ုပ်၏ ပတ်ဝန်းကျင်မှ အပြင်သို့ မထွက်ဘဲ နေခဲ့၏။ ပတ်ဝန်းကျင်ဆိုသည်မှာ ခံတပ်သဖွယ် လုံခြုံစွာ ပြုလုပ်ထားသည့် ကျွန်ုပ်နေအိမ်ပန်းခြံဟု နာမည်ပေးထားသော ကျွန်ုပ်၏ တောအိမ်ကလေးနှင့် တောထဲတွင် ခြံခတ်ထားသော ကျွန်ုပ်၏မြေကွက်များကို ဆိုလိုခြင်းဖြစ်၏။ ကျွန်ုပ်၏ လှေထားသောနေရာသို့ပင် သွားရောက်ကြည့်ရှုရန် ဂရုမစိုက်တော့ဘဲ လိုအပ်က လှေတစ်စင်း အသစ်ထပ်မံလုပ်ရန်သာ စိတ်ကူးမိလေသည်။

အချိန်ကြာလတ်သော် လူရိုင်းများသည် ကျွန်ုပ်အား တွေ့ရှိ တော့မည်မဟုတ်ဟု တွေးတောကာ အတော်အတန် စိတ်သက်သာရာ ရ၍လာပြန်၏။ သို့နှင့် ကျွန်ုပ်လည်း ယခင်ကအတိုင်း လှုပ်ရှားသွား လာ၍ လာပြန်လေသည်။ သို့သော် အသွားအလာ အနေအထိုင် ဆင် ခြင်ပြီးလျှင် နားနှင့်မျက်စိများကို ယခင်ကထက် ကျယ်ပြန့်စွာ ဖွင့်၍ ထားလေသည်။ ကျွန်ုပ်၌ သင်္ဘောပျက်မှ ရရှိခဲ့သော ပစ္စတိုသေနတ် ၃ လက်ရှိရာ ခရီး

ထွက်သောအခါများတွင် ၃ လက်စလုံးသော်လည်း ကောင်း၊ အနည်းဆုံး ၂ လက်သော်လည်းကောင်း ကျွန်ုပ်၏ ဆိတ်သားရေခါးပတ်တွင် အမြဲယူဆောင်ခဲ့၏။

ဤသို့လျှင် ကျွန်ုပ်၏ လက်ရှိအခြေအနေမှာ ကျွန်ုပ်ဆန္ဒရှိသည့်အတိုင်းပင် ကုန်လွန်၍ လာခဲ့ပြန်၏။ ယင်းအချိန်အတွင်း လူရိုင်းများသည် တောင်ကုန်းအကြားဘက်ရှိ ပင်လယ်ကမ်းခြေသို့ လာရောက်သည် မရောက်သည်ကို ကြည့်ရှုရန်ပင် တောင်ကုန်းရှိရာသို့ သွားလာခြင်းမပြုခဲ့ချေ။ သို့သော် ကျွန်ုပ်၏ လှေကလေးကို ကျွန်ုပ်၏ အရှေ့ဘက် အစွန်ဆုံးကျသော နေရာသို့ ပြောင်းရွှေ့သောအခါ၌မူ တစ်ကြိမ်ရောက်ခဲ့သေး၏။ လှေကလေးကိုကား ကျောက်ဆောင်များကြားတွင် ပင်လယ်ကွေ့ကလေးတစ်ခုသဖွယ် ဖြစ်၍နေသည့် လုံခြုံသောနေရာသို့ ရွှေ့ပြောင်းထားလိုက်၏။ ထိုနေရာ၌ ရေစီးအလွန်သန်သဖြင့် လူရိုင်းများသည် လာရောက်ဝံ့မည်မဟုတ်ဟု ယူဆမိ၏။ လာရောက်လည်း လာရောက်လိမ့်မည် မဟုတ်ချေ။

ထိုမှတစ်ပါးလည်း ဆိတ်မများကို နို့ညှစ်ရန်နှင့် ဆိတ်အုပ် ကို ကြည့်ရှုရန် ကျွန်ုပ်သည် အပြင်သို့ မထွက်သလောက်ပင် ရှိနေခဲ့ ၏။ အကယ်၍ ကျွန်း၏အခြားဘက်သို့ လူရိုင်းများ တစ်ခါတစ်ရံ လာရောက်လေ့ရှိသည် ဆိုစေကာမူ ဤကျွန်းတွင် မည်သည့်အရာကိုမျှ တွေ့နိုင်မည်မဟုတ်ကြောင်း သူတို့သိသဖြင့် ကမ်းခြေမှ ဝေးသော ကျွန်းအတွင်းပိုင်းသို့ လာရောက်ကြမည်မဟုတ်ချေ။ကျွန်ုပ်ကိုယ်တိုင် ကြောက်ရွံ့ထိတ်လန့်ခြင်း



http://www.cherrythitsar.org

ဖြစ်ခဲ့ပြီးနောက် သူတို့သည် ကျွန်းပေါ်သို့ အကြိမ်ပေါင်းများစွာ ရောက်ခဲ့ကြောင်း ယုံမှားရန်မရှိသဖြင့် ကျွန်ုပ် လည်း ယခင်တစ်ကြိမ်ကကဲ့သို့ပင် သတိဝီရိယဖြင့် နေရပြန်၏။

ထိုစိုးရိမ်ကြောင့်ကြမှုများသည် ကျွန်ုပ်ကိုယ်တိုင်အတွက် သက်သာချမ်းမြေ့စွာ နေထိုင်ရေးကို တစ်ခါတည်း ဖြတ်တောက်ပစ်လိုက်သကဲ့သို့ရှိကြောင်း ကျွန်ုပ်ဝန်ခံခဲ့သော် အသင် စာဖတ်သူသည် ထူးဆန်းသည်ဟု ထင်မည်မဟုတ်ကြောင်း ကျွန်ုပ် ယုံကြည်ပါ၏။ ကျွန်ုပ်၏ လုံခြုံမှုမှာ အစာရေစာပေါ်တွင် တည်နေခြင်းထက် ကျွန်ုပ်၏ လက်နှစ်ဖက်ပေါ်တွင် တည်နေကြောင်း သတိပြုမိတော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ်မှာ သံတစ်ချောင်း ရိုက်ရာ၌လည်းကောင်း၊ ထင်းတစ်စ ခွဲရာ၌လည်းကောင်း အသံကို ကြားမည်စိုးသဖြင့် ကောင်းစွာ သတိထားရတော့၏။ သေနတ်ပစ်ရန်ကား ဝေးလေစွ။ ထိုမျှသာမက မီးမွှေးရာ၌ပင် စိတ်မသက်မသာဖြစ်မိ၏။ အဘယ်ကြောင့်ဆိုသော် ဤနေရာမျိုး၌ မီးခိုးများကို အဝေးကပင် မြင်နိုင်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်လည်း မီးမွှေးရသောအလုပ်များကို တောထဲရှိ နေရာအသစ်များသို့ ပြောင်းရွှေ့လုပ်ကိုင်၏။ သို့ လုပ်ကိုင်လျက်ရှိနေပြီးနောက် မကြာမီပင် မြေကြီးထဲ၌ သဘာဝအလျောက်ဖြစ်နေသည့် ဂူတစ်ခုကို တွေ့ရလေရာ ထိုဂူမှာ အတွင်းသို့ အတော်နက်ရှိုင်းကျယ်ပြန့်စွာ ထိုးဝင်သွားလျက် ဂူဝသို့ ရောက်လာစေကာမူ ကျွန်ုပ်ကဲ့သို့ ခိုအောင်းပုန်းလျှိုးရန် ကြံစည်သူမှတစ်ပါး မည်သည့်လူရိုင်း သို့မဟုတ် လူယဉ်သော်မှ အထဲသို့ စွန့်စား၍ ဝင်မည်မဟုတ်ချေ။



http://www.cherrythitsar.org

ဂူမှာ အလွန်သေးငယ်သော်လည်း အတွင်းဘက်၌မူ နေထိုင်ရန် နေရာတစ်ခုရှိ၏။ ထိုနေရာသို့သွားရန် ဂူအမိုးမှာ အလွန်နိမ့်သောကြောင့် ကျွန်ုပ်မှာ ၁၀ ကိုက်ခန့် လေးဘက်ထောက်၍ပင် ဝင်ရ၏။ ကြမ်းပြင်မှာ ညီညာပြန့်ပြူးလျက် ကျောက်စရစ်ခဲကလေးများဖြင့် ပြန့်ကြဲလျက်ရှိရာ အဆိပ်ရှိသော ပိုးကောင်း မွှားကောင်များကိုလည်း မတွေ့မမြင်ရချေ။ ဂူ၏အမိုး ဂူ၏နံရံတို့၌လည်း စိုစွတ်ထိုးမှိုင်းသော နေရာများ မရှိချေ။ အခက်အခဲမှာ ဝင်ပေါက်တစ်ခုသာဖြစ်၍၊ ကျွန်ုပ်မှာ ပုန်းအောင်းနေထိုင်ရန် ဤနေရာမျိုးပင် အလိုရှိသည့်အလျောက် ယခုကဲ့သို့ ကံအားလျော်စွာ တွေ့ရခြင်းကို ဝမ်းမြောက်မိတော့၏။ သို့နှင့် အရေးတကြီးလိုအပ်သော ပစ္စည်းများကို အချိန်မနှောင်းစေဘဲ ဤနေရာသို့ ယူလာရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။ အထူးသဖြင့် ကျွန်ုပ်တွင် အပိုရှိနေသော ငှက်ပစ်သေနတ် ၂ လက်၊ မတ်စကက်သေနတ် ၂ လက် စသော လက်နက်နှင့် ခဲယမ်းမီးကျောက်များ ဖြစ်လေသည်။ မတ်စကက်သေနတ် (၇) လက်ရှိသည့်အနက် ကျန် ၅ လက်မှာ ကျွန်ုပ်၏ အိမ်အပြင် စည်းရိုးသစ်တပ်တွင် အမြောက်များဆင်၍ ထားသကဲ့သို့ ဆင်၍ထားလေသည်။

ခဲယမ်းမီးကျောက်များကို ရွှေ့ယူရာ၌ သင်္ဘောပျက်မှ ယူလာ သော ယမ်းမှုန့်စည်မှာ အတွင်းသို့ ပင်လယ်ရေ ၃ – ၄ လက်မသာ ဝင်သဖြင့် အပြင်၌ ခဲနေသော်လည်း အတွင်း၌မူ အကောင်းပကတိ ရှိနေသည်ကို တွေ့ရ၏။ ယမ်းမှုန့်များမှာ ပေါင်

ဖြဝခန့်ရှိ၍ကျွန်ုပ်အတွက် ကံကောင်းထောက်မခြင်းတစ်မျိုးဖြစ်ပြီးလျှင် များစွာ စိတ် ကျေနပ်ဖွယ်ဖြစ်တော့၏။

ကျွန်းပေါ်သို့ ကျွန်ုပ်ရောက်ရှိခဲ့သည်မှာ ၂၃ နှစ်ပင် ကြာရှိခဲ့လေပြီ။ နေရာတိုင်းလိုလိုသို့ နှံ့စပ်စွာ ရောက်ခဲ့ဖူးသည့်ပြင် ရာသီဥတု နှင့်တကွ တောနေတိရစ္ဆာန်များအကြောင်းကိုလည်း ကောင်းစွာ သိပြီး ဖြစ်သည့်အတိုင်း အသွားအလာ အနေအထိုင်၌ ကောင်းစွာ အသားကျ လျက် ရှိနေလေပြီ။ ကျွန်ုပ်မသေမချင်းပင် ဤနေရာ၌ နေကောင်းနေ ရပေမည်။

ကျွန်ုပ်သည် ကြက်တူရွေးကိုလည်း စကားသင်ထား၏။ ကျွန်ုပ်၏ ခွေးမှာကား ကျွန်ုပ်ကို အထူးခင်မင်ပြီးလျှင် ကျွန်ုပ်နှင့် အမြဲ တစေနေထိုင်သော အဖော်ကောင်းတစ်ယောက်ဖြစ်၏။ သို့သော် ကျွန်ုပ် နှင့် ၁၆ နှစ်မျှ နေထိုင်ပြီးနောက် အရွယ်ကြီးရင့်သဖြင့် သေဆုံးသွား ရှာ၏။ ကျွန်ုပ်မွေးထားသော ကြောင်များမှာမူ အဆမတန် တိုးပွားလာ လျက် အချို့ကို သေနတ်နှင့် ပစ်ခတ်သတ်ဖြတ်ပစ်ရ၏။ ဤသို့မှ မပစ်သတ်လျှင်လည်း ကျွန်ုပ်တွင်ရှိသမျှ စားစရာများကို ကုန်ခမ်းအောင် စားသောက်ကြပေလိမ့်မည်။ အချို့လည်း တောဝင်၍သွားကြ၏။ ကျွန်ုပ်ချစ်သော ကြောင်ကလေး ၂ ကောင်၊ ၃ ကောင်မှာမူ ကျွန်ုပ်နှင့် အတူ ကျွေးမွေးထား၍ သူတို့၌ တိုးပွားလာသောအခါများတွင် အချို့ကို ရေထဲသို့ ပစ်ချရ၏။ ယင်းသည်ကား ကျွန်ုပ်၏ အိမ်ထောင်မိသားစု တစ်စိတ်တစ်ဒေသသာ ရှိသေး၏။



http://www.cherrythitsar.org

ထိုမှတစ်ပါး ကျွန်ုပ်မှာ ဆိတ်ကလေး ၂ ကောင် ၃ ကောင် ရှိ၍ ယင်းတို့အား အစာကို ကျွန်ုပ်လက်ထဲမှ ယူစားရန် ယဉ်ပါးအောင် သင်ထား၏။ ၎င်းပြင် ကျွန်ုပ်တွင် ကြက်တူရွေးကြီး ၂ ကောင် ရှိသေး၍ ကျွန်ုပ်အား 'ရော်ဗင်ဆင်ကရူးဆိုး' ဟု အမြဲခေါ်လေ့ရှိ၏။ ထိုမှတစ်ပါးလည်း ကျွန်ုပ်ကိုယ်တိုင် ဖမ်းဆီးမွေးမြူထားသော ပင်လယ်ရေကြက် အတော်များများရှိရာ အတောင်ကိုဖြတ်ပြီးလျှင် ကျွန်ုပ်ခံတပ်အပြင် ခြုံများပေါ်၌ မွေးထား၏။ ယင်းတို့သည် ထိုနေရာ၌ အလေ့ကျပေါက်ဖွား၍ နေကြရာ အကယ်၍သာ လူသားစားလူရိုင်းတို့၏ ဘေးအန္တရာယ်ကို ကြောက်ရန်မရှိပါက ကျွန်ုပ်၏ဘဝမှာ အလွန်ကျေနပ်နှစ်သိမ့်ဖွယ်ကောင်းသော ဘဝပါပေတည်း။

သို့သော် ကံတရားသည်ကား ကျွန်ုပ်အလိုအတိုင်း မဟုတ်ခဲ့ချေ။ ကျွန်းပေါ်သို့ရောက်၍ ၂၃ နှစ်မြောက် ဒီဇင်ဘာလအတွင်း၌ တစ်နေ့သော နံနက် ဝေလီဝေလင်းအချိန်တွင် ပင်လယ်ကမ်းခြေ၌ မီးရောင်မြင်ရသဖြင့် ကျွန်ုပ်လည်း အလွန်အံ့အားသင့်လျက်ရှိတော့၏။ မီးရောင်မှာ ကျွန်ုပ်အိမ်နှင့် ၂ မိုင်ခန့်ဝေး၍ လူရိုင်းများအား ယခင်က ကျွန်ုပ်တွေ့မြင်ခဲ့ဖူးသော ကမ်းခြေဘက်၌မဟုတ်ဘဲ ကျွန်ုပ်နေသည့်ဘက်၌ ဖြစ်၍ များစွာပင် စိုးရိမ်ကြောင့်ကြဖြစ်မိ၏။

မြင်လျှင်မြင်ခြင်း ကျွန်ုပ်မှာ အံ့အားသင့်၍သွားပြီးလျှင် ခြေ တစ်လှမ်းမျှ ရှေ့သို့ မတိုးဝံ့ဘဲ ရှိနေ၏။ တစ်ခဏမျှ အံ့အားသင့်လျက် ရှိနေပြီးနောက် ဤသို့နေရုံမျှနှင့် မပြီးသေး



http://www.cherrythitsar.org

သည်ကို သိသည့်အတိုင်း ကျွန်ုပ်သည် တောင်ကုန်းပေါ်သို့ ပြေးတက်ပြီးလျှင် အလျားလိုက် မှောက်ကာ မှန်ပြောင်းဖြင့် ကြည့်ရှုလေ၏။ ကျွန်ုပ်မြင်ရသည်မှာ အဝတ်အစားလုံးဝမပါသော လူရိုင်း ၉ ယောက် ၁၀ ယောက်ခန့်ဖြစ်၍ သူတို့သည် မီးပုံတစ်ခုကို ဝိုင်းရံကာ လှုပ်ရှားလျက်ရှိနေကြ၏။ သို့ ပြုလုပ်နေခြင်းမှာ မီးလှုံရန်အတွက် ဟုတ်မည်မထင်၊ အဘယ်ကြောင့် ဆိုသော် ရာသီဥတုသည် အလွန်ပူလျက်ရှိနေ၏။ သူတို့ပြုလုပ်နေပုံ မှာ လူသားများကို ဖုတ်ကင်စားသောက်နေကြဟန် တူသည်ဟု ထင်ရလေသည်။

သူတို့အနီး၌ ပိန်းကောမ ၂ ခု ကမ်းပေါ်သို့ ဆွဲတင်ထားသည်ကို မြင်ရ၏။ ထိုအချိန် ဒီရေမှာ အတက်ဖြစ်၍ သူတို့သည် ဒီရေအကျကို စောင့်ဆိုင်းနေဟန်တူ၏။ ဤသို့ဖြင့် လူရိုင်းများသည် ရေတက်ချိန်တွင် ရောက်လာပြီးလျှင် အကျတွင် ပြန်၍သွားတတ်သည်မှာ ထင်ရှားနေရကား အကယ်၍ ကျွန်းပေါ်တွင် လူရိုင်းများရှိမနေက ရေကျချိန်တွင် ဘေးအန္တရာယ် တစ်စုံတစ်ရာမရှိဘဲ အပြင်သို့ ထွက်၍ ကောင်းစွာ လည်ပတ်သွားလာနိုင်ကြောင်း ကျွန်ုပ် သတိပြုမိ၏။

ဒီရေသည် အနောက်သို့ ကျဆင်းလာသည်နှင့်တစ်ပြိုင်နက် သူတို့သည် ပိန်းကောများကို ဆွဲချပြီးလျှင် လှော်ခတ်၍ ကျွန်းမှ ထွက် ခွာသွားသည်ကို မြင်ရ၏။ သူတို့ ထွက်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် သေနတ်ကြီး ၂ လက်ကို ပုခုံးပေါ်တွင် ထမ်းလျက် ခြောက် လုံးပြူး ၂ လက်ကို ခါး၌ထိုးပြီး

လျှင် ခါးလွယ်ကို ခါးတွင်လွယ်ကာ လူရိုင်းများကို ယခင်က တွေ့ဖူးသောနေရာသို့ရောက်အောင် တောင် ကုန်းရှိရာသို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပြေးသွားလေ၏။ သို့သော် လွယ်ရသော ဝန်စည်စလယ်က များသဖြင့် ခရီးထွက်သင့်သလောက် မတွင်ဘဲ ၂ နာရီထက်မနည်း ကြာမှ ရောက်ရှိခဲ့လေသည်။ ထိုအခါ လှေသုံးစင်းနှင့် လူရိုင်းများ ထွက်သွားသည်ကို မြင်လိုက်ရသဖြင့် သူ တို့သည် အတူတကွ ထွက်သွားကြောင်း သိရှိရလေသည်။

ကမ်းခြေသို့ရောက်အောင် သွားရောက်ကြည့်ရှုသောအခါ အလွန် ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော ခြေရာလက်ရာများ ကျန်ရစ်ခဲ့သည်ကို တွေ့ရ၏။ ယင်းတို့သည်ကား သူတို့ မြိန်ရှက်စွာ စားသောက်ကျန်ရစ်ခဲ့သော စားကြွင်းစားကျန်များဖြစ်သည့် သွေးများ၊ အရိုးများနှင့် လူသားများ ကပ်နေသည့် အရိုးအရင်း အစအနများ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ သူတို့အား မမြင်ရသည်မှာ တစ်နှစ်နှင့် သုံးလမျှ ကြာသွား၍ နောက်တစ်ကြိမ် တွေ့ရပြန်ခြင်းဖြစ်၏။ ထိုအချိန် အတွင်း သူတို့သည် ကျွန်းသို့ တစ်ကြိမ်နှစ်ကြိမ်မျှ ရောက်မည်ဖြစ် သော်လည်း သူတို့က တာရှည်မနေ၍သော်လည်းကောင်း၊ ကျွန်ုပ်က ပင် မသိလိုက်ရ၍သော်လည်းကောင်း မတွေ့မမြင်ရခြင်းဖြစ်တန်ရာ၏။

ကျွန်ုပ်၏ ရှားပါးစွာ မှတ်သားထားရသည့် သစ်သား ပြက္ခဒိန် အရ တစ်နေ့သော မေလ (၁၆) ရက်နေ့၌ဖြစ်၏။ ကျွန်ုပ်

၏ ပြက္ခဒိန် တွင် နေ့ရက်များမှတ်သားထားရာ၌ မည်သည့်နေ့၌ မိုးသည်းထန်စွာ ရွာသည်၊ မည်သည့်နေ့၌ လေမုန်တိုင်းတိုက်ခတ်သည် စသည်တို့ပင် ပါရှိ၏။ ကျွန်ုပ်သည် သမ္မာကျမ်းစာကို ဖတ်ရှုလျက်ရှိစဉ် ပင်လယ် ဘက်ဆီမှ သေနတ်သံတစ်ချက် ကြားလိုက်ရသဖြင့် အတော်ပင် ထိတ် လန့်အံ့ဩ၍သွားမိ၏။

သို့နှင့် ကျွန်ုပ်လည်း အပြေးအလွှားသွားရောက်ရာ၊ တောင် ထိပ်သို့ရောက်သောအခါ ပင်လယ်ဘက်မှ မီးပွင့်လာသော အရောင် တစ်ခုကို မြင်လိုက်ရပြီးလျှင် မိနစ်ဝက်ခန့်အကြာ၌ ဒုတိယသေနတ်သံ တစ်ချက်ကို ကြားရပြန်လေသည်။ ယင်းသေနတ်သံမှာ ယခင်က တစ် ကြိမ် ကျွန်ုပ်လှေငယ်နှင့်ထွက်စဉ် ရေစီးကြောင်းဖြင့် ပင်လယ်ပြင်သို့ မျောပါသွားဖူးသော ကျောက်ဆောင်များရှိသည့် နေရာဘက်မှ ဖြစ်လေ သည်။

သင်္ဘောတစ်စင်းစင်း ဒုက္ခရောက်လျက်ရှိရာ အခြားအဖော် သင်္ဘောတစ်စင်းစင်း ရှိကောင်းရှိမည်ဖြစ်သဖြင့် အကူအညီတောင်း သည့် အထိမ်းအမှတ်အဖြစ်ဖြင့် သေနတ်များ ပစ်ဖောက်ခြင်းဖြစ်ဟန် တူ၏။ ကျွန်ုပ်က သူတို့အား မကယ်နိုင်သော်လည်း သူတို့က ကျွန်ုပ် အား ကယ်နိုင်ကောင်း ကယ်နိုင်လိမ့်မည်ဟု စိတ်ထဲတွင် ထိုအခါက ဖြစ်ပေါ်လာသည့်အတိုင်း ကျွန်ုပ်လည်း အနီးအနားရှိ ရသမျှ ထင်း ခြောက်များကို စုပုံပြီးလျှင် တောင်ကုန်းထိပ်၌ မီးပုံကြီးတစ်ခု ဖိုလေ၏။

မီးဖိုကြီးကို တစ်ညဉ့်ပတ်လုံး ဖို၍ထားပြီးနောက်၊ နံနက်လင်း သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်း ရေစီးကြောင်း



http://www.cherrythitsar.org

တွင် လှေကလေး ဖြင့် ယခင်က မျောပါသွားဖူးသောနေရာ ကျောက်ဆောင်များ တွေ့ခဲ့ ဖူးသည့် ကျွန်း၏ တောင်ဘက်ပိုင်းသို့ လာခဲ့လေ၏။ ကမ်းခြေသို့ ရောက်သောအခါ ရာသီဥတုမှာ သာယာစွာရှိနေသဖြင့် ကျွန်ုပ်အထက် က ပြောခဲ့ဖူးသည့် ကျောက်ဆောင်များရှိရာဒေသတွင် ကျောက်ဆောင် များပေါ်၌ တစ်ပိုင်းတစ်စတင်ကာ ပျက်နေသည့် သင်္ဘောတစ်စင်းကို ဝမ်းနည်းစွာ တွေ့မြင်ရလေ၏။ ထိုနေရာသည်ကား ချောင်းမှ စီးဆင်း လာသည့် ရေအဟုန်ကို ကျောက်ဆောင်များသည် ကြားဖြတ်၍ထား လိုက်သဖြင့် ဝဲကဲ့သို့ ရေစီးပြန်၍လည်လာသော နေရာဖြစ်၏။ ထိုနေရာ ၌ပင် ကျွန်ုပ်၏ လှေကလေးသည် ရေစီးဖြင့် ပင်လယ်ဘက်သို့ မျောပါ သွားခဲ့ဖူး၍ ကံကောင်းထောက်မသဖြင့်သာ အသက်မသေဘဲ ကျွန်း သို့ ပြန်၍ ရောက်ခဲ့ရ၏။

ကျွန်းပေါ်တွင် ကျွန်ုပ်နေထိုင်ခဲ့ရသည့် နောက်ဆုံးနှစ်အထိ ထိုသင်္ဘောပေါ်မှ လူများကို ကယ်ဆယ်ရရှိသည် မရရှိသည်ကို ကျွန်ုပ် မသိချေ။ နောက်ရက်များမကြာမီ သင်္ဘောပျက်၏ အခြားတစ်ဖက် စွန်းရှိ ကမ်းစပ်တွင် ရေနစ်သေဆုံးသွားသော သူငယ်တစ်ယောက်၏ အလောင်းကို တွေ့ရခြင်းတစ်ခုသာ ကျွန်ုပ်အား စိတ်မချမ်းသာမှု ဖြစ် စေခဲ့၏။ သူငယ်မှာ အဝတ်အစား ပြည့်စုံစွာ မပါရှိချေ။ ဘောင်းဘီတို အောက်ခံကိုယ်ကြပ်အင်္ကျီနှင့် အပြာရောင် ရှပ်ဖျင်အင်္ကျီကလေးတစ် ထည်ဝတ်ထား၏။ သို့သော် ယင်းအဝတ်အစားတို့ကို ကြည့်ကာမျှဖြင့် လည်း မည်သည့်လူမျိုးဖြစ်သည်ကို မခန့်မှန်းနိုင်ချေ။ သူ၏



http://www.cherrythitsar.org

အကျီ အိတ်ထဲတွင် စပိန်ပြည်သုံး ဒေါ်လာငွေဒင်္ဂါး ၂ ပြားနှင့် ဆေးတံတစ် ချောင်း တွေ့ရ၏။ ဆေးတံမှာမူ ကျွန်ုပ်အတွက် ဒေါ်လာဒင်္ဂါး ၂ ပြား ထက်ပင် တန်ဖိုးရှိလေသည်။

လေမှာ ကောင်းစွာ ငြိမ်သက်လျက်ရှိသည်နှင့် ကျွန်ုပ်လည်း သင်္ဘောပျက်သို့ အရဲစွန့်၍သွားရန်ဆန္ဒ ဖြစ်ပေါ်လာပြန်၏။ သို့ စိတ်ကူးပေါက်၍ လာခြင်းမှာ အခြားမဟုတ်၊ သင်္ဘောပေါ်တွင် ကျွန်ုပ်အတွက် အသုံးဝင်သော ပစ္စည်းသော်လည်းကောင်း၊ သို့မဟုတ် အသက်မသေဘဲ ကြွင်းကျန်နေသော လူတစ်ဦးတစ်ယောက်သော်လည်းကောင်း တွေ့ကောင်းတွေ့ရမည်ဟု ယုံကြည်မိသောကြောင့် ဖြစ်၏။ အကယ်၍ ထိုသူသည် ကျွန်ုပ်၏ ဘဝလမ်းစဉ်ကို ကျွန်ုပ်နှင့်အတူ ချောမောအောင်မြင်စွာ ကူညီဖော်ရလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်မိလေသည်။

သို့နှင့် ကျွန်ုပ်သည် ကျွန်ုပ်၏ အိမ် (ကျွန်ုပ်အခေါ် ရဲတိုက်) သို့ အမြန်ပြန်ခဲ့၍ ပေါင်မုန့်အနည်းငယ် သောက်ရေအိုးတစ်လုံး လမ်းကြောင်းသိနိုင်ရန် ကွန်ပါနှင့် ကျွန်ုပ်တွင် အတော်များများရှိသေးသော ရမ်အရက်များထဲတွင် အရက်အနည်းငယ် စပျစ်သီးခြောက်တစ်ခြင်း စသည်တို့ကို စုဆောင်းကာ ပင်လယ်ခရီးထွက်ရန် ပြင်ဆင်လေ၏။ ထို့နောက် ကျွန်ုပ်လည်း ပစ္စည်းများကို လှေရှိရာသို့ သယ်ဆောင်လာခဲ့ပြီးသော် လှေကို ရေများပက်၍ ပစ်ပြီးနောက် ပစ္စည်းများကို နေသားတကျ အသင့်ချထားလေ၏။



http://www.cherrythitsar.org

ပင်လယ်ပြင်ဘက်သို့ထွက်၍ အတန်ငယ် ရောက်လတ်သော် ယခင်က ဖြစ်ဖူးသကဲ့သို့ တောင်ဘက်ရေစီးကြောင်းလောက်ပင် မစီးသော်လည်း အတော်လျင်မြန်စွာ စီးနေသော အရှေ့ဘက် ရေစီးကြောင်း နယ်စပ်သို့ ရောက်သည်အထိ လှေကို မြောက်စူးစူးသို့ ပထမ လှော်ခတ်၍သွား၏။ လှော်ခတ်ခြင်းကလည်းမြန် ရေစီးကလည်းသန်သဖြင့် ၂ နာရီမျှ မကြာမီပင် ကျွန်ုပ်လည်း သင်္ဘောပျက်ရှိရာသို့ ရောက်၍ သွားလေသည်။

မြင်ရသည်မှာ လွန်စွာ စိတ်မချမ်းမြေ့ဖွယ် ဖြစ်တော့၏။ သင်္ဘောသည် ကျောက်ဆောင်နှစ်ခုကြားတွင် ညပ်၍ ပဲ့ပိုင်းနှင့် ဦး၏ နောက်ပိုင်းမှာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေ၏။ ကျွန်ုပ်သည် အနီးသို့ ချဉ်းကပ်သွားရာ ခွေးတစ်ကောင်သည် သင်္ဘောကုန်းပတ်တစ်နေရာမှ ထွက်ပေါ်လာပြီးလျှင် အူ၍ညည်းတွားလိုက်၏။ ကျွန်ုပ်က ခေါ်သော အခါ ၎င်းသည် ပင်လယ်ထဲသို့ ခုန်ချလိုက်ပြီးနောက် ကျွန်ုပ်လှေရှိရာသို့ ကူးလာသဖြင့် ကယ်ဆယ်လိုက်၏။

ထို့နောက် ကျွန်ုပ်သည် သင်္ဘောပေါ်သို့ တက်သွား၏။ ပထမဆုံးမြင်ရသော စိတ်မချမ်းမြေ့ဖွယ်ရာ အကောင်းဆုံး အရာမှာ ထမင်းချက်ခန်း၌ တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာဆွဲကာ သေဆုံးနေသော သင်္ဘောသား ၂ ယောက်၏ အလောင်းကို မြင်ရခြင်း ဖြစ်လေသည်။ သင်္ဘော ပျက်စဉ်က လှိုင်းတံပိုးများသည် လွန်စွာပြင်း ထန်လျက်ရှိသဖြင့် ပင်လယ်ရေသည် သင်္ဘောခန်းသို့ ဝင်ရောက်ခါ ပြည့်လျှံ၍နေသော

ကြောင့် သင်္ဘောခန်းဦးပင် ရေနစ်၍ သေနေကြဟန် တူ၏။ ခွေးမှတစ်ပါး သင်္ဘောပေါ်တွင် သက်ရှိဟူ၍ တစ်စုံတစ်ရာ မတွေ့ရ၊ အရက်စည်အချို့ကိုကား တွေ့ရ၏။ သို့သော် ဝိုင်အရက် များပေလော၊ ဘရန်ဒီပေလော ကျွန်ုပ်မသိရချေ။ ဒီရေမှာ အကျဖြစ် သဖြင့် ယင်းပစ္စည်းများကို သင်္ဘောဧရာထဲတွင် ကောင်းစွာမြင်ရ၏။ စည်များကား သယ်ယူရန် ကြီးမားလှ၏။

သေတ္တာများကိုလည်း တွေ့ရလေရာ ယင်းတို့မှာ သင်္ဘောသားများပိုင် ပစ္စည်းများဖြစ်ဟန်တူ၏။ ထို့နောက် ကျွန်ုပ်လည်း သေတ္တာထဲတွင် မည်သည့်ပစ္စည်းများရှိသည်ကို မကြည့်ရှုဘဲ သေတ္တာ ၂ လုံးကို လှေထဲသို့ ချယူလေသည်။

ယင်းသေတ္တာများအပြင် ဂါလံ ၂၀ ခန့်ဝင်သော အရက်စည် ကလေးတစ်စည်ကို တွေ့ရသဖြင့် ကျွန်ုပ်သည် လှေပေါ်သို့ တင်လိုက်၏။ သင်္ဘောခေါင်းခန်းထဲ၌မူ မတ်စကက်သေနတ်များနှင့် ယမ်းမှုန့်ထည့်သော စည်တစ်လုံးကို တွေ့ရရာ ထိုစည်ထဲတွင် ယမ်းမှုန့် ၄ ပေါင်ခန့်ရှိ၏။ သေနတ်များကိုမူ ကျွန်ုပ်ယူရန် မလိုသဖြင့် မယူဘဲ ထားခဲ့ပြီးလျှင် ယမ်းမှုန့်ထည့်သောစည်ကိုမူ ယူခဲ့၏။ ယင်းတို့အပြင် မီးကျည်းများ ကော်ရန် ဂေါ်ပြားတစ်ခုနှင့် ညှပ်များ စသည်တို့ကို ကျွန်ုပ်အတွက် အလွန်အသုံးကျမည်ဖြစ်သဖြင့် ယူခဲ့၏။ ထို့ပြင်လည်း ကြေးဝါဖြင့် ပြုလုပ်ထားသော လက်ဖက်ရည်ကရား ၂ လုံး၊ ချောက လက်လုပ်ရန် ကြေးနီအိုးတစ်ခုနှင့် သားငါးကင်ရန် သံဆန်ကာတစ်ခု ကိုလည်း ရရှိခဲ့လေသည်။ ဤသို့ဖြင့် ခွေးနှင့်တကွ ကုန်ပစ္စည်း



http://www.cherrythitsar.org

များကို တင်ဆောင်ခဲ့ပြီးလျှင် ကျွန်ုပ်လည်း ကျွန်းဘက်သို့ ဒီရေတက်ချိန်နှင့် ကိုက်ပြီးလျှင် သင်္ဘောပျက်မှ ထွက်ခွာလာခဲ့ရာ နေမဝင်မီ တစ်နာရီ ခန့်လောက်တွင် အလွန်ပင်ပန်းနွမ်းနယ်စွာဖြင့် ကျွန်းသို့ ချောချောမောမော ရောက်ရှိခဲ့လေသည်။

ထိုညဉ့်၌ ကျွန်ုပ်သည် လှေပေါ်တွင် အိပ်၍ နောက်တစ်နေ့ နံနက်တွင်မှ ကုန်များကို တင်ပြီးနောက် ပစ္စည်းများကို စစ်ဆေးကြည့်ရှု လေသည်။ သေတ္တာများကို ဖွင့်သောအခါ ကျွန်ုပ်၌ များစွာ အသုံးကျမည့် ပစ္စည်းများကို တွေ့ရ၏။ ဥပမာအားဖြင့် မွှေးကြိုင်သော အရက်ချိုပုလင်းများပါရှိသော သေတ္တာကလေးတစ်လုံး တွေ့ရ၏။ ထို့နောက် ထိပ်ဝတွင် အလုံပိတ်ထားသဖြင့် အတွင်းသို့ ဆားငံရန်မဝင်သော သကြားလုံးအိုး ၂ လုံးကို တွေ့ရပြန်၏။ အဝတ်အစားများမှာလည်း အလွန်ကောင်းသော ရှပ်အင်္ကျီများနှင့် တစ်ဒါဇင်ခွဲခန့်ရှိသော ပိတ်ဖြူချော လက်ကိုင်ပုဝါများ တွေ့ရလေသည်။ ယင်းတို့အပြင် စပိန်ပြည်သုံး ငွေဒေါ်လာ ၁၁၀၀ ခန့်ကို အိတ် ၃ လုံးဖြင့် ထည့်ထားသည်ကို တွေ့ရ၍ ယင်းအိတ်တစ်လုံးထဲတွင် 'ဒဗ္ဗလွန်း' ရွှေဒင်္ဂါးကြီး ၆ ပြားနှင့် ရွှေချောင်းအနည်းငယ်ကိုလည်း တွေ့ရလေသည်။ ရွှေများမှာ အလေးချိန်အားဖြင့် ၁ ပေါင်ခန့် စီးမည် ထင်ရလေ၏။

အခြားသေတ္တာတစ်လုံးအတွင်း၌ တွေ့ရသော အဝတ်များမှာ များစွာ အသုံးမဝင်လှချေ။ ယခု ပင်လယ်ခရီးထွက်ခဲ့ခြင်းမှာ ပစ္စည်း အနည်းငယ်မှတစ်ပါး ကျွန်ုပ်ရောက်ရှိနေသော



http://www.cherrythitsar.org

ယခုဘဝတွင် ကျွန်ုပ် ခြေဖဝါးအောက်မှ မြေမှုန့်လောက်သာ တန်ဖိုးရှိသောကြောင့်ပေတည်း။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ထိုငွေများကို ကျွန်ုပ်၏ ဂူရှိရာသို့ ယူသွားပြီးလျှင် ယခင် ကျွန်ုပ် သင်္ဘောပျက်စဉ်က ရရှိခဲ့သော ငွေများနှင့်အတူ ထားလိုက်၏။ ဤသင်္ဘော၏ အခြားအစိတ်အပိုင်းကို မရသည်မှာလည်း တစ်နည်းအားဖြင့် ကျွန်ုပ်အတွက် ကံဆိုးတော့သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍သာ ရရှိခဲ့ပါမူ ရွက်များကို လှေဖြင့် အပြည့်အခေါက်ခေါက်တင်ပြီးလျှင် အကယ်၍သာ အင်္ဂလန်ပြည်သို့ ကျွန်ုပ် ပြန်ရောက်က ထိုပစ္စည်းဘဏ္ဍာများကို ပြန်၍ရှာဖွေမည်ဖြစ်လေသည်။

ယင်းသို့ဖြင့် ကျွန်ုပ်၏ ပစ္စည်းများကို ကမ်းပေါ်သို့ တင်ပြီး၍ နေသားတကျ သိုမှီးထားခဲ့ပြီးလျှင် လှေကို ယခင်က ဝှက်ထားခဲ့သော နေရာသို့ လှော်ခတ်ယူသွားပြီးနောက် ကျွန်ုပ်နေထိုင်ရာသို့ ပြန်ခဲ့လေ၏။ ရောက်သောအခါ ယခင်ကအတိုင်း ခြေရာလက်ရာ တစ်စုံတစ်ရာ မပျက်ကွက်ဘဲ ရှိနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း အနားယူကာ ယခင်အထက်ကအတိုင်း အေးချမ်းစွာ နေထိုင်ပြီးလျှင် ကျွန်ုပ်၏ မိသားစုအား ကြည့်ရှုစောင့်ရှောက်ခဲ့ရ၏။

ဤအခြေအနေအရ ကျွန်ုပ်လည်း ၂ နှစ်မျှ ဆက်လက်၍ နေ ထိုင်ခဲ့ရ၏။ ယင်းသို့ နေထိုင်သည့်အတွင်း ကျွန်ုပ်၏ ဦးခေါင်းမှာ မိမိကိုယ်ကို ဆင်းရဲပင်ပန်းရန် အမြဲ ကြံစည်နေသကဲ့

သို့ ထို ၂ နှစ်မျှ အချိန်အတွင်း၌ပင် အကယ်၍ တတ်နိုင်က ဤကျွန်းမှ လွတ်မြောက် ရန် အကြံအမျိုးမျိုးထုတ်ကာ စီမံကိန်းအမျိုးမျိုး ပြုလုပ်လျက်ရှိနေခဲ့ လေသည်။ အဘယ်ကြောင့်ဆိုသော် သဘော်ာပျက်သို့ သွားရန် ခိုင်လုံ သော အကြောင်းတစ်စုံတစ်ရာပင် မရှိသော်လည်း သွားရောက်ခြင်း တစ်ခါတစ်ရံ ဤအရပ်သို့ လှည့်ပတ်ခြင်းများကို ပြုလုပ်မိခဲ့၏။ အကယ်၍သာ ကျွန်ုပ်လက်တွင် 'ဆယ်လီ' မှ ထွက်လာစဉ်က စီးနင်း လာသော လှေသာ ရှိခဲ့ပါမူ ကျွန်ုပ်သည် မည်သည့်နေရာသို့ ရောက် နေမည်မသိသော်လည်း တစ်နေရာရာတွင် မုချစွန့်စားသွားရောက်မိ မည်မှာ မလွဲတည်း။

ထိုအချိန်သည်ကား ကျွန်းပေါ်သို့ ရောက်ခဲ့သည်မှာ ၂၄ နှစ်မျှ ကြာရှိခဲ့သော အချိန်ဖြစ်၍ မိုးရွာသော မတ်လ၏ ညဥ့်တစ်ညဥ့် ဖြစ်လေသည်။ ကျွန်ုပ်သည် ပုခက်အိပ်ရာပေါ်၌ လဲလျောင်းကာ ဤကျွန်းမှ လွတ်မြောက်ရန် အမျိုးမျိုးစိတ်ကူးထုတ်လျက်ရှိရာ ကျွန်ုပ်၏ နောက်ဆုံးယူဆချက်တစ်ခုမှာ လူရိုင်းတစ်ယောက်ယောက်အား ဖမ်းဆီးရမိနိုင်မည်ဆိုက ၎င်းအား လမ်းပြသဖွယ်ခိုင်းစေပြီးလျှင် ဤကျွန်းက လွတ်မြောက်နိုင်လိမ့်မည်ဟု ယုံကြည်မိ၏။ ဖြစ်နိုင်မည်ဆိုက ထိုသူမှာ လူရိုင်းများ ဖမ်းဆီးစားသောက်ရန် ယူဆောင်လာသော အကျဉ်းသားတစ်ဦးဦး ဖြစ်ရပေမည်။ သို့သော် ဤနည်းလမ်းသည်လည်း လူရိုင်းအုပ်တစ်အုပ်လုံးကို တိုက်ခိုက်၍ သူတို့အားလုံးအား သတ်ဖြတ်ပစ်နိုင်မှသာ ဖြစ်နိုင်သော နည်းလမ်းဖြစ်သဖြင့် ခဲယဉ်းလှပေ၏။



http://www.cherrythitsar.org

မည်သို့ဖြစ်စေ ကျွန်ုပ်သည် စိတ်ထဲတွင် အမျိုးမျိုးအဖုံဖုံ စဉ်း စားပြီးနောက် ယခင်အထက်က ပြောခဲ့သည့်အတိုင်း လူရိုင်းတစ် ယောက်ယောက်ကို တစ်နည်းနည်းဖြင့် မရရအောင် ပြုလုပ်တော့မည် ဟု နောက်ဆုံး၌ စိတ်ကို ပိုင်းဖြတ်လိုက်လေသည်။ သို့နှင့် ကျွန်ုပ် လည်း နောင်ဖြစ်လိုရာဖြစ်စေ သဘောထားကာ လူရိုင်းများ ကမ်းပေါ် တက်လာသည်ကို စောင့်ဆိုင်းကြည့်ရှုရန် သန္နိဋ္ဌာန်ချထား၏

သို့ စိတ်ကို သန္နိဋ္ဌာန်ချပြီးနောက်၊ ကျွန်ုပ်လည်း လူရိုင်းများအလာကိုတတ်နိုင်သမျှ ထောက်လှမ်းကြည့်ရှုလျက်ရှိခဲ့သည်။ ဤသို့ လျှင် တစ်နှစ်ခွဲခန့်မျှ ပျင်းရိငြီးငွေ့ဖွယ်ကောင်းစွာ အချိန်ကုန်ခဲ့ပြီး နောက် တစ်နေ့သော နံနက်ခင်း၌ ကျွန်ုပ်နေသော ကျွန်းဘက်သို့ ပိန်း ကော ၅ စင်း ဆိုက်ကပ်ထားသည်ကို ရုတ်တရက် အံ့အားသင့်စွာ မြင်ရ၏။ လူရိုင်းများကား ကျွန်ုပ်မျက်စိနှင့် ကောင်းစွာမမြင်နိုင်ချေ။ ယင်းတို့မှာ တွေးထင်သည်ထက် ပိုမိုများပြားလှဘိ၏။ လှေတစ်စင်း လျှင် ၅ ယောက်၊ ၆ ယောက်မျှ ပါရှိတတ်သဖြင့် ဤ ၂၀၊ ၃၀ မျှသော လူရိုင်းများကို ကျွန်ုပ်တစ်ယောက်တည်းနှင့် မည်ကဲ့သို့ တိုက်ခိုက်နိုင် ပါအံ့နည်း။

သို့နှင့် ကျွန်ုပ်သည် ရဲတိုက်တွင်း၌ထိုင်ကာ စိတ်ပျက်လျက် အကယ်၍ ကျွန်ုပ်အား လာရောက်တိုက်ခိုက်လျှင် တုန့်ပြန်တိုက်ခိုက် ရန် အသင့်ရှိနေ၏။

အတန်ကြာသည့်တိုင်အောင် အသံတစ်စုံတစ်ရာ မကြားရသဖြင့် ကျွန်ုပ်လည်း သည်းမခံနိုင်လောက်အောင်ဖြစ်လာပြီးလျှင် လှေကားရင်းရှိ သေနတ်ကို အသင့်ပြင်ဆင်ခဲ့ပြီးနောက် တောင်ကုန်းကလေးထိပ်သို့ အစဉ်အလာအတိုင်း အဆင့်နှစ်ဆင့် တက်ရသောနည်းဖြင့် တက်၍ကြည့်၏။ မတ်တတ်ရပ်၍နေစေကာမူ သူတို့သည် ကျွန်ုပ်၏ ဦးခေါင်းကို မည်သည့်နည်းနှင့်မျှ မမြင်နိုင်ချေ။ ထို့နောက် ကျွန်ုပ်လည်း မှန်ပြောင်းနှင့်ကြည့်ရာ လူရိုင်းများမှာ (၃၀) ထက် မနည်းရှိ၍ သူတို့ စားသောက်ရန် အစားအစာကို ပြင်ဆင်ပြီး မီးများပင် မွှေးလျက်ရှိ ကြောင်း တွေ့မြင်ရ၏။ မည်ကဲ့သို့ စားသောက်သည်ကို မမြင်ရသော် လည်း သူတို့သည် မီးပုံကြီးကို ဝိုင်းရံကာ လူရိုင်းတို့ဘာသာ ကခုန် လျက်ရှိသည်ကို တွေ့မြင်ရလေသည်။

ဤသို့ကြည့်ရှုလျက်ရှိစဉ် အကျဉ်းသားများထားဟန်တူသော လှေတစ်စင်းပေါ်မှ လူရိုင်း ၂ ယောက်အား ဒလကြမ်း ဆွဲခေါ်လာသည်ကို မြင်ရ၏။ တစ်ယောက်မှာ ရုတ်တရက် လဲကျသွား၏။ တင်းပုတ်ဖြင့်သော်လည်းကောင်း၊ သစ်သားဖြင့် ပြုလုပ်သော ဓားဖြင့်သော်လည်းကောင်း ထိုးစိုက်လိုက်ဟန်တူသည်။ ထိုအခါ လူရိုင်း ၂ ယောက် ၃ ယောက်တို့သည် လဲကျသွားသော လူကောင်ကို သူတို့၏ ဟင်းကျွေးဟင်းလျာအတွက် အပိုင်းပိုင်း ဖြတ်လျက်ရှိကြကုန်၏။ အခြားအကျဉ်းသားတစ်ယောက်မှာမူ သူ၏ အလှည့်ကို ခံယူရန် မတ်တတ်ရပ်လျက်ရှိနေ၏။ လူတို့မည်သည် အခါအခွင့်ကလေးတစ်ချက်ရက မိမိ



http://www.cherrythitsar.org

အသက်ကို လွတ်မြောက်ရန် ကြံစည်မြဲဓမ္မတာဖြစ်သည့်အတိုင်း ထို မတ်တတ်ရပ်လျက်ရှိသော အကျဉ်းသားသည် လူရိုင်းများလက်မှ အတန်ငယ် လွတ်လပ်လျက်ရှိသည်နှင့် တစ်ပြိုင်နက် သဲသောင်မြေကိုဖြတ်ကာကျွန်ပ်ရှိရာဆီသို့ ဦးတည်လျက်ပြေးလာလေ၏။ ကျွန်ုပ်ရှိ သောနေရာ ဆိုသည်မှာ ကျွန်ုပ်နေထိုင်သောအိမ်ရှိသည့် ကမ်းခြေဘက် ကို ဆိုလိုသည်။

ထိုသူ့နောက်မှ လူရိုင်းများ တစ်အုပ်လုံး စုပြုံလိုက်လာကြ ၏။ သို့သော် ၃ ယောက်သာ ရှေ့မှ ရောက်လာ၍ ယင်းတို့လည်း သူ့ အား မမီနိုင်အောင် ရှိနေ၏။ ကျွန်ုပ်မှာမူ ကျွန်ုပ်နေရာ၌ပင် ကြံ့ကြံ့ခိုင် ခိုင် ရှိနေပေသည်။

သူတို့နှင့် ကျွန်ုပ်၏ ရဲတိုက် (ခံတပ်) ကြားတွင် ချောင်းငယ် ရှိ၍ ထွက်ပြေးသူသည် ထိုချောင်းငယ်ကို ကူး၍ပြေးမှသာလျှင် နောက် မှ လူများ မီနိုင်မည်မဟုတ်ပေ။ လွတ်ပြေးလာသောအကျဉ်းသားသည် ထိုနေရာသို့ရောက်သောအခါ ချောင်းငယ်ထဲသို့ ခုန်ချလိုက်ကာ လက် လှမ်း ၃၀ ခန့်မျှ ရိုက်ပုတ်ကူးခတ်ခဲ့ပြီးနောက် ချောင်း၏အခြားဘက် သို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် လျင်မြန်စွာ ပြေးသွားပြန်၏။ နောက်မှ လိုက်လာသော လူရိုင်း ၃ ယောက်တို့သည် ချောင်းသို့ရောက် သောအခါ ၂ ယောက်သာ ရေကူးနိုင်၍ ကျန်တစ်ယောက်မှာ ချောင်း ကမ်းပါးပေါ်မှသာ မတ်တတ်ရပ်၍ ကြည့်နေပြီးလျှင် သူ၏ အပေါင်း အဖော်များ ရှိရာဆီသို့ ဖြည်းညင်းစွာ ပြန်သွားလေသည်။



http://www.cherrythitsar.org

ချောင်းကိုဖြတ်၍ ကူးနိုင်သော လူရိုင်း ၂ ယောက်တို့သည် ပထမ ဖြတ်ကူးပြေးသော လူရိုင်းထက် ၂ ဆမျှပင် အချိန်ကြာမြင့်ခဲ့၏။ ထိုအချိန်၌ ကျွန်ုပ်သည် မည်သည့်နည်းနှင့်မဆို ကျွန်ုပ်တွင် အစေခံ တစ်ယောက်သော်လည်းကောင်း သို့မဟုတ် အပေါင်းအဖော်ဖြစ်စေ ကူဖော်လောင်ဖက်တစ်ယောက်ဖြစ်စေ ရရှိတော့မည်ဟူသော အခွင့် အရေး ဆိုက်ရောက်လာလေပြီဟု ချက်ချင်းပင် ကျွန်ုပ်တွေးတောမိ၏။ သို့နှင့် ကျွန်ုပ်လည်း လှေကားများမှ အမြန်ဆင်းခဲ့ပြီးလျှင် သေနတ် ၂ လက်ကို ရှာဖွေယူငင်၍ တောင်ကုန်းရှိရာမှ ပင်လယ်ဘက်သို့ အပြေး အလွှား ဖြတ်လာခဲ့လေ၏။ တောင်ကုန်း၏အဆင်းမှာ လမ်းတိုဖြတ် လမ်းဖြစ်သဖြင့် ကျွန်ုပ်သည် လိုက်သူများနှင့် အလိုက်ခံရသူကြားသို့ မကြာမီ ရောက်လာခဲ့လေသည်။ ထို့နောက် ကျွန်ုပ်လည်း ထွက်ပြေး နေသော လူရိုင်းကို ဟစ်အော်၍ခေါ်လိုက်၏။ ထိုအခါ သူသည် အခြား လူရိုင်းများကို ကြောက်ရွံ့ဘိသကဲ့သို့ ကျွန်ုပ်အားလည်း ကြောက်ရွံ့ နေဟန်တူ၏။ သို့သော် ကျွန်ုပ်က သူ့အား ပြန်၍လာရန် လက်ပြလိုက် လေသည်။



http://www.cherrythitsar.org

ရဲရင့်ခြင်း၊ စွန့်စားခြင်း၊ သစ္စာရှိခြင်းတို့ဖြင့်
ကမ္ဘာကျော်ခဲ့သော မှဆိုးကြီးအလန်ကွာတာမိန်း၏
အထူးခြားဆုံးသော အံ့ဩစရာ
ထိတ်လန့်စရာအကောင်းဆုံး အတွေ့အကြုံကို
ဆရာကြီး [illegible] ပြန်ဆိုထားသည့် . . .

[illegible]

မှုရင်းစာရေးဆရာ **'Sir Rider Haggard'** ၏
**'King Solomon's Mines'**
၁၉ ရာစုတွင်း ကမ္ဘာ့အထင်ရှားဆုံးစာရေးဆရာကြီး၏
လက်ရာကောင်းကောင်းကို

**Quality Publishing House** မှ
စာတွဲအကြိမ်ပုံနှိပ်ခြင်းအဖြစ်
ပြန်လည်ဖော်ထုတ်တင်ဆက်ထားပါသည်။

**QUALITY PUBLISHING HOUSE**
အမှတ် ၅၆၊ ၅(စ)လွှာ၊ [illegible]၊ စမ်းချောင်း၊

**QUALITY PUBLISHING HOUSE**

http://www.cherrythitsar.org

## အခန်း (၇)

ထိုအချိန်တွင် ကျွန်ုပ်လည်း လိုက်၍လာသော လူရိုင်း ၂ ယောက်ထံသို့ တဖြည်းဖြည်း ချဉ်းကပ်သွား၏။ ထို့နောက် ရှေ့ဆုံးမှ လူရိုင်းအား သေနတ်ဒင်ဖြင့် တအား တစ်ချက်တည်း ရိုက်ချလိုက်လေ၏။ သေနတ်ကို ကျွန်ုပ် အသုံးမပြုလိုသောအကြောင်းမှာ ထိုနေရာသည် အခြားလူရိုင်းများနှင့် အတော်ဝေး၍ သေနတ်သံကိုလည်း မကြားနိုင်၊ သေနတ်မီးခိုးကိုလည်း မမြင်နိုင်စေကာမူ သေနတ်ကိုပစ်ရန် ရွံ့ရှာမုန်းတီးသောကြောင့် ဖြစ်လေသည်။

ယင်းကဲ့သို့ ပထမလူရိုင်းကို ရိုက်ချလိုက်ပြီးနောက် ယင်းနှင့် အတူလိုက်ပါလာသော လူရိုင်းသည် ကြောက်ရွံ့ဟန်ဖြင့် ခေတ္တမျှ ရပ် ဆိုင်းလျက်ရှိရာ ကျွန်ုပ်လည်း ထိုသူ့ထံ တဖြည်းဖြည်း တိုးသွားလေ သည်။ သို့သော် အနီးသို့ ရောက်သောအခါ သူ့တွင် လေးနှင့်မြား ရှိ၍ လေးညို့ပေါ်သို့ပင် မြားကိုတင်လျက် ကျွန်ုပ်အား ပစ်ခတ်ရန် အသင့်ရှိလေရကား

ကျွန်ုပ်လည်း မပစ်လျှင် မနေနိုင်တော့သဖြင့် တစ် ခါတည်း အသေပစ်ချလိုက်ရ၏။

ထွက်၍ပြေးရှာသော လူရိုင်းမှာ သူ့နောက်သို့ လိုက်လာလျက်ရှိသော ရန်သူနှစ်ယောက်စလုံး ကျဆုံးသွားသည်ကို မြင်ရသော အခါ သူသည် ကျွန်ုပ်၏ သေနတ်သံနှင့် ပြောင်းဝမှ ထွက်သော မီးခိုးကို ကြောက်ရွံ့ဟန်ဖြင့် ရှေ့သို့လည်း မတိုး၊ နောက်သို့လည်း မဆုတ်ဘဲ ကြက်သေသေကာ နေရာ၌ပင် ရပ်လျက်ရှိလေသည်။ သို့နှင့် ကျွန်ုပ်လည်း အသံထွက်အောင် လိုက်၍ခေါ်လိုက်ပြီးလျှင် ကျွန်ုပ်ဆီသို့ လာရန် ခြေဟန်လက်ဟန်ဖြင့် ပြလျက်ရှိရာ သူသည် ချက်ချင်းနားလည်ဟန်နှင့် ရှေ့သို့ အနည်းငယ်တိုးလာ၏။ ထို့နောက် ခေတ္တမျှရပ်လိုက်ပြီးလျှင် ရှေ့သို့ တစ်ဖန် တိုးလာပြီးနောက် ရပ်လိုက်ပြန်လေသည်။ သူ၏ ရန်သူနှစ်ယောက်ကို သတ်လိုက်ဘိသကဲ့သို့ သူ့ကိုလည်း သတ်ရန် အကျဉ်းသမားများအဖြစ်ဖြင့် ခေါ်လာသည်ဟု အထင်ရောက်ကာ တဆတ်ဆတ်တုန်နေလျက် ရှိလေသည်။

ထိုအခါ၌လည်း သူ့အား တတ်နိုင်သမျှ ခြေဟန်လက်ဟန် ဖြင့် အရိပ်နိမိတ်များပြပြီးလျှင် ထပ်မံခေါ်ပြန်ရာ သူ၏ အသက်ကို ကျွန်ုပ်က ကယ်ဆယ်လိုက်သဖြင့် ကျွန်ုပ်အား ကျေးဇူးတင်သည့် အထိမ်းအမှတ်ကို ပြလိုဟန်လက္ခဏာဖြင့် ၁၀ လှမ်း ၁၂ လှမ်း လှမ်း မိတိုင်း ဒူးထောက်လိုက်၏။ ထိုအခါ ကျွန်ုပ်က ပြုံး၍ကြည့်လိုက်ပြီး လျှင် ထိုထက်ပို၍ နီးနီးလာအောင် အထိမ်းအမှတ်ပြပြန်လေသည်။ နောက်ဆုံး၌ သူသည် ကျွန်ုပ်အနီးသို့



http://www.cherrythitsar.org

ချဉ်းကပ်လာ၍ ဒူးထောက်ချ လိုက်ကာ နဖူးကို မြေကြီးနှင့် ထိအောင် ငုံ့ပြီးနောက် ကျွန်ုပ်၏ ခြေ တစ်ဖက်ကို သူ၏ ခေါင်းပေါ်သို့ အသာအယာတင်ထားလေ၏။ ယင်း အထိမ်းအမှတ်သည်ကား သူ၏တစ်သက် ကျွန်ုပ်အား ကျွန်ခံပါတော့ မည်ဟူသော အထိမ်းအမှတ်ပင်ဖြစ်လေသည်။

ကျွန်ုပ်သည် သူ့အားဆွဲထူပြီးလျှင် တတ်နိုင်သမျှ အားပေး သမှုပြုလုပ်၏။ သို့သော် များစွာပြုလုပ်ရန် အချိန်မရှိချေ။ ကျွန်ုပ် ပထမ သေနတ်ဖြင့် ရိုက်ချလိုက်သော လူရိုင်းမှာ မသေဘဲ မေ့မြောနေ ရုံမျှသာ ရှိနေသဖြင့် ပြန်လည်သတိရလာသဖြင့် ကျွန်ုပ်က ၎င်းအား ပြလိုက်လေသည်။ ထိုအခါ ကျွန်ုပ်ကယ်ဆယ်ထားသော လူရိုင်းသည် ကျွန်ုပ်အား နှုတ်ဖြင့် တစ်စုံတစ်ရာ စကားအနည်းငယ်ပြောလိုက်ရာ ထိုအခါတွင်မှ နှစ်ပေါင်း ၂၅ နှစ်ခန့်မျှ တစ်ပါးသူစကားကို တစ်ခွန်း တလေမျှပင် မကြားခဲ့သော ကျွန်ုပ်မှာ သူပြောသောစကားကိုပင် နား မလည်သော်လည်း လွန်စွာမှပင် နှစ်သိမ့်ဝမ်းမြောက်မိတော့၏။

သို့သော် ဤအကြောင်းခြင်းရာများကို စဉ်းစား၍ နေရန် အချိန်မရပါ။

ကျွန်ုပ်က သေနတ်နှင့်ရိုက်လိုက်သဖြင့် လဲကျသွား သော လူ ရိုင်းသည် မြောမေ့နေရာမှ သတိရကာ ထိုင်လျက်ရှိ လေရာ ကျွန်ုပ်ဖမ်း ထားသောလူရိုင်းမှာ လွန်စွာကြောက်ရွံ့သည့် လက္ခဏာ ရှိနေလေ သည်။ ထိုအခြင်းအရာကိုမြင်သောအခါ ကျွန်ုပ်လည်း အခြားသေနတ် တစ်လက်ဖြင့် ၎င်းအား ပစ်ရန် ချိန်



http://www.cherrythitsar.org

လိုက်၏။ ထိုအခါ ကျွန်ုပ်၏ လူ ရိုင်းသည် ကျွန်ုပ်ခါးတွင် အလွတ်လွယ်ထားသောဓားကို သူ့အား ခေတ္တ ပေးရန် ကျွန်ုပ်အား ခြေဟန်လက်ဟန်ဖြင့် တောင်းဆိုသဖြင့် ကျွန်ုပ် က ဓားကို ပေးလိုက်၏။ ဓားကိုရသည်နှင့်တစ်ပြိုင်နက် သူသည် လုပ် ကိုင်နေကျ လူသတ်ယောကျ်ားတစ်ယောက်ထက်ပင် လျင်မြန်ခြင်း ကျွမ်းကျင်ခြင်းဖြင့် ထိုင်၍နေသော လူရိုင်း၏ လည်ပင်းကို တစ်ချက် တည်းနှင့် ပိုင်း၍ချလိုက်၏။ လူရိုင်းများ အသုံးပြုလေ့ရှိသော သစ်သား ဓားများကိုသာ မြင်ဖူး၍ အင်္ဂလိပ်ဓားရှည်ကို မည်သည့်အခါမျှ မကိုင် ဖူးသည့် လူရိုင်းတစ်ယောက်က ယင်းကဲ့သို့ ပြုလုပ်လိုက်သည်မှာ ကျွန်ုပ်အတွက် လွန်စွာပင် ထူးဆန်းလှတော့၏။ သို့သော် သူတို့သည် သစ်သားဓားများကို အလွန်မာကြော၍ ထက်မြက်အောင် ပြုလုပ်ပြီး လျှင် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းကို မဆိုထားဘိဦး လူတစ်ယောက် ၏ ဦးခေါင်းကိုပင် ထိုသစ်သားဓားဖြင့် တိတိရိရိပြတ်အောင် ဖြတ်နိုင် ကြောင်း နောင်အခါ ကျွန်ုပ်သိရှိရလေသည်။ ယင်းကဲ့သို့ ပြုလုပ်ပြီး သောအခါ သူသည် ကိစ္စတစ်ခုကို ပြုလုပ်ရာတွင် အောင်မြင်စွာ ပြု လုပ်ပြီးစီးသောဟန်ဖြင့် ကျွန်ုပ်ထံ ရယ်မော၍လာပြီးလျှင် ကျွန်ုပ် နား မလည်သော အမူအရာအမျိုးမျိုးပြကာ ဦးခေါင်းပြတ်ကြီးကို ကျွန်ုပ်၏ ခြေရင်း၌ ထားလိုက်လေသည်။

သို့သော် သူ့အား အံ့အားအသင့်စေဆုံးအရာမှာ အခြားလူ ရိုင်းတစ်ယောက်ကို ကျွန်ုပ်က မည်ကဲ့သို့ သတ်လိုက် သည်ဟူသော ပြဿနာပင်ဖြစ်သည်။ သို့နှင့် သူသည် လူရိုင်း

အလောင်းရှိရာသို့ သွား ရန် ကျွန်ုပ်အား ခွင့်တောင်းဟန်ပြုသဖြင့် ကျွန်ုပ်က ခွင့်ပေးလိုက်၏။ သူသည် လူရိုင်း၏အလောင်းကို တစ်ဖက်မှတစ်ဖက်သို့ လှန်၍ကြည့်ရှုရာ ရင်ဘတ်တွင် ကျည်ဆံဝင်သွားသော ဒဏ်ရာကလေးကို တွေ့ရှိလေ၏။ သွေးလည်း ထိုဒဏ်ရာမှ အမြောက်အမြား ထွက်သည်ကို မတွေ့ရချေ။ အဘယ်ကြောင့်ဆိုသော် သွေးမှာ အထဲသို့ ပြန်၍ စိမ့်ဝင်သွားဟန်တူလေသည်။ ထို့နောက် သူသည် သေသူ လူရိုင်းထံမှ လေးနှင့်မြားကို ယူခဲ့ပြီးလျှင် ပြန်လာရာ ကျွန်ုပ်က နောက်ထပ်လူရိုင်းများ လိုက်လာမည်ကို စိုးရိမ်ရကြောင်း ကျွန်ုပ်နောက်မှ လိုက်ခဲ့ရန်အကြောင်း ခြေရိပ်လက်ရိပ်ပြကာ အမိန့်ပေးသည့်အတိုင်း ကျွန်ုပ်နောက်မှ လိုက် လာခဲ့လေသည်။

ထိုအခါ သူသည် ကျန်လူများ နောက်ထပ်လိုက်လာလျှင် မမြင်ရလေအောင် ယင်းတို့အား သဲဖြင့် ဖုံးလွှမ်းမြှုပ်နှံလိုကြောင်း ခြေဟန်လက်ဟန်ပြသဖြင့် ကျွန်ုပ်ကလည်း ထိုသို့ ပြုလုပ်ရန် သူ့အား လက်ဟန်ခြေဟန်ဖြင့် ပြန်ပြလိုက်ရ၏။ သို့နှင့် သူသည် ချက်ချင်းပင် စတင်လုပ်ကိုင်ရာ များမကြာမီ သဲထဲတွင် လူတစ်ယောက်မြှုပ်သာအောင် ကျင်းတစ်ခုကို လက်များဖြင့်ပင် တူးယက်ပြီးစီးသွားသဖြင့် ပထမလူကို ဆွဲယူကာ ကျင်းထဲသို့ ထည့်ပြီးလျှင် သဲများဖြင့် ဖုံးလွှမ်းမြှုပ်နှံလိုက်၏။ နောက်တစ်ဖန် ကျင်းတစ်ခုကို တူးပြန်ရာ ဒုတိယလူကိုလည်း ပထမလူနည်းတူ မြှုပ်နှံလိုက်သည်။ ကျွန်ုပ်အထင် သူသည် လူနှစ်ယောက်စလုံးကို ၁၅ မိနစ်ခန့်အတွင်းမှာပင် မြှုပ်နှံ၍ ပြီးစီးသွား



http://www.cherrythitsar.org

လေသည်။ ထို့နောက် ကျွန်ုပ်သည် သူ့အား ကျွန်ုပ်၏ ရဲတိုက်သို့ ခေါ်ဆောင်မသွားသေးဘဲ အခြားတစ်ဖက်၌ရှိသော ကျွန်ုပ်၏ ဂူရှိရာသို့ ခေါ်ဆောင်သွား၏။

ဂူသို့ရောက်လျှင် သူ့အား ပေါင်မုန့်နှင့် စပျစ်သီးခြောက်တစ်ခိုင်စားရန် ပေးပြီးလျှင် သောက်ရန်ရေကိုလည်း ပေး၏။ သူသည် ပြေးလွှားထားရသဖြင့် လွန်စွာ မွတ်သိပ်နေကြောင်း ကျွန်ုပ်ကောင်းစွာသိ၏။ ထိုသို့ အစာရေစာ ကျွေးမွေးကာ သူ့အား လန်းဆန်းစေခဲ့ပြီးသည့်နောက် ကျွန်ုပ်ကိုယ်တိုင် တစ်ခါတစ်ရံ အိပ်တတ်သည့် နေရာအောက်၌ ကောက်ရိုးများဖြန့်ကာ အပေါ်မှ စောင်တစ်ထည်ခင်းထားသောနေရာကို လက်ညှိုးထိုးပြရင်း ခြေဟန်လက်ဟန်ဖြင့် ကျွန်ုပ်က အအိပ်ခိုင်းသောအခါ သူသည် ကျွန်ုပ်ပြောသည့်အတိုင်း လှဲ၍ အိပ်လိုက်ပြီးနောက် အိပ်ပျော်သွားရှာ၏။

သူသည် လူချောတစ်ယောက်ဖြစ်၍ ကိုယ်အင်္ဂါပြေပြစ်ပြီးလျှင် ခြေတံလက်တံများမှာ မကြီးလွန်း မသေးလွန်းဘဲ ဖြောင့်စင်းသန်မာ၏။ အရပ်ရှည်သော်လည်း အချိုးအစားကျန၍ အသက်အရွယ် ၂၆ နှစ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ မျက်နှာပေါက်မှာ ကြမ်းတမ်းခက်ထန် သုန်မှုန်ခြင်းမရှိဘဲ ယောကျ်ားပီသသည်။ အထူးသဖြင့် ပြုံးရယ်လိုက်သည့်အခါတွင် သူ၏မျက်နှာသည် ဥရောပတိုက်သားတစ်ဦးကဲ့သို့ပင် ချိုသာပျော့ပျောင်းလေသည်။ ဆံပင်မှာ ရှည်၍ မည်းနက်သည့်ပြင် မကောက်ချေ။ နဖူးမှာ အတော်ပင်ကျယ်၍ မျက်လုံးများ



http://www.cherrythitsar.org

မှာ အထူးတောက်ပြောင်စူးရှလေသည်။ အသားရောင်မှာ နီညိုရောင်ဖြစ် ပြီးလျှင် မျက်နှာဝိုင်း၍ အသားပြည့်၏။ နှာခေါင်းသေးသော်လည်း ကပ္ပလီများကဲ့သို့ မပြားပေ။ ပါးစပ်မှာ အနေတော်ဖြစ်၍ နှုတ်ခမ်းပါး ၏။ သွားများမှာ ညီညာလှပလျက် ဆင်စွယ်ကဲ့သို့ ဖြူဖွေးနေလေ သည်။ သူသည် နာရီဝက်ခန့် အိပ်ပျော်သွားပြီးနောက် အိပ်ရာမှထ ကာ ဂူအနီးရှိ ခြံထဲတွင် ဆိတ်များကို နို့ညှစ်နေသော ကျွန်ုပ်ရှိရာသို့ လာခဲ့၏။

ကျွန်ုပ်ကို လှမ်း၍မြင်လိုက်လျှင်ပင် သူသည် အပြေး လာကာ မြေကြီးပေါ်သို့ လှဲချလိုက်ပြီးနောက် ကျွန်ုပ်အား ကျေး ဇူးတင်ကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြ၍ နေရှာ၏။ ထို့နောက် တွင် တစ်ဖန် သူ အသက်ရှင်နေသမျှ ကျွန်ုပ်အား ရိုသေကျိုးနွံ မည်ဖြစ်ကြောင်းကိုလည်း ခြေဟန်လက်ဟန်ဖြင့် ပြပြန်လေ သည်။ ထိုအခါ ကျွန်ုပ်ကလည်း သဘောကျနှစ်သက်ကြောင်း သူသိအောင် ပြုလိုက်ရ၏။ မကြာမီ ကျွန်ုပ်သည် သူ့အား စကားစတင်ပြောကာ ကျွန်ုပ်ကိုလည်း စကား ပြန်၍ပြောရန် စတင် သင်ကြားပေးရ၏။ ရှေးဦးစွာ ကျွန်ုပ်က သူ၏ အမည်မှာ Friday (သောကြာ) ဖြစ်ကြောင်း သိအောင် ပြုလုပ်ရ၏။ သောကြာနေ့တွင် သူ့အသက်ကို ကယ်ဆယ်ခဲ့ရသဖြင့် သူ့အား ထိုသို့ 'သောကြာ' ဟု မှည့်ခဲ့ခြင်းဖြစ်လေသည်။ ထိုနည်းတူ စွာ ကျွန်ုပ်အား လည်း သခင်ဟု ခေါ်တတ်အောင် သင်ကြားပေး ရသည်။ ထို့ပြင် 'ဟုတ် တယ်၊ မဟုတ်ဘူး' ဟု ပြောတတ်ရုံသာ မက အဓိပ္ပာယ်ကိုပါ နားလည် အောင်လည်း သင်ကြားပေးရ



http://www.cherrythitsar.org

သည်။ ထို့နောက် ကျွန်ုပ်က သူ့အား ပေါင်မုန့်တစ်လုံးပေးလိုက်ရာ ပေါင်မုန့်မှာ အလွန်တရာ စား၍ကောင်း ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြလေသည်။

ထိုနေ့ညတစ်ညလုံး ကျွန်ုပ်သည် ဂူတွင် သူနှင့်အတူ နေထိုင်ခဲ့၍ နောက်တစ်နေ့နံနက် လင်းလျှင်လင်းခြင်း သူ့အား ကျွန်ုပ်နောက်သို့ လိုက်ခဲ့ရန် လက်ယပ်ခေါ်ရင်း အဝတ်အစားအချို့ ပေးမည့်အကြောင်း သိအောင် ပြုလိုက်ရ၏။ ထိုအခါ သူသည် အဝတ်အစားလုံးဝကင်းမဲ့နေရကား များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံရလေသည်။ သို့နှင့် ကျွန်ုပ်တို့နှစ်ယောက်သား ယမန်နေ့က လူနှစ်ယောက်အား မြှုပ်နှံထားခဲ့ရာနေရာသို့ ဖြတ်လျှောက်သွားစဉ် သူသည် နေရာကို အတိအကျညွှန်ပြခဲ့သည့်အပြင် ထိုသို့ ညွှန်ပြနိုင်အောင် သူ ပြုလုပ်ထားခဲ့သည့် အမှတ်အသားများကိုလည်း ကျွန်ုပ်အား ပြသ၏။ ထိုသို့ ပြသရင်းကပင် လူသေကောင်များကို ပြန်ဖော်၍ ကိုက်စားကြရန် ကျွန်ုပ်အား ခြေဟန်လက်ဟန်ပြလိုက်၏။ ထိုအခါ ကျွန်ုပ်က အလွန်တရာ ဒေါသထွက်ဟန် အမူအရာမျိုးကိုပြလျက် သူ့အား အတင်းလက်ယပ်ခေါ်လိုက်သည်တွင်မှ သူသည် အလွန်ကျိုးနွံစွာ မဆိုင်းမတွပင် ကျွန်ုပ်နောက်မှ လိုက်ပါလာခဲ့လေသည်။

ကျွန်ုပ်သည် တပည့်ကျော် 'သောကြာ' အား သူကောင်းစွာ အသုံးပြုတတ်သော လေးနှင့်မြားတို့ကို ကျော၌လွယ်စေပြီးလျှင် လက် ထဲတွင် ဓားလွတ်ကိုကိုင်စေလျက် သေနတ်တစ်လက်ကိုလည်း အထမ်း ခိုင်းခဲ့၏။ ကျွန်ုပ်ကမူ သေ



http://www.cherrythitsar.org

နတ်နှစ်လက်ကို ကိုင်ဆောင်ပြီးလျှင် ယမန် နေ့က တွေ့ခဲ့သော လူရိုင်းများအကြောင်းကို နောက်ထပ် စုံစမ်းလို သေးသဖြင့် သူတို့အား တွေ့ခဲ့သောနေရာသို့ ကျွန်ုပ်တို့နှစ်ယောက် သား လျှောက်သွားကြ၏။ ထိုနေရာသို့ရောက်လျှင် ကျွန်ုပ်သည် ကြက် သီးမွေးညှင်းများပင် ထမိတော့သည်။ ထိုနေရာတွင် တွေ့မြင်ရသည် မှာ အတော်ပင် ထိတ်လန့်စရာကောင်း၏။ သို့သော် သောကြာမှာ မည်သို့မျှ ဖြစ်ပုံမရချေ။ ထိုနေရာတွင် အရိုးများ ပြန့်ကြဲနေကာ မြေ ကြီးမှာလည်း သွေးကွက်ကြီးများဖြင့် ပြည့်နက်နေ၏။ အသားတုံး အသားတစ်ကြီးများသည်လည်း အနှံ့နှံ့ဖြစ်နေ၍ ဦးခေါင်းခွံ ၃ ခု၊ လက် ၅ ချောင်းနှင့် ခြေချောင်းရိုး သုံးလေးခုတို့ကိုလည်း တွေ့ရလေသည်။

လူ့ခန္ဓာကိုယ် အခြားအစိတ်အပိုင်းများမှာလည်း ပြန့်ကြဲနေလေသည်။

ကျွန်ုပ်သည် သောကြာအား တွေ့သမျှသော ဦးခေါင်းခွံများ၊ အရိုးများနှင့် အသားတုံးများ စသည်တို့ကို ကောက်ယူ ပုံစေပြီးသော် ပြာကျသည်အထိ မီးပုံရှို့ခိုင်းလိုက်၏။

ထို့နောက်တွင် ကျွန်ုပ်တို့သည် ရဲတိုက်သို့ ပြန်သွားကြ၏။ တပည့်ကျော်သောကြာအတွက် လုပ်စရာကိုင်စရာ ရှိသမျှ ကို လုပ်ကိုင် ပေးရလေသည်။ ရှေးဦးစွာ ကျွန်ုပ်သည် သေနတ် ပစ်သမား သေတ္တာ အတွင်းမှ ရရှိခဲ့သည့် ပိတ်ဘောင်းဘီတစ် ထည်ပေးလိုက်၏။ ထို ဘောင်းဘီကို ကျွန်ုပ်က အနည်းငယ် ပြုပြင်ပေးလိုက်ရာ သူနှင့် အံ ကိုက်ဖြစ်သွားသည်။ ထို့နောက်

ဆိတ်သားရေဖြင့် ဂျာကင်တစ်ထည် ချုပ်ပေး၏။ ယုန်ရေဖြင့်လည်း ဦးထုပ်တစ်လုံး ချုပ်ပေးလိုက်၏။ ယခု အခါ ကျွန်ုပ်မှာ လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့် အတိုင်း အတော် ပင် ချုပ်တတ် လုပ်တတ်နေလေပြီ။ သောကြာကား သခင်ဖြစ်သူ ကျွန်ုပ် ကဲ့သို့ ဝတ်စားဆင်ယင်ရသဖြင့် အတော်ပင် ကျေနပ်နေလေတော့ သည်။ အစပထမ၌ ယင်းအဝတ်အစားများနှင့် သူသည် အတော်ပင် ကိုးယိုးကားယား ဖြစ်နေသေး၏။ ဘောင်းဘီများကို ဝတ်ထားရသည် မှာ သူ့အဖို့ ကိုးယိုးကားယားနိုင်လှသည့်အပြင် ကိုယ်ကြပ်အကျီလက်များကလည်းပုခုံးနှင့် လက်မောင်းအတွင်းသားများကို ပွန်းရှစေတော့ ၏။ သို့သော် ထိုပွန်းရှစေသည့်နေရာများတွင် အတန်ငယ် ပျော့ပျောင်း သွားအောင် ပြုလုပ်ပေးပြီးသည့်နောက်တွင်ကား ကျင့်သားရ၍ သွား လေသည်။

တဲတစ်လုံးကို ကျွန်ုပ်၏ ခံတပ်နှစ်ခုအကြားရှိ မြေကွက်လပ် တွင် သူ့အတွက် ဆောက်ပေးလိုက်၏။ ဤသို့ဖြင့် သူသည် ကျွန်ုပ်ရှိ ရာ အတွင်းဘက်အကျဆုံး နံရံ၏ အတွင်းဘက်သို့ မလာနိုင်တော့ပေ။ သို့သော် ယင်းကဲ့သို့ ကြိုတင်အကာအကွယ်ပြုလုပ်ထားသည်မှာ အပို ပင်ဖြစ်တော့၏။ မည်သူမျှ ကျွန်ုပ်၏ တပည့်ကျော် သောကြာကဲ့သို့ သစ္စာရှိ၍ ချစ်ကြည်ညိုကြော ရိုးသားဖြောင့်မတ်သော တပည့်မျိုး ရရှိ ဖူးမည်မထင်ပေ။ သူသည် ဖခင်အပေါ်တွင် သားငယ်က ခင်မင်တွယ် တာခြင်းမျိုးဖြင့် ကျွန်ုပ်အား ခင်မင်တွယ်တာနေခဲ့၏။ မည်

သည့်အခါ တွင်မဆို ကျွန်ုပ်အတွက် အသက်ကိုပင် စွန့်ရန် အသင့်ရှိလေသည်။

ကျွန်ုပ်မှာ သူနှင့်အတူနေရသည်ကိုပင် အလွန်ဝမ်းမြောက် ဝမ်းသာရှိလှသည့်အပြင် သူ့အား အသုံးချ၍ရအောင် ခိုင်းစေ၍လည်း လွယ်ကူအောင် အစစအရာရာ သင်ကြားပေးရသည်မှာ ကျွန်ုပ်အဖို့ အလုပ်ကြီးတစ်ခု ဖြစ်နေလေသည်။ အထူးသဖြင့် သူ စကားပြောတတ် အောင်နှင့် ကျွန်ုပ်ပြောသည်ကို နားလည်အောင် သင်ကြားပေးရ၏။ သူကလည်း အထူးပင် ကြိုးစားသင်ယူခဲ့ရာ ကျွန်ုပ်ပြောသည်ကို နား လည်သောအခါ သို့မဟုတ် ကျွန်ုပ်နားလည်အောင် သူပြောနိုင်သော အခါ အတော်ပင် ကျေနပ်နှစ်သိမ့်မိသည်။ ထိုအခါမျိုးတွင် သူ့အား စကားပြောရသည်မှာ အလွန်ပျော်စရာကောင်းလေသည်။ ထို့ပြင် ကျွန်ုပ်နေထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိလာသဖြင့် အကယ် ၍သာ နောက်ထပ်အရိုင်းအစိုင်းတို့၏ ဘေးရန်ကို မစိုးရိမ်ရခဲ့သော် ကျွန်ုပ်အသက်ရှင်နေသမျှ ဤနေရာမှ မရွှေ့ပြောင်းရသော်လည်း အရေး မကြီးတော့ပြီဟု အောက်မေ့မိ၏။

ရဲတိုက်၌ သုံးလေးရက်ခန့် နေထိုင်ပြီးနောက်တွင် လူ သားကို စားတတ်သည့် တပည့်ကျော် သောကြာအား ထိုကြောက် မက်ဖွယ် အကျင့်ဆိုးကြီး ပပျောက်သွားစေရန် အခြားသော အသားမျိုးကို စမ်း ကြည့်စေလိုသည့်စိတ်ကူး ပေါ်လာခဲ့၏။ ထို့ ကြောင့် တစ်နေ့သော နံနက်တွင် သူ့အား တောထဲသို့ ခေါ်သွား



http://www.cherrythitsar.org

သည်။ ကျွန်ုပ်၏အကြံမှာ ကျွန်ုပ်၏ ဆိတ်အုပ်ထဲမှ ဆိတ်ကလေးတစ်ကောင်ကို သတ်ပြီးလျှင် ရဲတိုက်သို့ ယူဆောင်ကာ အရေခွာရန်ဖြစ်၏။ သို့သော်လည်း တော ထဲသို့ ကျွန်ုပ်တို့ ထွက်လာစဉ် အရိပ်ထဲ၌ ဆိတ်မတစ်ကောင်သည် ဆိတ်ကလေးနှစ်ကောင်နှင့်အတူ လဲလျောင်းနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်သည် သောကြာအား ဖမ်းကိုင်စေလိုက်ပြီးလျှင် –

"ရပ်ဦးဟေ့ . . . ငြိမ်ငြိမ်နေစမ်း"ဟု ပြောကာ မလှုပ်ရန် လက်ဟန်ခြေဟန်ပြလိုက်၏။

ချက်ချင်းပင် ကျွန်ုပ်သည် ဆိတ်ကလေးတစ်ကောင်ကို သေနတ်ဖြင့် ပစ်လိုက်သည်။ ထို့နောက် ပြေး၍ယူလာခဲ့ရန် လက်ပြလိုက်ရာ သောကြာသည် ပြောသည့်အတိုင်း သွားယူ၏။ သူသည် ဆိတ်ကလေး အဘယ်ကြောင့် သေသွားရသည်ကို တအံ့တသြဖြစ်ကာ အသေကောင်ကို လှန်လှောကြည့်ရှုနေစဉ် ကျွန်ုပ်သည် သေနတ်ကို ယမ်းထိုးပြီးလျှင် တောင်မြောက်လေးပါးကို ကြည့်လိုက်ရာ သေနတ်တစ်ကမ်းလောက်မှ သစ်ပင်တစ်ပင်ပေါ်တွင် တောကြက်တူရွေးတစ်ကောင် နားနေသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် ကျွန်ုပ် ဘာလုပ်ရမည်ကို အနည်းအကျဉ်းမျှဖြစ်စေ သောကြာနားလည်စေရန် သူ့အား ခေါ်ပြီးလျှင် ကြက်တူရွေးကိုလည်းကောင်း၊ ကျွန်ုပ်၏ သေနတ်ကိုလည်းကောင်း ပြလျက် ကြက်တူရွေးကို သေနတ်ဖြင့် ပစ်သတ်မည့် အကြောင်းကို သူနားလည်သွားစေရန် သစ်ပင်အောက်ရှိ မြေကြီးကို လည်းကောင်း လက်ညှိုးထိုးပြလိုက်၏။ ထို့နောက်

ကျွန်ုပ်သည် သေနတ်ကိုပစ်ဖောက်လိုက်ရာ ကြက်တူရွေးကို ထိမှန်လျက် အောက်သို့ ထိုးကျသွားသည်ကို သူတွေ့လိုက်ရလေသည်။

အကယ်၍ ကျွန်ုပ်ကသာ ခွင့်ပြုမည်ဆိုလျှင် ကျွန်ုပ်ကိုလည်းကောင်း၊ ကျွန်ုပ်၏ သေနတ်ကိုလည်းကောင်း ဘုရားတစ်ဆူ ဂူတစ်လုံး သဖွယ် ကိုးကွယ်ထားမည်ဟု ကျွန်ုပ်ထင်၏။ သူသည် သေနတ်ကို ရက်ပေါင်းများစွာ လက်ဖျားနှင့်မျှ မတို့ဝံ့ဘဲ ရှိနေခဲ့သည်။ သို့သော် သူတစ်ယောက်တည်းရှိနေသည့်အခါ သေနတ်အား တတွတ်တွတ်နှင့် စကားပြောနေတတ်၏။

ယင်းကဲ့သို့ ပြောဆိုနေခြင်းမှာ သူ့အား မသတ်ရန် တောင်းပန်နေခြင်းဖြစ်ကြောင်း နောက်မှ သိရလေသည်။

ငှက်ကျလာသည်ကို မြင်ရပြီးနောက် သူ၏ အံ့သြခြင်း အတော်ပြေသွားသောအခါ ကျွန်ုပ်က ငှက်ကိုသွား၍ အကောက်ခိုင်းလိုက်ရာ သူသည် မဆိုင်းမတွပင် ပြေးလွှားကောက်ယူပေးလေသည်။ ကျွန်ုပ်သည် သတ်ပြီးသော ဆိတ်ကလေးကို အိမ်သို့ ယူဆောင်သွားပြီးနောက် ထိုနေ့ညနေမှာပင် အရေကိုဆုတ်လိုက်ပြီးသော် သင့်လျော်သလို ခုတ်ထစ်ပိုင်းဖြတ်လိုက်၏။ ထို့နောက် အိုးကလည်း အဆင်သင့် ရှိနေသဖြင့် အသားအချို့ကို ထည့်၍ပြုတ်လိုက်ရာ အတော်ကောင်း သော အသားပြုတ်ဟင်းတစ်မျိုးရလေသည်။ ထိုဟင်းကို ကျွန်ုပ်လည်း စား တပည့်ကျော်အားလည်း စားစေ၏။ သောကြာမှာ ထိုဟင်းကို အတော်သဘောကျပုံရသည်။

သူ့အား အသားပြုတ်ဟင်းကို ကျွေးပြီးနောက် နောက်တစ်နေ့၌ အသားကင်ကို ကျွေးမည်ဟု စိတ်ပိုင်းဖြတ်ထား၏။ သို့ဖြင့် မီးဖို၏ ဘေးတစ်ဖက်တစ်ချက်၌ စိုက်ထားသော တိုင်များတွင် ထုတ်တန်းတစ်ခုကို ကန့်လန့်တင်၍ ထိုထုတ်တန်းတွင် အစတစ်ဖက်၌ အသားတုံးချည်ထားသောကြိုးကို အခြားအစတစ်ဖက်ဖြင့် ချည်နှောင်ထားလိုက်၏။ ထို့နောက် အသားတုံးကို မကြာခဏ လှည့်ပေးလေသည်။ သောကြာကား ကျွန်ုပ်ပြုလုပ်နေသည်ကို ကြည့်ကာ အလွန်သဘောကျနေ၏။ အသားကင်ကို သူ (မြည်း) လိုက်ရသောအခါ၌ကား မည်မျှလောက် သဘောကျသည်ကို ခြေဟန်လက်ဟန်ပြ၍ မဆုံးနိုင်အောင် ရှိတော့ရာ ကျွန်ုပ်မှာ အဓိပ္ပာယ်မကောက်တတ်အောင်ပင် ရှိတော့၏။ နောက်ဆုံး၌ သူသည် လူသားကို မည်သည့်အခါမျှ စားတော့မည်မဟုတ်ကြောင်းဖြင့် ပြောပြရာ ကျွန်ုပ်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။

နောက်တစ်နေ့တွင် ကျွန်ုပ် နေ့စဉ်လုပ်နေကျအတိုင်း မုယောစပါးအချို့ကို သူ့အား ဖွတ်စေပြီးလျှင် အပြာခိုင်းလိုက်၏။ အထူး သဖြင့် ထိုသို့ အလုပ်ခိုင်းခြင်းမှာ ပေါင်မုန့်လုပ်ရန်အတွက် ဖြစ်သည် ကို သိသွားသောအခါ သောကြာသည် ဂရုတစိုက် လုပ်ကိုင်လာသဖြင့် မကြာမီ ကျွန်ုပ်ကဲ့သို့ပင် ကျင်လည်စွာ လုပ်ကိုင်လာတတ်လေသည်။ မုယောစပါးကို အဖွတ်ခိုင်းပြီးနောက် ကျွန်ုပ်၏ ပေါင်မုန့်ဖုတ်သည် ကို အကြည့်ခိုင်းရပြန်၏။ ဤသို့ဖြင့် များမကြာမီ သောကြာသည် ကျွန်ုပ်လုပ်ကိုင်

ဘိသကဲ့သို့ပင် လုပ်စရာရှိသမျှကို ကောင်းစွာလုပ်ကိုင် လာတတ်၏။

ယခုအခါတွင် ကျွေးစရာ ပါးစပ်တစ်ပေါက် ပိုလာသဖြင့် မုယောစပါးစိုက်ရန်အတွက် နေရာပိုမို စီမံထားရှိရမည်ဖြစ်သည့်အပြင် ယခင်က စိုက်နေကျထက်လည်း ပိုမိုစိုက်ပျိုးရမည်ဖြစ်သည်ကို ကျွန်ုပ် စဉ်းစားမိလာ၏။ ထို့ကြောင့် ယခင်ကထက် ပိုမိုကျယ်ပြန့်သော မြေကွက်တစ်ကွက်ကို သတ်မှတ်ပြီးလျှင် ယခင်ကကဲ့သို့ပင် ခြံစည်းရိုးခတ်လိုက်ရ၏။ မြေကွက်ကို သတ်မှတ်ရာတွင်လည်းကောင်း၊ ခြံစည်းရိုးခတ်ရာတွင်လည်းကောင်း သောကြာသည် စိတ်ပါလက်ပါနှင့် ကြိုးကြိုးပမ်းပမ်း ကူညီလုပ်ကိုင်ပေးရုံသာမက ပျော်ပျော်ရွှင်ရွှင်ကြီး လုပ်ကိုင်ပေးခဲ့သည်။ ကျွန်ုပ်ကလည်း ထိုသို့ပြုလုပ်ရသည်မှာ သူနှင့် ကျွန်ုပ် နှစ်ယောက်အတွက် လုံလောက်အောင် ပေါင်မုန့် ပိုမိုလုပ်နိုင်ရန်ဖြစ် ကြောင်း ပြောပြ၏။ ထိုအကြောင်းကို သူသည် ကောင်းစွာ သိထားဟန် တူ၏။ ထို့ပြင် ကျွန်ုပ်တစ်ကိုယ်တည်း နေခဲ့စဉ်ကထက် ယခုအခါ သူ့အတွက် အလုပ်ပို၍ လုပ်ရသည်ကိုလည်းကောင်း ကျွန်ုပ်ခိုင်းသမျှ မဆိုင်းမတွ လုပ်ကိုင်ပေးမည်ဖြစ်ကြောင်းနှင့်လည်း ပြောရှာ၏။

ထိုနေရာတွင် ကျွန်ုပ်နေခဲ့ရသမျှ နှစ်များအနက် ထိုနှစ်မှာ ပျော်စရာအကောင်းဆုံးနှစ်ဖြစ်လေသည်။ သောကြာလည်း အတော်ပင် စကားပြောတတ်လာပြီဖြစ်၍ ကျွန်ုပ်သိသမျှ အရာဝတ္ထုအားလုံးလိုလို ၏ အမည်များကိုလည်းကောင်း၊ သူ့အား



http://www.cherrythitsar.org

ခိုင်းစေသော နေရာတိုင်း၏ အမည်များကိုလည်းကောင်း နားလည်လာပြီဖြစ်သည့်အပြင် စကားကို မနားတမ်း ပြောနေပြီဖြစ်၏။ ကျွန်ုပ်မှာလည်း ယခင်က တစ်ယောက် တည်းနေရသဖြင့် စကားပြောဖော်မရှိ ဖြစ်နေခဲ့ရာ ယခုမှ သာစကား စမြည်ပြောရတော့သည်။ ထိုသို့ စကားပြောဖော်ရှိလာ၍ စကားပြော နေရခြင်းဖြင့် စိတ်ကြည်နူးဖွယ်ဖြစ်ရုံသာမက သူ့ကိုပင် အတော် သဘောကျ၍ နေမိတော့၏။ သူရိုးသားပုံမှာ တစ်နေ့တခြား ပေါ်လွင် ထင်ရှားလာပြီး သူ့အား ခင်မင်စပြုလာပြီးလျှင် သူကလည်း ကျွန်ုပ် အား ခင်မင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်လေသည်။

ကျွန်ုပ်က သူ့အား ကမ်းခြေနှင့် ကျွန်ုပ်တို့၏ ကျွန်းသည် မည်မျှဝေးကွာကြောင်းကိုလည်း လှေများ မကြာခဏ နစ်မြုပ်ခြင်း ရှိ မရှိကိုလည်းကောင်း မေးမြန်းကြည့်ခဲ့၏။ သူက လှေများ နစ်မြုပ်မည် မစိုးရိမ်ရကြောင်း လှေများ တစ်ခါမျှ မနစ်မြုပ်ခဲ့ဖူးကြောင်း သို့သော် ပင်လယ်ဘက်သို့ အတန်ငယ် ထွက်မိလျှင် ရေစီးကြောင်းနှင့် လေ ကြောင်းသည် နံနက်ခင်းတွင် တစ်ဖက်သို့ စီးဆင်းတိုက်ခတ်နေတတ် ၍ ညနေခင်းတွင် အခြားတစ်ဘက်သို့ စီးဆင်းတိုက်ခတ်နေတတ် ကြောင်းဖြင့် ပြန်ပြောလေသည်။

သူပြောသည်မှာ ဒီရေအတက်အကျကို ပြောနေခြင်း ဖြစ် ကြောင်း ကျွန်ုပ်နားလည်၏။ သို့သော် နောင်အခါတွင် ယင်းဒီရေ အတက်အကျမှာ 'အော်ရီနိုကို' မြစ်ကြီးကြောင့် ဖြစ်ရ



http://www.cherrythitsar.org

ကြောင်း၊ ကျွန်ုပ် တို့၏ ကျွန်းမှာလည်း ထိုမြစ်၏အဝတွင် တည်ရှိကြောင်း ကျွန်ုပ် သိရှိ ပြန်လေသည်။ ထို့ပြင် အနောက်မြောက်ယွန်းယွန်းတွင် ကျွန်ုပ်တွေ့ မြင်ရသည့် ကုန်းမြေမှာလည်း မြစ်ဝ၏ မြောက်ဘက်တွင်ရှိသည့် 'ထရီ ဒက်' ကျွန်းကြီးဖြစ်ကြောင်း သိရှိရ၏။

ကျွန်ုပ်သည် သောကြာအား အနီးအနားတွင် ရှိတန်ရာသော တိုင်းပြည် လူမျိုး ပင်လယ် စသည့်အကြောင်းတို့နှင့် စပ်လျဉ်း၍ မေးခွန်းပေါင်း ရာထောင်မက မေးမြန်းခဲ့ရာ သူသိသမျှကို ပွင့်ပွင့်လင်းလင်းပင် ပြန်လည်ပြောပြရှာသည်။ ကျွန်ုပ်က သူ့လူမျိုးစုနှင့် အလားတူဖြစ်သော လူမျိုးစုများ၏ အမည်များကို မေးမြန်းရာတွင် 'ကာရစ်' ဟူသော အမည်တစ်ခုကိုသာ ပြောပြနိုင်၏။ ထို့ကြောင့် ထိုကာရစ်ဟူသည်မှာ 'အိုရီနိုကို' မြစ်နှင့် 'ဂီယာနာ' အကြားရှိ အမေရိကတိုက်၏ အစိတ်အပိုင်းတွင် နေထိုင်သည်ဟု ကျွန်ုပ်မြေပုံများတွင် ဖော်ပြသည့် ကာရစ်ဘီးများပင်ဖြစ်သည်ဟု အလွယ်တကူ သိနားလည်လိုက်သည်။ သူတို့၏ တိုင်းပြည်မှာ လဝင်ရာ၏ တစ်ဘက် အတော်ဝေးသောနေရာတွင် (အနောက်ဘက်ကို ဆိုလိုသည်) ကျွန်ုပ်ကဲ့သို့ မုတ်ဆိတ်နူတ်ခမ်းမွေးများနှင့် လူဖြူများနေထိုင်၍ ယင်းတို့သည် လူအများကို သတ်ဖြတ်ပစ်ခဲ့ကြသည်ဟု ပြောပြ၏။ သူပြောသမျှမှာ ယင်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများသည် အမေရိကတိုက် ဝေးနီးနှံ့ပြားတွင် သားစဉ်မြေးဆက် ပြောစမှတ်ဖြစ်ခဲ့သည့် စပိန်လူမျိုးတို့ကို ဆိုလိုကြောင်း ကျွန်ုပ်နားလည်လိုက်၏။

ကျွန်ုပ်က တစ်ဖန် ထိုလူဖြူများနေရာသို့ရောက်အောင် မည်သို့သွားရမည်ကို သူ ပြောပြနိုင်ပါမည်လောဟု သူ့အား မေးလိုက်သည်။ ထိုအခါ သူက "အင်း . . . အင်း . . . လှေနှစ်စင်းနဲ့သွားပေါ့" ဟု ပြန်ပြောသည်။ သူဘာပြောသည်ကို ကျွန်ုပ် ရုတ်တရက် နားမလည်ခဲ့ဘဲ မည်သို့ လှေနှစ်စင်းနှင့် သွားရမည့်အကြောင်းကိုလည်း သူသည် ရှင်းမပြနိုင် ရှိနေခဲ့၏။ အတော်ခက်ခက်ခဲခဲ စဉ်းစားယူမှသာ လှေနှစ်စင်းစာရှိသော လှေကြီးကို ဆိုလိုကြောင်း ကျွန်ုပ်စဉ်းစားမိလေသည်။

သောကြာက ဤသို့ ပြောလိုက်သဖြင့် ကျွန်ုပ်မှာ အတော်ပင် သဘောကျခဲ့သည့်အပြင် ထိုအချိန်မှစ၍ တစ်နေ့မဟုတ် တစ်နေ့တွင် ဤနေရာမှ လွတ်မြောက်ရန် အခွင့်အလမ်း ပေါ်လာလိမ့်မည်ဟူ၍လည်းကောင်း၊ ဤလူရိုင်းသည်ပင်လျှင် ကျွန်ုပ်လွတ်မြောက်ရေးအတွက် အကူအညီအထောက်အပံ့တစ်ခု ဖြစ်လာလိမ့်မည်ဟူ၍လည်းကောင်း မျှော်လင့်ချက်များ ထားရှိလာခဲ့လေသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် အတော်အတန် စိတ်သက်သာရာ ရလာ၍ ကျွန်ုပ်၏ နေထိုင်ခင်းမှာလည်း ယခင်ကထက်ပင် ပိုမို၍ သက် သောင့်သက်သာဖြစ်လာ၏။ ဤနေရာမှာပင် လူရိုင်းတစ်ယောက်၏ အသက်ကို ကယ်ဆယ်ကာ ယင်းအား ခရစ်ယာန်သာသနာသို့ သွတ် သွင်းနိုင်ခဲ့သည်ဖြစ်ရာ ထိုအကြောင်းကို စဉ်းစားမိသည့်အခါတိုင်း စိတ်ထဲတွင် အလွန်ကျေနပ်နှစ်သိမ့်နေမိသည်။ ယခင်က ဤနေရာသို့ ရောက်လာရ



http://www.cherrythitsar.org

သည်မှာ ကျွန်ုပ်အဖို့ အဆိုးတကာ့ အဆိုးဆုံးသော ဒုက္ခ ကြီးတစ်ခုဟု မကြာခဏ မှတ်ထင်ခဲ့သော်လည်း ယခုအခါ၌မူ အကျေနပ်ကြီးကျေနပ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိတော့၏။

သောကြာနှင့် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ပိုမိုရင်းနှီးလာခဲ့ပြီးလျှင် ကျွန်ုပ်ပြောပြသမျှကိုလည်း သူသည် အားလုံးလိုလို သိရှိနားလည်ကာ စကားကိုလည်း သွက်သွက်လက်လက် ပြန်လည်ပြောဆိုတတ်လာပြီးသည့်နောက် ကျွန်ုပ် ဤနေရာသို့ မည်သို့ရောက်လာ၍ မည်သို့နေထိုင်ကာ မည်မျှကြာမြင့်ပြီဖြစ်ကြောင်း စသည်တို့ကို ပြန်ပြောင်းပြောပြခဲ့၏။ ယမ်းနှင့် ကျည်ဆံတို့ကို အသုံးပြုပုံကိုလည်းကောင်း၊ သေနတ်ပစ်ခတ်နည်းကိုလည်းကောင်း သင်ပြပေး၏။ ထို့ပြင် သူ့အား ဓားတစ်ချောင်းကိုလည်းကောင်း ကျွန်ုပ်ကပေး၍ ရဲတင်းတစ်လက်ကိုလည်း ခါးတွင် ဆွဲချိတ်ရန် ခါးပတ်တစ်ချောင်းနှင့်တကွ ပြုလုပ်ပေးလေသည်။

ထိုသို့ ကျွန်ုပ်၏အကြောင်းကို ပြန်ပြောင်းပြောပြရာတွင် ဥရောပတိုက်အကြောင်း အထူးသဖြင့် ကျွန်ုပ်နေထိုင်ရာ အင်္ဂလန်ပြည် အကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့ မည်သို့နေထိုင်ပုံ မည်သည့် အယူဝါဒ၌ သက်ဝင်ယုံကြည်ပုံ တစ်ဦးနှင့်တစ်ဦး မည်သို့ ဆက်ဆံပုံ ကမ္ဘာအရပ်ရပ်သို့ မည်သို့သွားရောက်၍ သင်္ဘောများနှင့် ကုန်သွယ်ပုံ စသည်တို့ကိုလည်းကောင်း သင်္ဘောပျက်ကာ ကျွန်ုပ်သည် ယခုနေထိုင်ရာ ကျွန်းသို့ မည်သို့ရောက်ခဲ့ပုံကိုလည်းကောင်း ရှင်းလင်း ပြောပြလေသည်။

ထိုမျှမကသေး ကျွန်ုပ်တို့ သင်္ဘောပျက်စဉ်က စီးနင်းထွက်ပြေးလာခဲ့ပြီးနောက် စွန့်ပစ်ထားခဲ့ရ၍ ထိုစဉ်က ကျွန်ုပ် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း ရွှေ့လျားအောင် ပြုလုပ်ရန် မတတ်နိုင်ခဲ့သောလှေကြီးကိုလည်း သူ့အား ပြခဲ့၏။ ထိုလှေကြီးကား ယခုအခါ အတော်ပျက်စီးနေပြီဖြစ်၏။ ထိုလှေကြီးကို သူမြင်ရသောအခါ သောကြာသည်တစ်စုံ တစ်ရာ ပြန်မပြောဘဲ အတန်ကြာအောင် တွေ၍စိုက်ကြည့်နေလေ သည်။ ကျွန်ုပ်က အကြောင်းကို မေးမြန်းရာထိုလှေမျိုး သူတို့ဆီသို့ ရောက်လာသည်ကို တွေ့ဖူးကြောင်းနှင့်ပြန်လည်ပြောပြ၏။

ကျွန်ုပ်သည် ရုတ်တရက် သူဆိုလိုသည်ကို မသိလိုက်ရသော်လည်း နောက်မှ သူတို့နေထိုင်ရာ ကမ်းခြေအနီးတွင် ဥရောပတိုက်မှသင်္ဘောများ ပျက်သွားသဖြင့် ထိုသင်္ဘောများမှ လှေတစ်စင်းတလေကမ်းသို့ ရောက်လာခြင်းဖြစ်ကောင်းဖြစ်မည်ဟု စဉ်းစားမိသည်။ သို့သော် သင်္ဘောပျက်မှ လူများသည် သူတို့နေထိုင်ရာသို့ ထွက်ပြေးလွတ်မြောက်သွားနိုင်လိမ့်မည်ဟု ကျွန်ုပ်သည် စိတ်ကူးပင် မထည့်မိခဲ့သဖြင့် လှေ၏ ပုံပန်းသဏ္ဌာန်ကိုသာ မေးမြန်းကြည့်ခဲ့၏။

သောကြာသည် လှေ၏ပုံပန်းကို အတော်ပင် ကျကျနန ပြောပြရုံသာမက လူဖြူများကိုလည်း ကယ်ဆယ်ခဲ့ရကြောင်း ပြောပြလေသည်။ ထိုအခါ ကျွန်ုပ်က လှေထဲတွင် သူပြောသည့် လူဖြူများ ပါလာသလောဟု မေးလိုက်ရ၏။

"ဟုတ်တယ် . . . လှေထဲမှာ လူဖြူတွေအပြည့်ပဲ"



http://www.cherrythitsar.org

ကျွန်ုပ်က လူမည်မျှရှိသနည်းဟု မေးလိုက်သောအခါ သူသည် လက်ချိုးကာ ၁၇ ယောက်ဟု ရေတွက်ပြ၏။ ထိုအခါ ကျွန်ုပ်က ထိုလူများ ဘာဖြစ်သွားသနည်းဟု မေး လိုက်ရာ –

"သူတို့ ရှိနေတယ်၊ ကျွန်တော်တို့တိုင်းပြည်မှာ နေတယ်" ဟု ပြန်ပြောလေသည်။

ထိုစကားကြောင့် ကျွန်ုပ်၏ ဦးခေါင်းထဲတွင် စိတ်ကူးသစ်များ ပေါ်လာ၏။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ကျွန်ုပ်ရောက်နေသော ကျွန်းနှင့် မလှမ်းမကမ်းတွင် နစ်မြုပ်သွားသော သင်္ဘောမှ လူများ ဖြစ်လိမ့်မည်ဟု စဉ်းစားမိသောကြောင့်ဖြစ်၏။ ထိုသူတို့သည် သင်္ဘောကျောက်ဆောင်နှင့် တိုက်မိ၍ နစ်မြုပ်ပျက်စီးသွားသောအခါ သင်္ဘောမှ လှေတစ်စင်းဖြင့်စီးနင်းကာ အရိုင်းအစိုင်းများ နေထိုင်ရာ ကမ်းခြေသို့ ရောက်သွားတန်ရာသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုလူများ၏အကြောင်းကို စေ့စေ့စပ်စပ် မေးမြန်းကြည့်ရပြန်၏။ သူက ထိုသူများသည် သူတို့တိုင်းပြည်မှာပင် ရှိနေသေးကြောင်း၊ အရိုင်းအစိုင်းများက ယင်းတို့အား မည်သို့မျှ မနှောင့်ယှက်ဘဲ အစားအသောက်များပင် ပေးထားကြောင်းနှင့် ပြောပြလေသည်။ ထိုအခါ ကျွန်ုပ်က အဘယ်ကြောင့် အရိုင်းအစိုင်းများသည် ယင်းတို့ကို သတ်ဖြတ်မစားပါသနည်းဟု မေးလိုက်၏။

"ဟင့်အင်း . . . သူတို့နဲ့ ညီအစ်ကိုလုပ်ထားတယ်၊ သူတို့စစ်တိုက်မှ လူသားစားတယ်"

သောကြာဆိုလိုသည်မှာ သူတို့သည် လူဖြူများနှင့် ငြိမ်းချမ်းရေးပြုလုပ်ထားကြောင်း သူတို့သည် သူတို့အား လာရောက်တိုက်ခိုက်၍ တိုက်ပွဲတွင် ဖမ်းဆီးရမိသူများကိုသာ သတ်ဖြတ်စားသောက်ကြောင်း ဟူ၍ ဖြစ်သည်။ ထို့ပြင် သောကြာက သူတို့သည် ထိုမုတ်ဆိတ်များရှိသော လူဖြူ ၁၇ ယောက်အား အတော်ပင် ကြင်နာသနားကြောင်း တတ်နိုင်သမျှ ရှင်းပြသေး၏။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် စပိန်လူမျိုး သို့မဟုတ် ပေါ်တူဂီလူမျိုး ဖြစ်ဟန်တူသော ထိုသူများနှင့် သွားရောက်ပူးပေါင်း၍ ဖြစ်နိုင်မဖြစ်နိုင်ကို စွန့်စားဆောင်ရွက်ကြည့်လိုသည့်စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့သည်ကို ဝန်ခံရမည်ဖြစ်သည်။ ထို့ကြောင့် ရက်ပေါင်းအနည်းငယ်ကြာသောအခါ သောကြာအား အလုပ်လုပ်စေလျက် သူ့လူမျိုးများနေရာသို့ ပြန်နိုင်ရန် လှေတစ်စင်းကို ပေးမည်ဟု ကျွန်ုပ်က ပြောပြီးနောက် သူ့အား ကျွန်း၏ တစ်ဖက်တွင်ရှိသော ကျွန်ုပ်၏ လှေရှိရာသို့ ခေါ်ဆောင်သွား၏။ ကျွန်ုပ်သည် လှေကို ရေထဲတွင် မြှုပ်ထားခဲ့သည်ဖြစ်ရာ လှေကိုဖော်ပြီးနောက် သူ့အားပြကာ နှစ်ယောက်သားတက်စီးကြတော့၏။

သူသည် လှေကို ကျွန်ုပ်လောက်နီးနီး နိုင်နင်းကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျွန်ုပ်က "ကိုင်း ဟေ့ သောကြာ . . . တို့များ မင်းတို့တိုင်းပြည်ကို သွားကြစို့လား"ဟု ပြောလိုက်၏။ သူသည် တစ်စုံတစ်ရာပြန်



http://www.cherrythitsar.org

မပြောဘဲ တွေ ဝေလျက်ရှိရာ လှေမှာ ငယ်လွန်းသည်ဟု ထင်နေသောကြောင့် ဖြစ်ဟန် တူလေသည်။ ထိုအခါ ကျွန်ုပ်က ထိုထက်ကြီးသော လှေရှိသေးကြောင်း ပြောပြ၍ ကျွန်ုပ်ပထမဆုံး ပြုလုပ်ခဲ့သော လှေရှိရာသို့ သူ့အား နောက် တစ်နေ့တွင် ခေါ်ဆောင်သွား၏။ ထိုလှေမှာ ကြီးလှ၍ ကျွန်ုပ်တစ် ယောက်တည်း ရေထဲသို့ တွန်းချရန် မတတ်နိုင်သဖြင့် မူလလုပ်သော နေရာမှာပင် ထားပစ်ခဲ့ရသော လှေဖြစ်လေသည်။ သောကြာက ထို လှေမှာ အတော်လောက်ပင်ဖြစ်ကြောင်း ပြောပြ၏။ သို့သော် လှေမှာ ထိုနေရာ၌ပင် နှစ်ပေါင်းအတော်ကြာ ရှိနေခဲ့သည်ဖြစ်၍ နေပူရှိန်၏ ဒဏ်ကြောင့် အတော်ပင် ကွဲအက်ပျက်စီးနေပြီဖြစ်လေသည်။

ကျွန်ုပ်သည် ကုန်းမကြီးသို့ သောကြာနှင့်အတူ သွားရန် အကြံ၌ စွဲမြဲနေခဲ့ပြီဖြစ်သည့်အတိုင်း ထိုလှေကဲ့သို့ လှေကြီး တစ်စင်း ပြုလုပ်မည်ဟု သူ့အား ပြောပြလိုက်၏။ သို့နှင့် ကျွန်ုပ် တို့သည် ကြာ ရှည်မဆိုင်းတော့ဘဲ လှေကြီးတစ်စင်း ပြုလုပ်ရေး ကို စတင်ဆောင်ရွက် လေသည်။ ကျွန်ုပ်တို့၏ ပထမဆုံးအလုပ် မှာ ကျွန်ုပ်တို့သွားရမည့် ရေ လမ်းခရီးအတွက် လျော်ကန်မည့် လှေတစ်စင်းပြုလုပ်ရန်အတွက် သင့် လျော်သည့် သစ်ပင်ကြီး တစ်ပင်ကို ရွေးချယ်ပေးသည်။ သို့သော် သူ က မီးရှို့၍ လှေကို ထွင်းယူလိုသည်။ ကျွန်ုပ်ကမူ စူး၊ ဆောက် ကိရိယာ များဖြင့် မည် သို့ထွင်းရကြောင်း ပြသပြီးနောက် သူသည် ကောင်းစွာ လုပ်ကိုင် တတ်သွားလေသည်။



http://www.cherrythitsar.org

တစ်လခန့်မျှ ပင်ပန်းကြီးစွာ လုပ်ကိုင်ပြီးသောအခါ ကျွန်ုပ်တို့သည် လှေကိုပြုလုပ်၍ ပြီးစီးသွား၏။ သို့သော် ရက်သတ္တနှစ်ပတ်ခန့်ကြာမှပင် ရေသို့ ချနိုင်ခဲ့ပြီးလျှင် ရေသို့ ချကြည့်သောအခါမှလည်း လှေသည် လူ ၂၀ ခန့် ချောင်ချောင်ကြီး စီးနိုင်သည်ကို တွေ့ရလေသည်။ ထို့နောက် ကျွန်ုပ်တို့သည် လှေ၏ အသုံးအဆောင်များဖြစ်သော ရွက်တိုင်ကိုလည်းကောင်း၊ ရွက်ကိုလည်းကောင်း၊ တက်မကိုလည်းကောင်း လုပ်ယူခဲ့ရလေရာ ၂ လခန့်အကြာမှ ပြီးစီးတော့၏။ ရွက်များကို ပြုလုပ်ရာတွင် ကျွန်ုပ်ထံ၌ရှိနေသော ရွက်အဟောင်းများထဲမှ ကောင်းနိုးရာရာတို့ကို ရွေးချယ်ကာ ကျွန်ုပ်ကိုယ်တိုင် အတော်ခက်ခက်ခဲခဲ ချုပ်ယူခဲ့ရလေသည်။ ဤသို့ အစစအရာရာ စီမံပြုလုပ်ပြီးစီးသွားပြီးနောက် လှေကို မည်သို့မည်ပုံ ကိုင်တွယ်ရမည့်အကြောင်း သင်ကြားပေးရာ သောကြာသည် အခက်အခဲမရှိလှဘဲ မကြာမီ ကျွမ်းကျင်သော သင်္ဘောသားတစ်ဦးကဲ့သို့ နားလည်တတ်ကျွမ်းသွားလေသည်။

ထိုအချိန်တွင် ကျွန်းပေါ်သို့ ကျွန်ုပ်ရောက်ခဲ့သည်မှာ ၂၇ နှစ် မျှပင် ရှိနေခဲ့လေပြီ။ ကျွန်ုပ်လည်း ထိုကျွန်းမှ လွတ်မြောက်ဖို့အရေးမှာ မဝေးတော့ဘဲ နောက်ထပ် တစ်နှစ်မကြာမီပင် လွတ်မြောက်လိမ့်မည် ဟု စွဲမြဲယုံကြည်နေခဲ့လေသည်။ သို့သော် စိုက်ပျိုးရေးလုပ်ငန်းကိုမူ ကား ဆက်လက်၍ လုပ်မြဲလုပ်နေခဲ့၏။ စပျစ်သီးများကို ခူးမြဲခူးကာ အခြောက်ထားမြဲထားခဲ့သည်။ အတိုချုပ်ပြောရသော် ယခင်ကကဲ့သို့ပင် လိုအပ်သမျှကို

လုပ်ဆောင်မြဲ လုပ်ဆောင်နေခဲ့ပြီးလျှင် ထိုအတော အတွင်း မိုးရာသီကျရောက်လာ၍ ကျွန်ုပ်မှာ ယခင်ကထက်ပင် ပိုမို၍ အိမ်တွင်းအောင်းနေရလေသည်။

မိုးရာသီ လွန်မြောက်၍ ရာသီဥတု သာယာလာသည်နှင့်အမျှ ကျွန်ုပ်၏ အကြံအစည် ပြန်လည်ပေါ်ပေါက်လာခဲ့၍ နေ့စဉ်ပင် ပြင်ဆင်နေခဲ့လေ၏။ ပထမဆုံးအလုပ်မှာ ကျွန်ုပ်တို့ခရီးအတွက် ရိက္ခာများ သိုမှီးခြင်းပင်ဖြစ်သည်။ ရက်သတ္တပတ်၊ သို့မဟုတ် ပြင်ဆင်ဖွယ်ကိစ္စများကို ပြုလုပ်နေဆဲ တစ်နေ့သော နံနက်ခင်းတွင် ကျွန်ုပ်သည် သောကြာကိုခေါ်ကာ ကမ်းခြေသို့ သွားရောက်၍ လိပ်အရှာခိုင်းလိုက်၏။ သူသွား၍ များမကြာမီတွင် အပြေးအလွှား ပြေးလွှားဝင်လာရာ သူ၏ခြေထောက်များသည် မြေကြီးကိုပင် ထိဟန်မတူချေ။

"ဘာဖြစ်လာသလဲဟေ့ သောကြာ"

"ဟော . . . ဟောဟိုမှာ . . . လှေ . . . တစ်၊ နှစ်၊ သုံး၊ တစ်၊ နှစ်၊ သုံး"ကျွန်ုပ်သည် သူ့ပြောစကားအရ ၆ စင်းဟု ထင်လိုက်၏။ သို့သော်လည်း အသေအချာ မေးမြန်းကြည့်သောအခါ လှေသုံးစင်းသာဖြစ်သည်ကို တွေ့ရလေသည်။

ကျွန်ုပ်သည် သူ့အား တတ်နိုင်သမျှ နှစ်သိမ့်ကာ မကြောက် ရန် ပြောလိုက်ရ၏။ သူ့တွင် ဘေးအန္တရာယ်ရှိနေသကဲ့သို့ ကျွန်ုပ်တွင် လည်း ရှိနေကြောင်း သူ့ကိုသာမက ကျွန်ုပ်ကိုလည်း သတ်စားမည်ဖြစ် ကြောင်း အားပေးစကားပြောကြားရလေသည်။



http://www.cherrythitsar.org

"ဒါပေမယ့် သောကြာရေ . . . တို့များ ခံတိုက်ဖို့ ဆုံးဖြတ်ထားရမယ်၊ မင်း တိုက်နိုင်ပါ့မလား သောကြာ"

"ကျွန်တော်ပစ်ရမယ်၊ ဒါပေမယ့် လူတွေ အများကြီးလာတယ် . . ."

"ဒါက ကိစ္စမရှိဘူး . . . တို့သေနတ်တွေက ခြောက်လွှတ်မှာပါ၊ သူတို့ကို မသတ်ပါဘူး"

ထို့နောက် အကယ်၍ သူ့အား ကျွန်ုပ်က ကာကွယ်ပေးမည်ဆိုလျှင် သူကလည်း ကျွန်ုပ်ကို စွန့်ပစ်မပြေးဘဲ ကာကွယ်ပေးကာ ကျွန်ုပ်ခိုင်းသမျှ လုပ်ကိုင်ပါမည်လောဟု မေးလိုက်၏။

"သခင် သေခိုင်းရင် . . . ကျွန်တော်သေမယ်"

ထိုအခါ ကျွန်ုပ်တို့ အမြဲကိုင်ဆောင်လေ့ရှိသည့် ငှက်ပစ်သေနတ်နှစ်လက်ကို သူ့အားပေးလိုက်၏။ ကျွန်ုပ်ကမူ ပြောင်းတိုသေနတ်နှစ်လက်နှင့် ပစ္စတိုသေနတ်နှစ်လက်ကို ယူလိုက်သည်။ ဓားလွတ်ကို အိမ်မပါဘဲ ဘေးတွင်လွယ်ကာ ရဲတင်းကို သောကြာအား ပေးလိုက်လေသည်။

အသင့်ပြင်ဆင်ပြီးသောအခါ ကျွန်ုပ်သည် မှန်ပြောင်းကို ယူ ၍ တောင်ခြေဘက်သို့ ထွက်လာခဲ့၏။ ထိုနေရာမှ မှန်ပြောင်းဖြင့် ကြည့် လိုက်သောအခါ လှေသုံးစင်းတွင် လူ ၂၁ ယောက်နှင့် အကျဉ်းသမား ၃ ယောက်ကို တွေ့ရလေသည်။ သူတို့လာရောက်သည့်ကိစ္စမှာ အကျဉ်း သမား ၃ ဦးအား အောင်သေအောင်သားစားရန်ပင် ဖြစ်ဟန်တူ၏။



http://www.cherrythitsar.org

ထို့ပြင် သူတို့သည် ယခင် သောကြာလွတ်မြောက်ထွက်ပြေးခဲ့စဉ်က ဆိုက်ကပ်ခဲ့သောနေရာတွင် မဟုတ်ဘဲ ကမ်းခြေအတော်နိမ့်၍ ကမ်းစပ်အထိ သစ်ပင်များထူထပ်စွာ ပေါက်ရောက်လျက်ရှိသော ကျွန်ုပ်၏ ချောင်းကလေးနှင့် ပိုမိုနီးကပ်သည့်နေရာတွင် ဆိုက်ကပ်နေသည်ကို ကျွန်ုပ်သတိပြုမိ၏။ ကျွန်ုပ်သည် တောင်ကုန်းပေါ်မှ သောကြာရှိရာသို့ ပြန်ဆင်းလာခဲ့ပြီးလျှင် သူတို့အားလုံးအား ပစ်ခတ်သတ်ဖြတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် ကျွန်ုပ်နှင့်အတူ လိုက်ပါမည်လောဟု သူ့အား မေးမြန်း၏။ ထိုအချိန်တွင် သူသည် အကြောက်များပြေကာ အတော်ပင် ရွှင်ရွှင်လန်းလန်းဖြစ်နေပြီဖြစ်၍ ကျွန်ုပ်က သေဆိုလျှင် သေမည်ဖြစ်ကြောင်း ယခင်ကကဲ့သို့ပင် ပြန်ပြောလေသည်။

ကျွန်ုပ်သည် ပစ္စတိုတစ်လက်ကို ခါးတွင်ချိတ်ဆွဲပြီးလာရန် သောကြာအား ပေးလိုက်သည့်ပြင် သေနတ်သုံးလက်ကိုလည်း ပုခုံး ထက်တွင် ထမ်းပိုးသယ်ယူလာစေ၏။ ကျွန်ုပ်ကိုယ်တိုင်ကမူ ပစ္စတို တစ်လက်နှင့် သေနတ်သုံးလက်ကို ယူခဲ့သည်။ ထို့ပြင် ကျွန်ုပ်သည် ရမ်ပုလင်းငယ်တစ်လုံးကို အိတ်ထဲ၌ ထည့်ယူလာပြီးလျှင် သောကြာ အား ယမ်းနှင့် ကျည်ဆံအမြောက်အမြားထည့်ထားသော အိတ်ကြီးကို ထမ်းပိုးယူလာစေ၏။ ကျွန်ုပ်က သူ့အား နောက်မှ မလှုပ်မယှက် ကပ် လိုက်လာရန်နှင့် ကျွန်ုပ်မခိုင်းသမျှ သေနတ်ကိုမပစ်ရန် စကားလည်းတစ်ခွန်းမျှ မပြောရန် အမိန့်ပေးထား၏။ ကျွန်ုပ်အား လူရိုင်း



http://www.cherrythitsar.org

များ မမြင် နိုင်မီ ပစ်ကွင်းအတွင်းသို့ရောက်ရန် အရေးကြီးသည့်အတိုင်း ကျွန်ုပ် သည် သစ်တောအတွင်းသို့ အသာအယာဝင်ခဲ့ရာ သောကြာလည်း တိတ်ဆိတ်ငြိမ်သက်စွာပင် နောက်မှ ထပ်ချပ်မကွာ လိုက်ပါလာ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် သူတို့နှင့် နီးနိုင်သမျှ နီးသော တောအုပ် အစပ်နားသို့ ရောက်သွား၏။ သူတို့နှင့် ကျွန်ုပ်တို့၏အကြားတွင် သစ် တောထောင့်စွန်းကလေးတစ်ခုသာ ရှိနေတော့သည်။ ထိုနေရာတွင် ကျွန်ုပ်တို့သည် အသာရပ်နားလျက် သောကြာအား တောစပ်ရှိ သစ်ပင် ကြီးတစ်ပင်ကို လက်ညှိုးညွှန်ပြလိုက်ပြီးလျှင် သူတို့ဘာလုပ်နေသည် ကို ထိုနေရာမှ မြင်နိုင်မမြင်နိုင် ကြည့်ရှုရန် လွှတ်လိုက်၏။

သောကြာသည် ချက်ချင်းလိုပင် ပြန်ရောက်လာ၍ ထို နေရာ မှ သူတို့အား ရှင်းလင်းစွာ မြင်ရကြောင်း သူတို့အားလုံး သည် မီးဖို တစ်ခုနံဘေးတွင် အကျဉ်းသမားတစ်ဦး၏ အသား များကို စားသောက် နေကြကြောင်း အကျဉ်းသားတစ်ယောက် ကိုမူ မလှမ်းမကမ်းရှိ သဲပြင် တွင် ကြိုးဖြင့် တုပ်နှောင်ထား ကြောင်း ပြောပြလေသည်။ ထို့ပြင် အကျဉ်းသမားမှာလည်း သူတို့လူမျိုးမဟုတ်ဘဲ သူ ယခင်တစ်ခါက ကျွန်ုပ်အား ပြောပြ ခဲ့ဖူးသော လူဖြူတစ်ဦးပင် ဖြစ်သည်ဟုလည်း ပြော ပြသေး၏။ ကျွန်ုပ်သည် လူဖြူဟု ပြောသံကြားလိုက်ရလျှင်ပင် အတော် ထိတ်လန့်သွား၍ သစ်ပင်ကြီးရှိရာသို့ သွားရောက်ပြီးလျှင် မှန် ပြောင်း ဖြင့်ကြည့်ရှုရာ သဲသောင်ပြင်ပေါ်တွင် ခြေလက်များကို



http://www.cherrythitsar.org

တုပ်နှောင်ထား ခြင်းခံနေရသော လူဖြူတစ်ယောက်ကို တွေ့မြင်ရ၏။ သူသည် ဥရောပ တိုက်သားတစ်ဦးဖြစ်၍ အဝတ်အစားများ ဝတ်ထားလေသည်။

ကျွန်ုပ်သည် ချုံပုတ်များကို ကွယ်၍ အနီးသို့ ကပ်သွားရာ မြေကမူစွန်းတစ်ခုသို့ ရောက်သွား၏။ ထိုနေရာသည် သူတို့နှင့် ကိုက်ပေါင်း ၈၀ လောက်သာ ကွာလှမ်းတော့၍ ထင်ထင်ရှားရှား မြင်ရလေသည်။ ကျွန်ုပ်သည် အချိန်ဖြုန်း၍ မဖြစ်တော့ပြီ။ ကြောက်စရာအရိုင်းအစိုင်းကောင် ၁၉ ဦးသည် မြေကြီးပေါ်တွင် စုပြုံထိုင်နေကြလျက် ကျန်နှစ်ယောက်သည် လူဖြူအား သတ်ရန် ပြင်ဆင်လျက်ရှိနေ၏။

ကျွန်ုပ်သည် သောကြာဘက်သို့ လှည့်ပြီးလျှင် . . .

"ကဲဟေ့ . . . သောကြာ . . . ငါပြောသလို လုပ်ပေတော့၊ အို . . . ငါလုပ်သလိုသာ လိုက်လုပ်ကွာ"

ကျွန်ုပ်သည် ပြောင်းတိုသေနတ်တစ်လက်နှင့် ငှက်ပစ်သေနတ်တို့ကို မြေကြီးပေါ်တွင် ချထားလိုက်ရာ သောကြာလည်း ထို့အတူ လိုက်လုပ်၏။ တစ်ဖန် အခြားပြောင်းတိုသေနတ်ဖြင့် လူရိုင်းများကို ချိန်လိုက်ပြီးလျှင် သောကြာအားလည်း ထိုနည်းအတူ အချိန်ရိုင်းလိုက် သည်။ ထို့နောက် သူ့အား အဆင်သင့်ဖြစ်မဖြစ် မေးမြန်းရာ သူက အသင့်ဖြစ်ကြောင်း ပြောသောအခါ "ကိုင်း ပစ်ပေတော့" ဟု ပြောရင်း ကျွန်ုပ်လည်း ပစ်လိုက်၏။

သောကြာသည် ကျွန်ုပ်ထက်ပင် ချိန်သားကောင်းနေသဖြင့် သူပစ်လိုက်သောဘက်တွင် နှစ်ယောက်သေဆုံးကာ သုံးယောက် ဒဏ်ရာရသွားပြီးလျှင် ကျွန်ုပ်ဘက်၌မူ လူတစ်ယောက်သာ သေဆုံး၍ နှစ်ယောက်ဒဏ်ရာရသွား၏။

ကျန်ဒဏ်ရာမရသူ အားလုံးသည် ရုတ်တရက် ခုန်ထလိုက်သော်လည်း မည်သည့်ဘက်သို့ ထွက်ပြေးရမှန်းမသိဘဲ ကျီးကြည့် ကြောင်ကြည့် ဖြစ်နေကြလေသည်။ သောကြာအားလည်း ကျွန်ုပ်လုပ်သကဲ့သို့ လိုက်လုပ်ရမည်ဟု ပြောထားသဖြင့် ကျွန်ုပ်ကိုသာ စိုက်ကြည့်နေ၏။ ကျွန်ုပ်သည် ပြောင်းတိုသေနတ်ကို ပစ်ချလိုက်ပြီးလျှင် ငှက်ပစ်သေနတ်ကို ကောက်ကိုင်လိုက်သည်နှင့် သောကြာလည်း ထိုသို့ပင် လိုက်၍လုပ်၏။ ကျွန်ုပ်က ချိန်၍ ကျီးကြည့် ကြောင်ကြည့်ဖြစ်၍ အံ့ဩတွေဝေကာရှိနေသော လူရိုင်းများထဲသို့ ပစ်ထည့်လိုက်ရာ သောကြာလည်း ထိုနည်းအတူ ပစ်ထည့်လိုက်လေသည်။ သို့သော် စရိတ်များသာ ထည့်ထားသဖြင့် နှစ်ယောက်သာ လဲကျသွားလျက် အများအပြားပင် ဒဏ်ရာရရှိသွားပြီးလျှင် သွေးသံရဲရဲနှင့် သူရူးများပမာ သွေးရူးသွေးတန်း အော်ဟစ်ပြေးလွှားကြကုန်၏။ ယင်းတို့အထဲမှ နောက်ထပ် သုံးယောက် လဲကျသွားပြန်၏။

ကျွန်ုပ်သည် တောအတွင်းမှ ပြေးထွက်ကာ လူရောင်ပြလိုက် သည်။ သောကြာလည်း ကျွန်ုပ်၏နောက်မှ ထက်ချပ်မကွာ လိုက်ပါ လာ၏။ ကျွန်ုပ်အား သူတို့မြင်သွားကြောင်း သိရ



http://www.cherrythitsar.org

သည့်အခါ ကျွန်ုပ် သည် ကျယ်လောင်စွာ ဟစ်အော်လိုက်၍၊ သောကြောအားလည်း ကျွန်ုပ် ကဲ့သို့ပင် အအော်ခိုင်းလိုက်၏။ ထို့နောက် ကျွန်ုပ်တို့သည် ကြိုးတုပ် ထားသည့် အကျဉ်းသမားများရှိရာသို့ လျင်မြန်စွာ ပြေးသွားကြလေ သည်။

လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းများကို ပရိသတ်များက
အနှစ်သက်၊ အဆွဲဆောင်နိုင်ဆုံးဖြစ်သည်။
ဆရာကြီး [illegible] ရဲ့
လက်ရာသန့်သန့်များကို စုစည်းထားသည် . . .

## "လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ"

- လောကဓာတ်ပညာ၏ ဆန်းကြယ်မှုများကြောင့် ဆေးထိုးရုံမျှဖြင့် မျောက်စိတ်၊ ကျားစိတ် စသည်ဖြင့် ဘဝပြောင်းသွားရသည့် ထူးဆန်းသော အဖြစ်အပျက်၊
- ပင်လယ်ကမ်းခြေအနီးက ကောက်ယူရရှိခဲ့သည့် 'သူ့ယောင်မယ်ရုပ်' မှ လူသတ်မှုကျူးလွန်ပုံ၊
- ပန်းတခေါင်းလေးအတွင်းမှ ချစ်သူနှစ်ဦး၏ ကြေကွဲဖွယ်ရာပုံရိပ်၊
- ထမင်းလုံးတစ္ဆေခြောက်မှုကြောင့် မိမိကိုယ်မိမိ သတ်သေသည့် ရာဇဝတ်ဝန်ထောက်လေးရဲ့အံ့ဩဖွယ်အဖြစ်အပျက်၊
- ပင်လယ်ခရီးသွားသင်္ဘောစီးခရီးသည် ခုနစ်ဦး၏ ထိတ်လန့်ဖွယ်ရာဇာတ်လမ်းများဖြင့် ပေါင်းစည်းထားသော "လျှို့ဝှက်ဆန်းကြယ်" ဝတ္ထုတိုများအား

**Quality Publishing House** မှ
ထပ်မံတင်ဆက်ထားပါသည်။

http://www.cherrythitsar.org
QUALITY PUBLISHING HOUSE

### အခန်း (၈)

ကျွန်ုပ်သည် မောင်းချစားကိုဖွင့်ကာ အကျဉ်းသမားအား ချည်နှောင်ထားသည့် ကြိုးများကို ဖြတ်တောက်ပစ်လိုက်၏။ ထို့နောက် သူ့အား ပွေ့ထူပေးပြီးလျှင် ပေါ်တူဂီဘာသာဖြင့် သူ၏အမည်ကို မေးမြန်းရာ သူက လက်တင်ဘာသာဖြင့် 'ခရစ်စတီယာနပ်' ဟု ပြန်ပြော၏။ သို့သော် အကျဉ်းသားမှာ အားအင် ချည့်နဲ့နေသည့်အတွက် ကောင်းစွာမရပ်နိုင်သေးသည့်အပြင် စကားလည်း ကောင်းစွာ မပြောနိုင်ရှာသေးချေ။

ကျွန်ုပ်သည် အင်္ကျီအိတ်ထဲမှ အရက်ပုလင်းကို ထုတ်ပေးပြီး လျှင် သောက်ရန် လက်ဟန်ခြေဟန်ပြလိုက်ရာ သူလည်း မဆိုင်းမတွ ပင် သောက်ချလိုက်၏။ ပေါင်မုန့်တစ်ပိုင်းကို ပေးလိုက်ပြန်ရာ သူ သည် မြိန်ရည်ရှက်ရည် စားသောက်ပြန်သည်။ ထို့နောက် မည်သည့် နိုင်ငံသားဖြစ်ကြောင်း မေးမြန်းကြည့်ရာ၊ စပိန်လူမျိုးဟု လေသံဖြင့် ပြန်ပြော၏။ ဤသို့ အနည်းငယ် စားသောက်လိုက်ရပြီးသည့်နောက် တွင် သူသည် အတန်ငယ်



http://www.cherrythitsar.org

အားရှိလာသဖြင့် ကျွန်ုပ်အား ကျေးဇူးမည်မျှ တင်ရှိကြောင်းကို လက်ဟန်ခြေဟန်ဖြင့် ပြသနေလေတော့၏။

ကျွန်ုပ်သည် တတ်ကျွမ်းသမျှသော စပိန်စကားလုံးများဖြင့်. . .

"ကဲ ကျွန်တော်တို့ နောက်မှ စကားပြောကြတာပေါ့၊ အခုတော့ တိုက်ရခိုက်ရဦးမယ်။ အားအတော်ပြည့်လာရင် ဟောဒီပစ္စတိုနဲ့ ဓားလွတ်ကိုယူပြီးတော့ တိုက်လေတော့"

ဟု သူ့အား ပြောလိုက်သည်။

သူသည် ဓားလွတ်နှင့် ပစ္စတိုတို့ကို ကျေးဇူးတင်စွာဖြင့် လက်ခံယူလိုက်ပြီးလျှင် လူသတ်သမား အရိုင်းအစိုင်းများကို ဒလကြမ်း ဝင်ခုတ်လေတော့၏။ သူသည် တစ်ခဏချင်းမှာပင် လူနှစ်ယောက်ကို ခုတ် ချလိုက်၏။ အမှန်သော် အရိုင်းအစိုင်းများအဖို့ အတော်ပင် အံ့အားသင့်သွား၍ ကျွန်ုပ်တို့၏ သေနတ်သံကို ကြားလိုက်ရလျှင်ပင် ထိတ်လန့်တကြားဖြစ်ကာ လဲကျသွားလျက် ထွက်ပြေးခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ဖြစ်နေလေသည်။

ကျွန်ုပ်သည် သောကြာကိုခေါ်ကာ သစ်ပင်ကြီးအနီးတွင် ပစ် ပြီး၍ချထားခဲ့သော သေနတ်များကို အယူခိုင်းလိုက်ရာ လျင်မြန်စွာပင် သွား၍ ယူလာ၏။ ထို့နောက် သူ့အား ကျွန်ုပ်၏ ပြောင်းတိုသေနတ် အား ပေးလိုက်ပြီးလျှင် ကျွန်ုပ်ကမူ သေနတ်များကို ယမ်းထိုးနေရင်း သေနတ်လိုလျှင် လာ၍ယူရန်လည်း ပြောလိုက်၏။

သို့ယမ်းထိုးလျက်ရှိစဉ် စပိန်သည် သူ့ထံသို့ သစ်သားဓား ကြီးတစ်လက်ကိုင်ကာ ပြေးဝင်လာသော အရိုင်းတစ်ကောင်နှင့် သဲသဲ မဲမဲ တိုက်ခိုက်လျက်ရှိနေ၏။ စပိန်သည် အားအင်နည်းပါးနေသော် လည်း သတ္တိရှိရှိ ရဲရဲဝံ့ဝံ့တိုက်ခိုက်နေသဖြင့် အရိုင်းကောင်မှာ ဦးခေါင်း တွင် ဒဏ်ရာကြီးနှစ်ခုပင် ရရှိနေပြီဖြစ်၏။ သို့သော် အရိုင်းကောင်မှာ တောင့်တင်းခိုင်မာသူဖြစ်၍ သူ့အား အတင်းဝင်၍ပူးကာ လှဲချပြီးလျှင် သူ၏လက်ထဲမှ ဓားလွတ်ကို အတင်းလုလျက်ရှိလေ၏။ ထိုအခါ စပိန် သည် ဓားလွတ်ကို လက်မှလွှတ်ပေးလိုက်ပြီးနောက် ခါးမှ ပစ္စတိုသေ နတ်ကိုဆွဲယူကာ ပစ်ထည့်လိုက်ရာ ကျွန်ုပ်က ကူညီရန် ပြေးသွားသည် တွင် သူတို့အနီးသို့ ကျွန်ုပ်မရောက်မီ အရိုင်းကောင်မှာ ဇီဝိန်ချုပ်သွား လေတော့သည်။

သောကြာသည် ရဲတင်းကို စွဲကိုင်ကာ ပြေးလွှားနေသော အရိုင်းကောင်များနောက်သို့ အတင်းလိုက်လံတိုက်ခိုက်ရာ ရှေးဦးစွာ ဒဏ်ရာရရှိခဲ့သူ သုံးဦးကျဆုံးသွား၏။ ထို့နောက် သူ တွေ့မြင်သမျှကို အတင်းလိုက်၍ ခုတ်သတ်လျက် ရှိလေသည်။ စပိန်သည် ကျွန်ုပ်ထံ သေနတ်တစ်လက်လာ၍ယူပြီးလျှင် ထွက်ပြေးသော အရိုင်းကောင်နှစ် ဦး၏နောက်သို့ အတင်းလိုက်၍ပစ်ခတ်ပြန်ရာ နှစ်ဦးစလုံး ဒဏ်ရာရရှိ သွား၏။ သို့သော် အားနည်းနေသဖြင့် ဆက်လက်မလိုက်နိုင်ဘဲ နှစ်ဦး စလုံးပင် သစ်တောတွင်းသို့ ပြေးဝင်လွတ်မြောက်သွားလေသည်။

ထိုအခါ သောကြာသည် နောက်မှ အတင်းလိုက်သွားပြန်ရာ တစ်ဦးကိုသာမီ၍ သတ်ဖြတ်နိုင်ခဲ့သော်လည်း ကျန်တစ်ဦးမှာမူ သူ့ထက် အပြေးမြန်သည့်အတိုင်း ကမ်းစပ်သို့ ရောက်ရှိသွားပြီးလျှင် မြစ်တွင်းသို့ ခုန်ဆင်းကာ လှေရှိရာသို့ ကူးခတ်လွတ်မြောက်သွားလေသည်။ လှေပေါ်တွင် လှေစောင့်နှစ်ယောက်ရှိ၏။ သောကြာက ကျွန်ုပ်အား လူရိုင်းတို့၏ လှေတစ်စင်းကို ယူ၍လိုက်ရန် ပြောသဖြင့် ကျွန်ုပ်လည်း လှေရှိရာသို့ ပြေးသွားကာ လှေအတွင်းသို့ ခုန်ဆင်းလိုက်၏။ လှေထဲ၌ကား စပိန်ကဲ့သို့ပင် သတ်ဖြတ်ရန်အတွက် ခြေလက်များကို ကြိုးဖြင့် တုပ်နှောင်ထားသည့် အသက်ရှိနေဆဲ လူမည်းတစ်ယောက်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ကြိုးများကို ချက်ချင်းဖြတ်ပေးလိုက်၏။ ကျွန်ုပ်အနီးသို့ သောကြာရောက်လာ၍ ထိုလူမည်းအား စကားပြောခိုင်းသောအခါ၊ သောကြာသည် ထိုလူ့အနီးသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီးနောက် ထိုလူမည်းကြီးအား အတင်းပွေ့ဖက်နမ်းရှုပ်ပြီးလျှင် ခုန်ပေါက်ကာ သီချင်းဆိုလျက်ရှိလေ၏။ ပထမ၌ သောကြာမှာ ရူးသွပ်သွားလေပြီလောဟု အောက်မေ့မိ၏။ သို့သော် အတန်ငယ် ငြိမ်သက်သွားသောအခါမှ ကျွန်ုပ်က မေးမြန်းသည်တွင် လူရိုင်းကြီးမှာ သူ၏ ဖခင်ဖြစ်ကြောင်း ကျွန်ုပ်အား ပြောပြလေသည်။

ထိုအတွင်း လူရိုင်းများ၏ လှေမှာ လှမ်းကြည့်၍ပင် မမြင်နိုင်လောက်အောင် ဝေးကွာသွားပြီဖြစ်၍ ကျွန်ုပ်တို့လည်း

နောက်မှလိုက် ရန် မကြိုးစားတော့ချေ။ ထိုသို့မလိုက်မိသည်မှာလည်း ကျွန်ုပ်တို့အဖို့ အတော်ကံကောင်း၏။ အဘယ်ကြောင့်ဆိုသော် နှစ်နာရီအတွင်း လေ ပြင်းကျရောက်လာ၍ တစ်ညဥ့်လုံး ပြင်းထန်စွာ တိုက်ခတ်နေသော ကြောင့်ပင်တည်း။

သောကြာကား သူ၏ဖခင်အတွက် အတော်ပင် အလုပ်များ၍နေရာ အချိန်အတန်ကြာမျှ သူ့အား ခိုင်းစေရန် ရှိသည်ကို ကျွန်ုပ်က မခိုင်းသေးဘဲ ဆိုင်းငံ့ထားခဲ့ရသည်။ သူ၏ဖခင်သည် သူပေးသော ရေကို သောက်ပြီးသောအခါ သောကြာအား ရေကျန်သေးသလောဟု ကျွန်ုပ်က လှမ်းမေးလိုက်၏။ သူက ကျန်သေးကြောင်း ပြောလျှင် စပိန်အား သွား၍အပေးခိုင်း၏။ ထို့ပြင် သောကြာယူလာသော ပေါင်မုန့်တစ်လုံးကိုလည်း စပိန်အား အပေးခိုင်းလိုက်၏။ စပိန်ကား အတော်ပင် အားအင်ကုန်ခမ်းနေသဖြင့် သစ်ပင်တစ်ပင်အောက်ရှိ မြက်ခင်းကလေးတစ်ခုပေါ်တွင် လဲလျောင်း၍နေ၏။ သူ၏ ခြေလက်များမှာ ကြိုးများဖြင့် ကြမ်းတမ်းစွာ ချည်နှောင်ထားခြင်းကို ခံခဲ့ရသဖြင့် တောင့်တင်းယောင်ကိုင်းနေလေသည်။ သောကြာက သူ့ထံသို့ ရေယူသွားသဖြင့် သူသည် လဲလျောင်းနေရာမှ ထ၍ထိုင်ကာ ရေကိုသောက်ပြီးလျှင် ပေါင်မုန့်ကို လှမ်းယူစားသောက်လေသည်။ ထို့နောက် ကျွန်ုပ်ကိုယ်တိုင် သူ့ထံသွား၍ စပျစ်သီးခြောက် လက်တစ်ဆုပ်ခန့်ကို ပေးလိုက်ပြန်၏။

သူသည် ကျေးဇူးတင်သော မျက်နှာထားမျိုးဖြင့် ကျွန်ုပ်အား ဝမ်းသာအားရ မော့ကြည့်လိုက်သည်။ သို့သော်



http://www.cherrythitsar.org

အလွန်အားနည်းနေ သဖြင့် မတ်တတ်မရပ်နိုင်ဘဲ ရှိနေခဲ့၏။ သူသည် နှစ်ကြိမ် သုံးကြိမ်မျှ မတ်တတ်ရပ်ရန် ကြိုးစားခဲ့သော်လည်း ခြေမျက်စိများ ဖူးယောင်နာ ကျင်နေသဖြင့် မရပ်နိုင်ချေ။ ထို့ကြောင့် သူ့အား ငြိမ်ငြိမ်ထိုင်နေရန် ပြောပြီးလျှင် သောကြာအား သူ့အဖော်ကို ပြုလုပ်ပေးသကဲ့သို့ ခြေဆစ် များကို ရမ်အရက်ဖြင့် ပွတ်လိမ်းကာ နှိပ်၍ပေးစေ၏။

သောကြာသည် စပိန်အား နှိပ်ပေးရင်းက သူ၏ ဖခင်အား စိတ်မချနိုင်သဖြင့် မကြာခဏ လှမ်းကြည့်နေလေသည်။ တစ်ကြိမ်တွင် သူ့အဖေအား သူထားခဲ့သည့်အတိုင်း ထိုင်နေသည်ကို လှေပေါ် တွင် မတွေ့ရသဖြင့် ရုတ်တရက် ဘာမျှမပြောဘဲ လှေရှိရာသို့ အပြေး အလွှားသွားရာတွင် သူ၏ခြေထောက်များသည် မြေကြီးကိုပင် ထိလိုက် သည်ဟု မထင်ရပေ။ လှေသို့ရောက်သောအခါ သူ၏ဖခင်သည် ခြေ လက်ဆန့်ရန် လှဲလျောင်းနေသည်ကို တွေ့ရမှ ပြန်လာခဲ့ပြီးလျှင် စပိန် အား ဆက်လက်နှိပ်ပေးနေလေသည်။ စပိန်အား ကောင်းစွာပြုစုနိုင် ရန် ကျွန်ုပ်တို့စခန်းသို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် သောကြာအား ကျွန်ုပ်ကပြောရာတွင် သောကြာသည် အလွန်သန်စွမ်းသူတစ် ယောက်ဖြစ်သည့်အတိုင်း စပိန်အား ကျောပိုး၍ ထမ်းယူခဲ့ပြီးလျှင် လှေ ဝမ်းထဲရှိ သူ၏ ဖခင်အနီးတွင် အသာအယာချထားလေ၏။ ထို့နောက် လှေကို ရေနက်ရာသို့ တွန်းကာ လှေပေါ်သို့ ခုန်တက်၍ ကမ်းခြေတစ် လျှောက် လှေကို လှော်ခတ်သွားလေသည်။ ကျွန်ုပ်မှာ ကုန်းပေါ်မှ ခြေကျင်လျှောက်သွား၍



http://www.cherrythitsar.org

ချောင်းငယ်သို့ ကျွန်ုပ်မရောက်မီပင် သောကြာမှာ အခြားလှေတစ်စင်းကိုပါ ၎င်းနှင့်အတူ ချောင်းထဲသို့ ယူဆောင်ထားပြီး ဖြစ်ကြောင်း တွေ့ရလေသည်။ လှေဆိုက်ပြီးနောက် သောကြာသည် လူနာများကို ကမ်းပေါ်သို့ တင်ပေး၏။

လူနာ ၂ ယောက်စလုံးပင် လမ်းမလျှောက်နိုင်သဖြင့် ကျွန်ုပ်တို့ ၂ ယောက်သားမှာ ကပ်တစ်ခုကို ပြုလုပ်ကြပြီးလျှင် ယင်းတို့အား တစ်ယောက်စီ သယ်ဆောင်ကြရလေသည်။ သို့သော် ကျွန်ုပ်၏ စခန်း အပြင်ဘက် ကတုတ်သို့ ရောက်သောအခါ အပေါ်မှ ကျော်လွှား၍လည်း မသယ်နိုင် ကတုတ်ကိုလည်း မဖျက်လိုသဖြင့် အခက်ကြုံရပြန်လေသည်။ သို့နှင့် ကျွန်ုပ်တို့လည်း ရွက်အဟောင်းများ သစ်ကိုင်းများဖြင့် အတော်အတန်ကြည့်၍ကောင်းသော တဲတစ်လုံးကို ၂ နာရီအတွင်း ပြီးအောင် ဆောက်လိုက်ကြ၏။ တဲအတွင်း၌မူ အောက်မှ ကောက်ရိုးများ ခံ၍ အပေါ်မှ စောင်များခင်းကာ အိပ်ရာ ၂ ခုကိုပင် ပြင်ဆင်ပေးလိုက်သေး၏။

လူနာ ၂ ဦးအတွက် နေရာထိုင်ခင်းများ ပြုလုပ်ပေးပြီးသော အခါ သူတို့၏ စားရေးသောက်ရေးအတွက် စီမံရန် စိတ်ကူးပေါ်လာ ပြန်၏။ သို့နှင့် သောကြာအား ကျွန်ုပ်၏ ဆိတ်အုပ်ထဲမှ အခါလည် သားကလေးတစ်ကောင်ကို သတ်ရန် အမိန့်ပေးလိုက်၏။ ထို့နောက် ဖင်ပိုင်းကို အတုံးငယ်ကလေးများ ခုတ်ထစ်စေ၍ မုယောစပါးနှင့် ရော နှောကာအပြုတ်ခိုင်းရ၏။ ဤသို့ အသားပြုတ်ဟင်းကို ပြင်ဆင်ချက် ပြုတ်ပြီးသော် တဲထဲတွင်

လူနာများနှင့်အတူ စားသောက်ကြလေသည်။ စားသောက်ရင်း သူတို့အား ကျွန်ုပ်က စကားပြောလျက်ရှိရာ သောကြာ မှာ သူ၏အဖေအတွက် စကားပြန်ဖြစ်ရုံသာမက စပိန်အတွက်လည်း စကားပြန်ဖြစ်နေ၏။ အကြောင်းမူ စပိန်သည် အရိုင်းတို့၏ စကားကို ကောင်းစွာ နားလည်ပြောဆိုတတ်သောကြောင့်ဖြစ်လေသည်။

စားသောက်၍ ပြီးစီးသွားလတ်သော် တိုက်ပွဲဖြစ်ရာတွင် အချိန်မရှိသဖြင့် ထားရစ်ခဲ့ရသည့် သေနတ်များ လက်နက်ခဲယမ်းများကို သောကြာအား လှေတစ်စင်းဖြင့် သွားရောက်အယူခိုင်းလိုက်၏။ နောက်တစ်နေ့တွင် နေပူရှိန်ကြောင့် မခံမရပ်နိုင်အောင် အနံ့အသက် ဆိုးဝါးလာပြီဖြစ်သော အရိုင်းအသေကောင်များကိုလည်းကောင်း၊ သူတို့၏ စားကြွင်းစားကျန် အသေကောင်များကိုလည်းကောင်း အမြှုပ်ခိုင်းလိုက်သည်။ သူသည် ထိုနေရာသို့ အရိုင်းကောင်များ ရောက်လာခဲ့ဖူးမှန်း မသိရလောက်အောင်ပင် ရှင်းလင်းသုတ်သင်ပစ်လိုက်လေသည်။

ကျွန်ုပ်သည် စပိန်နှင့် အရေးတကြီး တိုင်ပင်ပြောဆိုခဲ့ရာ အရိုင်းတို့နေရာတွင် စပိန်နှင့်ပေါ်တူဂီ ၁၇ ဦး ရှိနေကြောင်း သူတို့သည် သင်္ဘောပျက်သဖြင့် ထိုနေရာသို့ ထွက်ပြေးလွတ်မြောက်လာပြီးလျှင် အရိုင်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော်လည်း လူ့အသုံးအဆောင်ပစ္စည်း အလိုကြီးလိုနေသည့်ပြင် အသက်ရှင်ရေးမှာလည်း စိတ်မအေးဖွယ်ဖြစ်နေကြောင်း သိရှိရပေ၏။



http://www.cherrythitsar.org

သူတို့တွင် သေနတ်အချို့ရှိကြောင်း၊ သို့သော် ယင်းတို့မှာ ခဲယမ်းမီးကျောက်များမရှိသဖြင့် အချည်းနှီးဖြစ်နေကြောင်းဖြင့်လည်း သူက ပြောပြသေး၏။ ထိုအခါ ကျွန်ုပ်က အကယ်၍ သူတို့သည် လွတ်မြောက်ရန် ပူးပေါင်းဆောင်ရွက်ခြင်း မပြုခဲ့လျှင် မည်ကဲ့သို့ဖြစ်မည်ထင်သနည်းဟု မေးမြန်းသည်တွင် သူတို့သည် အကြိမ်ကြိမ်အခါခါ တိုင်ပင်ဆွေးနွေးကြသော်လည်း လှေမရှိသဖြင့်လည်းကောင်း၊ လှေဆောက်ရန် လက်နက်ကိရိယာများ မရှိသဖြင့်လည်းကောင်း၊ အခြားမည်သို့သော အစီအမံဟူ၍မျှ မရှိသဖြင့်လည်းကောင်း စိတ်ပျက် ဝမ်းနည်းငိုကြွေးခြင်းဖြင့်သာ အဆုံးသတ်ခဲ့ရကြောင်းနှင့် သူက ပြောပြလေသည်။

ကျွန်ုပ်က တစ်ဖန် သူတို့သည် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ကျွန်ုပ်၏ အကြံပေးချက်ကို မည်သို့ လက်ခံမည်ကို လည်းကောင်း၊ အကယ်၍ ယင်းတို့အားလုံး ဤသို့ ရောက်လာပြီးသည့် နောက်တွင် လုပ်ကိုင်၍ ဖြစ်မည်မဖြစ်မည်ကိုလည်းကောင်း မည်သို့ ထင်ပါသနည်းဟူ၍ သူ့အား မေးလိုက်ပြန်၏။ ထို့ပြင် လူများများနှင့် ဆောက်လုပ်ရလျှင် လူအားလုံးကို တောင်ဘက် ဘရာဇီးသို့သော်လည်း ကောင်း၊ မြောက်ဘက်ရှိ ကမ်းခြေသို့သော်လည်းကောင်း သယ်ယူနိုင် မည့် သင်္ဘောကလေးတစ်စင်းကို လွယ်ကူစွာ တည်ဆောက်နိုင်မည်ဟူ၍လည်း ကျွန်ုပ်က ရှင်းပြလိုက်သေး၏။

ထိုအခါ သူက အကယ်၍ ကျွန်ုပ်သဘောတူလျှင် သောကြာ၏ ဖခင်နှင့်အတူ သူတို့ထံသို့ သွားရောက်ကာ အကျိုးအကြောင်းရှင်းပြ၍ သူတို့၏ သဘောထားကို သိရလျှင် ပြန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျွန်ုပ်အား ခေါင်းဆောင်အဖြစ် လက်ခံရန် အရေးကိုလည်း အပြီးအပိုင် ပြုလုပ်ခဲ့မည်ဖြစ်ကြောင်း ပြောပြလေသည်။ ထိုမှတစ်ပါး သူက ယင်းတို့အားလုံးမှာ အလွန်ရည်မွန်၍ ရိုးသားဖြောင့်မတ်သော်လည်း စိတ်ကူး၍ပင် မဖြစ်နိုင်လောက်အောင် အတိဒုက္ခရောက်နေကြရရှာကြောင်း၊ သူတို့တွင် လက်နက်များ အဝတ်အစားများ အစားအသောက်များမရှိဘဲ အရိုင်းများပြုသမျှ နေရမည့်ဘဝမျိုးတွင်သာ ရှိနေကြောင်း၊ သူတို့တွင် မိမိတို့တိုင်းပြည်သို့ ပြန်ရောက်ရန် မျှော်လင့်ချက်များ လုံးဝမရှိကြောင်း သို့ဖြစ်၍ ကျွန်ုပ်ကသာ သူတို့၏ သက်သာချောင်ချိမှုအတွက် ဆောင်ရွက်ပေးမည်ဆိုလျှင် ကျွန်ုပ်၏နောက်တွင် အမြဲရှိနေလျက် ကျွန်ုပ်ခေါင်းဆောင်ရာသို့ လိုက်မည်မှာ သေချာကြောင်းဖြင့် ပြောပြလေသည်။

ထိုစကားများကို ကြားရသောအခါ ကျွန်ုပ်သည် တတ်နိုင်သမျှ သူတို့၏ သက်သာချောင်ချိမှုအတွက် ဆောင်ရွက်ပေးရန်နှင့် စပိန်နှင့် သောကြာ၏ ဖခင်တို့ကို ယင်းတို့ထံ စေလွှတ်ရန် သန္နိဋ္ဌာန်ချလိုက်၏။ သို့နှင့် သူတို့သည် အောက်တိုဘာလအတွင်း လပြည့်သည့်နေ့တွင် ထွက်ခွာသွားကြလေသည်။

ကျွန်ုပ်သည် ရှစ်ရက်ကြာမျှ သူတို့ပြန်အလာကို စောင့်ဆိုင်း နေစဉ် မကြုံစဖူး ထူးကဲသော ဖြစ်ရပ်တစ်ခုနှင့် ကြုံခဲ့ရ



http://www.cherrythitsar.org

၏။ တစ်နေ့ သော နံနက်တွင် ကျွန်ုပ်သည် တဲအတွင်း၌ အိပ်ပျော်နေစဉ် ကျွန်ုပ်၏ တပည့်ကျော် သောကြာသည် အပြေးအလွှားပေါက်လာပြီးသော် "သခင် . . . သခင် . . . သူတို့လာပြီ" ဟု အော်၍ပြောလေသည်။

ကျွန်ုပ်သည် ရုတ်ချည်းထကာ အဝတ်အစားများကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ ဝတ်ဆင်ပြီးလျှင် ဘေးအန္တရာယ်ကို ပမာဏမထားဘဲ အပြင်သို့ ထွက်သွား၏။ အပြင်သို့ ရောက်ရှိ၍ ပင်လယ်ဘက်သို့ ကြည့်လိုက်သောအခါ လှေတစ်စင်းသည် ၃ မိုင်ခွဲခန့်အကွာတွင် ကမ်းဘက်ဦးပေးကာ ရွက်လွှင့်လာနေသည်ကို အံ့သြဖွယ် တွေ့မြင်ရလေသည်။ မကြာမီ လှေသည် ကျွန်ုပ်တို့နှင့် မိုင်ဝက်ခန့်အကွာတွင် ကမ်းသို့ ကပ်မိလေ၏။ လှေကမ်းသို့ ကပ်မိသောအခါ လှေတွင်ပါလာသူအားလုံးမှာ အင်္ဂလိပ်လူမျိုးများ ဖြစ်သည်ကို တွေ့ရလေသည်။ သူတို့အားလုံး (၁၁) ဦးရှိ၍ သုံးဦးမှာ လက်နက်မပါချေ။ ထိုမျှသာမကသေး တုပ်နှောင်၍လည်း ထားသေး၏။ လှေပေါ်မှ လူ ၄၊ ၅ ယောက် ကမ်းပေါ်သို့ ခုန်ဆင်းပြီးနောက် သူတို့အား အကျဉ်းသမားများအဖြစ် ခေါ်လာသည်ကို တွေ့ရ၏။

လှေပေါ်မှ လူအချို့ ကမ်းပေါ်သို့ တက်ရောက်ခဲ့စဉ်က ခေါင် ရေဖြစ်နေခဲ့ရာ သူတို့သည် ဒီရေကျသွားသည်အထိ အမှတ်မထင်နေခဲ့ ရာ ရေကျသွားပြီးနောက် လှေသည် ကမ်း၌ တင်၍ ကျန်နေရစ်ခဲ့လေ သည်။ လှေပေါ်တွင် အစောင့်နှစ်ယောက် ကျန်နေခဲ့၍ တစ်ယောက်က အနီးအနားရှိ ကမ်းပေါ်



http://www.cherrythitsar.org

သို့ တောင်မြောက်လေးပါး သွားလာနေကြသူ များအား ဟစ်ခေါ်လိုက်ရာ ထိုလူများသည် လှေရှိရာသို့ ပြန်လာကြ ၏။ သို့သော် လှေမှာ အလွန်လေးလံလှသည့်အပြင် ကမ်းခြေမှာလည်း သဲပျော့ဖြစ်သဖြင့် သူတို့အားလုံး အားစိုက်တွန်းချသော်လည်း မရ တော့ချေ။

သို့နှင့် သူတို့သည် လှေကို ထားခဲ့ပြီးလျှင် ဟိုဟိုဒီဒီ လျှောက် သွားနေပြန်လေသည်။ ဤအတောအတွင်း ကျွန်ုပ်သည် တောင်ထိပ်ရှိ အနီးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုသောနေရာသို့ သွားရုံမှတစ်ပါး ကျွန်ုပ်မှာ ရဲတိုက်အတွင်းမှ မထွက်ဝံ့၊ လှုပ်လှုပ်ရှားရှားလည်း မပြုဝံ့ ဘဲ ငြိမ်သက်စွာ နေရပြီးလျှင် နောက်ထပ် တိုက်ပွဲတစ်ပွဲ ဆင်နွှဲရန် အတွက် ယခင်ကကဲ့သို့ပင် အသင့်စီစဉ်ရပြန်၏။ သို့သော် ယခုတစ် ကြိမ်တွင် ရင်ဆိုင်ရမည့်ရန်သူမှာ ပထမ ရင်ဆိုင်ခဲ့ရသည့် ရန်သူမျိုး နှင့်မတူသဖြင့် အထူးသတိထားကာ စီစဉ်ရ၏။ ယခုအခါ သေနတ် ပစ်ရာတွင် အတော်လက်ဖြောင့်နေပြီဖြစ်သော သောကြာအားလည်း သေနတ်များကို အသင့်ပြင်ထားရန် အမိန့်ပေးလိုက်၏။

နေ့လည် နှစ်နာရီလောက်တွင် သူတို့အားလုံးသည် သစ်တော အတွင်းသို့ ကျွန်ုပ်စိတ်ထင် အိပ်စက်နားနေရန် ဝင်သွားကြသည်။ ဒုက္ခ သည် သုံးယောက်မှာမူကား ကျွန်ုပ်နှင့် နှစ်ဖာလုံခန့်အကွာရှိ သစ်ပင် ကြီးတစ်ပင်၏ အရိပ်အောက်တွင် ထိုင်နေကြ၏။



http://www.cherrythitsar.org

သို့နှင့် ကျွန်ုပ်လည်း တိတ်တဆိတ် သူတို့အနီးသို့ ချဉ်းကပ်သွားကာ တစ်ယောက်တလေမျှ ကျွန်ုပ်ကို မမြင်သေးမီ ကျွန်ုပ်က စပိန်ဘာသာဖြင့် . . .

"ခင်ဗျားတို့ ဘယ်သူတွေလဲ ခင်ဗျာ"ဟု မေးလိုက်၏။ သူတို့သည် ကျွန်ုပ်အသံကို ကြားလိုက်ရသောအခါ ဖျတ်ခနဲ လန့်၍သွားကြ၏။ ကျွန်ုပ်အား မြင်လိုက်ရသောအခါ၌မူ ထို့ထက် ဆယ်ဆမက လန့်သွားကြလေသည်။ သူတို့သည် တစ်စုံတစ်ရာ ပြန်မဖြေဘဲ ထွက်ပြေးတော့မည့်ပုံပင် ပေါက်နေသဖြင့် ကျွန်ုပ်က အင်္ဂလိပ်စကားဖြင့် "လူကြီးလူကောင်းများခင်ဗျာ၊ ကျွန်ုပ်ကို မအံ့သြကြပါနဲ့။ ခင်ဗျားတို့ မထင်တဲ့အခါမျိုးမှာ မိတ်ဆွေတစ်ယောက်ယောက်ဟာ ခင်ဗျားတို့အနားမှာ ရှိကောင်းရှိပါလိမ့်မယ်"ဟု ထပ်မံပြောလိုက်၏။

ထိုအခါ သူတို့အထဲမှ တစ်ယောက်က ဦးထုပ်ချွတ်ကာ ကျွန်ုပ်အား အလေးပြုရင်း"ကျုပ်တို့ရဲ့ အခြေအနေကတော့ လူသားဆိုရင် မတတ်နိုင် တော့တာမို့ ခင်ဗျားကောင်းကင်ဘုံက လွှတ်လိုက်တာပဲ ဖြစ်ရမယ်"ဟု ကျွန်ုပ်အား ပြောလိုက်သည်။

(ကျွန်ုပ်)"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော်ဟာ အင်္ဂလိပ် လူမျိုးတစ်ယောက်ပါ။ ခင်ဗျားတို့ကို ကယ်ချင်ပါတယ်။ ကျွန်တော့် မှာ အစေခံတစ်ယောက်တည်း ရှိပါတယ်။ ဒါပေမယ့် လက်နက်တွေ ခဲယမ်းမီးကျောက်တွေရှိတယ်။ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ။ ကျွန်တော်တို့ ကူညီပါရစေ၊ ခင်ဗျားတို့ အရေးကိစ္စက ဘယ် လိုပါလဲခင်ဗျာ"



http://www.cherrythitsar.org

"ကျွန်တော်တို့အရေးကိစ္စက ပြောရမယ်ဆိုရင် အရှည်ကြီး ပါပဲ။ နို့ပြီး ကျွန်တော်တို့ကို သတ်မယ့်လူတွေကလည်း အနီးအနားမှာ ရှိနေတယ်။ ဒီတော့ အချုပ်ပြောရမယ်ဆိုရင် ကျွန်တော်က ဟောဟို သင်္ဘောဥိးစီးပါပဲ။ ကျွန်တော့်လူတွေက ကျွန်တော့်ကို တော်လှန်ပုန်ကန် ကြတယ်။ ကျွန်တော်တို့ကို မသတ်ဖို့ မနည်းပြောရတယ်။ အဲ နောက် ဆုံးတော့ ဟောဒီလူနှစ်ယောက်နဲ့အတူ လူသူမရှိတဲ့ ကျွန်းပေါ်မှာ အခု လို အတင်ခံရတာပါပဲဗျာ"

"တိရစ္ဆာန်တွေ၊ ခင်ဗျားရဲ့ ရန်သူတွေ ဘယ်မှာလဲ။ သူတို့ ဘယ်သွားတယ်ဆိုတာ သိသလားဟင်"

(သစ်ပင်တစ်အုပ်ဆီသို့ ညွှန်ပြရင်း) . . . "ဟောဟိုမှာ သူတို့ အမောအပန်း ဖြေနေတယ်။ သူတို့များ ကျွန်တော်တို့ကို မြင်သွားပြီး ခင်ဗျားပြောတာများ ကြားသွားသလား မသိဘူး။ ကျွန်တော်တော့ ကြောက်လိုက်တာဗျာ၊ မြင်ရင်တော့ ကျွန် တော်တို့ကို မုချ သတ်ပြီးသားပဲ"

"သူတို့မှာ သေနတ်တွေပါသလား"

သူတို့တွင် သေနတ်နှစ်လက်ပါ၍ ကျန်တစ်လက်မှာ လှေပေါ်တွင် ထားခဲ့ကြောင်းနှင့် ထိုသူက ပြောပြ၏။

"ဒါဖြင့်ရင် ကျန်တာ ကျွန်တော့်တာဝန်ထားပေတော့၊ သူတို့ အားလုံး အိပ်ပျော်နေကြတယ်။ သူတို့အားလုံးကို သတ်ဖို့ အလွယ် ကလေးပဲ။ ဒါပေမယ့် သူတို့ကို လက်ရဖမ်းထားရရင် မကောင်းဘူး လား"



http://www.cherrythitsar.org

ထိုအခါ ထိုသူက သူတို့အထဲတွင် ပြုပြင်၍မရနိုင်လောက်အောင် အလွန်ဆိုးသွမ်းသူနှစ်ဦး ပါနေသဖြင့် သူတို့အား ညှာနေလျှင် စိတ်မချရကြောင်း၊ သို့သော် အကယ်၍ သူတို့အား ဖမ်းဆီးထားနိုင်လျှင် ကျန်လူများသည် မိမိတို့၏ သက်ဆိုင်ရာ အလုပ်ခွင်သို့ ပြန်ဝင်လိမ့်မည်ဟု ယုံကြည်ကြောင်းနှင့်လည်း ပြောပြသေး၏။ ဤသို့ဖြင့် သူတို့သည် ကျွန်ုပ်၏နောက်သို့ စိတ်ပါလက်ပါ လိုက်လာခဲ့ကြလေသည်။

ကျွန်ုပ်သည် သူတို့အား ပြောင်းတိုသေနတ်တစ်လက်စီနှင့် ခဲယမ်းမီးကျောက်များ ပေးလိုက်၏။ ကျွန်ုပ်တွေးမိသမျှ အကောင်းဆုံးသောနည်းလမ်းမှာ ရန်သူများ အိပ်နေခိုက်တွင် သေနတ်ဖြင့်ပစ်သတ်ရန်ပင်ဖြစ်လေသည်။ အကယ်၍ ပထမတစ်ကြိမ် ပစ်ခတ်ရာ၌ အသက်မသေကျန်နေသေးသူများသည် အကယ်၍ အညံ့ခံခဲ့လျှင် ယင်းတို့ကို ကယ်ဆယ်နိုင်ပေမည်။

သင်္ဘောကပ္ပတိန်က အကယ်၍ တတ်နိုင်လျှင် သူတို့အား မသတ်လိုကြောင်း ခပ်ရိုးရိုးပင် ပြောပြ၏။ သို့သော်လည်း ခေါင်းဆောင်နှစ်ယောက်မှာကား မည်သို့မျှ ပြုပြင်၍ရမည်မဟုတ်သော လူဆိုးများဖြစ်သဖြင့် သင်္ဘောသားများ တော်လှန်ကြခြင်းမှာလည်း သူတို့၏ စနက်မီးပင်ဖြစ်ကြောင်း၊ အကယ်၍ သူတို့ လွတ်မြောက်သွားခဲ့သော် ကျွန်ုပ်တို့အဖို့ ဘေးရန်ကင်းဦးမည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် သင်္ဘောသို့ ပြန်သွား၍ ကျန်လူအားလုံးကို ခေါ်ဆောင်လာခဲ့ပြီးလျှင် ကျွန်ုပ်တို့အား သတ်ဖြတ်ပစ်မည်စိုးရိမ်ရကြောင်းဖြင့် ပြောဆိုလေသည်။



http://www.cherrythitsar.org

(ကျွန်ုပ်)"ဒါဖြင့်ရင် ကျွန်တော့်အကြံအတိုင်း လုပ်မှ ဖြစ်တော့မပေါ့။ ကျွန်တော်တို့အသက်ကို ကယ်ဆယ်ဖို့ ဒီနည်းတစ်ခုပဲ ရတော့တယ် မဟုတ်လား"

ကျွန်ုပ်တို့ စကားပြောနေခိုက်တွင် အချို့လူများ နိုးလာ၍ မကြာမီ လူနှစ်ယောက် မတ်တတ်ရပ်လိုက်သည်ကို တွေ့ရ၏။ ကျွန်ုပ်က ကပ္ပတိန်အား ထိုသူနှစ်ယောက်မှာ သူပြောသော ခေါင်းဆောင်များ ဖြစ်လေသလောဟု မေးလိုက်ရာ သူက မဟုတ်ကြောင်း ပြန်ပြောလေသည်။

(ကျွန်ုပ်)"ဒါဖြင့်ရင် သူတို့လွတ်မြောက်သွားရင် သွားပစေပေါ့။ ဘုရား သခင်က သူတို့ကို တမင်ပဲ နှိုးလိုက်သလား မပြောတတ်ပါဘူး၊ ကိုင်း ကျန်တဲ့လူတွေ လွတ်သွားရင်တော့ ခင်ဗျားတာဝန်ပဲဗျို့"

ထိုအခါ သူသည် ကျွန်ုပ်ပေးလိုက်သော ပြောင်းကို သေနတ်ကို လက်တွင်ကိုင်ကာ ပစ္စတိုသေနတ်ကို ခါးတွင် ထိုးလျက် အလားတူလက်နက်များကို ကိုင်စွဲထားသည့် အဖော်နှစ်ယောက်နှင့်အတူ ရှေ့သို့ တိုးသွားလေ၏။ လောကြီးလှသော အဖော်နှစ်ယောက်ကြောင့် အသံမြည်သွားသဖြင့် နိုးနေသော သင်္ဘောသားတစ်ဦးသည် လှည့်ကြည့်လိုက်ရာ သူတို့အား မြင်သွားပြီးလျှင် ကျန်လူများကို အော်ပြောလိုက်လေသည်။ သို့သော် အချိန်နောက်ကျသွားလေပြီ။ သူအော်ဟစ်လိုက်သည့်အချိန်မှာပင် သူ၏ အဖော်နှစ်ယောက်က သေနတ်များကို ပစ်ထည့်လိုက်ကြ၏။



http://www.cherrythitsar.org

သူတို့သည် ကောင်းစွာသိပြီးသော သင်္ဘောသားလူဆိုးနှစ်ယောက်ကို ချိန်၍ပစ်လိုက်ရာ တစ်ယောက်မှာ နေရာတွင် ပွဲချင်းပြီးသွား၍ ကျန်တစ်ယောက်ကား ဒဏ်ရာအကြီးအကျယ် ရသွားလေသည်။ သူသည် သွေးရူးသွေးတန်းနှင့် ထလာရင်း အော်ဟစ်အကူအညီ တောင်းနေသေး၏။ သို့သော် ကပ္ပတိန်က အနီးသို့ ကပ်သွားပြီးလျှင် သေနတ်ဒင်နှင့် ရိုက်ချလိုက်ရာ နောက်ထပ် မအော်နိုင်တော့ချေ။

သူတို့လူစုထဲတွင် သုံးယောက်ကျန်နေသေးရာ တစ်ယောက် မှာ အနည်းငယ် ဒဏ်ရာရထား၏။ ထိုအချိန်တွင် ကျွန်ုပ်မှာလည်း အနီးသို့ ရောက်သွားသဖြင့် သင်္ဘောသားများသည် သူတို့၏ ဘေး အန္တရာယ်ကိုသိသွားပြီးဖြစ်၍ ခုခံ၍ မထူးတော့ပြီဟု ယူဆကာ အသက် ဘေးမှ လွတ်ပါရန် တောင်းပန်ကြလေသည်။ ထိုအခါ ကပ္ပတိန်က သူတို့၏ သစ္စာဖောက်မှုကြီးကို များစွာ စက်ဆုပ်ရွံရှာကြောင်း၊ အကယ် ၍ အာမခံပြီးလျှင် သင်္ဘောကို ပြန်လွှင့်နိုင်ရန် ဆောင်ရွက်ပေးမည်ဆို က သူတို့၏ အသက်များကို ချမ်းသာပေးမည့်အကြောင်း ပြောပြ၏။ သို့နှင့် သူတို့က အာမခံချက်များ ပေးသည်တွင် ချမ်းသာပေးလိုက်၏။ ထိုကိစ္စတွင် ကျွန်ုပ်က မည်သို့မျှ ဝင်ရောက်ကန့်ကွက်ခြင်းမပြုသော် လည်း ကျွန်းပေါ်တွင် သူတို့ရှိနေသမျှ ကာလပတ်လုံး သူတို့၏ ခြေလက်များကို တုပ်နှောင်ထားရန် တိုက်တွန်းပြောဆိုလေသည်။



http://www.cherrythitsar.org

ထိုအတွင်း ကျွန်ုပ်သည် သောကြာနှင့် ကပ္ပတိန်၏ လက်ထောက်အား လှေကို သွားရောက်သိမ်းဆည်းကာ ရွက်နှင့် ခက်တက်များကို ယူဆောင်လာရန် စေခိုင်းလိုက်၏။ သူတို့နှစ်ယောက်လည်း ပြောသည့်အတိုင်း လုပ်ဆောင်ခဲ့သည်။ ထို့နောက်တွင် တခြားနေရာသို့ လျှောက်လည်နေသူ သုံးယောက်သည် သေနတ်သံများကြားသဖြင့် ပြန်လာခဲ့ကြရာ ယင်းတို့လည်း အခြေအနေကို သိသွားကြပြီဖြစ်၍ အညံ့ခံကြသောကြောင့် ချုပ်နှောင်ထားလိုက်ရပြန်လေသည်။ ကျွန်ုပ် တို့၏အောင်ပွဲကား ပြီးစီးသွားလေပြီ။ သို့ဖြစ်ရာ ကပ္ပတိန်နှင့် ကျွန်ုပ် တို့မှာ တစ်ဦးအကြောင်းတစ်ဦးအား ပြောပြရန်သာ ရှိတော့၏။ ကျွန်ုပ်၏အကြောင်းကို ရှေးဦးစွာ ကပ္ပတိန်အား ကျွန်ုပ်က ပြောပြရာ ကပ္ပတိန် သည် စိတ်ဝင်စားစွာ တအံ့တသြ ငေးမောနားထောင်နေလေသည်။

ထိုသို့ ပြောပြပြီးသည့်နောက် ကျွန်ုပ်စိတ်အထင် သင်္ဘောသားများအတွက် သူတို့အဖော်များ ကြန့်ကြာနေသည်ကို တွေးမိကာ သူတို့အား ရှာဖွေရန်အတွက် အခြားလှေတစ်စင်းနှင့် လက်နက်များ စွဲကိုင်က လာကောင်းလာကြမည်ဖြစ်ကြောင်း၊ ထိုအခါ ကျွန်ုပ်တို့သည် ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း ကျွန်ုပ်စဉ်းစားမိ၏။ ကပ္ပတိန်ကလည်း ထိုသို့ ဖြစ်နိုင်ရန်ရှိကြောင်း ဝန်ခံပြောဆိုလေသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့ ပထမဦးစွာ ပြုလုပ်ရမည်မှာ ကမ်းပေါ် တွင် တင်နေသော လှေကို သူတို့ပြန်၍ ယူမသွားနိုင်

အောင် ထိုးဖောက် ထားရန်နှင့် လှေပေါ်တွင် ရှိသမျှ ပစ္စည်းများကို ယူငင်ထားရန်ပင်ဖြစ် သည်ဟု ကျွန်ုပ်က အကြံပေးသည့်အတိုင်း ကျွန်ုပ်တို့လည်း လှေရှိရာ သို့ သွားပြီးလျှင် လှေပေါ်တွင် တွေ့သမျှကို သယ်ယူလာခဲ့ကြ၏။

ပစ္စည်းအားလုံးကို ကမ်းပေါ်သို့ သယ်ယူ၍ လှေဝမ်းတွင် အပေါက်ကြီးတစ်ပေါက် ဖောက်ရန်ဖြစ်၏။ သို့မှသာ သူတို့သည် ကျွန်ုပ်တို့အား အနိုင်ရရှိအောင် အလုံးအရင်းနှင့် လာစေကာမူ လှေကို ကား သယ်ယူသွားနိုင်တော့မည်မဟုတ်ချေ။

ဤသို့ အစီအစဉ်များ ပြုလုပ်ကာ ရှေးဦးစွာ အင်အား နှင့် ဒီ ရေသည် ခေါင်ရေအထိ တက်လာသော်လည်း မျှောချမသွား နိုင်အောင် ကျွန်ုပ်တို့သည် လှေကို ကမ်းပေါ်တွင် မတင်ထား၍ ရုတ်တရက် ဖာ ထေး၍ မရနိုင်အောင် လှေဝမ်းတွင် အပေါက် ကြီးတစ်ပေါက် ဖောက် ထားလိုက်၏။ ထို့နောက် မည်သို့ ဆက် လက်ပြုလုပ်ရမည်ကို စဉ်းစား လျက်ရှိစဉ် လှေကို သင်္ဘောမှ အချက်ပေးလိုက်သည့် အမြောက်သံတစ် ချက် ကြားလိုက်ရ၏။ သို့သော် မည်သည့်လှေမှ လှုပ်ရှားသည်ကို မတွေ့ရချေ။ နောက်ထပ်၍ အမြောက်အချက်ပေါင်း မြောက်များစွာ သင်္ဘော မှ ပစ်ခတ်ကာ အချက်အမျိုးမျိုး ပေးပြန်လေသည်။ ယင်းကဲ့ သို့ အချက်ပြသည့်အနေဖြင့် အမြောက်သံအချက်ပေါင်းများစွာ ကြားရ ပြီးနောက် သင်္ဘောမှ လှေတစ်စင်း ကမ်းဆီသို့ လှော်ခတ် လာသည်ကို မှန်ပြောင်းဖြင့် ကြည့်ရှုသောအခါ တွေ့မြင်ရလေ



http://www.cherrythitsar.org

သည်။ အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာသောအခါ လှေထဲတွင် လူ ၁၀ ယောက် ထက်မနည်းပါလျက် သေနတ်များကိုလည်း ကိုင်ဆောင်လာကြောင်း ကပ္ပတိန်က လှေပေါ်တွင် ပါလာသူအားလုံးအား သူတို့၏ အကျင့် စာရိတ္တများနှင့်တကွ သိရှိထား၏။ သူ၏ ပြောပြချက်အရ လှေထဲတွင် ပါလာသူများအနက် သုံးယောက်မှာ အလွန်ရိုးသားသူများဖြစ်၍ ယင်း တို့သည် ကျန်လူများက အနိုင်အထက်ပြုသဖြင့်သာ ပါဝင်နေကြခြင်း ဖြစ်မည်ဟု ပြောပြလေသည်။

သို့သော် ပဲ့ကိုင်ဖြစ်သူမှာ ယင်းတို့အထဲတွင် အကြီးအကဲ အရာရှိတစ်ဦးဖြစ်၍ သူနှင့်တကွ ကျန်လူများမှာ အခြားသင်္ဘောသား များကဲ့သို့ပင် လူလွန်လူရိုင်းများဖြစ်လေသည်။

သင်္ဘောမှ နောက်ထပ် လှေတစ်စင်းလာနေသည်ကို တွေ့စ ကပင် ကျွန်ုပ်သည် အကျဉ်းသားများကို လူစုခွဲထားရန် စိတ်ကူးမိပြီး ဖြစ်၏။ သို့ဖြင့်လည်း သူတို့အား ခိုင်ခံ့စွာ နှောင်ဖွဲ့ထားပြီးဖြစ်လေ သည်။

ကပ္ပတိန်က စိတ်မချရဟုဆိုသော လူနှစ်ယောက်ကို ကျွန်ုပ် သည် သောကြာနှင့် စိတ်ချရပြီဖြစ်၍ လွှတ်ထားသော သုံးယောက် အနက် တစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်စေလျက် ကျွန်ုပ်၏ ဂူသို့ အပို့ခိုင်းလိုက်၏။ ထိုနေရာတွင် သူတို့ ၏အသံကို မည်သူမျှ ကြားနိုင်မည် မဟုတ်ဘဲ အကယ်၍ လွတ် သွားသည့်တိုင်အောင်ပင် သူတို့သည် တော ထဲတွင် လမ်းစရှာ၍ တွေ့နိုင်မည်မဟုတ်ချေ။ သောကြာတို့သည် သူတို့ အား ဂူထဲ

တွင် ချည်နှောင်ထားခဲ့သော်လည်း စားစရာများ အလုံ အလောက် ထားရှိပေးခဲ့သည့်ပြင် အကယ်၍ သူတို့ငြိမ်သက်စွာ နေထိုင်သွားမည်ဆိုက တစ်ရက် နှစ်ရက်အတွင်း လွှတ်ပစ်မည့်အကြောင်း၊ သို့သော် လွတ်မြောက်ရန် ကြိုးပမ်းလျှင်ကား သနားညှာတာခြင်းမရှိဘဲ သတ်ပစ်မည့်အကြောင်းကိုလည်း ပြောထားခဲ့သေး၏။

အခြားအကျဉ်းသမားများ၏ အခြေအနေကား သူတို့ထက်တော်ပေသေးသည်။ သူတို့အနက် နှစ်ယောက်ကား ကပ္ပတိန်က မယုံ ကြည်သဖြင့်ချည်နှောင်ထားသော်လည်း ကျန်နှစ်ယောက်ကိုမူ ကပ္ပတိန် ၏ ထောက်ခံချက်ဖြင့်လည်းကောင်း၊ ယင်းတို့ကိုယ်တိုင်က ကျွန်ုပ်တို့ နှင့် သေအတူ ရှင်မကွာနေပါမည်ဟု သစ္စာပြုသဖြင့်လည်းကောင်း ကျွန်ုပ်၏ တပည့်အဖြစ်ခေါ်ယူထားလိုက်၏။ သို့ဖြစ်၍ ယင်းတို့နှစ် ယောက်လူလွတ်သုံးယောက်နှင့်ပါဆိုလျှင် ကျွန်ုပ်တို့ဘက်တွင် လက်နက်အပြည့်အစုံနှင့် လူ ၇ ယောက် ရှိနေပေသည်။

နောက်ထပ်လိုက်လာသော လှေသည် အခြားလှေရှိသောနေရာသို့ ရောက်လျှင် ကမ်းသို့ ကပ်လိုက်၏။ ထို့နောက် လှေပေါ်မှ လူ၇ ယောက်ဆင်းလာ၍ ခပ်ကွာကွာသို့ လှော်ခတ်ယူဆောင်သွားပြီးလျှင် ထိုနေရာ၌ ကျောက်ချရပ်နားကာ စောင့်ဆိုင်းနေလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် သူတို့၏လှေရှိရာသို့ သွားရန် မဖြစ်နိုင်တော့ချေ။



http://www.cherrythitsar.org

ကမ်းပေါ်သို့ ဆင်းလာသူများသည် တစ်ဦးနှင့်တစ်ဦး အလှမ်း မကွာကြဘဲ ကျွန်ုပ်စခန်း၏ အထက်ဘက်တွင်ရှိသော တောင်ကုန်း ကလေး၏ ထိပ်ဆီသို့ လျှောက်သွားကြပြီးလျှင် ထိုနေရာသို့ ရောက် သောအခါ တကြော်ကြော် အော်ဟစ်ခေါ်ငင်လျက်ရှိကြကုန်၏။ ထို့နောက် ကမ်းနှင့်လည်းမဝေး၊ တစ်ဦးနှင့်တစ်ဦးလည်း မကွာစေဘဲ သစ် ပင်တစ်ပင်အောက်၌ ထိုင်ကာ တိုင်ပင်ကြပြန်သည်။

ကျွန်ုပ်တို့လည်း သူတို့ထွက်ခွာသွားရန် အတော်ကြာ စောင့်ဆိုင်းနေကြသည်။ သို့သော် အတန်ကြာ ဆွေးနွေးကြပြီးနောက် ထ၍ ကမ်းခြေဘက်ဆီသို့ လျှောက်သွားကြသည်ကို တွေ့ရသောအခါ ဆက်လက်၍ မရှာတော့ဘဲ လက်လျှော့ပြန်သွားခြင်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ် တွေးထင်မိခဲ့၏။ ထိုအတိုင်းလည်း မှန်းနေလေသည်။

သို့နှင့် ကျွန်ုပ်သည် သောကြာနှင့် ကပ္ပတိန်၏ လက်ထောက်တို့အား သောကြာကို ကယ်ဆယ်ရခဲ့စဉ်က ကမ်းခြေသို့ လူရိုင်းများ ဆိုက်ကပ်သည့်နေရာဆီသို့ အနောက်ဘက်ရှိ ချောင်းကလေးကို ကျော် ၍ အသွားခိုင်းလိုက်၏။ ထို့နောက် ပြုလုပ်ရမည်မှာ မိုင်ဝက်ခန့်အကွာ ရှိ တောင်ကမူကလေးတစ်ခုသို့ ရောက်ကြသောအခါ သင်္ဘောသား များက ကြားသည်အထိ ကျယ်နိုင်သမျှကျယ်လောင်စွာညာသံပေး၍ ဟစ်အော်ရမည် ဖြစ်ကြောင်း သင်္ဘောသားများက အသံပြန်ပေးသော အခါ ထပ်မံ၍ ညာသံပေးကာ ဟစ်အော်ရဦးမည်ဖြစ်ကြောင်း၊ ထို့နောက်

သူတို့အား အတွေ့မခံဘဲ ကွေ့ဝိုက်ပြေးကာ တစ်ဘက်က အသံပေးလျှင် တုန့်ပြန်အသံပေးရင်း အကယ်၍ တတ်နိုင်လျှင် သစ်တောများအတွင်းသို့ ရောက်သည်အထိ ယင်းတို့ကို ကျွန်း၏ အတွင်းပိုင်းသို့ ဆွဲဆောင်ခေါ်ငင်ရမည်ဖြစ်ကြောင်း၊ ယင်းတို့ ကျွန်း၏ အတွင်းပိုင်းသို့ရောက်လျှင် သူတို့နှစ်ယောက်က ကျွန်ုပ်ညွှန်ကြားလိုက်သောလမ်းများအတိုင်း ကျွန်ုပ်ထံသို့ လှည့်ပတ်ပြန်ပြေးလာရမည်ဖြစ်လေသည်။

သောကြာတို့က ညာသံပေးလိုက်သောအခါတွင် သူတို့သည် လှေပေါ်သို့ တက်နေဆဲဖြစ်၏။ ထို့ကြောင့် ညာသံပေးသည်ကိုကြားရ လျှင် သူတို့ကလည်း ပြန်ပေးရင်း အသံလာရာ အနောက်ဘက်ဆီသို့ ကမ်းခြေတစ်လျှောက် ပြေးသွားကြရာ မကြာမီ ချောင်းကလေးက ကာ ဆီးနေသည်ကို တွေ့ရလေ၏။ ချောင်းကလေးမှာ ရေပြည့်နေ၍ မကူး နိုင်ရကား ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်းပင် သူတို့၏လှေကို လှမ်း၍ခေါ်လိုက်လေသည်။

သူတို့ချောင်းကို ဖြတ်ကူးအပြီးတွင် လှေသည် ချောင်းအတွင်း အတော်ဝေးဝေးသို့ ရောက်နေ၍ ကုန်းတွင်းဆိပ်ကမ်းတစ်ခုအတွင်းသို့ ရောက်နေသကဲ့သို့ ဖြစ်နေရာ လှေကို ကမ်းပေါ်မှ သစ်ငုတ်တိုတစ်ခု တွင် ချည်နှောင်လျက် လူနှစ်ယောက်သာလှေပေါ်တွင်ထားခဲ့ပြီးလျှင် ကျန်လူတစ်ယောက်ကို ခေါ်ဆောင်သွားကြလေသည်။



http://www.cherrythitsar.org

ကျွန်ုပ်ကား ထိုသို့ဖြစ်လာမည်ကို စောင့်ဆိုင်းနေခဲ့သည်ဖြစ်ရာ ကပ္ပတိန်၏ လက်ထောက်နှင့် သောကြာတို့အား သူတို့၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ချန်လှပ်ထားလျက်၊ ကျန်လူများကို ကျွန်ုပ်နှင့်အတူ ခေါ်၍ မမြင်နိုင်သည့်နေရာမှ ချောင်းကိုဖြတ်ကူးပြီးသော် လှေစောင့်နှစ်ယောက်အား အငိုက်တွင် ဝင်၍ဖမ်းလိုက်၏။ အစောင့်တစ်ယောက်သည် ကမ်းပေါ်တွင် ငိုက်လျက်ရှိရာ ထိုသို့ ရုတ်တရက် ထလာမည်အပြုတွင် ရှေ့ဆုံးတွင်ရောက်နေသော ကပ္ပတိန်သည် ထိုသူရှိရာသို့ အတင်းပြေးသွားလျက် ရိုက်ချလိုက်၏။ လှေပေါ်တွင် ရှိနေသူအားလည်း အကယ်၍ အညံ့မခံခဲ့လျှင် လူသေဖြစ်လိမ့်မည်အကြောင်း လှမ်း၍ ပြောလိုက်လေသည်။

ထိုသူမှာ တော်လှန်ရာတွင် စိတ်မပါဘဲ အတင်းအကြပ်ပြု၍ ပါဝင်နေရသူဖြစ်ဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းအား အလွယ်တကူပင် အညံ့ခံရန် ပြောဆို၍ ရခဲ့သည့်အပြင် နောင်အခါ ကျွန်ုပ်တို့ဘက်တွင် သစ္စာရှိစွာဖြင့် ပါဝင်ပူးပေါင်းရန် သွေးဆောင်ခဲ့သောကြောင့် ဖြစ်လေသည်။

ထိုအချိန်အတွင်း သောကြာတို့နှစ်ယောက်သည် ညာသံပေး ရင်း ပြန်ထူးရင်းဖြင့် ကျန်သင်္ဘောသားများကို ခေါ်ဆောင်သွားခဲ့ရာ ယင်းတို့အား ခြေကုန်လက်ပန်းကျအောင် ပြုလုပ်နိုင်ရုံသာမက မမှောင် ခင် လှေရှိရာသို့ ပြန်မရောက်နိုင်မည့်နေရာသို့ ရောက်အောင်လည်း ဖန်တီးနိုင်ခဲ့၏။ သို့နှင့် ကျွန်ုပ်တို့ထံ သောကြာတို့ ပြန်ရောက်ပြီးနောက် နာရီပေါင်း မြောက်များ



http://www.cherrythitsar.org

စွာ ကြာမြင့်ပြီးမှ သူတို့လှေသို့ ပြန်ရောက်သွား ကြ၏။ လှေအနီးသို့မရောက်မီ ရှေ့ဆုံးမှလူက နောက်မှလူများအား ခပ်မြန်မြန်လျှောက်လာရန် အော်ပြောလိုက်သည်ကိုလည်း ကြားရလေသည်။

သူတို့သည် လှေရှိရာသို့ ရောက်လာကြသောအခါ လှေမှာ ဒီကျတွင် တင်နေသည်ကို တွေ့ရသဖြင့် အစောင့် ၂ ယောက်ကိုလည်း မတွေ့ရှိဘဲ ရှိနေ၏။ သို့နှင့် သူတို့အဖော်များ၏ အမည်ကို သံကုန်ဟစ်ကာ တကြော်ကြော်ခေါ်လျက် ရှိနေကြလေသည်။ သို့သော် ပြန်၍ထူးသံ မကြားရချေ။

မကြာမီ တော်လှန်ရေးသမား သင်္ဘောသားများ၏ ခေါင်းဆောင်ပဲ့ကိုင်သည် နောက်လိုက်နှစ်ယောက်နှင့်အတူ ကပ္ပတိန်နှင့်သော ကြာတို့ဆီသို့ လျှောက်လာ၏။ သူတို့အနီးသို့ရောက်လာလျှင် ကပ္ပတိန် နှင့် သောကြာတို့သည် ရုတ်ချည်းထကာ ပစ်ခတ်လိုက်လေသည်။

ပဲ့ကိုင်သည် နေရာတွင်ပင် ပွဲချင်းပြီးသွားပြီးလျှင် အခြားတစ် ယောက်မှာမူ ကိုယ်ကိုထိသွားကာ သူ့အနီး၌ပင် လဲကျသွား၏။ သေ နတ်သံကြားရလျှင် ကျွန်ုပ်သည် လူရှစ်ယောက်နှင့်အတူ ချက်ချင်း သူတို့ဆီသို့ လိုက်သွားလေသည်။ ကျွန်ုပ်တို့ရောက်သွားသည့်အခါ အတော်ပင် မှောင်နေပြီဖြစ်၍ ကျွန်ုပ်တို့ဘက်တွင် လူ ဘယ်လောက် ရှိသည်ကို သူတို့မတွေ့မြင်နိုင်ချေ။ ကျွန်ုပ်တို့၏ လူဖြစ်နေပြီဖြစ်သော လှေစောင့်အား ယင်းတို့၏ နာမည်ခေါ်လိုက်ရန် ကျွန်ုပ်က အမိန့်ပေး လိုက်၏။



http://www.cherrythitsar.org

ထိုသူလည်း ကျယ်လောင်နိုင်သမျှ ကျယ်လောင်စွာ "တွမ်စမစ် . . . ဟေ့ တွမ်စမစ်"ဟု ဟစ်ခေါ်လိုက်လေသည်။

တွမ်စမစ်ဆိုသူကလည်း ချက်ချင်းပင် ပြန်ထူး၏။

"ဘယ်သူလဲ . . . ရော်ဗင်ဆန်လားဟေ့"ဟု မေးလိုက်၏။ သူသည် အသံကို ကျက်မိသွားဟန်တူ၏။

"အေးဟေ့၊ အေးကွ၊ တွမ်စမစ်ရေ လက်နက်ချပြီး အညံ့ခံလိုက်ပေတော့ဟေ့။ နို့မဟုတ်ရင် အခုချက်ချင်း သေသွားလိမ့်မယ်"

"ဘယ်သူ့ကို အညံ့ခံရမှာလဲ၊ သူတို့ ဘယ်မှာလဲကွ"

"သူတို့ ဒီမှာကွ၊ ဟောဒီမှာ ကပ္ပတိန်နဲ့ သူ့နောက်လိုက် လူ ၅၀ ပဲ။ ပဲ့ကိုင်တော့ သေသွားပြီ၊ မင်းအညံ့မခံရင်တော့ မင်းလည်း သေလူပဲကွ"

ထိုအခိုက် ကပ္ပတိန်က ကြားဝင်၍ . . .

"ဟေ့ စမစ် . . . မင်း ငါ့အသံကို ကျက်မိတယ်မဟုတ်လား၊ မင်းတို့ အခုချက်ချင်း လက်နက်ချပြီး အညံ့ခံရင် မင်းတို့အသက်မသေစေရဘူးဟေ့"

စကားတစ်လုံးမျှ ပြောလိုက်သည်တွင် သူတို့သည် ချက်ချင်း လက်နက်များကို ချလိုက်ကာ အသက်ကို ချမ်းသာပေးရန် တောင်းပန် ကြလေသည်။ ကျွန်ုပ်လည်း သူတို့နှင့် စကားဆိုခဲ့သူနှင့် အခြားလူ နှစ်ယောက်ကိုစေလွှတ်ကာ သူတို့အားလုံးကို ချုပ်နှောင်ထားရန် ခိုင်း လိုက်၏။ အမှန်စင်စစ် သူတို့သုံးယောက်နှင့် ပေါင်းပါမှ အားလုံး ၈ ယောက်သာရှိသော ကျွန်ုပ်



http://www.cherrythitsar.org

၏ လူ ၅၀ စစ်တပ်ကြီးသည် ရှေ့သို့ တိုး သွားကာ ယင်းတို့အား ချုပ်နှောင်၍ လှေကိုလည်း သိမ်းဆည်းလိုက် သည်။ သို့သော် ကျွန်ုပ်နှင့် အခြားလူတစ်ယောက်ကမူ သူတို့မမြင် အောင် ရှောင်နေခဲ့၏။

ကျွန်ုပ်တို့၏ နောက်ထပ်လုပ်ငန်းမှာ အချိန်ကျရောက်လာပြီ ဖြစ်ရကား သင်္ဘောကို ပြန်လည်ရယူရာတွင် ယင်းတို့အား စိတ်ပါလက်ပါ ကူညီစေအောင် ပြုလုပ်ခြင်းသည်သာ အလွယ်ကူဆုံး ကိစ္စတစ်ရပ်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်သဘောပေါက်လာခဲ့၏။ ထို့ကြောင့် သူတို့တွင် မည်ကဲ့သို့သော အကြီးအကဲမျိုး ရနေသည်ကို ချက်ခြင်းမသိစေရန် သူတို့အနီးမှ မှောင်ထဲသို့ ရှောင်ခွာသွားပြီးလျှင် ကပ္ပတိန်ကို လှမ်းခေါ်လိုက်၏။ ထိုအခါ မူလကပင် မလှမ်းမကမ်းရှိ လူတစ်ယောက်ကတစ်ဆင့် ကပ္ပတိန်ကို လှမ်းပြောရန် စကားထည့်ထားသည့်အတိုင်း ထိုသူက တစ်ဆင့်လှမ်း၍ . . .

"ကပ္ပတိန်ကြီး ကွန်မင်ဒါခေါ်နေတယ်"ဟု ပြောလိုက်၏။ ကပ္ပတိန်ကြီးကလည်း "အေး ကွန်မင်ဒါကို လာနေပြီလို့ ပြောလိုက်ဟေ့"ဟု ထိုသူအား ပြန်ပြောလေသည်။ ကျွန်ုပ်တို့၏ လူများအဖို့ ရယ်စရာကောင်းလှသော်လည်း သူတို့ကမူ ကွန်မင်ဒါသည် သူ၏ လူ ၅၀ နှင့်အတူ အနီးတွင် ရှိနေသည်ဟု ယုံကြည်နေခဲ့၏။

ကျွန်ုပ်အနီးသို့ ကပ္ပတိန်ရောက်လာသောအခါ သင်္ဘောကို စီးရန်အတွက် ကျွန်ုပ်၏ စီမံကိန်းကို ပြောပြရာ

ကပ္ပတိန်ကလည်း သဘောကျသဖြင့် နောက်တစ်နေ့နံနက်တွင် ထိုအတိုင်း ဆောင်ရွက် သွားရန် ဆုံးဖြတ်လိုက်လေသည်။

ကျွန်ုပ်က အဆိုးဆုံးသော လူများကို အခြား အလားတူ သင်္ဘောသားဆိုးများရှိရာ ဂူသို့ ခေါ်ဆောင်သွားရန် ပြောလိုက်၏။ သို့နှင့် ယင်းတို့အား ဂူသို့ခေါ်ဆောင်သွားရာ ကျန်လူများကို ကျွန်ုပ်၏ တဲသို့ ခေါ်ဆောင်သွားစေ၏။ နောက်တစ်နေ့နံနက် ကျွန်ုပ်သည် သူတို့ထံသို့ ကပ္ပတိန်ကို စေလွှတ်ဖြစ်သွားကာ သင်္ဘောကို အလစ်ဝင်စီးရန်ကိစ္စ၌ ယင်းတို့ကို အားထား၍ ဖြစ်မဖြစ်စုံစမ်းရန် စေလွှတ်လိုက်၏။ ကပ္ပတိန်ရောက်သွားသောအခါ သူတို့အားလုံး ဒူးထောက်ထိုင်ချလိုက်ကာ ကပ္ပတိန်အပေါ် နောက်ဆုံးအချိန်အထိ သစ္စာရှိမည်ဖြစ်ကြောင်း ကတိပေးကြလေသည်။

(ကပ္ပတိန်)"ကဲ ဒါဖြင့် ငါ အခုသွားပြီးတော့ လူကြီးကို မင်းတို့ပြောတာ ပြန်ပြောရဦးမယ်၊ သူတို့သဘောတူအောင်လည်း အတော်ပြောရဦး မယ်ကွ"

ထို့နောက် ကပ္ပတိန် ပြန်ရောက်လာပြီးလျှင် ယင်းတို့ကို စိတ် ချရပြီဖြစ်ကြောင်း ပြောပြလေသည်။ သို့သော် ကျွန်ုပ်တို့အဖို့ သေချာ သည်ထက် သေချာစေရန် သူ့အား နောက်တစ်ဖန် အသွားခိုင်းရပြန် ၏။ ပြောရမည့်ကိစ္စမှာ လူ ၅ ယောက်ကို သူတို့အထဲမှ ရွေးချယ်၍ ကပ္ပတိန်က သူ၏ လက်ထောက်အဖြစ် ခေါ်သွားမည်ဖြစ်ကြောင်း၊ ကျန်လူ ၂ ယောက်နှင့် ဂူသို့ပို့ထားသူ ၃ ယောက်တို့ကိုမူ ရွေးချယ်ခြင်း ခံရသူ ၅



http://www.cherrythitsar.org

ယောက်အတွက် ဓားစာခံအဖြစ် အကြီးအကဲက ခေါ်ထား မည်ဖြစ်၍ အကယ်၍ လိုက်သွားသောသူ ၅ ယောက်က သစ္စာဖောက်ခဲ့ သော် ကျွန်းတွင် ကျန်ရစ်ခဲ့သူ ၅ ယောက်အား ကမ်းခြေတွင် သံကြိုး ချည်ကာ ကြိုးဆွဲ၍သတ်မည်ဖြစ်ကြောင်း ပြောကြားရန်ဖြစ်လေသည်။ ယင်းအပြုအမူမှာ ပြင်းထန်လွန်းသည်ဟု ဆိုရန်ရှိသော်လည်း အကြီး အကဲသည် တကယ်လုပ်မည့်သူဖြစ်ကြောင်း သူတို့အား သဘောပေါက် စေ၏။

ကျွန်ုပ်က ကပ္ပတိန်အား ဤလူစုနှင့် သင်္ဘောပေါ်သို့ စွန့်စား တက်ရောက်နိုင်ပါမည်လောဟု မေးလိုက်သည်။ အဘယ်ကြောင့်ဆို သော် ကျွန်းပေါ်တွင် လူ ၇ ယောက် ကျန်နေသေးရာ ကျွန်ုပ်နှင့် သော ကြာတို့ လိုက်၍မဖြစ်သောကြောင့် ဖြစ်လေသည်။

ဂူအတွင်းရှိ လူ ၅ ယောက်ကိုမူ ကြိုးများဖြင့် တုပ်နှောင်ထား ရန် ကျွန်ုပ်သည် သန္နိဋ္ဌာန်ချထား၏။ သို့သော် သောကြာက လိုအပ် သည့် အရာများပေးရန် တစ်နေ့နှစ်ကြိမ် သူတို့ထံ သွားရလေသည်။ ကျန်နှစ်ယောက်ကိုမူ သောကြာ၏ နောက်မှ သယ်ပိုးရန် ပစ္စည်းများ ကို သယ်ပိုးကာ လိုက်သွားစေ၏။

ကပ္ပတိန်သည် လှေများကို ပြင်ဆင်ကာ တစ်စင်း၏ အပေါ်က် ကို ဖာထေးလိုက်သည့် လှေတစ်စင်းတွင် သူ၏ သင်္ဘော၌ ခရီးသွား အဖြစ် ပါလာသူကို ဦးစီးခေါင်းဆောင်ပြုစေ ပြီးလျှင် အခြားလူလေး ယောက် စီးနင်းလိုက်ပါသွားစေ၏။

သန်းခေါင်လောက်တွင် သူတို့၏ လှေနှစ်စင်းသည် သင်္ဘောဆီသို့ ချဉ်းကပ်သွား၍ တစ်ခေါ်သာသာ လောက်ရောက်လျှင် ရော်ဖင်ဆန်အား လှမ်း၍ အော်ကာ စကားပြော ခိုင်းလိုက်၏။ ဤသို့ စကားတပြောပြောနှင့်ပင် လှေများသည် သင်္ဘော နံဘေးသို့ ကပ်သွားမိလေသည်။ ကပ္ပတိန်နှင့် သူ၏လက်ထောက်တို့ သည် လက်နက်စွဲကိုင်ကာ သင်္ဘောပေါ်သို့ တက်ရောက်သွားပြီးလျှင် သေနတ်ဒင်များဖြင့် ဒုတိယလက်သမားဆရာတို့ကို ရိုက်ချလိုက်၏။ ထို့နောက် ကုန်းပတ်နောက်ပိုင်းပေါ်တွင် ရှိနေသူများအားလုံးကို ဖမ်းဆီးချုပ်နှောင်လိုက်၏။ အခြားလှေတစ်စင်းမှ လူများသည် သင်္ဘောရှေ့ပိုင်းမှ လူများကိုလည်းကောင်း၊ ထမင်းချက်ခန်းထဲမှ လူများကိုလည်းကောင်း ဖမ်းဆီးချုပ်နှောင်လိုက်ကြလေသည်။

ထို့နောက် ကပ္ပတိန်က သူပုန်ဗိုလ်ရှိရာ သင်္ဘောမာလိန်၏ အခန်းသို့ အတင်းချိုးဖျက်ဝင်ရောက်ရန် သူ၏ လက်ထောက်နှင့် လူသုံးယောက်တို့အား စေခိုင်းလိုက်၏။ ကပ္ပတိန်၏လက်ထောက်သည် အခန်းတံခါးကို သံကန့်လန့်တစ်ချောင်းဖြင့် ထိုးဖွင့်လိုက်ရာ သူပုန်ဗိုလ် ကပ္ပိတန်သစ်နှင့် သူ၏ လူများက သူတို့အား သေနတ်နှင့် လှမ်းပစ်လိုက်သဖြင့် လက်ထောက်၏လက်မှာ ကျည်ဆံထိမှန်၍ ကျိုးသွားပြီးလျှင် နောက်နှစ်ယောက်လည်း ဒဏ်ရာရသွားလေသည်။ သို့သော် အသေအပျောက်ကား မရှိခဲ့ချေ။



http://www.cherrythitsar.org

လက်ထောက်သည် ဒဏ်ရာရနေလျက်နှင့်ပင် ကပ္ပတိန်သစ်ကို သေနတ်ဖြင့် ဦးခေါင်းတည့်တည့်သို့ ပစ်ထည့်လိုက်ရာ လဲကျသေဆုံးသွားလေသည်။ ထိုအခါ ကျန်လူများက အညံ့ခံခဲ့သဖြင့် နောက်ထပ် အသေအပျောက်မရှိဘဲ သင်္ဘောကို ပြန်လည်ရရှိလေသည်။

ဤသို့ဖြင့် သင်္ဘောကို ပြန်လည်ရရှိပြီးနောက် ကပ္ပတိန်က အမြောက်ကို ၇ ချက်ပစ်ဖောက်ရန် ခိုင်းလိုက်၏။ ယင်းအထိမ်းအမှတ်မှာ သူ့အောင်မြင်ကြောင်းကျွန်ုပ်တို့အား အချက်ပေးရန် မူလကစီစဉ်ထားသည့် အတိုင်း ပစ်ဖောက်လိုက်ခြင်းဖြစ်လေသည်။

အမြောက်သံများကို ကြားရပြီးသောအခါ ကျွန်ုပ်သည် အိပ်ရာပေါ်တွင် လှဲချလိုက်၏။ ထိုနေ့ တစ်နေ့လုံး အတော်ပင်ပန်းခဲ့သဖြင့် မကြာမီ ကျွန်ုပ် သည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားလေသည်။ သို့သော် အမြောက်ပစ်သံတစ်ချက်ကြားရသဖြင့် အိပ်ရာထဲမှ လူးလဲထခဲ့စဉ် လူတစ်ယောက်က ကျွန်ုပ်အား "လူကြီးခင်ဗျာ . . . လူကြီးခင်ဗျာ" ဟု ခေါ်နေသည်ကို ကြားရသဖြင့် ကပ္ပတိန်၏ အသံဖြစ် ကြောင်း ချက်ချင်းပင် သိလိုက်၏။ တောင်ကမူကလေးရှိရာသို့ ကျွန်ုပ် တက်ရောက်သွားရာ သူ့ ကို ထိုနေရာတွင် တွေ့လိုက်ရလေသည်။

"ချစ်မိတ်ဆွေ ကျေးဇူးရှင်ကြီးခင်ဗျာ၊ ဟောဒီမှာ ခင်ဗျားရဲ့ သင်္ဘော၊ အမှန်လည်း ခင်ဗျားရဲ့ သင်္ဘောပါပဲလေ။ သင်္ဘောနဲ့သက်ဆိုင်သမျှဟာလည်း ခင်ဗျားပစ္စည်းပါပဲ"



http://www.cherrythitsar.org

ကျွန်ုပ်သည် သင်္ဘောရှိရာသို့ လှမ်း၍ကြည့်လိုက်၏။ ရာသီဥတု သာသာယာယာရှိသဖြင့် သူတို့သည် သင်္ဘောကို ချောင်းကလေး၏ အဝနှင့် တည့်တည့် မလှမ်းမကမ်းသို့ ယူဆောင်ကာ ကျောက်ချထား၏။ ရေကလည်း တက်လာသဖြင့် ကျွန်ုပ်ဖောင်များဖြင့် ပထမဆုံး ဆိုက်ကပ်ရာနေရာသို့ ကပ္ပတိန်သည် သူ၏လှေကို ယူဆောင်လာခဲ့ရာ ကျွန်ုပ်အိမ်တံခါးပေါက်ဝတွင်ပင် လှေကို ဆိုက်ကပ်မိလေသည်။

ဤကျွန်းမှ ကျွန်ုပ် လွတ်မြောက်တော့မည့်အရေးမှာ သေချာနေပြီဖြစ်သည့်အတိုင်း ဝမ်းသာ၍မဆုံးဖြစ်နေတော့၏။ ကျွန်ုပ်တို့သည် အကျဉ်းသမားများအား မည်သို့ပြုလုပ်ရမည်ကို ဆွေးနွေးတိုင်ပင်ရပြန်၏။ ယင်းတို့အား ကျွန်ုပ်တို့နှင့်အတူ ခေါ်ဆောင်၍ သွားသင့်မသွားသင့်ဟု စဉ်းစားသင့်သည့် ကိစ္စတစ်ခုဖြစ်နေရာ သူတို့အထဲတွင် ပြုပြင်၍မရစကောင်းသော လူဆိုးနှစ်ယောက်က ကျွန်းတွင်နေရစ်ရန် မိမိတို့အား ပြောလာသည့် အဖြစ်မျိုးသို့ရောက်အောင် ကြံဆောင်ပေးမည့်အကြောင်း ပြောလိုက်လေသည်။

(ကပ္ပတိန်) "ဒီလိုဆို အတိုင်းထက်အလွန် ဝမ်းသာရမှာပေါ့ဗျာ"

သို့နှင့် ကျွန်ုပ်လည်း ထိုသူများအားလုံးကို ကျွန်ုပ်၏ရှေ့သို့ အခေါ်ခိုင်းပြီးလျှင် ကပ္ပတိန်အပေါ်၌ သူတို့မကောင်းကြံစည်မှုများကို ကျွန်ုပ်သိပြီးဖြစ်ကြောင်း၊ သူတို့ခေါင်းဆောင်ဗိုလ်မှာလည်း ကြိုးဆွဲချ သတ်ခြင်း မခံရတော့ဘဲ သူ့မကောင်းမှု



http://www.cherrythitsar.org

အတွက် သူ့အပြစ်ဒဏ်ကို ခံ သွားရပြီဖြစ်ကြောင်းနှင့် ပြောပြလေ၏။

ထို့နောက် ယင်းတို့အား ပင်လယ်ဓားပြများအဖြစ် မည်သည့်အတွက် အဆုံးမစီရင်သင့်ကြောင်း ကျွန်ုပ်က မေးမြန်းလေသည်။

ထိုအခါ သူတို့အထဲမှ တစ်ယောက်က ကပ္ပတိန်သည် သူတို့အား ဖမ်းခဲ့စဉ်အခါက အသက်ချမ်းသာပေးမည်ဟု ကတိထားခဲ့ကြောင်း ပြောပြပြီးလျှင် အားလုံးကပင် သူတို့အပေါ်၌ သက်ညှာရန် ကျွန်ုပ်အား တောင်းပန်လေသည်။ သို့သော် ကျွန်ုပ်က အကယ်၍ သူတို့သည် ကျွန်းပေါ်တွင် မိမိတို့၏ ကြမ္မာကို မိမိတို့ဘာသာ ဖန်တီးတော့မည်ဆိုက မည်သို့မျှ သူတို့အပေါ်တွင် အရေးယူတော့မည်မဟုတ်ဘဲ အသက်ချမ်းသာရာပေးမည်ဖြစ်ကြောင်း ပြောလိုက်၏။

ထိုစကားအတွက် သူတို့သည် ကျွန်ုပ်အား များစွာကျေးဇူး တင်သွားပြီးလျှင် ကြိုးစင်သို့တင်၍ သတ်ဖြတ်ခြင်းခံရန် အင်္ဂလန်ပြည် သို့ ခေါ်ဆောင်သွားခြင်းခံမည့်အစား ကျွန်းပေါ်၌ပင် စွန့်စားနေထိုင် လိုပါကြောင်းဖြင့် ပြန်ပြောလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် သူတို့ အား အနှောင်အဖွဲ့မှ လွှတ်လိုက်ပြီးလျှင် သူတို့ ပထမလာရောက်ခဲ့ သည့် သစ်တောများသို့ ထွက်သွားရန် ပြောလိုက်၏။ ထို့အပြင် သူ တို့အဖို့ သေနတ်နှင့် ခဲယမ်းမီးကျောက်အချို့ ပေးခဲ့မည်ဖြစ်ကြောင်း မည်သို့မည်ပုံ နေထိုင်ရန်အကြောင်း ညွှန်ကြားချက်များကို ပေးလိုက် သေး၏။

ထို့နောက် ကျွန်ုပ်သည် ကပ္ပတိန်အား ကျွန်ုပ်၏ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ရန်အတွက် ထိုနေ့ည ကျွန်းပေါ်တွင်ပင် အိပ်ဦးမည်ဖြစ်၍ ထိုအချိန်တွင် သင်္ဘောသို့ပြန်သွားကာ လုပ်ကိုင်ရန်ရှိသည်တို့ကို လုပ်ထားစေလိုကြောင်း နောက်တစ်နေ့တွင်မှ ကျွန်ုပ်တို့အား လာခေါ်ဆောင်ရန် လှေကို လွှတ်လိုက်စေလိုကြောင်းဖြင့် ပြောပြလေသည်။

ကပ္ပတိန်ထွက်သွားပြီးနောက် ကျွန်ုပ်သည် ထိုသူများကို ခေါ်ပြီးလျှင် သူတို့၏ အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးလျက်ရှိလေ၏။ ကျွန်ုပ်က သူတို့ရွေးချယ်မှုမှာ မှန်ကန်သော ရွေးချယ်မှုဖြစ်ကြောင်း အကယ်၍သာ ကပ္ပတိန်တို့က ခေါ်ဆောင်သွားခဲ့လျှင် ကြိုးစင်တင်၍ အသတ်ခံရမည်ဖြစ်ကြောင်း ပြောပြ၏။ ထို့နောက် ကျွန်ုပ်၏ အဖြစ်အပျက်ကိုလည်း သူတို့အား ပြောပြကာ ကျွန်ုပ် မည်ကဲ့သို့ နေထိုင်ခဲ့ကြောင်း ပြောပြလေသည်။ သူတို့အတွက် ပြောင်းတိုသေနတ်ငါးလက်၊ ငှက်ပစ်သေနတ်သုံးလက်နှင့် ဓားလွတ်သုံးစင်းကိုလည်း ကျွန်ုပ်ထားခဲ့မည့်အကြောင်း ပြောပြ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် သူတို့ထံမှ ထွက်လာ၍ သင်္ဘောပေါ်သို့ ရောက်ရှိခဲ့လေသည်။ နောက်တစ်နေ့နံနက်စောစော အချိန်တွင် ကျွန်းပေါ်တွင် ကျန်နေရစ်သူ လူငါးယောက်အနက်မှ ၂ ယောက်သည် သင်္ဘောနံဘေးအထိ ကူးခတ်လာပြီးလျှင် သင်္ဘောပေါ် သို့ တက်ရောက်ခွင့်ပေးပါရန်

တောင်းပန်၏။ သူတို့က ကျွန်းပေါ်တွင် သာ ကျန်နေခဲ့လျှင် အသတ်ခံရမည်မှာ သေချာ၍ ချက်ချင်းပင် ကြိုး တင်သတ်ဖြတ်ခြင်း ခံရစေကာမူ သင်္ဘောပေါ်သို့ ယခု တက်ခွင့်ပေးပါ ရန် ကပ္ပတိန်အား တောင်းပန်ပြောဆိုလေသည်။

သို့နှင့် မိမိတို့ ကိုယ်ကို ပြုပြင်ပါမည်ဟူသော ကတိကို သူတို့ထံမှ ရရှိခဲ့ပြီးနောက် ယင်းတို့အား သင်္ဘောပေါ်သို့ ဆွဲတင်လိုက်ပြီးလျှင် အချိန်အတန်ကြာသောအခါ ကြိမ်ဒဏ်ကောင်းကောင်းကြီး ပေးလိုက်သဖြင့် နောင်အခါတွင် အလွန်ရိုးသားငြိမ်သက်သူများ ဖြစ်သွားလေသည်။

ထိုသို့ ဖြစ်ပျက်ပြီးနောက် အချိန်အတန်ကြာသောအခါ ရေ တက်လာသည်နှင့် ကျွန်းပေါ်မှလူများကို ကတိပြုထားသည့် ပစ္စည်း များကို လှေတစ်စင်းပေါ်သို့ တင်ဆောင်စေလျက် ကမ်းသို့ သွား၍ ပို့ရန် ခိုင်းလိုက်၏။ ထိုသို့ အပို့ခိုင်းရာတွင် ကျွန်ုပ်က တောင်းပန်ပြော ဆိုသဖြင့် ကပ္ပတိန်သည် သူတို့၏ သေတ္တာများနှင့် အဝတ်အစားများ ကိုလည်း ထည့်၍ပေးလိုက်လေသည်။ သူတို့ကား ကျေးဇူးတင်မဆုံး နိုင်အောင် ရှိနေပြီးလျှင် ကျွန်ုပ်ကလည်း အကယ်၍ ကျွန်ုပ်တတ်နိုင်မည် က ယင်းတို့အား သယ်ဆောင်ရန် သင်္ဘောတစ်စင်းကို စေလွှတ်မည် ဖြစ်ကြောင်းယင်းကိစ္စကို မမေ့မည်မဟုတ်ကြောင်း ပြောဆိုအားပေး ခဲ့ သေး၏။



http://www.cherrythitsar.org

ကျွန်းမှ ကျွန်ုပ်ထွက်ခွာလာသောအခါ အထိမ်းအမှတ်အဖြစ်ဖြင့် ကျွန်ုပ်၏ ထီးကြီးကိုလည်းကောင်း၊ ကြက်တူရွေးကိုလည်းကောင်း သယ်ဆောင်လာခဲ့၏။ ထို့ပြင် ယခင်က ကျွန်ုပ်ဖော်ပြခဲ့သည့် ငွေများကိုလည်း ယူခဲ့ရန် မမေ့ခဲ့ချေ။

# အခန်း (၉)

ဤသို့ဖြင့် ကျွန်ုပ်သည် ကျွန်းပေါ်တွင် ၂၈ နှစ် ၂ လ နှင့် ၁၉ ရက် နေထိုင်ခဲ့ပြီးနောက်၊ ၁၆၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျွန်းမှ ထွက်ခွာလာခဲ့လေသည်။ ၁၆၈၇ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် အင်္ဂလန်ပြည်သို့ ပြန်လည်ရောက်ရှိခဲ့ရာ အင်္ဂလန်ပြည်မှ ထွက်ခွာလာခဲ့သည်မှာ ၃၅ နှစ် ရှိခဲ့ပေပြီ။

အင်္ဂလန်ပြည်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်သည် တစ်ခါ မျှမရောက်ဖူးသေးသောသူ တစ်ဦးပမာ သူစိမ်းပြင်ပြင် ဖြစ်နေလေ တော့သည်။ ငွေများအပ်နှံထားခဲ့သော ကျွန်ုပ်၏ ကျေးဇူးရှင် သင်္ဘောရှိ ဘဏ္ဍာစိုးကြီးမှာ အသက်ရှင်လျက်ပင် ရှိနေသေးသော်လည်း ကံကြမ္မာ ဆိုးများနှင့် ကြုံတွေ့ခဲ့၍ ယခုအခါ ဒုတိယအကြိမ် မုဆိုးမဖြစ်၍ နေရ ရှာပြန်လေပြီ။ သူသည် ယခင်က ကျွန်ုပ်အား ဂရုစိုက်ကာ သစ္စာရှိခဲ့ သည့်အတွက် ကျေးဇူးဆပ်သည့်အနေဖြင့် တတ်နိုင်သမျှ ထောက်ပံ့ ခြင်းအမှုကို ပြုလိုက်ရ၏။ သို့သော် မည်မည်ရရ မရှိလှသဖြင့် သူ့ ကျေးဇူးကို



http://www.cherrythitsar.org

မည်သည့်အခါမျှ မေ့လိမ့်မည်မဟုတ်ကြောင်းနှင့် ကတိပေး ပြောဆိုခဲ့ရသေး၏။

ကျွန်ုပ်၏ ဖခင်ကြီးမှာ ကွယ်လွန်သွားရှာပြီဖြစ်၍ ကျွန်ုပ်၏ မိခင်နှင့်မိသားစုမှာလည်း ညီမငယ်နှစ်ဦးနှင့် ကျွန်ုပ်ညီအစ်ကိုတော် တစ်ဦး၏ သားသမီးနှစ်ယောက်မှတစ်ပါး မျိုးဆက်ပြုတ်ခဲ့လေပြီ။ ထို့ပြင် ကျွန်ုပ်အားလည်း ကာလအတန်ကြာကပင် ကွယ်လွန်ပြီဟု ယူဆခဲ့ကြသဖြင့် ကျွန်ုပ်အဖို့ မည်သို့သော အစီအမံမျိုးကိုမှ ပြုလုပ်မထားခဲ့ကြချေ။ သို့သော် ကျွန်ုပ်ကယ်တင်ခဲ့သော သင်္ဘောပိုင်ရှင်ကမူ ကျွန်ုပ်ကို ကျေးဇူးဆပ်သည့်အနေဖြင့် စတာလင်ပေါင် ၂၀၀ နီးပါးမျှ ကျေးဇူးပြုလေသည်။

ဘရာဇီးမြို့ရှိ ကျွန်ုပ်ခြံနှင့် အစုစပ်တို့အကြောင်းကို သိရလိုသိရငြား လစ္စဗုန်းမြို့သို့ သွားရောက်စုံစမ်းရန် သန္နိဋ္ဌာန်ချလိုက်၏။ သို့နှင့် လစ္စဗုန်းသို့ သင်္ဘောစီးနင်းလိုက်ပါခဲ့ရာ၊ ၁၆၈၈ ခုနှစ် ဧပြီလတွင် ရောက်သွား၏။ ကျွန်ုပ်၏ သစ္စာရှိ တပည့်ကျော်သောကြာကား ကျွန်ုပ်နောက်မှတကောက်ကောက်ပါနေလေသည်။ လစ္စဗုန်းသို့ရောက်သောအခါ အာဖရိကတိုက် ကမ်းခြေအလွန်တွင် ကျွန်ုပ်အား ပင်လယ်ထဲမှ ကယ်တင်ခဲ့သော မိတ်ဆွေဟောင်း ကပ္ပတိန်ကြီးအား မေးမြန်းစုံစမ်းခဲ့ရာ တွေ့ရှိခဲ့၏။ သူသည် ယခုအခါ အတော်ပင် အိုမင်းနေပြီဖြစ်၍ ပင်လယ် သို့ ခရီးမထွက်တော့ပေ။ ကပ္ပတိန်ကြီးသည် ကျွန်ုပ်အား မမှတ်မိဘဲ ရှိရာ ကျွန်ုပ်ကလည်း သူ့အား မမှတ်မိချေ။ သို့သော် ကျွန်ုပ်က သူ့ကို ဦးစွာ မှတ်မိသွားလေသည်။



http://www.cherrythitsar.org

အဘိုးကြီးက ဘရာဇီးသို့ သူမရောက်သည်မှာ ၉ နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ သူ နောက်ဆုံးရောက်ခဲ့စဉ်က ကျွန်ုပ်နှင့် အစုစပ် ပါတနာမှာ အသက်ရှင်ဆဲဖြစ်သော်လည်း ယင်းနှင့်အတူထားရှိခဲ့သော ဘဏ္ဍာထိန်းများမှာ ကွယ်လွန်ပြီဖြစ်ကြောင်း ပြောပြ၏။ သို့သော် ကျွန်ုပ်၏ခြံမှာ အခြေအနေတိုးတက်ကောင်းမွန်နေမည်ဟု ယုံကြည် ကြောင်းလည်း ပြောပြလေသည်။

ကျွန်ုပ်နှင့် အလုပ်စပ်ဖက် ပါတနာတို့မှာ သူ၏ အစုအတွက် ထက်ဝက်မျှ ရသာရသော်လည်း အတော်ချမ်းသာနေပြီဖြစ်ကြောင်း သူ ၏ပြောစကားအရ သိရ၏။

ကျွန်ုပ်အစုကို အေးချမ်းသာယာစွာ ပြန်လည်ရရှိရေးအတွက် ကျွန်ုပ်ပိုင်ဆိုင်ခွင့်ကို သက်သေခံမည့် ပါတနာမှာ အသက်ထင်ရှား ရှိနေသေးသည်ဖြစ်ရာ များစွာခဲယဉ်းမည်မဟုတ်ချေ။ ထို့ပြင် ကျွန်ုပ် အမည်မှာလည်း ထိုတိုင်းပြည်၏ မှတ်ပုံတင်စာရင်းတွင် သွင်းထားပြီ ဖြစ်၏။ ထိုမှတစ်ပါးလည်း ကျွန်ုပ်၏ ဘဏ္ဍာထိန်းများ၏ အဆက် အနွယ်များသည် အလွန်တရာ ရိုးသား၍ ချမ်းသာသူများဖြစ်သည့် အတိုင်း ကျွန်ုပ်၏အစုကို ပြန်လည်ရယူရာတွင် ယင်းတို့၏ အကူအညီ ကို ရရှိမည်ဖြစ်ရုံမျှမက သူတို့ထံတွင်လည်း ကျွန်ုပ်အတွက် ငွေကြေး အတော်အတန် ရှိနေဦးမည်ဖြစ်ကြောင်းနှင့်လည်း ပြောပြလေသည်။

သူပြောသည့်အတိုင်း အားလုံးပင် မှန်ကန်လေသည်။ ကျွန်ုပ် ရုတ်တရက် လူချမ်းသာတစ်ဦးဖြစ်လာ၏။ စတာလင်



http://www.cherrythitsar.org

ပေါင် ၅၀၀၀ ရပြီးလျှင် ကျွန်ုပ်တွင် တစ်နှစ်လျှင် ပေါင်တစ်ထောင်ကျော်ရရှိမည့် ခြံတစ်ခုလည်း ဘရာဇီးတွင် ရှိနေ၏။ အတိုချုပ်ပြောရသော် ကျွန်ုပ်မှာ ကိုယ့်ကိုယ်ကို မယုံနိုင်သောအခြေအနေမျိုးသို့ရောက်ရှိနေက ယင်းအတွက် စိတ်ကိုတည်ငြိမ်စွာထားနိုင်ဌာ မတတ်နိုင်အောင်ပင် ဖြစ်ခဲ့ လေသည်။

ထိုသို့ ငွေများကိုရရှိပြီးနောက် ကျွန်ုပ်ပထမဦးဆုံးပြုလုပ်ခဲ့သည်မှာကျွန်ုပ်၏ကျေးဇူးရှင်ကပ္ပတိန်ကြီးအားကောင်းစွာ ကျေးဇူးဆပ်လိုက်ခြင်းပင်ဖြစ်၏။ထို့နောက်ကျွန်ုပ်သည် အင်္ဂလန်ပြည်သို့ သွားပြီးနောက်ကျွန်ုပ်အပေါ်၌သစ္စာရှိသည့် အသိအကျွမ်းတစ်ဦးကို ဖြစ်စေ ဆွေမျိုးသားချင်းတစ်ယောက်ကိုဖြစ်စေ ရှာဖွေရန် ဆုံးဖြတ်ကာ အသင့်ပြင်ဆင်လေသည်။ ကျွန်ုပ်မှာ ပင်လယ်ခရီးနှင့် သွားနေကျဖြစ် သော်လည်း ထိုအချိန်က အဘယ်ကြောင့်ဟူ၍မသိ။ အင်္ဂလန်သို့ ပင်လယ်ခရီးဖြင့် မသွားလိုဘဲ ရှိနေ၏။ သို့ဖြစ်၍ ကျွန်ုပ်၏ ပစ္စည်းများ ကို သင်္ဘောဖြင့် တင်ပို့လိုက်သော်လည်း လူကိုယ်တိုင်ကမူ သုံးလေး ကြိမ်ပင် သင်္ဘောဖြင့် သွားမည်ပြုသော်လည်း မသွားဖြစ်ဘဲ ရှိနေခဲ့ သည်။

ကျွန်ုပ်သည် ကာလေးမှ ဒိဗားသို့ အသွားခရီးမှ လွဲ၍ ပင်လယ်ကြောင်းဖြင့်မသွားတော့ဘဲကုန်းကြောင်းဖြင့်သာ သွားရန်စိတ်ပိုင်းဖြတ်လိုက်၏။ မိတ်ဆွေကပ္ပတိန်ကြီးကခရီးသွားဖော်အဖြစ် လစ္စဗုန်းကုန်သည်တစ်ဦး၏သားအင်္ဂလိပ်လူကြီးလူကောင်းတစ် ယောက်ကို ရှာဖွေပေး၏။ နောက်ထပ် အင်္ဂလိပ်ကုန်သည်နှစ်ဦးနှင့် ပေါ်တူဂီလူရွယ်နှစ်ဦးကို ရှာဖွေ



http://www.cherrythitsar.org

ရရှိပြန်လေသည်။ ပေါ်တူဂီလူ ရှယ်နှစ်ဦးမှာ ဂါရစ်သို့သွားမည်ဖြစ်လေသည်။ ဤသို့ဖြင့် အဖော်များရပြီး နောက် ကျွန်ုပ်တို့သည် လစ္စဗုန်းမှ ထွက်ခွာလာခဲ့ကြလေသည်။ မက် ဒရက်သို့ ရောက်သောအခါ ကျွန်ုပ်တို့သည် စပိန်နိုင်ငံသို့ မရောက်ဖူး သဖြင့် လည်ပတ်ကြည့်ရှုလိုကြသေးသော်လည်း အချိန်မှာ နွေရာသီ နောက်ပိုင်းသို့ ရောက်နေပြီဖြစ်သောကြောင့် တာရှည်စွာ မနေနိုင်ဘဲ မက်ဒရစ်မှ အောက်တိုဘာလ အလယ်လောက်တွင် ထွက်ခဲ့လေသည်။

'ပမ်ပီလူနာ' သို့ ရောက်လျှင် ကျွန်ုပ်တို့သည် အအေးဒဏ်ကို မခံမရပ်နိုင်အောင် ဖြစ်လာ၏။ သောကြာမှာလည်း တောင်များ၌ ဆီး နှင်းများ ပိတ်ဖုံးနေသည်ကို တွေ့ရသောအခါ အထိတ်တလန့်ဖြစ်ခဲ့ သေး၍ သူ့တစ်သက်တာတွင် တစ်ခါဖူးမျှ မခံစားရသည့် ဆောင်းရာသီ ဒဏ်ကိုလည်း ကြိတ်မှိတ်ခံခဲ့ရရှာသည်။ ကျွန်ုပ်တို့သည် လမ်းပြတစ် ယောက်နှင့်အတူ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပမ်ပီလူနာမှ ထွက်လာ ခဲ့၏။ လမ်းပြလုပ်သူသည် သွားရိုးသွားစဉ်မဟုတ်ဘဲဖြတ်လမ်းများမှ ကွေ့ကောက်ခေါ်ဆောင်သွားခဲ့သည်ဖြစ်ရာ ဆီးနှင်းများနှင့် ရင်ဆိုင်ရ သည်မရှိလှဘဲ မသိမသာပင် တောင်များကို ကျော်လွန်၍ လာခဲ့လေ သည်။

တစ်ကြိမ်တွင် ကျွန်ုပ်တို့လူစုသည် ညဥ့်အချိန် ခရီး ဆက် လက်ထွက်ခွာသွားစဉ် သန်းခေါင်မတိုင်မီ ၂ နာရီ ၃ နာ ရီခန့်အလိုတွင် ရှေ့ခပ်လှမ်းလှမ်းမှ သွားနေသော လမ်းပြအား

ဝံပုလွေသုံးကောင်က အတင်းခုန်အုပ်ကိုက်ခဲ့သဖြင့် သူ့အား သောကြာက ဝင်ရောက်ကယ် ဆယ်လိုက်၏။ သို့သော် လက်တွင် ဒဏ်ရာရသွား၏။ ထိုသို့ တိုက် ခိုက်ခြင်းခံရ၍ များမကြာသေးမီ ဝက်ဝံတစ်ကောင်နှင့် ကြုံရပြန်လေ သည်။ ဝက်ဝံကိုမူ သောကြာက ခရီးသွားအားလုံးကို ဖြေဖျော်သည့် သဘောဖြင့် ကစားပြပြီးနောက်မှ နောက်ဆုံးတွင် ပစ်သတ်လိုက်လေ သည်။ ထို့နောက် ကျွန်ုပ်တို့သည် ခရီးဆက်လက်ထွက်ကြပြန်၏။ မြေကြီးမှာ ဆီးနှင်းများ ဖုံးအုပ်လျက်ပင်ရှိသေးသော်လည်း တောင်ပေါ် တွင်ကဲ့သို့ ထူထပ်ခြင်းလည်း မရှိ။ အန္တရာယ်လည်း မများလှတော့ ချေ။

လမ်းပြပြောစကားအရ ကျွန်ုပ်တို့သည် ဝံပုလွေများ အတော် ပေါသည့် နေရာတစ်ခုကို ဖြတ်သန်းရဦးမည်ဖြစ်ရာ ယင်းမှာ လွင်ပြင် တစ်ခုရှိ အလွန်ကျဉ်းမြောင်းသော တောတွင်းဖြတ်လမ်းတစ်ခုဖြစ်၏။ ထိုလမ်းမှဖြတ်ကာ ကျွန်ုပ်တို့ တည်းခိုရမည့်ရွာသို့ အရောက်သွားရ မည်ဖြစ်လေသည်။ လွင်ပြင်သို့ ရောက်လာလျှင်ပင် ဝံပုလွေများ သတ် ၍စားထားသော မြင်းတစ်ကောင်ကို ကျွန်ုပ်တွေ့ရ၏။ မြင်းမှာ အသား ဟူ၍ မရှိတော့သည်တိုင် ဝံပုလွေ ၁၂ ကောင်ခန့်တို့သည် အရိုးအရင်း များကို ကိုက်စားနေလေသည်။ လွင်ပြင်အလယ်သို့ ရောက်သောအခါ ကျွန်ုပ်တို့၏ ဘယ်ဘက်ရှိ သစ်တောအတွင်းမှ ကြောက်မက်ဖွယ်အသံ ကြီးကို ကြားလိုက်ရ၏။



http://www.cherrythitsar.org

တဖြည်းဖြည်းနှင့် မှောင်၍လာရာ၊ ကျွန်ုပ်တို့အဖို့ အခြေအနေ မကောင်းလှပေ။ အသံကြီးလည်း တစ်စတစ်စ ကျယ်လာရာ ဝံပုလွေများ၏ အူသံအော်သံများဖြစ်၏။ ချက်ချင်းပင် ကျွန်ုပ်တို့ ဘယ်ဘက်တွင် ဝံပုလွေသုံးအုပ်ကိုလည်းကောင်း၊ နောက်နှင့် ရှေ့တွင် တစ်အုပ်စီကိုလည်းကောင်း တွေ့လိုက်ရသဖြင့် ကျွန်ုပ်တို့မှာ ဝံပုလွေများ ဝိုင်းထားသကဲ့သို့ ရှိနေလေတော့သည်။ သို့သော်လည်း လျင်မြန်နိုင်သမျှ လျင်မြန်စွာ ခရီးဆက်ခဲ့ရာ သစ်တောစပ်သို့ ရောက်သွားလေသည်။ ထိုမှတစ်ဖန် တောတွင်းလမ်းဝသို့ ရောက်လျှင် ကျွန်ုပ်စိတ်အထင် ဝံပုလွေအကောင်သုံးရာခန့်ကို အုံ့ဩဖွယ်ရာတွေ တွေ့မြင်ရပြန်လေသည်။

သစ်တောအဝင်အဝတွင် မလှမ်းမကမ်း၌ နွေရာသီလောက်က ခုတ်လှဲထားဟန်ရှိသော သစ်ပင်တော်တော်များကို တွေ့ရသဖြင့် ကျွန်ုပ်တို့၏လူစုကို သစ်တုံးများအကြားသို့ ခေါ်ဆောင်သွားကာ သစ်တုံးရှည်ကြီးတစ်ခုဘေးတွင် စီတန်း၍ မြင်းများပေါ်မှ ဆင်းသက်လိုက်၏။ ထို့နောက် ယင်းသစ်တုံးကြီးကို ခံကတုတ်ပြုကာ မြင်းများကို အလယ်၌ထားပြီး လူများက ဘေးမှ သုံးထောင့်ပုံသဏ္ဌာန်ပြု၍ ရပ်နေကြလေသည်။

ဝံပုလွေများသည် ကြောက်မက်ဖွယ်အသံများ ပြုလျက် ပြေး လာကြ၏။ ယင်းတို့သည် သစ်လုံးများကိုပင် ကျော်လွှားလျက် အတင်း တိုးဝင်လာရာ ကျွန်ုပ်က သေနတ်များကို ပစ်ရန် အမိန့်ပေးလိုက်၏။ ပထမတစ်ကြိမ်တွင် ဝံပုလွေအများအပြား



http://www.cherrythitsar.org

လဲကျသေဆုံး၏။ ကျွန်ုပ် တို့ နောက်တစ်ကြိမ် ပစ်ခတ်သောအခါ ယင်းတို့ တန့်သွားမည်ထင်ရ ၏။ သို့သော် ခေတ္တခဏတာမျှသာဖြစ်ပြီး နောက်ထပ် အများအပြား ပင် ရှေ့သို့ တိုးဝင်လာကြပြန်၏။ သို့နှင့် ကျွန်ုပ်တို့သည် ပစ္စတိုများ ဖြင့် နှစ်ကြိမ်တိုင်တိုင် ထပ်မံပစ်ခတ်ရပြန်လေရာ ၁၇ ကောင်၊ ၁၈ ကောင်မျှ သေဆုံးသွား၍ ယင်းနှစ်ဆမျှ ဒဏ်ရာရသွားကြသော်လည်း နောက်ထပ် လာမြဲလာနေပြန်လေသည်။

ကျွန်ုပ်တို့သည် နောက်ဆုံးကျည်ဆံများကို အရမ်း မဖြုန်းလို ပေ။ ထို့ကြောင့် လမ်းခရီးအစ၌ပင် ငှားရမ်းခဲ့သော အစေခံအား ကျွဲချို ဖြင့် ထည့်ထားသည့်ယမ်းတစ်ဘူးကို ယူကာ သစ်တုံးတစ်လျှောက် ခပ်များများဖြူးလိုက်ရန် ခိုင်းလိုက်လေ သည်။ သူသည် စေခိုင်းသည့် အတိုင်း ပြုလုပ်၍ ပြီးလျှင်ပြီးခြင်း ဝံပုလွေများရောက်လာ၍ အချို့ လည်း သစ်တုံးပေါ် တက်မိကြ သောအခါ ကျွန်ုပ်သည် ယမ်းကြောင်း ကို ပစ္စတိုဖြင့် ပစ်ဖောက် မီးရှို့လိုက်သောအခါ သစ်တုံးပေါ်တွင်ရောက် နေသော ဝံပုလွေ များသည် မီးမြိုက်မိသွား၍ သုံးလေးကောင်သည် လန့် ဖြန့်၍ ကျွန်ုပ်တို့ဘက်သို့ ခုန်ထွက်လာရကား ယင်းတို့ကို အဆုံးစီရင် လိုက်ရ၏။ ထိုအချိန်တွင် အတော်မှောင်နေပြီးဖြစ်၍ ဝံပုလွေ များသည် မီးရောင်ကြောင့် နောက်အနည်းငယ် ဆုတ်သွား ကြ၏။ ထိုအခါ ကျွန်ုပ် တို့သည် နောက်ဆုံး ယမ်းတောင့်များကို အသုံးပြုပစ်ခတ်ပြီးလျှင် ညာ သံပေးကာ ဟစ်အော်လိုက်ကြ ၏။ ထိုအခါ ဝံပုလွေများသည် နောက် သို့လည်၍ ထွက်ပြေးကြ



http://www.cherrythitsar.org

ရာ ကျွန်ုပ်တို့လည်း နောက်မှ ဒလကြမ်းလိုက် ကာ ခြေလက်နာနေသဖြင့် မပြေးနိုင်သည့် ဝံပုလွေများကို ဓားဖြင့် ခုတ်သတ်ကြ၏။ သို့နှင့် အကောင်နှစ်ဆယ်မျှ လဲကျသေဆုံးသွားသော သည့်အပြင် ယင်းတို့၏ အော်ဟစ်ငြီးငြူသံများကြောင့် အခြားသော ဝံပုလွေများလည်း ထွက်ပြေးကြလေကုန်၏။

ကျွန်ုပ်တို့သည် ဝံပုလွေအကောင် ၆၀ ခန့်မျှ သတ်ဖြတ်လိုက် ကြ၏။ နေ့အခါတွင် ဖြစ်ခဲ့ပါမူ ထိုထက်ပင် သတ်ဖြတ်နိုင်ဦးမည် ဖြစ်လေသည်။ ထို့နောက် ဆက်လက်ထွက်ခဲ့ရာ တစ်နာရီခန့်အကြာ တွင် ထိုညဥ့်တည်းခိုရမည့် ရွာသို့ ရောက်လာကြ၏။ ထိုရွာတွင် လူ များသည် လက်နက်တပြင်ပြင်ဖြင့် အထိတ်တလန့် ဖြစ်နေသည်ကို တွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် ယခင်ညကပင် ဝံပုလွေများနှင့် ဝက်ဝံများ ရွာအတွင်း ဝင်ရောက်နှောင့်ယှက် ဖျက်ဆီးသွားသဖြင့် ယင်း ကဲ့သို့ အထိတ်ထိတ် အလန့်လန့်ဖြစ်ကာ နေ့ရောညဥ့်ပါ စောင့်ရှောက် နေခြင်းဖြစ်လေသည်။

ထိုမှတစ်ဆင့် ကျွန်ုပ်တို့သည် ကျူလော မြို့သို့ ဆက် လက် ထွက်ခွာခဲ့၏။ ကျူလော့သို့ရောက်လျှင် ခြေခင်းလက်ခင်း သာယာလာ ပြီဖြစ်သဖြင့် ၎င်းမှတစ်ဖန် ပါရစ်မြို့သို့ ဆက်လက် သွား၍ ပါရစ်တွင် ကြာကြာမနေဘဲ ကာလေးသို့ တစ်ဖန် ခရီး ဆက်ခဲ့ကြလေသည်။ ကာ လေးမှတစ်ဆင့် သင်္ဘောဖြင့် ထွက်ခွာ ခဲ့ရာ ဇန်နဝါရီလ ၁၄ ရက်နေ့ တွင် ဒိုဗာသို့ ဘေးမသီရန်မခဘဲ ဆိုက်ရောက်ကြလေသည်။

ယခုအခါတွင် ကျွန်ုပ်၏ ငွေရေးကြေးရေး အခြေအနေမှာ အတော်ပင် ကောင်းမွန်နေပြီဖြစ်သည့်အပြင် ပစ္စည်းများ လုံခြုံမှုအတွက် လည်း စိတ်ချနေရပြီဖြစ်လေသည်။ အကြောင်းမူကား ကျွန်ုပ်အဖို့ လမ်း ညွှန်ပုဂ္ဂိုလ်ကြီးလည်းဟုတ် အကြံပေးပုဂ္ဂိုလ်ကြီးလည်း ဟုတ်သည့် ကျွန်ုပ်၏ ဘဏ္ဍာစိုး မုဆိုးမကြီးသည် ကျွန်ုပ်အတွက် မမောနိုင်မပန်း နိုင် ဆောင်ရွက်ပေးနေသောကြောင့်ဖြစ်လေသည်။ ကျွန်ုပ်ကလည်း ယုံကြည်စိတ်ချစွာ အစစအရာရာ သူ့ကိုသာ လွှဲထားခဲ့လေသည်။ ဤ သို့ဖြင့် ကျွန်ုပ်မှာ အတော်ပင် ပျော်ပျော်ရွှင်ရွှင်ဖြစ်လာ၍ အိမ်၌သာ အမြဲနေထိုင်သွားတော့မည်ဟု ဆုံးဖြတ်ပြီးလျှင် ဘရာဇီးရှိ ကျွန်ုပ်၏ ခြံကို ရောင်းချပစ်ရန် စိတ်ဆုံးဖြတ်လိုက်လေသည်။

သို့နှင့် လစ္စဗုန်းရှိ ကျွန်ုပ်၏ မိတ်ဆွေကြီးမှတစ်ဆင့် ထိုခြံ ကို ရောင်းချလိုက်ရာ ပေါ်တူဂီ ရွှေဒင်္ဂါး ၃၃,၈၀၀ မျှ ရရှိလေသည်။ ထိုအထဲမှ ကျွန်ုပ်၏ မိတ်ဆွေကြီးအား သူကွယ်လွန်သည်အထိ တစ် နှစ်လျှင် “မွိုင်” ခေါ် ရွှေဒင်္ဂါး ၁၀၀ မျှ ပေးရန်ကိုလည်းကောင်း သူ ကွယ်လွန်ပြီးနောင်တွင်လည်း သူ၏သားဖြစ်သူအား တစ်နှစ်လျှင် ထိုမျှ သော ငွေကို ပေးရန်ကိုလည်းကောင်း စီစဉ်ပေးလိုက်၏။

သို့သော်လည်း ကျွန်ုပ်မှာ ခရီးသွားလိုသည့်ညဉ်ကို မပျောက် နိုင်ဘဲ ရှိနေခဲ့သည်။ ကျွန်ုပ်တွင် အိမ်ထောင်လည်းမရှိ၊ ဆွေမျိုးသား ချင်းလည်း အများအပြားမရှိ၊ ပိုက်ဆံကြေးငွေ ချမ်း သာသော်လည်း မိတ်ဆွေများများ မရှိချေ။ ထို့ပြင် ဘရာဇီးရှိ



http://www.cherrythitsar.org

ကျွန်ုပ်၏ ခြံကို ရောင်းချ ပစ်လိုက်သော်လည်း ထိုတိုင်းပြည်ကို ခေါင်းထဲမှ မဖျောက်နိုင်ခဲ့သေး ပေ။ ထိုမှတစ်ပါး ကျွန်ုပ်နေခဲ့သည့် ကျွန်းကို သွားရောက်ကာ ထိုနေရာ သို့ စပိန်များ ရောက်လာမလာကိုလည်းကောင်း၊ ကျွန်းပေါ်၌ ကျွန်ုပ် ထားပစ်ခဲ့သော လူဆိုးများနှင့် မည်သို့ဖြစ်ပျက်ခဲ့သည်ကိုလည်းကောင်း ကြည့်ရှုလိုသည့်ဆန္ဒမှာလည်း အတော်ပြင်းပြနေခဲ့လေသည်။

သို့သော် ကျွန်ုပ်၏ မိတ်ဆွေစစ် မုဆိုးမကြီးက ထိုအကြံကို အတော်ဖျက်ခဲ့သဖြင့် ခရီးမထွက်ဖြစ်ဘဲ ၇ နှစ်နီးပါး ကြာ၍သွားခဲ့၏။ ထိုအတွင်း ကျွန်ုပ်၏ ညီအစ်ကိုတော်တစ်ယောက်က မွေးဖွားခဲ့သော တူနှစ်ယောက်ကို ကောက်ယူကျွေးမွေးထားခဲ့၍ အကြီးဖြစ်သူမှာ ကိုယ်ပိုင်အစွမ်းအစရှိသူ ဖြစ်သည့်အတိုင်း လူကြီးလူကောင်းတစ်ယောက်ဖြစ်အောင် စောင့်ရှောက်ဖေးမပေးကာ သူ၏ ရှိရင်းပစ္စည်း အပြင် ကျွန်ုပ်ကွယ်လွန်သည့်အခါ နောက်ထပ်ဖြည့်စွက်ပေးရန် စီစဉ်ပေးရ၏။

အခြားတစ်ယောက်ကိုမူ သင်္ဘောကပ္ပတိန်တစ်ဦးနှင့် ထည့်ပေးလိုက်ရာ ငါးနှစ်ခန့်အကြာတွင် ယင်း၏အစွမ်းအစကို အတော်အတန်တွေ့မြင်လာသဖြင့် သင်္ဘောကောင်းကောင်းတစ်စင်းတွေ့လျှင် ထည့်ပေးကာ ပင်လယ်ပြင်သို့ ထွက်ခိုင်းလိုက်၏။ ထို့အတူပင် နောင်အခါ ကျွန်ုပ်အား စွန့်စားမှုများ ဆက်လက်ပြုလုပ်ရန် သွေးဆောင်ခဲ့လေသည်။

ထိုအချိန်အတွင်း ကျွန်ုပ်သည်လည်း အိမ်ထောင်ကျခဲ့၍ သား နှစ်ယောက်နှင့် သမီးတစ်ယောက်ရရှိခဲ့၏။ သို့သော်



http://www.cherrythitsar.org

ဇနီးဖြစ်သူမှာ ကွယ်လွန်သွားပြီးလျှင် တူဖြစ်သူကလည်း စပိန်သို့ ခရီးထွက်ရာမှ ပြန်လာခဲ့ရာအိပ်စက်မကောင်း၍ ခရီးထွက်လိုစိတ်ပေါ်နေသောကျွန်ုပ်အားသူက သွေးဆောင်လျက်ရှိလေ၏။ သို့နှင့် ကျွန်ုပ်သည် တစ်သီး ပုဂ္ဂလကုန်သည်တစ်ဦးအနေဖြင့် အရှေ့အိန္ဒိယကျွန်းစုသို့ သူ၏သင်္ဘော ဖြင့် လိုက်ပါသွားရန် စီစဉ်လိုက်လေသည်။ ထိုနှစ်မှာ ၁၆၉၄ ခုနှစ် ဖြစ်၏။

ဤအကြိမ် ခရီးထွက်ရာတွင် ကျွန်ုပ်၏ ကျွန်းသို့ သွားရောက်လည်ပတ်ခဲ့၏။ ကျွန်းပေါ်တွင် နေထိုင်ခဲ့ပြီးနောက် လာရောက်နေထိုင် ကြသော စပိန်တို့ကို တွေ့ရပြီးလျှင် ယင်းတို့၏ အဖြစ်အပျက် အလုံး စုံကိုလည်းကောင်း၊ ထိုကျွန်းပေါ်တွင် ကျွန်ုပ်ထားပစ်ခဲ့သော လူဆိုးများ ၏ အကြောင်းကိုလည်းကောင်း သိခဲ့ရလေသည်။ ပထမတွင် လူဆိုး များသည် စပိန်တို့ကို အတော်အနှောင့်အယှက်ပေးရာ နောက်ဆုံးတွင် စပိန်တို့က မခံမရပ်နိုင်ဖြစ်ကာ ပြန်လည်အကြမ်းဖက်ခဲ့ရပြီးလျှင် ယင်း တို့အား နှိမ်နင်းခဲ့ရလေသည်။ ထို့ပြင် ထိုကျွန်းသို့ ကယ်ရစ်ဗီးလူရိုင်း များ အကြိမ်ပေါင်းများစွာ လာရောက်သည်ကို လည်း သူတို့သည် တွန်း လှန်တိုက်ခိုက်ခဲ့၏။ သူတို့သည် ကျွန်းပေါ်တွင် တိုးတက်ပြုပြင်မှုများ ကိုလည်း အများအပြား ပြုလုပ်ခဲ့၏။ သူတို့အထဲမှ လူငါးယောက် သည် ကုန်းမကြီးသို့ စွန့်စား သွားရောက်တိုက်ခိုက်ကာ သုံ့ပန်း ယောကျာ်း ၁၁ ဦး နှင့် မိန်းမ ၅ ဦးကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ရာ ကျွန်ုပ်ရောက် သွားချိန်တွင် ကလေးငယ် ၂၀ ခန့်ကိုပင် တွေ့ခဲ့ရလေ သည်။

ထိုကျွန်းတွင် ကျွန်ုပ်သည် ရက်ပေါင်း ၂၀ ခန့် နေထိုင်ခဲ့၍ ယင်းတို့အဖို့ မရှိလျှင်မဖြစ်သော ပစ္စည်းများ၊ အထူးသဖြင့် သေနတ်များ၊ ခဲယမ်းမီးကျောက်များ၊ အဝတ်အစားများ၊ လက်နက်ကိရိယာများနှင့် ကျွန်ုပ် အင်္ဂလန်မှ ခေါ်ဆောင်လာသည့် အလုပ်သမားနှစ်ဦးဖြစ်သော လက်သမားဆရာနှင့် ပန်းပဲဆရာတို့ကို ထားရစ်ခဲ့၏။

ထို့ပြင် ကျွန်းတစ်ခုလုံးကို ကျွန်ုပ်အပိုင်အဖြစ် ထားရှိကာ ကျွန်းအား အပိုင်းပိုင်းခွဲ၍ ယင်းတို့သဘောကျ နှစ်သက်ရာ အပိုင်းများကို ယူစေ၏။ ဤသို့ဖြင့် အစစအရာရာ စီစဉ်ပြီးနောက် သူတို့အား ထိုနေရာမှ ထွက်ခွာမသွားအောင် မှာကြားခဲ့ပြီးသော် ကျွန်ုပ်သည် ထိုကျွန်းမှ ထွက်ခွာခဲ့လေသည်။

ထိုနေရာမှတစ်ဆင့် ကျွန်ုပ်သည် ဘရာဇီးသို့ ဝင်ခဲ့ပြီးလျှင် ဘရာဇီးတွင် ရွက်လှေတစ်စင်းကိုဝယ်ယူကာ လူများ တင်ဆောင်လျက် ကျွန်းသို့ ပို့လိုက်၏။ ထိုလှေပေါ်တွင် လိုအပ်သောပစ္စည်းများအပြင် အိမ်ထောင်ပြုလိုသူများလည်း ပြုနိုင်ရန်အတွက် အမျိုးသမီး ၇ ဦး တင်ပေးလိုက်ရသေး၏။ အင်္ဂလိပ်များအတွက်မှာမူ အကယ်၍ သူတို့ စိုက်ပျိုးလုပ်ကိုင်သွားမည်ဆိုပါမူ လိုအပ်သော ပစ္စည်းများနှင့်တကွ အမျိုးသမီးအချို့ကို တင်ပို့လိုက်မည်ဟုလည်း ကတိပေးခဲ့ရာ နောက်တွင် ထိုအတိုင်းပင် တင်ပို့ခဲ့လေသည်။ နိုင်သူရှိသွားပြီးနောက်တွင် သူတို့သည် အလွန်ရိုးသား၍ အလုပ်ကြိုးစားလုပ်ကိုင်သူများ ဖြစ်လာ ပြီးလျှင် သူတို့အတွက် ပစ္စည်းများခွဲဝေသတ်မှတ်ပေး



http://www.cherrythitsar.org

ခဲ့ရသေး၏။ ထို့ ပြင် ကျွန်ုပ်သည် ဘရာဇီးမှ သူတို့အတွက် နွားမ ၅ ကောင်၊ သိုးနှင့် ဝက်များကို တင်ပို့ပေးခဲ့ရာ ကျွန်ုပ် နောက်တစ်ကြိမ် ရောက်သွားသော အခါ ယင်းတို့မှာ ဦးရေအတော်တိုးပွားလျက်ရှိနေပြီ။

ထို့နောက် သူတို့အား 'ကယ်ရစ်ဗီး' (အနောက်အိန္ဒိယကျွန်းစု နှင့် တောင်အမေရိကတိုက်၏ မြောက်ဘက်ကမ်းရိုးတန်းဒေသတွင်နေ သော အင်းဒီးယန်းခေါ် လူရိုင်းများ) လူရိုင်း ၃၀၀ ခန့် လာရောက်တိုက် ခိုက်ရာ ဤအကြောင်းကို စာဖွဲ့ရေးသားရလျှင် စာအုပ်တစ်အုပ်ပင် ရပေလိမ့်မည်။ ယင်းသို့ တိုက်ခိုက်သဖြင့် သူတို့၏ စိုက်ခင်းကြီးများ ပျက်စီးခဲ့ရ၏။ နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခြင်းခံရသဖြင့် ပထမတွင် သူတို့အရေးနိမ့်၍ ၃ ယောက်ကျဆုံးခဲ့၏။ သို့သော် ကံကောင်းထောက် မပြီးလျှင် လေမုန်တိုင်းကျကာ လူရိုင်းလှေများ ပျက်စီးသွားစေသဖြင့် ကျန်ကယ်ရစ်ဗီးအားလုံးလိုလိုအား အစာငတ်ထား၍လည်းကောင်း၊ တိုက်ခိုက်၍လည်းကောင်း နောက်ဆုံး အနိုင်ရခဲ့ပြီးနောက် စိုက်ခင်း ကြီးများကို ပြန်၍ ထူထောင်နိုင်ကြ၏။

ဤသို့ဖြင့် သူတို့သည် ကျွန်းပေါ်တွင် ယခုတိုင် နေထိုင်လျက် ရှိကြလေသည်။ ကျွန်ုပ်၏ အသစ်စွန့်စားမှုများတွင် အပါအဝင်ဖြစ် သည့် ဤသို့သော စိတ်ဝင်စားဖွယ်အဖြစ်အပျက်များကို နောက်ထပ် ကျွန်ုပ် ရေးသားကောင်း ရေးသားပေဦးမည်။

**ဒဂုန်ရွှေမျှား**

၅-၅-၅၉



http://www.cherrythitsar.org




http://www.cherrythitsar.org